
www.burmeseclassic.com

တက္ကသိုလ်

# သိဟအောင်

## သွေးဆိုးမိန်းကလေး

ကျင်းလျို၏ ရဲ့ကူးည့်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# သီဟအောင်

# သွေးဆိုးမိန်းကလေး

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ-၂၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်တင်တင်အေး၊ (မြှက်စိမ်း စာပေ)
အမှတ် ၄၃ (A)၊ ၄ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

BURMESE CLASSIC



## မျှော်လင့်ချက်မဲ့သခင်

နံနက်ခင်း၏ နွေးထွေးသော နေရောင်ခြည်အောက်၌ ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါသည်။

အေးမြလတ်ဆတ်သော လေပြည်လေညှင်းလေး သုန်သုန်ညှင်းညှင်း တိုက်ခတ်နေသည်။

ရောင်စုံပန်းကလေးများ ငွားငွားစွင့်စွင့် ဖူးပွင့်နေပြီး မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များက ဝန်းကျင်တွင် လွှင့်ပျံ့နေသည်။

မှိုင်းညို့ညို့ တောင်ကုန်းတောင်တန်းများ၊ တောင်ပူစာလေးများနှင့် စိမ်းလန်းစိုပြည်နေသော သစ်ပင်၊ တောအုပ်များကလည်း လောကကို အလှဆင်နေကြ၏။

ကျေးငှက်ကလေးများသည် ဘာသာဘာဝ တေးသီကြွေးရင်း ဟိုမှသည် ပျံဝဲနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သာယာလှပနေသော နံနက်ခင်းတွင် တောင်ကုန်းတစ်ခုပေါ်မှ လူငယ်လူရွယ်တစ်ဦးက ဓားတစ်လက်ကို ပခုံးပေါ် ထမ်းကာ ဆင်းလာလေသည်။

ယောကျ်ားပီသစွာ ချောမောခန့်ညားပြီး ဥပမိရုပ်တောင်းသည့် လူငယ်လူရွယ်တစ်ဦး ဖြစ်သည်။

ထိုလူရွယ်၏အမည်မှာ 'ရန်လွေ' ဖြစ်သည်။

ရန်လွေသည် ဓားတစ်လက်ထမ်းပြီး တောင်ကုန်းပေါ်မှ ဆင်းလာခဲ့သည်မှာ သိုင်းလောကသို့ ခရီးနှင်ဖို့ ဖြစ်လေသည်။

ရန်လွေသည် မိဘမဲ့တစ်ကောင်ကြွက်တစ်ယောက် ဖြစ်ပြီး ငယ်စဉ်ကပင် သိုင်းဆရာတစ်ဦးထံ၌ တပည့်ခံကာ သိုင်းပညာ သင်ကြားခဲ့သည်။

ရန်လွေ အရွယ်ရောက် ကြီးပြင်းလာခဲ့သလို သိုင်းပညာလည်း ရှိလာချိန်၌ ဆရာဖြစ်သူ ကွယ်လွန်အနိစ္စ ရောက်သွားခဲ့လေသည်။

ဆရာဖြစ်သူ ကွယ်လွန်ကာနီး အချိန်တွင်. . .

"ရန်လွေ၊ မင်းဟာ တခြားပညာတွေထက် ဓားပညာကို ပိုပြီး နှစ်သက်အလေးထားတယ်ဆိုတာ ငါသိတယ်၊ ငါသင်ပေးခဲ့တဲ့ ဓားပညာဟာ ကောင်းမွန်တယ် ဆိုပေမယ့် မင်းရဲ့ရည်ရွယ်ချက်အတိုင်း ဖြစ်လာစေနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ငါ မရှိတော့တဲ့နောက်ပိုင်း သိုင်းလောကထဲ ဆင်းသွားပါ၊ သိုင်းလောကမှာ အသုံးပြုနေတဲ့ ဓားပညာရပ်တွေကို လေ့လာပါ၊ ဒါမှ တစ်နေ့ မင်းရည်မှန်းထားတဲ့အတိုင်း ဖြစ်လာနိုင်လိမ့်မယ်"



ဟူ၍ မှာကြားသွားခဲ့လေသည်။

ထို့ကြောင့်လည်း ရန်လွေသည် ဆရာဖြစ်သူ မရှိတော့သည့် နောက်ပိုင်း သူတို့ဆရာတပည့်နှစ်ယောက် နေထိုင်ခဲ့သည့် တောင်ကုန်းလေးကို စွန့်ခွာကာ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ရန်လွေမှာ ရှင်လန်းတက်ကြွနေပြီး သူ၏ခြေလှမ်းများကလည်း အားမာန်ပါလှသည်။

သူက သိုင်းလောကထဲသို့သွားမည် ဖြစ်သည်။

သိုင်းလောက၌ အသုံးပြုနေသော ဓားပညာရပ်များကို လေ့လာမည် ဖြစ်သည်။

လေ့လာဆည်းပူး မှတ်သားသိရှိရသမျှကို အနှစ်သာရထုတ်ယူကာ မိမိ၏တီထွင်မှုနှင့် အစွမ်းအစကို ပေါင်းစပ်၍ အံ့မခန်း ဆန်းပြားသော ဓားပညာရပ်တစ်မျိုးကို တီထွင်မည်ဟု ရန်လွေ ရည်ရွယ်ထား၏။

သူ၏ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်အောင်မြင်ခဲ့မည်ဆိုလျှင် တစ်နေ့တွင် ပြိုင်ဘက်ကင်း ဓားပညာရှင်တစ်ယောက်အဖြစ် သိုင်းလောက၌ ထည်ထည်ဝါဝါ ရပ်တည်နိုင်မည် မလွဲချေ။

ရန်လွေက. . .

"တစ်နေ့ကျရင် ငါဟာ သိုင်းလောကမှာ ပြိုင်စံရှားတဲ့ 'ဓားသခင်ရန်လွေ' ဖြစ်လာရမယ်"

ဟု စိတ်ထဲကြုံးဝါးရင်း တောင်ကုန်းပေါ်မှ ဆင်းလာခဲ့ခြင်းလည်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်လွေ မျှော်လင့်ထားသည့်အတိုင်း 'ဓားသခင်'ဘွဲ့ထူးကို ဆွတ်ခူးနိုင်ပါမည်လော။

သိုင်းလောကမှာ အလွန်ရှုပ်ထွေးပွေလီသော လောကတစ်ခု ဖြစ်သည်။

ထို့သို့ပင်. . .

ကံကြမ္မာသည်လည်း ကြိုတင်မှန်းဆ၍ မရနိုင်အောင် ထူးခြားဆန်းပြားသည့်သဘော ရှိပေတော့သည်။

❋ ❋ ❋

ရန်လွေသည် သိုင်းလောကထဲ ရောက်ရှိသွားပြီး သိုင်းဂိုဏ်းများ၊ သိုင်းသမားများ အသုံးပြုကြသည့် ဓားပညာရပ်များကို လေ့လာခဲ့လေသည်။

ဓားပညာသည် ထူးခြားသော ပညာရပ်တစ်မျိုး ဖြစ်သကဲ့သို့ လေ့လာ၍ မကုန်နိုင်သော ပညာရပ်တစ်ခုလည်း ဖြစ်လေသည်။

ရန်လွေက သိုင်းလောကတခွင် လှည့်လည်လေ့လာခဲ့ရာ အရပ်ဒေသအသီးသီးကို ရောက်ရှိခဲ့သလို အချိန်များလည်း ကုန်ဆုံးသွားခဲ့လေသည်။

နွေ. . .။

မိုး. . .။

ဆောင်း. . .။



ရာသီအလီလီ ပြောင်းလည်းသွားခဲ့သည်။

ရန်လွေ သိုင်းလောကထဲသို့ ရောက်ရှိလာခဲ့သည်မှာ ဆယ်နှစ်တင်းတင်း ပြည့်ခဲ့လေသည်။

ဓားပညာရပ်မျိုးစုံကိုလည်း လေ့လာနိုင်ခဲ့ပြီး ဖြစ်သည်။

ရန်လွေက အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး. . .

"ငါလေ့လာဆည်းပူးခဲ့တဲ့ ပညာရပ်တွေက အတော်ကို စုံစုံလင်လင်နဲ့ ပြည့်စုံသလောက် ရှိနေပြီ၊ သည်ပညာရပ်တွေကို အခြေခံပြီး အံ့မခန်းဓားသိုင်းပညာရပ်တစ်ခု တီထွင်ကြံဆဖို့ပဲ ရှိတော့တယ်၊ သိုင်းလောကထဲ လှည့်လည်သွားလာနေတာထက် တနေရာရာမှာ အခြေချပြီး တီထွင်ကြံဆတာ ကောင်းလိမ့်မယ်"

ဟူ၍ ဆုံးဖြတ်လိုက်သည်။

အနှောင့်အယှက်ကင်းပြီး အေးအေးချမ်းချမ်း နေထိုင်နိုင်မည့် နေရာတစ်ခုကို လိုက်လံရှာဖွေစဉ် ရန်လွေ၏ဘဝအတွက် ထူးခြားသော အပြောင်းအလည်းတရပ်နှင့် ကြုံတွေ့ခဲ့ရလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့. . .။

ရန်လွေ တောလမ်းခရီးတစ်ခုမှ ဖြတ်သန်းလာခဲ့စဉ် ထူးခြားသော ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့လိုက်ရလေသည်။

"သေပေတော့"

"ယား"

"ချွမ်း. . ချွမ်း. . ချွမ်း"

အော်ငေါက်သံ၊ တိုက်ခိုက်သံများ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ရုတ်တရက်မို့ ရန်လွေ ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ သတိဝင်လာကာ. . .

"တိုက်ပွဲတစ်ခု ဖြစ်နေတာပဲ"

ဟု ရေရွတ်လိုက်၏။

ဆယ်နှစ်လုံးလုံး သိုင်းလောက တန်းတလျားသွားကာ ဓားပညာရပ်များကို လေ့လာခဲ့ရာတွင် သိုင်းလောကသားများ၏ အမုအကျင့်၊ စိတ်ဓာတ်နှင့် တိုက်ပွဲပေါင်းများစွာကို ကြုံတွေ့သိရှိခဲ့ရပြီး ဖြစ်သည်။

ထိုအတွေ့အကြုံများအရ 'ကိုယ်နှင့်မဆိုင်လျှင် ဝင်မရှုပ်ရ' ဟူသော ဆောင်ပုဒ်ကို ရန်လွေ လက်ကိုင်ထားနိုင်ခဲ့သည်။

ယခုလည်း. . .

"ငါနဲ့ မဆိုင်ပါဘူး၊ ကိုယ့်လမ်းကိုယ်သွားတာ အကောင်းဆုံးပါပဲ"

ဟု တွေးပြီး ရှေ့ဆက်သွားရန် ဟန်ပြင်လိုက်၏။



သူက ရှေ့သို့ ခြေလှမ်းရန် ဟန်ပြင်လိုက်စဉ်မှာပင်. . .

"ဟူး. . . ဟူး"

"မင်း ဘယ်ပြေးမလဲ"

အဝတ်အစား လေတိုးသံများ၊ အော်ငေါက်သံများ ထွက်ပေါ်လာလေသည်။

ရန်လွေနှင့် မလှမ်းမကမ်းသို့ မိန်းကလေးတစ်ယောက် ရောက်လာသကဲ့သို့ အခြားလူငါးယောက်ကလည်း ပြေးလိုက်လာရင်း ရောက်လာကြလေသည်။

ရန်လွေ ထွက်မသွားနိုင်တော့ဘဲ လှမ်းကြည့်လိုက်မိလေသည်။

မိန်းကလေးမှာ အသက်နှစ်ဆယ်ကျော်ခန့် ရှိပြီး အနီရောင်ဝတ်စုံ ဝတ်ဆင်ထား၏။ ရုပ်ရည်ချောမောလှပသော်လည်း မာန်မာနခက်ထန်မည့်အသွင် ရှိသည်။

ရန်လွေသည် မိန်းကလေးကို ကြည့်ရင်း ငေးမောသွားမိလေသည်။

ရင်ထဲ၌လည်း တစ်ကြိမ်တစ်ခါမျှ မဖြစ်ခဲ့ဖူးသော ခံစားချက်များ ဖြစ်ပေါ်လာတော့သည်။

ရန်လွေ စိတ်တည်ငြိမ်အောင်ထားပြီး. . .

"နှင်းဆီပန်းလို လှတဲ့ မိန်းကလေးတစ်ယောက်ပဲ"

ဟု စိတ်ထဲ ရေရွတ်လိုက်တော့သည်။

ထိုမိန်းကလေး နောက်သို့ လိုက်လာသူ ငါးယောက်မှာ ရုပ်ရည်ခက်ထန်ကြမ်းတမ်းပြီး ရက်စက်ကြမ်းကြုတ်မည့်အသွင်

www.burmeseclassic.com

www.burmeseclassic.com



ရှိကြလေသည်။ ထိုလူတို့၏ လက်ထဲ၌လည်း ဓား၊ လှံ၊ လူသတ်လက်နက်များ ဆွဲကိုင်ထားကြလေသည်။

မိန်းကလေးကော ထိုလူငါးယောက်ပါ တောလမ်းပေါ်၌ ရန်လွှေအား တွေ့လိုက်ကြရသော်လည်း လုံးဝအမှုမထားကြချေ။

လူငါးယောက်ထဲမှ တစ်ယောက်က. . .

"ယင်းဝှား၊ မင်းထွက်ပြေးလို့ မရတော့ဘူး"

ဟု ငေါက်ကာ ရွေ့တိုးလိုက်လေသည်။

ယင်းဝှားဆိုသည့် အနီရောင်မိန်းကလေးက ပါးချိုင့်ခွက်လေးများပေါ်အောင် ရယ်မောလိုက်လေသည်။

"ခစ်. . . ကျွန်မက ရှင်တို့ကို ကြောက်ပြီး ထွက်ပြေးတယ်များ မှတ်နေသလား"

ရွေ့တိုးလိုက်သူက. . .

"ဒါဖြင့် မင်း ဘာကြောင့် ပြေးရတာလဲ"

ယင်းဝှားက. . .

"တောထဲမှာ သစ်ပင်ချုံနွယ်တွေနဲ့ ရှုပ်ထွေးနေတာ တိုက်ခိုက်လို့ မကောင်းဘူးလေ၊ ဒါကြောင့် ရှင်းရှင်းလင်းလင်းရှိတဲ့ ဟောသည် တောလမ်းဘက်ကို လာခဲ့တာ၊ ရှင်တို့ကို ကြောက်နေမယ်များ မှတ်သလား၊ ကဲ. . ရှင်တို့ငါးယောက်စလုံး တပြိုင်ထဲ ဝင်လာခဲ့ကြစမ်းပါ"

သူမသည် စိန်ခေါ်ရင်း ခါးမှဓားကို ခြွင်ခနဲမြည်အောင် ဆွဲထုတ်လိုက်လေသည်။



ထိုလူငါးယောက်လည်း ခံပြင်းသွားကြလေသည်။

တစ်ယောက်က. . .

"စိတ်ချ၊ မင်းရဲ့ဆရာ မရှိတော့တဲ့အတွက် မင်းဆရာရဲ့ ရန်ကြွေးကို မင်းပေးဆပ်ရလိမ့်မယ်၊ သေဖို့ပြင်ထား"

အော်ငေါက်ကာ မိန်းကလေးထံ ပြေးဝင်သွားလေသည်။

ကျန်လေးယောက်ကလည်း. . .

"သူ့ကို မလွှတ်စေနဲ့"

"သူ့ဆရာကိုယ်စား သူ့ကို ဆုံးမရမယ်"

"အရှင်မထားနဲ့၊ တစ်ခါထဲသာ သတ်ပစ်လိုက်"

"သေပေတော့"

တစ်ယောက်တစ်ခွန်း အော်ငေါက်ကာ ပြေးလိုက်သွားကြလေသည်။

ရန်လွှေ မျက်မှောင်ကုပ်သွား၏။

ယောကျ်ားရင့်မာကြီးငါးဦးက မိန်းကလေးတစ်ယောက်အား အမဲဖျက်သကဲ့သို့ ဝိုင်းပြီး တိုက်ခိုက်ကြသည်မှာ တရားမျှတမှုမရှိဟုလည်း တွေးလိုက်၏။

အနီရောင်မိန်းကလေးယင်းဝှားကမူ အမှုမထားဘဲ မကြောက်မရွံ့ ပြန်လည်တိုက်ခိုက်လေသည်။

တောလမ်းပေါ်၌ တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

ရန်လွှေလည်း တိုက်ပွဲကို ငေးကြည့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏ဓားပညာ ထူးခြားနေ၏။

ငါးယောက် တစ်ယောက် ရင်ဆိုင်လိုက်ရသော်လည်း တခဏအတွင်းမှာပင် သူမ အသာစီး ရရှိသွားခဲ့လေသည်။

လူကြမ်းကြီး ငါးဦးအား နောက်ဆုတ်သွားရသည်အထိ တိုက်ခိုက်လိုက်ပြီး သူမသဘောကျစွာ ရယ်မောလိုက်လေသည်။

"ရှင်တို့ဆရာက အသုံးမကျလို့ ကျွန်မဆရာ လက်ချက်နဲ့ သေရတယ်၊ ရှင်တို့ကလည်း အသုံးမကျတော့ ကျွန်မ လက်ချက်နဲ့ သေရတော့မယ်"

လှောင်ပြောင်ပြောဆိုပြီး ရှေ့တိုးလိုက်လေသည်။

လူကြမ်းကြီးငါးယောက်မှာ မိန်းကလေးအား မယှဉ်နိုင်သဖြင့် အခက်ကြုံနေကြသကဲ့သို့ ခံပြင်းဒေါသထွက်နေကြလေသည်။

အနီရောင်မိန်းကလေးယင်းဝှား ရှေ့တိုးလာသောအခါ ရင်ဆိုင်ရမလို၊ နောက်ဆုတ်ရမလို ဝေခွဲမရ ဖြစ်ကုန်ကြ၏။

ထိုအချိန်မှာပင် ယင်းဝှာသည် မြေပေါ်မှ ကျောက်ခဲတစ်လုံးကို အမှတ်မထင် ခလုတ်တိုက်မိပြီး. . .

"အမေ့"

ဟန်ချက်ပျက်ယိမ်းယိုင်ကာ ချော်လဲသွားမလို ဖြစ်သွား၏။ လူကြမ်းကြီးများ ဝမ်းသာသွားကြသည်။

ရလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ. . .

"မြန်မြန်"

"တိုက်ကြဟေ့"



"ဒါ ငါတို့အတွက် အခွင့်အရေးပဲ"

ချက်ချင်းပင် ယင်းဝှားအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

မမျှော်လင့်သော အပြောင်းအလဲတစ်ရပ်က ယင်းဝှားအား အန္တရာယ် ကြုံသွားစေခဲ့လေသည်။

ယင်းဝှား လဲကျမသွားရန် ကိုယ်ကိုထိန်းရင်း လူကြမ်းကြီးများ၏ တိုက်ခိုက်မှုကို အကြောင်အကန် ခုခံရတော့သည်။

လူကြမ်းကြီးများက အဆက်မပြတ် တိုက်ခိုက်လိုက်ကြသဖြင့် သူတို့၏ဓားချက်များသည် မိုးသီးမိုးပေါက်များပမာ ယင်းဝှားထံသို့ ကျနေရောက်သွားလေသည်။

ယင်းဝှား ပြန်လည်တိုက်ခိုက်ဖို့ မဆိုထားနှင့် ခုခံရန်ပင် မလွယ်ကူအောင် ဖြစ်သွား၏။

အသာစီးရခဲ့ပြီးမှ အရေးနိမ့်သွားခြင်း ဖြစ်သည်။

သူမ ခံပြင်းနေသော်လည်း ဘာမှမတတ်နိုင်တော့ပေ။

လူကြမ်းကြီးများ၏ဓားချက်များကို လွတ်အောင် မနည်းကြိုးစားရှောင်တိမ်းနေရတော့သည်။

ရန်လွှေ စိုးရိမ်သွားလေသည်။

ဤအတိုင်းဆိုလျှင် များမကြာမီ အချိန်အတွင်း ယင်းဝှားမှာ လူကြမ်းကြီးများ၏လက်ချက်ဖြင့် ဒုက္ခရောက်သွားခဲ့တော့မည် မဟုတ်ပါလား။

ရန်လွှေ လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

"ရပ်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဝေါက်ကာ ခန္ဓာကိုယ် မြေပေါ်မှ လေထဲ ကြွတက်၍ တိုက်ပွဲအတွင်းသို့ ခုန်ဝင်ရောက်ရှိသွားလေတော့သည်။

❖ ❖ ❖

"ဝုန်း. . ဝုန်း. . ဝုန်း"

"အား"

"အမယ်လေး"

ရန်လွှေက တိုက်ပွဲအတွင်းသို့ လေပွေတစ်ခုပမာ တိုးဝင်ရောက်ရှိသွားပြီးသည်နှင့် စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာကာ လူကြမ်းကြီးငါးယောက် အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

အနီရောင်မိန်းကလေးယင်းဗွား အံ့ဩသွားလေသည်။

သူမ ရှေ့သို့ ရောက်ရှိလာသည့် ရန်လွှေကို မျက်လုံးကြီး ပြူးကာ ကြည့်လိုက်သည်။

"ရှင်. . ရှင်"

ရန်လွှေ ပြုံးပြလိုက်သည်။

"ညီမ ဘာမှ ထိခိုက်မသွားပါဘူးနော်"

ယင်းဗွား နှုတ်ခမ်းစူလိုက်သည်။

"ကျွန်မ ဘာကြောင့် ထိခိုက်ရမှာလဲရှင့်"

"မင်း. ."

ယင်းဗွားက ပြန်အော်လိုက်သဖြင့် ရန်လွှေ မည်သို့ ပြော



ရမှန်းမသိ ဖြစ်သွားလေသည်။

လူကြမ်းကြီးငါးယောက်မှာ ရန်လွှေ၏လက်ချက်ဖြင့် အထိနာသွားကြရာ ကြောက်ရွံ့ထိတ်လန့်သွားကြပြီ ဖြစ်လေသည်။

မြေပေါ်မှ လူးလိမ့်ထလိုက်ကြပြီး ဒရောသောပါး ထွက်ပြေးသွားကြလေတော့သည်။

❖ ❖ ❖

လူကြမ်းကြီးငါးယောက် ထွက်ပြေးသွားကြပြီ ဖြစ်သည်။

အနီရောင်ဝတ်မိန်းကလေးယင်းဗွားအတွက် အန္တရာယ်ကင်းရှင်းသွားပြီ ဖြစ်လေသည်။

ရန်လွှေ သက်ပြင်းချလိုက်သည်။

ယင်းဗွားအတွက် စိတ်ချရပြီ ဖြစ်ရကား ခရီးဆက်ရန် ဟန်ပြင်လိုက်လေသည်။

ရန်လွှေက ကျောခိုင်းကာ ခြေလှမ်းပြင်လိုက်သည်နှင့်

"ရှင် ဘယ်သွားမလို့လဲ"

ယင်းဗွား၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ရန်လွှေ၏ခြေလှမ်း တုန့်ခနဲ ရပ်သွား၏။

ယင်းဗွားကို လှည့်ကြည့်လိုက်သည်။

ယင်းဗွားက. . .

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်သွားမလို့လဲ"

ဟု ထပ်မေးလာ၏။

ရန်လွှေက. . .

"ဟိုလူတွေလည်း သွားပြီ၊ ကျုပ်လည်း သွားတော့မယ်လေ"

"ရှင် မသွားရဘူး"

"ဟင်"

ယင်းဝှား၏စကားကြောင့် ရန်လွှေ အံ့ဩသွား၏။

ယင်းဝှားကို စိုက်ကြည့်ပြီး. . .

"ကျုပ် မသွားရဘူး ဟုတ်လား"

"ဟုတ်တယ်၊ ရှင် မသွားရဘူး"

ရန်လွှေက. . .

"နေပါဦး၊ ကျုပ်ကို ဘာကြောင့် ဟန့်တားနေရတာလဲ၊ ကျုပ်က မင်းကို အကူအညီပေးခဲ့ပြီးပြီပဲလေ"

ယင်းဝှားက. . .

"ရှင့်ကို ဘယ်သူက ကူညီခိုင်းလို့လဲ"

"ကျုပ်က. ."

"ရှင် ဝင်ရှုပ်လို့ ဟိုလူတွေကို ကျွန်မ မဆုံးမလိုက်ရတော့ဘူး"

"နေပါဦး၊ သည်လူတွေက. ."

ယင်းဝှား မဲ့ပြုံးပြုံးလိုက်သည်။

"သိုင်းဆရာကျောက်ဖြုန်းရဲ့တပည့်တွေပေါ့၊ ပညာလေး



မတောက်တခေါက်နဲ့ ကိုယ့်ကိုကိုယ် အထင်ကြီး ဘဝင်မြင့်ပြီး ထင်ရာစိုင်းနေကြတာ၊ လူသတ်၊ ဓားပြတိုက် ရမ်းကားချင်တိုင်း ရမ်းကားနေကြလို့ ကျွန်မဆရာက ကြည့်မရတော့ဘဲ ဆုံးမလိုက်တာ ဆရာကျောက်ဖြုန်း သေသွားတယ်လေ"

"ဩော်"

ရန်လွှေ ခေါင်းညိတ်လိုက်သည်။

ယင်းဝှားက. . .

"မကြာသေးခင်က ကျွန်မဆရာ ကွယ်လွန်သွားခဲ့တာ ကျွန်မလည်း စိတ်ပြေလက်ပျောက် သိုင်းလောကထဲ ဆင်းလာခဲ့တာ၊ သူတို့က ရန်ငြိုးထားပြီး ကျွန်မနောက်က တိတ်တိတ်ကလေးလိုက်လာပြီး ချောင်းမြောင်းတိုက်ခိုက်ခဲ့တာလေ"

ရန်လွှေက. . .

"ဘာပဲဖြစ်ဖြစ် သူတို့ ထွက်ပြေးသွားကြပါပြီ၊ နောက်နောင်လည်း ညီမကို ရန်ပြုရဲကြတော့မှာ မဟုတ်ပါဘူး"

ယင်းဝှားက. . .

"အဲဒါကို ကျွန်မ မလိုချင်တာရှင့်"

ရန်လွှေ နားမလည်နိုင်ဘဲ. . .

"ညီမ ဘာကို ဆိုလိုတာလဲ"

ယင်းဝှားက. . .

"သူတို့ကို ကျွန်မကိုယ်တိုင် ဆုံးမချင်တာရှင့်"

"ဩော်"

"ကျွန်မ မဆုံးမလိုက်ရတာ ရှင့်ကြောင့်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ကျုပ်က ညီမကို စေတနာနဲ့ ကူညီခဲ့တာပါ၊ တခြားဘာရည်ရွယ်ချက်မှ မရှိပါဘူး"

"မလိုချင်ဘူး၊ ရှင်က ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်ခဲ့တဲ့အတွက် ကျွန်မကို တောင်းပန်ရမယ်"

"ဟာ"

ရန်လွှေ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ယင်းဝှားက. . .

"ကျွန်မကို မတောင်းပန်ဘူးဆိုရင် ရှင့်ကို သွားခွင့်မပြုနိုင်ဘူး"

ပြောပြောဆိုဆို ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။

ဓားရိပ်များ ဝင်းလက်ထွက်ပေါ် လာသည်မှာ နဂါးတစ်ကောင် ကခုန်နေသည်နှင့်ပင် တူနေပါတော့သည်။

ဓားဦးသည် ရန်လွှေ၏ရင်ဝကို ချိန်ရွယ်ထားပြီးသား ဖြစ်သွားလေသည်။

ရန်လွှေက ယင်းဝှား၏ဓားဖျားကို ငုံ့ကြည့်လိုက်သည်။

တဖန် ယင်းဝှားကို ကြည့်ကာ. . .

"ကျုပ်ကို သတ်မလို့လား"

ယင်းဝှားက. . .

"ဟုတ်တယ်၊ ကျွန်မကို မတောင်းပန်ဘဲ ထွက်သွားရင် ရှင့်ကို သတ်ပစ်ရလိမ့်မယ်"

ရန်လွှေ စိတ်ပျက်သွားလေသည်။



ယင်းဝှားနှင့် ဆက်လက်ပြောဆိုနေလျှင် အကြောင်းထူးမည်မဟုတ်ဟု တွေးမိပြီး. . .

"ကျုပ်က မင်းကို ကူညီခဲ့တယ်၊ မင်းကသာ ကျုပ်ကို ကျေးဇူးတင်စကားပြောရမှာ၊ ကျုပ်အနေနဲ့ ဘာမှ တောင်းပန်စရာ မလိုဘူး၊ ကဲ. . . ကျုပ်သွားမယ်၊ ကျုပ်ကို သတ်ပစ်ချင်ရင်လည်းမင်းသဘောပဲ"

ဟု ခပ်ပြတ်ပြတ်ပြောကာ လှမ်းထွက်သွားတော့သည်။

ယင်းဝှားက. . .

"စိတ်ချ၊ ရှင် မတောင်းပန်ရင် သေရမှာပဲ"

အော်ပေါက်ရင်း ဓားဖြင့် ထိုးသွင်းလိုက်လေသည်။

"ဝှစ်"

ဓားဦးက လေလှကို တိုးခွဲကာ ရန်လွှေ၏နောက်ကျောသို့ တိုးဝင်လာလေသည်။

ရန်လွှေက ယင်းဝှား ရှိသည်ဟု သဘောမထားဘဲ အေးအေးဆေးဆေးပင် ရှေ့ဆက်လှမ်းသွားနေ၏။

ယင်းဝှားသည် ရန်လွှေကို ကြည့်ပြီး မခံမရပ်နိုင် ဖြစ်လာ၏။

သို့သော်. . .

ရှေ့ဆက်တိုက်ခိုက်ခြင်း မပြုဘဲ အရှိန်သပ်ကာ ဓားကို ရုပ်သိမ်းလိုက်လေသည်။

သူမ နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်ထားလိုက်သည်။

တစ်လှမ်းချင်းလှမ်းကာ တရွေ့ရွေ့ ဝေးသွားသော ရန်

www.burmeseclassic.com

www.burmeseclassic.com



လွှကို ကြည့်ရင်း ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားလာရလေသည်။

သူမ တွေ့ခဲ့ရသော ယောက်ျားများသည် သူမ၏အလှ တို့ မက်မောကာ သူမအား လိုက်လျှောဆက်ဆံကြသည်ချည်း မဟုတ်ပါလား၊

သူမအား ဂရုမစိုက်သည်မှာ ရန်လွှတစ်ယောက်သာ ရှိနေပါတော့သည်။

သူမ ငေးမောကြည့်နေစဉ် ရန်လွှမှာ အဝေးသို့ ရောက်ရှိသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

❋ ❋ ❋



## ဓားပညာ

နေမွန်းတည့်တော့မည် ဖြစ်သည်။

ယင်းတွားက ခရီးနှင်ရင်း မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာသောအခါ ခေတ္တအနားယူ စားသောက်ရန် ဆုံးဖြတ်လိုက်လေသည်။

မင်းလမ်းမကြီးအတိုင်း မြို့ထဲသို့ ဝင်လာရင်း တစ်နေရာသို့ အရောက်တွင် တည်းခိုခန်းတစ်ခုသို့ ဝင်သွားသူတစ်ယောက်ကို အမှတ်မထင် သတိပြုမိလိုက်လေသည်။

"ဓားရာဇာချန်းမင်းပါလား"

ဓားရာဇာချန်းမင်းသည် ထင်ရှားသော သိုင်းသမားတစ်ဦး ဖြစ်လေသည်။

ဓားပညာထူးချွန်သလောက် မာန်မာနကြီးသူလည်း ဖြစ်သည်။ ဓားပညာနှင့် ပတ်သက်လာလျှင် သူက အသာရမှ ကျေနပ်တတ်သူ ဖြစ်သည်။

မည်သူကမျှ သူ့လောက် မတော်ဟု ခံယူထားသူလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ လက်တွေ့တွင်လည်း သူ၏ဓားပညာမှာ အံ့မခန်း အစွမ်းထက်နေပြီး ယှဉ်ပြိုင်ခဲ့သမျှ အနိုင်ရခဲ့သည်ချည့် ဖြစ်လေသည်။

ယင်းဝှား၏ဆရာသည် ဓားပညာထူးချွန်သူ ဖြစ်ပြီး ဓားရာဇာချန်းမင်း၏ မာနကြီးမှု၊ မောက်မာမှုကို လုံးဝကြည့်မရခဲ့သူ ဖြစ်သည်။

သို့သော်. . .

ယင်းဝှား၏ဆရာသည် ဓားရာဇာချန်းမင်းနှင့် ဓားပညာချင်း စိန်ခေါ်ယှဉ်ပြိုင်ဖို့ လုံးဝစိတ်မကူးခဲ့ချေ။

ဓားရာဇာချန်းမင်းနှင့် ပတ်သက်ပြီး. . .

"ချန်းမင်းက ယှဉ်ပြိုင်သမျှ အနိုင်ရခဲ့တာ ထူးဆန်းတယ်၊ လူမသိသူမသိ လျှို့ဝှက်ချက်တစ်ခု ရှိနေမှာ သေချာတယ်၊ ယင်းဝှား. . ညည်းက သူနဲ့တွေ့ရင် ဝေးဝေးရှောင်ပါ၊ သူနဲ့ ယှဉ်ပြိုင်ဖို့ ဘယ်တော့မှ မကြိုးစားနဲ့"

ဟု ဝေဖန်သုံးသပ်ကာ ယင်းဝှားအား သေသေချာချာ မှာကြားခဲ့လေသည်။

ထိုသို့ မှာကြားခဲ့၍လည်း ယင်းဝှာက. . .

"ဓားရာဇာချန်းမင်းက ဘာမို့လဲ၊ တစ်နေ့ သူ့ကို တွေ့အောင်ရှာပြီး ယှဉ်ပြိုင်ဦးမယ်"

ဟု စိတ်ထဲ တေးမှတ်ထားခဲ့လေသည်။

ယခု. . .

ဓားရာဇာချန်းမင်းအား တွေ့လိုက်ရပြီ ဖြစ်လေသည်။



ယင်းဝှား၏ရင်ထဲ ယှဉ်ပြိုင်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

သို့တိုင်. . .

"နေနှင့်ဦးပေါ့လေ"

စိတ်ကို ပြန်လည်လျှော့ချပြီး ရှေ့ဆက်ထွက်လာခဲ့ရာ မကြာပါချေ။

စားသောက်ဆိုင်တံဆိုင်ကို တွေ့လိုက်ရသဖြင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ လှမ်းသွားလိုက်လေတော့သည်။

❋ ❋ ❋

နံနက်စာ စားချိန်ကို ကျော်လွန်သွားခဲ့ပြီ ဖြစ်ရာ စားသောက်ဆိုင်ထဲ၌ လူရှင်းနေ၏။

စားသောက်သူ အနည်းအကျဉ်းမျှသာ ရှိသဖြင့် ယင်းဝှား ကျေနပ်သွားလေသည်။

စားပွဲတစ်လုံး၌ နေရာယူလိုက်ပြီး စားစရာများ မှာကြား စားသောက်လိုက်လေည်။

သူမ ဆာလောင်နေပြီ ဖြစ်ရကား စားစရာများမှာ အရသာ ရှိလှသည် ထင်မိလေသည်။

ဗိုက်တင်းကားအောင် စားသောက်လိုက်ပြီးမှ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်မိလေသည်။

ဤတွင်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ယင်းဟွား လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

အကြောင်းမှာ ချောင်ကျကျ စားပွဲတလုံး၌ တစ်ယောက်ထဲထိုင်ကာ စားသောက်နေသူကြောင့် ဖြစ်သည်။

ထိုလူမှာ သူမအား ကူညီခဲ့သော ရန်လွေ ဖြစ်နေသည် မဟုတ်ပါလား။

ရန်လွေက သူမကို သတိမထားမိဘဲ ခေါင်းငုံ့ကာ စားသောက်နေသည်။

ယင်းဟွား မကျေမနပ် ဖြစ်လာသည်။

"ငါက ဘယ်နေရာမဆို ငါ့သဘောနဲ့ငါ ထင်ရာလုပ်လာတာ၊ သူနဲ့ကျမှ အရှုံးပေးရတော့မှာလား"

ရန်လွေအား ဒုက္ခပေးလိုစိတ်များ ဖြစ်ပေါ်လာတော့သည်။

ရန်လွေကို အကဲခတ်ရင်း အနီရောင်ပန်းပွားများ တပ်ဆင်ထားသော ရန်လွေ၏ဓားရှည်ကို သတိပြုမိသွားလေသည်။

လူကြမ်းကြီးငါးယောက်အား ရန်လွေ ဆုံးမလိုက်ပုံကိုလည်း ပြန်လည်မြင်ယောင်လာတော့သည်။

ရန်လွေသည် ဓားအိမ်ထဲမှ ဓားကို မထုတ်ဘဲ ဓားအိမ်ဖြင့် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

မည်သို့ဆိုစေ. . .

ရန်လွေမှာ ထိပ်တန်းဓားသမားတစ်ဦး ဖြစ်ကြောင်း သူမသတိပြုမိခဲ့လေသည်။



ယင်းဟွား၏ဦးခေါင်းထဲ အလုပ်ရှုပ်သွား၏။

သူမ၏မျက်လုံးထဲ၌ ချန်းမင်း၏ရုပ်ပုံကို မြင်ယောင်လာလေသည်။

ချန်းမင်းနှင့် ရန်လွေတို့အား ရန်တိုက်ပေးနိုင်မည်ဆိုပါလျှင်. . .

"ဟုတ်ပြီ"

ယင်းဟွား၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

ဆိုင်လုလင်တစ်ယောက်ကို ခေါ်ကာ စာရွက်တစ်ရွက်နှင့် မှင်တံ တောင်းယူလိုက်သည်။

စာတစ်စောင်ရေးပြီး ငွေတုံးကလေးတစ်တုံးပေးကာ ဓားရာဇာချန်းမင်းထံသို့ သွားပို့ခိုင်းလိုက်သည်။

ထို့နောက် သူမ ဟန်မပျက် အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

မကြာပါချေ။

"ဟိတ်. . ငါ့ကို စိန်ခေါ်ဝံ့တာ ဘယ်ကောင်လဲ"

ဟူသော အသံကြီး ဟိန်းထွက်လာပြီး ဓားရာဇာချန်းမင်းက စားသောက်ဆိုင်ထဲ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်ထဲ၌ အပ်ကျသံကြားရအောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဆိုင်ရှင်၊ ဆိုင်လုလင်နှင့်တကွ စားသောက်နေသူအားလုံးက ဆိုင်ထဲ ခြေသံပြင်းပြင်းနင်းကာ ဝင်လာသည့် ဓားရာဇာချန်းမင်းကို ကြည့်လိုက်ကြလေသည်။

ဓားရာဇာချန်းမင်းကလည်း ထိမထင်သည့် အသွင်ဖြင့် တိဆိုင်လုံးကို ဝေ့ကြည့်လိုက်ပြီး သူ၏အကြည့်က ရန်လွေ့ထံ၌ ရပ်တန့်သွားလေသည်။

ဆူရှုတောက်ပပြီး ရန်လိုသော အကြည့်ဖြင့် ရန်လွေ့အား စိုက်ကြည့်လိုက်ပြီး. . .

"တွေ့ပြီ၊ မင်းရဲ့ဓားမှာ ပန်းပွားနီတပ်ထားတယ်ဆိုတော့ ငါ့ကို စိန်ခေါ်လိုက်တာ မင်းပဲ"

ချက်ချင်းပင် ရန်လွေ့ထံသို့ လှမ်းသွားလိုက်လေသည်။

ရန်လွေ့ ကြောင်အမ်းအမ်း ဖြစ်နေ၏။

ဓားရာဇာချန်းမင်းသည် ရန်လွေ့၏အနီးသို့ ရောက်သွားလျှင် ခြသေ့်ကြီးတစ်ကောင်၏ ဟိန်းဟောက်သံမျိုးဖြင့် ပြောလိုက်လေသည်။

"ဟေ့. . . မင်းက ငါ့ကို စိန်ခေါ်ဝံ့တယ်ဆိုရင်၊ အခု ဘာလုပ်နေတာလဲ၊ ဓားထုတ်ပါတော့လား"

ရန်လွေ့က. . .

"ကျုပ်က စိန်ခေါ်လိုက်တယ် ဟုတ်လား၊ ဦးကို ကျုပ် မသိရပါလား၊ စိန်ခေါ်[illegible] ကာမှ အကြောင်းမရှိ. ."



သူ၏စကားမဆုံးမီ ဓားရာဇာချန်းမင်းက. . .

"စကားမရှည်နဲ့၊ ဒါ မင်းရဲ့စိန်ခေါ်စာ မဟုတ်ဘူးလား"

စာတစောင်အား ရန်လွေ့ ရှေ့သို့ ပစ်ချပေးလိုက်၏။

ထိုစာကား ယင်းဓား ရေးသားပြီး ဆိုင်လုလင်အား ပို့ခိုင်းလိုက်သည့်စာပင် ဖြစ်နေပါတော့သည်။

ရန်လွေ့လည်း အဖြစ်မှန်ကို သိနိုင်ရန် စာကို ယူကာ ဖတ်ကြည့်လိုက်လေသည်။

စာထဲ၌. . .

"ဓားရာဇာချန်းမင်း. .

ဓားရေးယှဉ်ပြိုင်ရန် ကျုပ်ပန်းပွားနီဓားက ခေါ်လိုက်သည်။ သတ္တိရှိရင် စားသောက်ဆိုင်ကို လိုက်လာခဲ့ပါ။

ပန်းပွားနီဓား"

ဟု ရေးသားထားလေသည်။

ရန်လွေ့ အံ့သြသွား၏။

တစ်ယောက်ယောက်က သူ့အား ချောက်တွန်းလိုက်ခြင်း ဖြစ်ကြောင်းလည်း နားလည်လိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ထိုအခါမှ သူ့အား မျက်နှာလွှဲထားသည့် ယင်းဓားအား တွေ့မြင်သွားတော့သည်။

ရန်လွေ့ ရင်မောသွားလေသည်။

"လက်စသပ်တော့ ငါ့ကို ဒုက္ခပေးချင်နေတာ မင်းကိုး"

www.burmeseclassic.com

www.burmeseclassic.com



သူက သိုင်းလောက၌ လှည့်လည်၍ ဓားပညာလေ့လာရင်း ထင်ရှားသော ဓားသမားများအကြောင်း သိရှိခဲ့ရသည်။

ထို့ကြောင့် မာနကြီးပြီး ခက်ထန်သော ဓားရာဇာချန်းမင်း၏အကြောင်းကို ကြားဖူးထားပြီး ဖြစ်သည်။

ယင်းတုံး ဒုက္ခပေးသဖြင့် ဓားရာဇာချန်းမင်း ရောက်လာပြီ ဖြစ်ရကား ထိပ်တိုက်ရင်ဆိုင်ရုံမှလွဲပြီး ရှောင်လွှဲ၍ ရနိုင်တော့မည် မဟုတ်ကြောင်းလည်း နားလည်လိုက်လေသည်။

ဓားရာဇာချန်းမင်းက. . .

"မင်း ဘာပြောချင်သေးသလဲ"

ဟု မေးလာလေသည်။

ရန်လွှေက. . .

"ကျုပ်မှာ ထွေထွေထူးထူး ပြောစရာ မရှိပါဘူး၊ ဒါပေမယ့် ဦးသိထားစေချင်တာက ကျုပ်နာမည်က ပန်းပွားနီမဟုတ်ပါဘူး၊ ရန်လွှေလို့ ခေါ်တယ်ဆိုတာပါပဲ"

ဓားရာဇာချန်းမင်းက. . .

"မင်း ဘယ်သူပဲဖြစ်ဖြစ် ငါဂရုမစိုက်ဘူး၊ ကဲ. . မင်းရဲ့ဓားကိုထုတ်ပြီး ငါ့ကို တိုက်ခိုက်ပေတော့"

ဟု စိန်ခေါ် လိုက်လေသည်။

ရန်လွှေက. . .

"သည်ဆိုင်ထဲမှာ မကောင်းပါဘူး၊ ကျုပ်တို့ အပြင်ထွက်ကြရင်ကော"

ဓားရာဇာချန်းမင်းက. . .



"ကောင်းပြီ၊ မင်းလိုက်ခဲ့"

စကားဆုံးလျှင် ဆိုင်အပြင်ဘက်သို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

ရန်လွှေ ထိုင်ရာမှ ထလိုက်သည်။

ယင်းတုံးကို တစ်ချက်ကြည့်လိုက်ပြီး ပင့်သက်ရှိုက်ကာ ဆိုင်အပြင်ဘက် ထွက်သွားတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com





## အတုန့်အလှည့်

ဆိုင်အပြင်ဘက် လမ်းမကြီးပေါ်၌ လူသွားလူလာများ ရှိနေသော်လည်း ဓားရာဇာချန်းမင်းနှင့် ရန်လွှေတို့ ဆိုင်ထဲမှ ထွက်လာကာ မျက်နှာချင်းဆိုင် ရပ်လိုက်ကြလျှင် သွားလာလှုပ်ရှားနေကြသူများ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြလေတော့သည်။

ဓားရာဇာချန်းမင်းက. . .

"ကဲ. . . မင်းရဲ့ဓားကို ထုတ်လိုက်ပါ"

ရန်လွှေ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ"

ရင်ဆိုင်ဖို့ကို ရှောင်လွှဲ၍ မရနိုင်မှန်းသိ၍ ရန်လွှေ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ချေ။

သူက သိုင်းသမားတစ်ယောက်၊ ဓားသမားတစ်ယောက် ဖြစ်သည်။

သိုင်းလောကထဲရှိ ဓားသိုင်းအမျိုးမျိုးကို လေ့လာဆည်းပူးခဲ့သလို ကိုယ်တိုင် ဓားပညာတစ်ရပ် တီထွင်ကြံဆနေသူ ဖြစ်သည်။

ဓားပညာနှင့် ပတ်သက်၍ ရန်လွှေက ဘဝတစ်ခုလုံး မြှုပ်နှံထားခဲ့ခြင်း ဖြစ်သည်။

ပြိုင်ဘက်ကောင်းတစ်ယောက်နှင့် ရင်ဆိုင်လိုက်ရသောအခါ ရန်လွှေကိုယ်တိုင်လည်း ယှဉ်ပြိုင်ကြည့်လိုစိတ်များ ဖြစ်ပေါ်လာတော့သည်။

ရန်လွှေက ပန်းပွားနီတပ်ထားသော ဓားကို ဖြည်းညှင်းစွာ ဆွဲထုတ်လိုက်သည်။

အေးစိမ့်သော ဓား၏ အငွေ့အသက်များ ထွက်ပေါ်လာကာ ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားလေသည်။

"ဓားကောင်းတစ်လက်ပဲ"

ဓားရာဇာချန်းမင်းက ချီးကျူးလိုက်သည်။

ရန်လွှေက. . .

"ဦးကော ဓားမထုတ်သေးဘူးလား"

ဓားရာဇာချန်းမင်း ရယ်မောလိုက်သည်။

"စိတ်ချ၊ ငါ ဓားထုတ်လိုက်တာနဲ့ မင်း မြေပေါ်လဲကျသွားလိမ့်မယ်"

စကားဆုံးလျှင် ဓားကို အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် ဆွဲထုတ်လိုက်ပြီး ဓားအိမ်ထဲမှဓား အပြင်ဘက်ရောက်လာလျှင် ရန်လွှေအား စတင်တိုက်ခိုက်ပြီးသား ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

"ဝှစ်. . ဝှစ်"

စူးရှသော လေတိုးသံများနှင့်အတူ ဓားရိပ်များက ရန်လွှေအား ဖုံးလွှမ်းထားလိုက်လေသည်။

"ယား"

ရန်လွှေလည်း ညာသံပေးကာ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

❋ ❋ ❋

ယင်းဝှားသည် စားသောက်ဆိုင်၏ ပြတင်းပေါက်တစ်ခု အနီးမှနေပြီး ဆိုင်အပြင်ဘက်မှ ဓားရေး ယှဉ်ပြိုင်မှုကို စောင့်ကြည့်နေခဲ့လေသည်။

ရန်လွှေနှင့် ဓားရာဇာချန်းမင်းတို့ ထိပ်တိုက်ရင်ဆိုင် ယှဉ်ပြိုင်နေကြပြီ ဖြစ်လေသည်။

"ဟိတ်"

"ယား"

"ဝှစ်. . ဝှစ်. . ဝှစ်"

"ခြွမ်း"

ညာသံပေးသံ၊ ဓားဝှေ့ယမ်းသံ၊ ဓားချင်း ပြင်းထန်စွာ ထိတွေ့မိသော အသံများ တခဲနက် ထွက်ပေါ်နေ၏။

ရန်လွှေနှင့် ဓားရာဇာချန်းမင်းတို့သည် အလွန်လျှင်မြန်



သွက်လက်စွာ လှုပ်ရှားတိုက်ခိုက်ကြရင်း သိုင်းကွက်သုံးဆယ်ကျော်သောအခါ သူတို့၏လှုပ်ရှားမှုများ တဖြည်းဖြည်း နှေးကွေးလေးလံသွားလေသည်။

သူတို့၏ ဓားကွက်များလည်း နှေးကွေးသွား၏။

ပြတင်းပေါက်မှ ကြည့်နေသည့် ယင်းဝှား မျက်လုံးပြူးသွားလေသည်။

"သူတို့နှစ်ယောက်ရဲ့ ယှဉ်ပြိုင်မှုဟာ အရေးကြီးတဲ့ အခြေအနေ ရောက်လာပြီး သူသေကိုယ်သေ တိုက်ခိုက်ကြတော့ မလို့လား"

တွေးရင်း စိုးရိမ်ပူပန်လာတော့သည်။

"ရန်လွှေဆိုတဲ့လူရဲ့ ဓားပညာ မဆိုးဘူး။ ဒါပေမယ့် သူက ဓားရာဇာချန်းမင်းကို ယှဉ်နိုင်ပါ့မလား"

ရန်လွှေနှင့် ဓားရာဇာချန်းမင်းတို့ကား တစ်ယောက်ကို တစ်ယောက် အလွတ်မပေးဘဲ စိုက်ကြည့်ရင်း ဓားကွက်များ တစ်ကွက်ပြီးတစ်ကွက် ထုတ်ဖော်ကာ ဆက်လက်ယှဉ်ပြိုင်နေကြတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ရန်လွှေနှင့် ဓားရာဇာချန်းမင်းတို့ ယှဉ်ပြိုင်လာခဲ့ကြသည်မှာ ဓားကွက်ပေါင်း တစ်ရာကျော်အထိ ရှိလာပြီ ဖြစ်လေသည်။

သို့သော် တစ်ယောက်ကိုတစ်ယောက် အနိုင်မယူနိုင်ကြသေးပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ဓားရာဇာချန်းမင်း ဒေါသထွက်လာလေသည်။

"မင်းရဲ့ ပညာက ဘယ်လောက် ရှိမှာမို့လဲ"

ဟု အော်ငေါက်ပြီး ဓားကွက်ပြောင်းလဲလိုက်လေသည်။

နောက်ထပ် ဓားတစ်လက်ဆွဲထုတ်ကာ ဓားနှစ်လက် အသုံးပြု၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဓားနှစ်လက် အသုံးပြုလိုက်သဖြင့် ဓားကွက်လည်း ပြောင်းလဲသွားခြင်း ဖြစ်သည်။

ဓားတစ်လက်ကခုခံပြီး ကျန်ဓားတစ်လက်က တိုက်ခိုက်ခြင်း ဖြစ်သည်။

ဓားနှစ်လက် မတူညီသော ဓားကွက်နှစ်မျိုးကို တပြိုင်နက်တည်း ပေါင်းစပ်အသုံးပြုလိုက်ခြင်း ဖြစ်သည်။

ယင်းတုံ့သည် ဓားရာဇာချန်းမင်း၏ ဓားပညာကို မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်သွားလေသည်။

"ကောင်းလိုက်တဲ့ ဓားပညာ"

ချန်းမင်းသည် ဓားရာဇာဘွဲ့ထူးကို အကြောင်းမဲ့ ရရှိခဲ့ခြင်း မဟုတ်ပါ။

သူ၏ပညာ အမှန်တကယ် ထူးချွန်ခြင်းကြောင့် ရရှိခဲ့ခြင်း ဖြစ်ပေသည်။

ဓားရာဇာချန်းမင်း၏ ရေပက်မဝင်သော ဓားသိုင်းကြောင့် ရန်လွေလည်း ဓားကွက်ပြောင်းလဲလိုက်ရလေသည်။

ယင်းတုံ့သည် ရန်လွေ ပြောင်းလဲလိုက်သော ဓားသိုင်းကို မြင်လျှင် အံ့သြသွားလေသည်။



"ဘယ်လို ဖြစ်တာလဲ၊ သူက ဓားပညာ မတတ်တဲ့ လူတစ်ယောက်ကို ဖြစ်နေပါလား"

ရန်လွေ၏ ဓားကွက်က ရိုးစင်းလှသည်။

ဓားကိုင်ထားသော လက်ကို ရှေ့သို့ ဆန့်ထုတ်ကာ ဓားကို ထိုးသွင်းခြင်း ဖြစ်သည်။

ဓားကို ရှေ့သို့ ဆတ်ခနဲ ထိုးသွင်းလိုက်၊ ပြန်ရုပ်သိမ်းလိုက်၊ ပြန်ထိုးသွင်းလိုက်ဖြင့် အဆက်မပြတ် ပြုလုပ်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

သူ၏ဓားချက်များသည် ဓားရာဇာချန်းမင်း၏ ဓားရိပ်များကို ထိုးဖောက်သွားလေသည်။

"တိတ်"

"ယား"

"ခြွမ်း"

နှစ်ယောက်သား နှေးကွေးနေရာမှ လျှင်မြန်လာကြပြီး ဓားရိပ်လူရိပ်များ ရောထွေးသွားကာ. . .

"အား"

စူးရှသော အော်သံကြီး ထွက်ပေါ်လာ၏။

ထို့နောက်. . .

လူချင်းကွဲသွားကြသကဲ့သို့ တိုက်ပွဲလည်း ပြီးဆုံးသွားလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

ရန်လွှေက မလှုပ်မယှက် ရပ်နေ၏။

လက်ထဲ ဓားကိုင်ထားသော်လည်း ထပ်မံတိုက်ခိုက်ခြင်း မပြုတော့ချေ။

ဓားရာဇာချန်းမင်းက နောက်ဆုတ်သွား၏။

သူ၏မျက်နှာ ဖြူဖတ်ဖြူလျော် ဖြစ်နေသကဲ့သို့ ဓားနှစ်လက်စလုံးသည်လည်း မြေပေါ် ပြုတ်ကျသွားပြီ ဖြစ်လေသည်။

ဓားကိုင်ခဲ့သော လက်နှစ်ဘက်၌လည်း ဒဏ်ရာရကာ သွေးများ စီးကျနေလေသည်။

ဓားရာဇာချန်းမင်း ရှုံးနိမ့်သွားခြင်းပင်။

ရန်လွှေက. . .

"ခင်ဗျား ရှုံးသွားပြီ"

ဟု ပြောလိုက်သည်။

ဓားရာဇာချန်းမင်း အံကြိတ်လိုက်သည်။

"ကျုပ် သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့တာ နှစ်ပေါင်း သုံးဆယ်ကျော်ပြီး ပြိုင်ဘက်တိုင်းကို အနိုင်ယူနိုင်ခဲ့ပြီး တစ်ကြိမ်တစ်ခါမှ မရှုံးဖူးဘူး၊ အခု မင်းကို ရှုံးနိမ့်လိုက်ရတာ အံ့ဩစရာပဲ၊ ဘာပဲဖြစ်ဖြစ် ကျုပ် ရှုံးသွားပြီဆိုတော့ ဓားကို စွန့်လွှတ် လိုက်တော့မယ်၊ သိုင်းလောကကို ကျောခိုင်းလိုက်တော့မယ်"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားတော့သည်။

ရန်လွှေ သက်ပြင်းချလိုက်သည်။



ဓားကိုလည်း ဓားအိမ်ထဲ ပြန်လည်သိမ်းဆည်းထားလိုက်လေသည်။

ထိုစဉ် လက်ခုပ်သံများ ထွက်ပေါ်လာပြီး ယင်းဝှားက အနီးသို့ ရောက်ရှိလာလေသည်။

"ရှင်သိပ်တော်တာပဲ"

ဟုလည်း ချီးကျူးလိုက်၏။

ရန်လွှေ မကျေမနပ် ဖြစ်သွားသည်။

"ကျုပ်က အမြင်မတော်လို့ မင်းကို ကူညီခဲ့တယ်၊ ဒါတောင် မင်းက မကျေနပ်နိုင်ဘဲ ကျုပ်ကို ဒုက္ခပေးဖို့ ကြိုးစားနေတာ မကောင်းဘူးထင်တယ်၊ မင်းရဲ့ လုပ်ရပ်တွေကို ရပ်တန့်က ရပ်လိုက်ပါ၊ ဒါမှ မဟုတ်ရင် ကျုပ် အဆိုးမဆိုနဲ့"

ယင်းဝှား နှာခေါင်းရှုံ့လိုက်သည်။

"ရှင် မကျေနပ်တော့ကော ကျွန်မ ဂရုစိုက်ရမှာလား"

ပြောရင်း ဓားကို ခွမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်၏။

"လာလေ၊ ကျွန်မတို့ နှစ်ယောက် ဓားချင်းယှဉ်လိုက်ရအောင်"

"မင်း. . ."

ရန်လွှေ ပိုပြီး မကျေမနပ် ဖြစ်သွား၏။

ယင်းဝှားက. . .

"ဘာလဲ ကျွန်မကို မယှဉ်ဝံ့ဘူးလား၊ ရှင် ကြောက်နေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ရှင်က ကျွန်မကို မယုံဝံ့ဘူး ကြောက်နေတယ်ဆိုရင် ကျွန်မလည်း ဘာမှ မပြောချင်တော့ပါဘူး"

ယင်းဝှားက ခနဲ့ရင်း စားကို ပြန်လည်ရုပ်သိမ်းရန် ဟန်ပြင်လိုက်လေသည်။

ရန်လွှေ အော်ပြောလိုက်သည်။

"ကျုပ်က မင်းကို ကြောက်နေရမှာလား"

ယင်းဝှားက မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

"ရှင် မကြောက်ဘူးပေါ့ ဒါဖြင့် ဓားထုတ်လိုက်လေ ဘာလုပ်နေတာလဲ"

"ကောင်းပြီ"

ရန်လွှေလည်း ဓားဆွဲထုတ်လိုက်လေသည်။

ယင်းဝှား ရယ်မောလိုက်၏။

"ခစ် သည်လို သတ္တိရှိမှပေါ့ရှင့်၊ ကဲ. . . ရှင်က စမလား၊ ကျွန်မ စရမလား ပြောပါ"

ရန်လွှေ လက်ကာပြလိုက်သည်။

"နေဦး၊ ကျုပ်ပြောစရာ ရှိသေးတယ်"

ယင်းဝှားက. . .

"ရှင် ဘာများ ပြောချင်သေးလို့လဲ"

ရန်လွှေက. . .

"ကျုပ်တို့ နှစ်ယောက် ယှဉ်ပြိုင်တဲ့အခါ ကျုပ် ရှုံးသွားရင် မင်းကြိုက်သလို စီရင်နိုင်တယ်"



ယင်းဝှား ပြုံးလိုက်သည်။

"ရှင် တကယ် ပြောတာလား၊ သိပ်ကောင်းတာပေါ့ရှင်"

ရန်လွှေက. . .

"မင်း ရှုံးသွားရင်ကော"

"ဘာရှင့်"

"မင်း ရှုံးသွားရင်ကောလို့ မေးတာလေ"

ယင်းဝှား ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ ဘာကြောင့် ရှုံးရမှာလဲရှင့်"

"မပူနဲ့၊ မင်း ရှုံးကိုရှုံးမှာ"

"မဖြစ်နိုင်တာရှင်"

"ကျုပ် မေးတာဖြေပါ၊ မင်း ရှုံးသွားရင် ဘယ်လိုလဲ"

ယင်းဝှား အမှုမထားဘဲ ပြောလိုက်သည်။

"ရှင်ကြိုက်သလို စီရင်လိုက်ပေါ့ရှင်"

ရန်လွှေက. . .

"မင်း တကယ် ပြောတာလား"

"တကယ်ပေါ့"

"ကောင်းပြီ၊ မင်း ရှုံးခဲ့ရင် ကျုပ်ကို လက်ထပ်ရလိမ့်မယ်"

"ဟင်"

ယင်းဝှား မျက်လုံးပြူးသွားလေသည်။

"ရှင်. . . ရှင် ဘယ်လို ပြောလိုက်တာလဲ"

ရန်လွှေ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ရှုံးသွားရင် ကျုပ်ကို လက်ထပ်ရမယ်လို့ ပြောတာလေ"

"ကျွန်မ ဘာကြောင့် လက်ထပ်ရမှာလဲ"

"ရှုံးတဲ့လူက အနိုင်ရတဲ့လူ စီရင်တာကို ခံရမယ်၊ ငြင်းဆန်လို့ မရဘူး၊ အေး. . . သည်စည်းကမ်းကို မင်း လက်မခံနိုင်ဘူးဆိုရင် မယှဉ်ပြိုင်ရုံပဲရှိတယ်၊ ကဲ. . . ကျုပ်သွားမယ်"

ရန်လွေက ချက်ချင်း ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ယင်းဝှား နှုတ်ခမ်းကို သွားဖြင့်ကိုက်ရင်း မြေပေါ် ခြေဆောင့်လိုက်လေသည်။

"ရပ်လိုက်"

သူမ၏အော်ဟစ်သံကြောင့် ရန်လွေ ခြေလှမ်းရပ်တန့်သွားလေသည်။ ယင်းဝှားကို လှည့်ကြည့်လိုက်သည်။

ယင်းဝှားက. . .

"ကျွန်မနဲ့ မယှဉ်ပြိုင်ဘဲ ရှင် ထွက်မသွားရဘူး"

ရန်လွေက. . .

"ဒါဖြင့် ကျုပ်တောင်းဆိုတာကို မင်း လက်ခံတယ်ပေါ့ဟုတ်လား"

"ရှင်. . . ရှင်"

"မင်း လက်ခံမှ ကျုပ်က ယှဉ်ပြိုင်မှာ၊ ဒါမှမဟုတ်ရင်"

"ကျွန်မ လက်ခံတယ်"

ရန်လွေ ထွက်သွားရန် ဟန်ပြင်လိုက်ပြန်ရာ ယင်းဝှား



လည်း ချက်ချင်း အော်ပြောလိုက်လေတော့သည်။

"ဟား. . . ဟား. . . ဟား"

သူမ၏ကလေးဆန်ပုံကို ကြည့်ကာ ရန်လွေ သဘောကျစွာ ရယ်မောလိုက်လေသည်။

ယင်းဝှားက. . .

"ရှင် ဘာရယ်တာလဲ၊ ကျွန်မရဲ့ဓားကို ကြည့်ထား"

ချက်ချင်း ဓားဝှေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

ရန်လွေလည်း ပြန်လည်ခုခံလိုက်ရ၏။

ဤသို့ဖြင့် နှစ်ယောက်သား ဓားရေး ယှဉ်ပြိုင်ခဲ့ကြလေတော့သည်။

❋ ❋ ❋

"ဟိတ်"

"ယား"

"ခွမ်း. . . ခွမ်း. . . ခွမ်း"

ညာသံပေးသံ၊ တိုက်ခိုက်သံများ ထွက်ပေါ်နေ၏။

ယင်းဝှားနှင့် ရန်လွေတို့ ထိပ်တိုက်ယှဉ်ပြိုင်နေကြလေသည်။

နှစ်ယောက်စလုံး ထူးခြားထက်မြက်သော ဓားသမားများ ဖြစ်နေကြပါသည်။

သူတို့၏ ဓားကွက်များက ဆန်းပြားနေပြီး တစ်ချက်က

www.burmeseclassic.com

www.burmeseclassic.com



လေး မှားရုံဖြင့် အမှားပြုလုပ်မိသူ ရှုံးနိမ့်သွားလိမ့်မည် ဖြစ်လေသည်။

ယင်းဗွားက အနိုင်ရဖို့ ဖိ၍ တိုက်ခိုက်၏။

ရန်လွှေက ပွတ်ကာသီကာ ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်လေသည်။

အထူးသဖြင့် ယင်းဗွား ထိခိုက်ဒဏ်ရာ မရဖို့ သတိထားပြီး တိုက်ခိုက်ခြင်း ဖြစ်လေသည်။

မည်သို့ဆိုစေ. . .

ယင်းဗွားသည် ရန်လွှေကို မယှဉ်နိုင်ခဲ့ပါ။

တခဏအတွင်းမှာပင် ယင်းဗွား ရှုံးနိမ့်ကာ ရန်လွှေ အနိုင်ရရှိသွားလေတော့သည်။

✲ ✲ ✲

ရန်လွှေက ဓားကို ရုပ်သိမ်းလိုက်သည်။

ယင်းဗွားကို စိုက်ကြည့်လိုက်ပြီး. . .

"မင်း ရှုံးသွားပြီ"

ဟု ပြောလိုက်သည်။

ယင်းဗွား နှုတ်ခမ်းစူကာ ခြေဆောင့်လိုက်လေသည်။

"ကျွန်မ သိတယ်၊ ကျွန်မ ရှုံးသွားတော့ကော ဘာဖြစ်သလဲ"

ရန်လွှေက. . .



"မင်း ရှုံးသွားပြီဆိုတော့ ကတိတည်ရမယ်လေ"

"ကျွန်မ မသိဘူး"

"မင်းပဲ သဘောတူခဲ့တာ မဟုတ်လား"

"စကားမရှည်နဲ့၊ ကျွန်မ မသိဘူးလို့ ပြောပြီးပြီလေ"

ယင်းဗွားက မကျေမနပ် ပြောနေ၏။

ရန်လွှေက. . .

"ကောင်းပြီ၊ မင်း မသိဘူးဆိုရင်လည်း ကျုပ် ဘာမှ မပြောချင်တော့ပါဘူး၊ ကဲ. . . ကျုပ်သွားတော့မယ်"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားတော့သည်။

ယင်းဗွား ခေါင်းငုံ့ပြီး မလှုပ်မယှက် ရပ်နေ၏။

ရန်လွှေ အဝေးသို့ ရောက်သွားတော့မှ. . .

"ရှင် ဘယ်သွားသွား ကျွန်မ လိုက်ခဲ့မှာပဲ"

ဟု အော်ပြောကာ ပြေးလိုက်သွားလေတော့သည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



## အာယာတ

နွေ. . . ။

မိုး. . . ။

ဆောင်း. . . ။

ရာသီ အလီလီ ပြောင်းလဲသွားပြီ ဖြစ်သည်။

ရန်လွေနှင့် ယင်းဗွားတို့ မမျှော်လင့်ဘဲ ဆုံတွေ့မိကာ ချစ်သူဘဝကို ကျော်၍ အိမ်ထောင်ရှင်များ ဖြစ်သွားခဲ့ကြသည်။

သူတို့၏ ဘဝသည် ပျော်ရွှင်စရာ ကောင်းခဲ့သည်။

ယင်းဗွားက ဆတ်ဆတ်ကဲ့လေး ဖြစ်သော်လည်း အိမ်ထောင်ကျပြီးနောက် ရန်လွေကို အထူးပင် ဂရုစိုက်ခဲ့လေသည်။

ရန်လွေကလည်း သူမအား အလွန်ချစ်မြတ်နိုးပြီး ဂရုစိုက်ခဲ့သည်။

သို့သော် ရန်လွေသည် တစ်နေ့တွင် ပြိုင်ဘက်ကင်းသည့် ဓားသခင်တစ်ယောက် ဖြစ်လာရန် သန္နိဋ္ဌာန် ချထားသည့်အတိုင်း ပြိုင်စံရှားဓားပညာ တီထွင်ကြံဆလေသောအခါ ပြဿနာ ဖြစ်ပေါ်လာခဲ့တော့သည်။



ရန်လွေသည် လူသူကင်းဝေးကာ အေးချမ်းသာယာသည့် တောင်တစ်လုံးပေါ်၌ အခြေချနေထိုင်လိုက်သည်။

အနှစ်နှစ် အလလ လေ့လာခဲ့သော သိုင်းလောကမှ ဓားပညာရပ် အသီးသီးကို အခြေခံထားပြီး အနှစ်သာရများ ထုတ်ဖော်ခဲ့သည်။

သူသင်ယူထားသော ပညာ၊ တီထွင်ကြံဆမှုများနှင့် ရောယှက်ကာ အံ့မခန်း ဓားသိုင်းတစ်ခုကို တီထွင်ပြုစုခဲ့လေခဲ့လေသည်။

ရန်လွေအတွက် အလွန်ခက်ခဲနက်နဲသော အလုပ်ကြီး ဖြစ်လေသည်။

ရန်လွေက ဓားသိုင်းကျမ်းတစ်ခုကို အာရုံစိုက်ကာ ပြုစုစီရင်ခြင်းဖြင့် နေ့ရက် အချိန်များ ကုန်ဆုံးသွားခဲ့တော့သည်။

ဓားသိုင်းအပေါ် အာရုံနှစ်မြှုပ်ထားသည့် ဖြစ်ရတားထမင်းမေ့၊ ဟင်းမေ့ ဖြစ်ခဲ့ရသည်သာမက ဇနီးသည်ယင်းဗွားကိုဝင် တစ်ခါတစ်ရံ မေ့လျော့နေခဲ့သလို ရှိလာခဲ့တော့သည်။

ဓားသိုင်းကွက်များက လျှို့ဝှက်ဆန်းပြားပြီး ခက်ခဲနက်နဲစွာ တီထွင်ကြံဆရခြင်းကြောင့် အချိန်ကြာလာသည်နှင့်အမျှ ရန်လွေ၏ အာရုံစူးစိုက်မှုက ပို၍ အားကောင်းလာခဲ့ရာ သူ၏ဘဝနှင့် အရာရာအားလုံးကိုပင် မေ့လျော့သွားခဲ့ရလေတော့သည်။

ရန်လွေ ဓားသိုင်းအပေါ် အာရုံစူးစိုက်နေခြင်းကို ယင်းဗွား သဘောမကျချေ။

www.burmeseclassic.com

www.burmeseclassic.com



သူမအား လှစ်လျူရှုထားသည်ဟု မကြာခဏ စိတ်ဆိုးစိတ်ကောက်ခဲ့လေသည်။

ရန်လွှကလည်း သူ၏ဓားသိုင်း တီထွင်မှုကို နားလည်မှု ရှိရမည်၊ သဘောထားကြီးရမည်၊ သည်းခံရမည်ဟု သဘောထားပြီး အခန့်မသင့် ဖြစ်ခဲ့ရတော့သည်။

နဂိုကပင် အနိုင်ယူလိုစိတ်များသော ဆတ်ဆတ်ကြဲ ယင်းဝှားက သူမအား ဂရုမစိုက်ဘဲ လှစ်လျူရှုထားသည့် ရန်လွှနှင့် လမ်းခွဲရန် ဆုံးဖြတ်လိုက်လေတော့သည်။

တစ်နေ့. . .

ရန်လွှက အိပ်ရာမှနိုးလာသောအခါ ယင်းဝှားကို မတွေ့ရတော့ပါ။

ယင်းဝှားကိုယ်စား သူမ ရေးထားသော စာတစ်စောင်ကိုသာ တွေ့ရလေသည်။

စာကို ဖတ်ကြည့်လိုက်သောအခါ. . .

"ရန်လွှ. . .

ရှင်ဟာ ကျွန်မထက် ပိုပြီး ရှင့်ရဲ့ဓားသိုင်းကို ဦးစားပေး အမြတ်တနိုးထားနေတာကြောင့် ကျွန်မ ထွက်သွားပြီ၊ တစ်နေ့ ရှင့်ရဲ့ ဓားသိုင်းထက် ပိုပြီး အစွမ်းထက်တဲ့ ဓားသိုင်းတစ်ခု တီထွင်ပြီး ရှင်နဲ့ယှဉ်ပြိုင်မယ်

ယင်းဝှား"

ဟု ရေးသားထားလေသည်။



ရန်လွှမှာ သူ့အား ယင်းဝှား အထင်မှားကာ လမ်းခွဲသွားသည်ကို စိတ်မကောင်း ဖြစ်မိသော်လည်း ဓားသိုင်းကို ဖြစ်မြောက်အောင် စီရင်မည်ဟု သံဓိဋ္ဌာန် ချထားပြီး ဖြစ်၍ ယင်းဝှားအား လိုက်မရှာဖြစ်တော့ပေ။

နှစ်ယောက်သား မမျှော်လင့်ဘဲ ဆုံတွေ့မိပြီး မမျှော်လင့်ဘဲ ကွဲကွာသွားခဲ့ကြလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## သံယောဇဉ်

နေ့. . .။

မိုး. . .။

ဆောင်း. . .

ရာသီအလီလီ ပြောင်းလဲသွားခဲ့ပြန်ပြီ ဖြစ်သည်။

ရန်လွှေက ဇနီးသည်ယင်းဝှား အပါအဝင် အရာရာကို မေ့လျော့ထားခဲ့ပြီး ဓားပညာတီထွင်ခဲ့ရာ နောက်ဆုံး ထူးခြားဆန်းပြားသော ဓားပညာတစ်ရပ်ကို တီထွင်အောင်မြင်ခဲ့တော့သည်။

သုံးနှစ်အတွင်း သိုင်းလောကမှ ဓားအကျော်အမော်ရှစ်ဦးကို အနိုင်ယူနိုင်ခဲ့ပြီး ရန်လွှေ မျှော်လင့်ထားသည့်အတိုင်း ဓားသခင်ဘွဲ့ထူးကို ရရှိခဲ့လေသည်။

ရန်လွှေ၏ ရည်မှန်းချက် ပြည့်စုံအောင်မြင်ခဲ့ပြီ ဖြစ်သည်။

သို့သော်. . .



ထိုရည်မှန်းချက်အတွက် နှစ်ပေါင်းများစွာ အချိန်ပေးခဲ့ရသကဲ့သို့ ဇနီးသည်နှင့် ကွေကွင်းရသည်အထိ ဘဝကိုလည်း ပေးဆပ်ခဲ့ရသည် မဟုတ်ပါလား။

ဓားသိုင်း တီထွင်အောင်မြင်ကာ ဓားသခင်ဘွဲ့ထူးကို ဆွတ်ခူးနိုင်ချိန်တွင် ရန်လွှေသည်လည်း အသက်ငါးဆယ်ကျော်အရွယ် ရောက်ရှိသွားခဲ့ပြီ ဖြစ်လေသည်။

ရန်လွှေသည် ကွဲကွာသွားသော ဇနီးသည်ယင်းဝှားကို သတိရမိသည်။

သိုင်းလောကထဲ ဆင်းကာ ရှာဖွေခဲ့သည်။

သူက ကြိုးစားခဲ့ပါသော်လည်း ယင်းဝှားကား ပျောက်ချင်းမလှ ပျောက်ကွယ်နေတော့သည်။

ယင်းဝှား၏ သတင်းအစအနပင် မရနိုင်ခဲ့ချေ။

ရန်လွှေ လက်လျှော့ကာ တောင်ပေါ်သို့ ပြန်လာခဲ့ရတော့သည်။

ရန်လွှေ သိုင်းလောကထဲ ဆင်းခဲ့ရာတွင် 'ဝူးလျောင်'ဆိုသော လူငယ်တစ်ယောက်နှင့် ဆုံဆည်းမိခဲ့၏။

ဝူးလျောင်မှာ ရိုးသားကြိုးစားပြီး ဓားပညာကို သူ၏ အသက်၊ သူ၏ ဘဝဟု ခံယူထားသူလည်း ဖြစ်သည်။

ဝူးလျောင်၏ ရိုးသားကြိုးစားမှုနှင့် ခံယူချက်ကို သဘောကျမိသဖြင့် ရန်လွှေက တပည့်အဖြစ် လက်ခံကာ တောင်ပေါ်သို့ ခေါ်သွားပြီး ဓားပညာ သင်ကြားပေးခဲ့လေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ဝူးလျှောင် ရောက်လာပြီး နှစ်အနည်းငယ် အကြာတွင် ရန်လွေက ခရီးတစ်ခု သွားခဲ့ရာမှ ထူးခြားသော ဆေးမြစ်တစ်ခု အကြောင်း သတင်းကြား၍ 'ရှမ်းပေ'နယ်သို့ ခရီးဆက်ခဲ့လေသည်။

ရှမ်းပေနယ်သို့ အရောက်တွင် နှစ်ပေါင်းများစွာ ကွဲကွာသွားခဲ့သည့် ဇနီးသည်ယင်းဟွားနှင့် ပတ်သက်၍ သဲလွန်စတစ်ခု ရရှိခဲ့လေသည်။

သို့ဖြင့် . . .

ရန်လွေက တောင်ပေါ်သို့ ပြန်လည်ရောက်ရှိလာသော အခါ တပည့်ဖြစ်သူ ဝူးလျှောင်ကို ခေါ်ကာ တာဝန်တစ်ခု ပေးအပ်ခဲ့လေသည်။

ဝူးလျှောင်လည်း ရန်လွေ ပေးအပ်သည့် တာဝန်ကို ထမ်းဆောင်ရန် တောင်ပေါ်မှ ဆင်းသွားခဲ့လေတော့သည်။

❋ ❋ ❋



# ရိုးသားသော လူငယ်

ထိုက်ယန်ဂိုဏ်း . . . ။

ထိုက်ယန်ဂိုဏ်းသည် ရှောင်လင်၊ ဝူတန်း အစရှိသည့် ထိပ်သီးသိုင်းဂိုဏ်းကြီးများနှင့် ရင်ဘောင်တန်းနိုင်သည့် တိုင်းသိပြည်သိ နိုင်ငံကျော် ထိပ်သီးသိုင်းဂိုဏ်းကြီးတစ်ခု ဖြစ်လေသည်။

တိုင်းပြည်အား တိုင်းတပါးသားများက ကျူးကျော်လာကြသောအခါ ထိုက်ယန်ဂိုဏ်းမှ သိုင်းသမားများသည် မျိုးချစ်သိုင်းအဖွဲ့အစည်းများနှင့် လက်တွဲ၍ နယ်ချဲ့ရန်ကို တွန်းလှန်ခဲ့ကြသည်။

အချို့သော ထိုက်ယန်ဂိုဏ်းသားများက ဘုရင်မင်းမြတ်၏နန်းတွင်းတပ်ဖွဲ့များ၌ ဝင်ရောက်အမှုထမ်းခဲ့ကြသည်။

တိုင်းပြည်နှင့် လူမျိုးအတွက် အသက်စွန့်ဖို့ ဝန်မလေးသော ထိုက်ယန်ဂိုဏ်းသားများ ရှိကြသကဲ့သို့ အကျင့်ပျက်သော ဂိုဏ်းသားများလည်း ရှိနေပါသေး၏။

ထိုက်ယန်ဂိုဏ်းသား အချို့သည် ကိုယ်ကျိုးကြည့်ကာ နယ်ချဲ့လက်ပါးစေများနှင့် ဆက်သွယ်ပူးပေါင်းခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးချစ်သိုင်းသမားများနှင့် နန်းတွင်း၌ အမှုထမ်းနေသော သိုင်းသမားများအား ဒုက္ခပေးကြသည်။

အကျင့်ပျက် ထိုက်ယန်ဂိုဏ်းသားအချို့နှင့် သစ္စာဖောက် သိုင်းသမားဆိုးများသည် မျိုးချစ်သိုင်းသမားများအား ဘုရင်မင်းမြတ်က အထင်အမြင် လွဲမှားအောင် အခြားသိုင်းဂိုဏ်းကြီးများမှ အထင်အမြင် လွဲမှားအောင်လည်း လုပ်ကြံဖန်တီး အကောက်ကြံကြသည်။

သိုင်းသမားများနည်းတူ အချို့သော မြို့စားနယ်စားများကလည်း တိုင်းတပါးသားများနှင့် လျှို့ဝှက်ဆက်သွယ်ပူးပေါင်းကာ မျိုးချစ်သိုင်းသမားများအား ဒုက္ခပေးကြလေသည်။

တိုင်းပြည် မငြိမ်မသက် ဖြစ်နေသကဲ့သို့ အခြေအနေအရပ်ရပ်မှာလည်း ရှုပ်ထွေးပွေလီနေပါတော့သည်။

ထိုက်ယန်ဂိုဏ်း၌ မျိုးရိုးစဉ်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသော လုမျိုးနွယ်စုမှ သိုင်းသမား 'လုကြုံးနန်'သည် ယခုတလော နာမည်ကျော်ကြားလာသော 'ဓားမိန်းကလေး'ဆိုသူ၏ လက်ချက်ဖြင့် ဒုက္ခရောက်ခဲ့ရလေသည်။

ထို့အတူ. . .

လုကြုံးနန်၏သား 'လုယိရှဲ'က နန်းတွင်း၌ တာဝန်ထမ်းဆောင်ရင်း နယ်ခဲ့အလိုတော်ရိ သစ္စာဖောက် သူလျှိုတစ်ယောက်ဟု စွပ်စွဲခံရကာ ကွပ်မျက်ခံခဲ့ရလေသည်။

ထိုက်ယန်ဂိုဏ်း၌ တာဝန်ထမ်းဆောင်နေသော လူငယ်လေး လုယိလုံသည် ဖခင်နှင့် အဘိုးဖြစ်သူတို့၏ အဖြစ်ဆိုး



ကြောင့် ထိုက်ယန်ဂိုဏ်းမှ ထွက်ကာ အိမ်ပြန်ရန် အကြောင်းဖန်လာခဲ့လေတော့သည်။

❋ ❋ ❋

နန်းတွင်း၌ သစ္စာဖောက်များ၊ သူလျှိုများ ခြေရှုပ်နေကြ၏။

နန်းတွင်း၏ အခြေအနေမှာ တစ်နေ့တခြား ရှုပ်ထွေးပွေလီလာသဖြင့် ဘုရင်မင်းမြတ်က အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းကွပ်ကဲရန် သားတော်မင်းသားလေးအား တာဝန်ပေးလိုက်လေသည်။

မင်းသားလေးသည် သစ္စာဖောက်များ၊ သူလျှိုများကို ဖော်ထုတ်ဆုံးမသကဲ့သို့ သစ္စာရှိသူများအား ချီးမြှင့်မြှောက်စားခဲ့လေသည်။

ရှုပ်ထွေးပွေလီနေသော အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းနိုင်ရန်လည်း အစွမ်းကုန် ကြိုးစားဆောင်ရွက်ခဲ့လေသည်။

မင်းသားလေးသည် သစ္စာရှိ နန်းတွင်းသိုင်းသမား 'လုယိရှဲ'မှာ သစ္စာဖောက်များ၏ ချောက်တွန်းမှုကြောင့် မှားယွင်းကွပ်မျက်ခံရသည့် ကိစ္စအတွက်လည်း များစွာ စိတ်မကောင်းဖြစ်ခဲ့လေသည်။

ထိုက်ယန်ဂိုဏ်းမှ ထွက်ကာ အိမ်ပြန်မည့် လူငယ်လေး

www.burmeseclassic.com

www.burmeseclassic.com



လှယိလုံ ရောက်လာသောအခါ မင်းသားလေးကိုယ်တိုင် လှယိလုံ၏ဖခင် လှယိရှဲ၏အရိုးပြာအိုးကို လေးလေးစားစား ပေးအပ်ခဲ့လေသည်။

မင်းသားလေးက လှယိရှဲ၏အရိုးပြာအိုးကို လက်ခံယူသည့် လှယိလုံကို မှာကြားလိုက်သည်။

"မင်းရဲ့အဖေ လှယိရှဲဟာ သစ္စာရှိရှိ အမှုထမ်းခဲ့ပါလျက် မလိုသူတွေရဲ့ ထောင်ချောက်ထဲ သက်ဆင်းမိပြီး အပြစ်ရှိတယ်လို့ စွပ်စွဲကွပ်မျက်ခံခဲ့ရတယ်၊ သည်ကိစ္စအတွက် ကျုပ် အင်မတန်မှ ဝမ်းနည်းကြေကွဲမိပါတယ်၊ သစ္စာရှိ အမှုထမ်းကောင်းတစ်ယောက် ဆုံးရှုံးခဲ့ရတာကြောင့် ကျုပ်က မင်းကို နန်းတွင်းမှာ အမှုထမ်းစေချင်တယ်၊ မင်း ဘယ်လိုသဘောရသလဲ ပြောပါဦး"

လှယိလုံက. . .

"ကျွန်တော် တောင်းပန်ပါတယ် မင်းသားလေး၊ ကျွန်တော့်ဖေဖေ ကွယ်လွန်သွားသလို ကျွန်တော့်အဘိုးဟာလည်း သိုင်းသမားဆိုးတွေရဲ့ တိုက်ခိုက်မှုခံရပြီး ဒဏ်ရာအပြင်းအထန်ရခဲ့ပါတယ်၊ အခု အိမ်မှာ ဆေးဝါးကုသမှု ခံယူနေရပါတယ်၊ ဒါကြောင့် ကျွန်တော် အိမ်ပြန်မှ ဖြစ်ပါလိမ့်မယ် ခင်ဗျာ"

မင်းသားလေး သက်ပြင်းချလိုက်သည်။

"အင်း. . . မင်းရဲ့ အခြေအနေကို ကျုပ်နားလည်သဘောပေါက်ပါတယ်၊ ဒါကြောင့် နန်းတွင်းမှာ အမှုထမ်းဖို့ မင်းလက်မခံတာကို အပြစ်မတင်ပါဘူး၊ မင်း အိမ်ပြန်ပြီး အဘိုးကိုပြုစုပါ၊ မင်းအဖေရဲ့ အရိုးပြာအိုးကိုလည်း ကောင်းကောင်းမွန်မွန် ပူဇော်ပသထားပါ"



"အမိန့်အတိုင်းပါ မင်းသားလေး"

မင်းသားလေးက လှယိလုံအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး. . .

"အင်း. . . မင်းသွားရမယ့် အိမ်အပြန်ခရီးက အန္တရာယ်များလွန်းတယ်၊ လမ်းခရီးတလျှောက်မှာ သိုင်းသမားဆိုးတွေ၊ လူဆိုးဓားပြတွေ သောင်းကျန်းနေတယ်၊ မင်းသတိဝီရိယထားပြီးသွားပါ။ မင်းအတွက် အဖော်ရအောင် နန်းတွင်းကိုယ်ရံတော်တစ်ယောက်ကို ထည့်ပေးလိုက်မယ် ဟုတ်ပြီလား"

"မင်းသားလေးရဲ့ ကျေးဇူးကြီးမားလှပါတယ်"

လှယိလုံက မင်းသားလေးအား အရိုအသေပြုပြီး ဖခင်၏အရိုးပြာအိုးကို ယူကာ နန်းတွင်းမှ ထွက်ခွာလာခဲ့လေတော့သည်။

❋ ❋ ❋

ည. . .။

မင်းလမ်းမကြီးတလျှောက် မီးရောင်များ ထိန်ထိန်လင်းကာဘာ စားသောက်ဆိုင်၊ ဈေးဆိုင်၊ လောင်းကစားဝိုင်း၊ တည်းခိုခန်းများနှင့် စည်ကားသိုက်မြိုက်နေလေသည်။

လှယိလုံသည် မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့ပြီး စားသောက်ဆိုင်တစ်ဆိုင်၌ ဝင်ရောက်အနားယူ စားသောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။ စားသောက်ဆိုင်ထဲ၌ လူစည်ကားနေပါသည်။

ရောင်းချသော ဟင်းလျာများကလည်း အရသာရှိလှ၏။ လုယိလုံ စားသောက်နေစဉ် သူ၏အနီးသို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

လူဝကြီးတစ်ယောက် ဖြစ်သည်။

လူဝကြီးက လုယိလုံအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး. . .

"မင်းဟာ လုယိရှဲ့ရဲ့သား မဟုတ်လား"

ဟု မေးလာလေသည်။

လုယိလုံ အံ့သြသွား၏။

"ဟုတ်ပါတယ် ခင်ဗျာ၊ ဦးက ကျွန်တော့်အဖေကို သိနေလို့လား"

လူဝကြီးက. . .

"သိတာပေါ့၊ ကျုပ်ဟာ သည်ဆိုင်ပိုင်ရှင်ပဲ၊ မင်းရဲ့အဖေက ငါ့ရဲ့ဖောက်သည်ပေါ့၊ ငါတို့ ခင်မင်ရင်းနှီးခဲ့တာ နှစ်အတော်ကြာနေပြီ၊ သူကွပ်မျက်ခံရတာကြောင့် ငါစိတ်မကောင်းဘူး၊ အင်း သူ့မှာ အပြစ် မရှိပါဘူး၊ မလိုသူတွေက ချောက်တွန်းလို့ မှားယွင်းပြီး အပြစ်ပေးခံခဲ့ရတာပါ၊ အခုတော့ မင်းသားလေးက ချောက်တွန်းခဲ့သူတွေကို ဖော်ထုတ်ပြီး အရေးယူလိုက်ပါပြီ"

လုယိလုံ ပင့်သက်ရှိုက်လိုက်လေသည်။

ဆိုင်ရှင်လူဝကြီး စကားဆက်လိုက်သည်။

"မင်းသားလေးက အခြေအနေကို ထိန်းသိမ်းဖို့ ကြိုးစား



နေပေမယ့် အားလုံး ရှုပ်ထွေးနေတုန်းပဲ၊ ကုန်ကုန်ပြောရရင် မင်းသားလေးကိုတောင် မယုံရဘူး၊ သူကလည်း ဘယ်သူ့ကိုမှ ယုံကြည်မှာ မဟုတ်ဘူး၊ နန်းတွင်းမှာ သစ္စာဖောက်တွေ ခြေချင်းလိမ်နေတာ၊ မှူးမတ်တွေ၊ မြို့စားနယ်စားတွေကလည်း စိတ်ချရတာ မဟုတ်ဘူး"

လုယိလုံက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

ဆိုင်ရှင်လူဝကြီးသည် လုယိလုံ၏သဘောထားကို ရိပ်မိလိုက်သည့်အလား. . .

"အင်း. . . သည်လိုနေရာမျိုးမှာ ခုလိုပြောတာ မကောင်းပါဘူး၊ မင်းလည်း သတိထားပါ"

လုယိလုံက. . .

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဆိုင်ရှင်လူဝကြီးက. . .

"ကျုပ်က မင်းအဖေနဲ့ ခင်မင်ရင်းနှီးလို့ မင်းကို စိုးရိမ်မိတာ၊ ဘယ်သူ့ကိုမှ မယုံနဲ့၊ ဘယ်သူမှ စိတ်မချရဘူး၊ သစ္စာဖောက်တွေဟာ မင်းအဖေရဲ့ ကိစ္စကြောင့် မင်းကိုပါ ဒုက္ခပေးချင်ကြလိမ့်မယ်၊ အစစအရာရာ သတိထားပေတော့"

လုယိလုံ ဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့၊ အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော် သတိထားပါ့မယ်"

ထို့နောက် လုယိလုံသည် စားသောက်ပြီးစီးသွားသဖြင့် ကျသင့်ငွေ ပေးချေကာ ဆိုင်ရှင်လူဝကြီးအား နှုတ်ဆက်ပြီး ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လေတော့သည်။

ဆိုင်ရှင်လူဝကြီး သတိပေးသကဲ့သို့ လူကြီးလူကောင်း ဟန်ဆောင်ကာ နောက်ကွယ်၌ တိုင်းတပါးသားများ၏ အကျိုးကို ဆောင်ရွက်ပေးနေသော သစ္စာဖောက်များ ရှိနေသည်ကို သိရှိထားပြီး သစ္စာဖောက်အချို့၏ အမည်ကို သူစုံစမ်းသိရှိပြီး ဖြစ်သည်။

သို့တိုင်. . .

ထိုအကြောင်းကို ဆိုင်ရှင်လူဝကြီးအား ထုတ်ဖော်မပြောဘဲ ရေငုံနုတ်ပိတ်ကာ ထွက်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

စားသောက်ဆိုင်မှ ထွက်လာခဲ့ပြီး မကြာမီ တစ်ညတာ တည်းခိုမည့် တည်းခိုခန်းသို့ ရောက်ရှိသွားခဲ့လေတော့သည်။

❋ ❋ ❋

အရှေ့ဘက်မှ နေဝန်း ထွက်ပေါ်လာပြီ ဖြစ်သည်။

နွေးထွေးသော နံနက်ခင်း နေရောင်ခြည်က ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းထားလိုက်လေသည်။

ကျေးငှက်ကလေးများ၏ နံနက်ခင်း တေးသီကြွေးသံများ ထွက်ပေါ်လာသကဲ့သို့ တည်းခိုခန်း အလုပ်သမားများ၏ စကားပြောသံ၊ လှုပ်ရှားသံများကြောင့် လုယိလုံ ဒိပ်ရာမှ နိုးလာခဲ့လေသည်။

လုယိယုံမှာ ခရီးထွက်ရမည်မို့ အိပ်ရာမှထကာ ကိုယ်



လက်သန့်စင်လိုက်သည်။

တည်းခိုခန်း၏ စားသောက်ခန်းမ၌ ဝမ်းဗိုက်ဖြည့်တင်းပြီး ဖခင်၏အရိုးအိုးကို ယူကာ တည်းခိုခန်းမှ ထွက်လာခဲ့လေသည်။

တည်းခိုခန်း အပြင်ဘက်သို့ ရောက်လျှင် သူ့အား စောင့်ကြိုနေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ဆင်ထား၏။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ရှိသော ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူတစ်ယောက် ဖြစ်လေသည်။

ထိုလူသည် လုယိလုံကို မြင်သည်နှင့် ဦးညွှတ်ပြုလေသည်။

"မိတ်ဆွေက လုယိလုံ ထင်ပါရဲ့"

လုယိလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဘာကိစ္စများ ရှိလို့လဲဗျာ"

ထိုလူက. . .

"ကျုပ်ဟာ မင်းသားလေး လွှတ်လိုက်တဲ့ လူတစ်ယောက်ပါ၊ မိတ်ဆွေအတွက် ခရီးဖော်အဖြစ် လိုက်မယ့်လူ ဆိုပါတော့ဗျာ"

လုယိလုံက ထိုလူအား ထပ်မံအကဲခတ်လိုက်လေသည်။

ထိုလူနှင့်အတူ မြင်းတစ်ကောင် ပါလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းပေါ်တွင် အိပ်ရာလိပ်၊ ရေဘူး၊ ရိက္ခာခြောက်အိတ် စသည်ဖြင့် ခရီးဝေးသွားရန် ပြင်ဆင်ထားသည့် အသုံးအဆောင်များ ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူ ပြုံးလိုက်သည်။

လုယီလုံ သက်ပြင်းချလိုက်သည်။

ယခု မင်းသားလေး လွှတ်လိုက်သည်ဆိုသော နန်းတွင်းကိုယ်ရံတော်တစ်ဦး ရောက်ရှိလာပြီ ဖြစ်သည်။

မည်သူ့ကိုမျှ မယုံကြည်ရသော အချိန်၌ ထိုနန်းတွင်းကိုယ်ရံတော်ကိုလည်း ယုံကြည်ရပါမည်လော။

လုယီလုံက. . .

"ကျုပ်အတွက် အဖော်တစ်ယောက် ထည့်ပေးတဲ့အတွက် မင်းသားလေးကို ကျေးဇူးတင်ရမှာပါ။ ဒါထက် မိတ်ဆွေက ဘယ်သူဘယ်ဝါများလဲဗျာ"

ဟု မေးလိုက်လေသည်။

✲ ✲ ✲



## ကံဆိုးတဲ့လူ

လုကြုံးနန်. . .။

လုကြုံးနန်သည် ထိုက်ယန်ဂိုဏ်း၌ ထင်ရှားသော သိုင်းသမားတစ်ဦး ဖြစ်ခဲ့သည်။

တစ်နေ့ လုကြုံးနန်သည် မိတ်ဆွေအချို့နှင့်အတူ တောင်ပိုင်းသို့ခရီးထွက်ခဲ့လေသည်။

တောင်ပိုင်း၌လည်း အခြေအနေ ရှုပ်ထွေးနေ၏။

နန်းတွင်းမှ တပ်ဖွဲ့များနှင့် တိုင်းတပါးသား ကျူးကျော်သူများ၊ တိုက်ပွဲများ ပြင်းထန်နေ၏။

တိုင်းပြည် မငြိမ်မသက် ဖြစ်နေချိန်၌ တောမီးလောင် တောကြောင် လက်ခမောင်းခတ် ဆိုသလို ခိုးသားဓားပြများလည်း ထကြွသောင်းကျန်းလျက် ရှိလေသည်။

လုကြုံးနန်တို့ သိုင်းသမားတစ်စုသည် ဆိုးသွမ်းနေသော လူဆိုးဓားပြများအား ဆုံးမနှိမ်နင်းရန် နန်းတွင်းမှ တပ်ဖွဲ့များအား ကူညီရန် လာခဲ့ကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုကြံုးနန်တို့ ရောက်လာချိန်၌ ဓားပြသုံးယောက်မှာ အလွန်သတင်းကြီးနေ၏။

၎င်းတို့သည် အများပြည်သူကို လုယက်တိုက်ခိုက်သည်၊ နှိပ်စက်ကလူ ပြုသည်၊ တိုင်းတပါးသားများထံမှ ငွေကြေးယူကာ နန်းတွင်းတပ်ဖွဲ့များအား ဒုက္ခပေးကြသည်။

အလွန်ရက်စက်ကြမ်းကြုတ်ပြီး ထင်ရာစိုင်းနေကြသူများ ဖြစ်ပါတော့သည်။

လုကြံုးနန်တို့ လူစုသည် ဓားပြကြီးတစ်ဦး ဖြစ်သော သံမဏိကြာပွတ် 'ဝမ်ကျားရီ'၏ စခန်းကို တိုက်ခိုက်ချေမှုန်းရန် ဆုံးဖြတ်လိုက်ကြသည်။

သံမဏိကြာပွတ် ဝမ်ကျားရီ၏သတင်းကို စုံစမ်းပြီးလျှင် လဆန်းငါးရက်နေ့ ညအချိန်၌ စီးနင်းတိုက်ခိုက်ခဲ့ကြလေတော့သည်။

* * *

ည. . .။

ကောင်းကင်ပေါ်၌ လခြမ်းပဲ့ကလေးသာ ရှိနေ၏။

ကြယ်ကလေးများကလည်း မလင်းတလှည့် လင်းတလှည့် ရှိနေကြသည်။

မှိုင်းဝါးဝါး ကြယ်ရောင်လရောင်အောက်၌ လုကြံုးနန်တို့လူစုက တောင်ကုန်းလေးတစ်ခုသို့ တိတ်တဆိတ် ချဉ်းကပ်လာခဲ့



ကြလေသည်။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

တောင်ကုန်းလေး အနီးတဝိုက်၌ လူရိပ်လူရောင် လုံးဝ မတွေ့ရပါချေ။

လုကြံုးနန် အံ့ဩသွားလေသည်။

"လူဆိုးဓားပြ စခန်းတစ်ခုက သည်လောက်တောင် တိတ်ဆိတ်ငြိမ်သက်နေတာ သဘာဝ မကျဘူး၊ တစ်ခုခုတော့ မှားယွင်းနေပြီ"

သူက မိတ်ဆွေများကို သတိပေးလိုက်လေသည်။

"အားလုံးသတိထားကြပါ၊ ဓားပြစခန်းက သည်လောက် တိတ်ဆိတ်နေတာ ထောင်ချောက်တစ်ခု ဖြစ်နိုင်တယ်"

သူ၏စကားမဆုံးမီ. . .

"ဝိုင်းထား"

"တစ်ယောက်မှ မလွတ်စေနဲ့"

ညာသံဖေးသံများ တခဲနက် ထွက်ပေါ်လာလေသည်။

လူရိပ်များ ဟိုမှသည်မှ ထွက်ပေါ်လာသကဲ့သို့ မီးရောင်များလည်း ထွက်ပေါ်လာလေသည်။

တခဏအတွင်းမှာပင် တောင်ကုန်းလေးတစ်ခုလုံး မီးရောင်များလည်း ထွက်ပေါ်လာပြီး ထိန်ထိန်လင်းသွားလေတော့သည်။

လက်နက်ကိုယ်စီ ကိုင်ထားကြသော လူဆိုးဓားပြများလည်း လုကြံုးနန်တို့ လူစုအား အထပ်ထပ် ဝိုင်းရံထားလိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူကြုံးနန်က. . .

"လူစု မကွဲစေနဲ့၊ ကျောချင်းကပ်ထား"

မိတ်ဆွေများအား သတိပေးလိုက်၏။ ထိုအချိန်မှာပင်

"ဟား. . ဟား. . ဟား"

မိုးခြိမ်းသံအလား ကျယ်လောင်သော ရယ်မောသံကြီး ထွက်ပေါ်လာလေသည်။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ထူထပ်စွာ ရှိနေသည့် လူသန်ကြီးတစ်ယောက်သည် တပည့်တပန်းများ ခြံရံကာ ရောက်ရှိလာလေသည်။

လူသန်ကြီး၏ခါး၌ သံမဏိဖြင့် ပြုလုပ်ထားသော ကြာပွတ်တစ်ချောင်းကို ခါးပတ်သဖွယ် ပတ်ထားလေသည်။

ထိုလူသန်ကြီးကား နာမည်ကျော် ဓားပြခေါင်းဆောင် သံမဏိကြာပွတ် 'ဝမ်ကျားရီ' ဖြစ်လေသည်။

ဝမ်ကျားရီက လူကြုံးနန်တို့အား ကြည့်လိုက်ပြီး. . .

"ကျုပ်ရဲ့သံမဏိတောင်ကုန်းကို ချေမှုန်းဖို့ လာခဲ့ကြတဲ့ သူရဲကောင်းတွေကို ကြိုဆိုပါတယ်ဗျာ"

ဟု လှောင်ပြောင်ပြောဆိုလိုက်လေသည်။

လူကြုံးနန်တို့နှင့် အတူ ပါလာသည့် သိုင်းသမားတစ်ဦးမှာ ခံပြင်းဒေါသထွက်သွားကာ. . .

"ဝမ်ကျားရီ သေဖို့သာ ပြင်ထား"

အော်ငေါက်ပြီး တာဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်လေသည်။



"သတိထား"

လူကြုံးနန် သတိပေးလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

ထိုသိုင်းသမား ပြေးသွားသည်နှင့် အနက်ရောင်ဝတ်ထားသူ နှစ်ယောက်က ခုန်ထွက်လာပြီး ဝမ်ကျားရီ၏ရှေ့မှ အကာအကွယ် ပြုထားလိုက်ကြ၏။

ဝမ်ကျားရီ အားထားရသော ဘယ်လက်ရုံးနှင့် ညာလက်ရုံးတို့ ဖြစ်လေသည်။

"ယား"

သိုင်းသမားသည် ရှေ့မှ တားဆီးလာသော လက်ရုံးနှစ်ဖော်အား တိုက်ခိုက်လိုက်လေသည်။

လက်ရုံးနှစ်ဖော်က ဝဲယာတစ်ဘက်တစ်ချက်ခွဲကာ ညပ်ပူးညပ်ပိတ် ပြန်လည်တိုက်ခိုက်လိုက်၏။

သူတို့သည် ဓားကိုယ်စီ ကိုင်ဆောင် တိုက်ခိုက်ကြသည့်အပြင် လက်နက်ပုန်းလေးများကိုလည်း အသုံးပြုလိုက်ကြလေသည်။

"ဝှစ်. . ဝှစ်"

"ခြွမ်း. . ခြွမ်း"

သိုင်းသမားမှာ ဝမ်ကျားရီကို တိုက်ခိုက်နိုင်ခြင်း ရှိတော့ဘဲ လက်ရုံးနှစ်ဖော်အား ရင်ဆိုင်လိုက်ရပြီး လက်နက်ပုန်းလေးများ ထိမှန်ခံလိုက်ရလေသည်။

"အား"

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်လူးထားသော လက်နက်ပုန်းလေးများ ထိမှန်သွား၍ သိုင်းသမားမှာ စူးရှစွာ အော်ဟစ်ရင်း မြေပေါ်လဲကျသွားတော့သည်။

"သေလိုက်စမ်း"

"ချကွာ"

လက်ရုံးနှစ်ဖော်က မြေပေါ်လဲကျနေသည့် သိုင်းသမားအား ဓားများဖြင့် မညှာမတာ ဝိုင်းခုတ်ချလိုက်ကြရာ သိုင်းသမား၏တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲသွားပြီး အသံပင် မထွက်နိုင်ဘဲ အသက်ပျောက်သွားတော့သည်။

လုကြုံးနန်တို့လူစု ဒေါသချောင်းချောင်း ထွက်သွားကြလေသည်။

"တိုက်ကြဟေ့"

"ယား"

ညာသံပေးကာ လက်ရုံးနှစ်ဖော်အား တိုက်ခိုက်လိုက်ကြလေသည်။ လက်ရုံးနှစ်ဖော်ကလည်း ပြန်လည်တိုက်ခိုက်ကြ၏။

ဝိုင်းရံထားကြသော လူဆိုးဓားပြများကလည်း ညာသံပေးကာ တိုက်ခိုက်လာကြရာ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

သံမဏိကြာပွတ်ဝမ်ကျားရီက အေးအေးဆေးဆေး လက်ပိုက်ကြည့်နေ၏။

သူ၏လူများက လုကြုံးနန်တို့အား ဆုံးမနိုင်လိမ့်မည်ဟု ယုံကြည်ထားပုံရ၏။



သို့သော် တိုက်ခိုက်လိုက်ကြပြီး မကြာမီအချိန်အတွင်းမှာပင်. . .

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများနှင့်အတူ ဓားပြများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

လက်ရုံးနှစ်ဖော်မှာလည်း လုကြုံးနန်၏လက်ချက်ဖြင့် ဒဏ်ရာကိုယ်စီရရှိသွားတော့သည်။

"ဟင်"

သူ၏လူများ ခံလိုက်ရသည်ကိုမြင်လျှင် သံမဏိကြာပွတ်ဝမ်ကျားရီ ဒေါသထွက်သွားလေသည်။

"သိကြသေးတာပေါ့"

ကြုံးဝါးရင်း တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်လေသည်။

ဝမ်ကျားရီ ခုန်ဝင်လာသည်နှင့် တိုက်ပွဲအခြေအနေလည်း ပြောင်းလဲသွားလေတော့သည်။

"ဝှီး. . . ဝှီး. . . ဝှီး"

သံမဏိကြာပွတ် ဝှေ့ယမ်းသံက လေပြင်းမုန်တိုင်းတိုက်ခတ်သံအလား ကျယ်လောင်စွာထွက်ပေါ်လာ၏။

ဝမ်ကျားရီက သံမဏိကြာပွတ်ကို ဝှေ့ယမ်းကာ သူ၏လူများကော လုကြုံးနန်တို့လူစုကိုပါ သူ့လူကိုယ့်လူမခွဲခြားဘဲ အားလုံး သိမ်းကြုံးဝှေ့ယမ်း ရိုက်ချလိုက်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံမဏိကြာပွတ် ရိုက်ချက်ကြောင့်. . .

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများနှင့် ဓားပြများကော လုကြိုးနန်၏မိတ်ဆွေများပါ ထိခိုက်ဒဏ်ရာရကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

သံမဏိကြာပွတ် ရိုက်ချခံလိုက်ရသူများမှာ ပြင်းထန်လေးလံသော သံမဏိကြာပွတ်ကြောင့် လက်ကို ထိလျှင် လက်ကျိုးသွားသည်။

ခန္ဓာကိုယ်အား အရိုက်ခံရလျှင် နံရိုးများ ကျိုးကြေသွားကြသည်။

ဦးခေါင်းကို အရိုက်ခံရပါက ဦးခေါင်းတစ်ခုလုံး ကွဲအက်ကြေမွသွား၏။

သို့ဖြင့်. . .

တခဏအတွင်း လူနှစ်ဆယ်ကျော် မြေပေါ် လဲကျသွားကြလေတော့သည်။

လုကြိုးနန် ရင်ထိတ်သွား၏။

ဝမ်ကျားရီမှာ အလွန်ကြောက်စရာကောင်းသူတစ်ဦးဖြစ်နေသည် မဟုတ်ပါလား။

"နောက်ဆုတ်ကြဟေ့"

သူ၏မိတ်ဆွေများကို သတိပေးရင်း မြေပေါ်ခြေ



ဆောင့်ကာ နောက်သို့ ခုန်ဆုတ်လိုက်လေသည်။

ဝမ်ကျားရီက. . .

"ခင်ဗျားတို့ ပြေးလို့ ရမလား"

အော်ဟေါက်ရင်း သံမဏိကြာပွတ်ကြီးအား တဝီဝီမြည်အောင် ဝှေ့ယမ်းပြီး ရှေ့တိုးတိုက်ခိုက်လိုက်၏။

လုကြိုးနန်တို့အား အခွင့်အရေး မပေးဘဲ လိုက်လံတိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

"ဝုန်း. . . ဝုန်း"

"ခွပ်"

"အား"

လုကြိုးနန်၏မိတ်ဆွေများကလည်း နောက်ဆုတ်ရှောင်တိမ်းလိုက်ကြသည့်တိုင် ရှည်လျားသော သံမဏိကြာပွတ်က မြွေဟောက်တစ်ကောင်ပမာ တိုးဝင်ရိုက်ချလာရကား ရှောင်မလွတ်နိုင်တော့ဘဲ. . .

"အား"

"အမယ်လေး"

"သေပါပြီဗျ"

သိုင်းသမားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

မိတ်ဆွေများ အဖြစ်ဆိုးကြုံသွားသည်ကို ကြည့်ပြီး လုကြိုးနန် ခံပြင်းသွားလေသည်။

"တောက် သိကြသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကို အမှုမထားတော့ဘဲ ဓားဆွဲကာ ရှေ့သို့ ပြန်လည်ခုန်ထွက်သွားလေသည်။

"ဝှီး . . ဝှီး"

ဝမ်ကျားရီ၏သံမဏိကြာပွတ်ကလည်း ဝှေ့ယမ်းရိုက်ချ လာလေသည်။

"ယား"

လုကြုံးနန်က ဓားဖြင့် ဝှေ့ယမ်းရိုက်ထုတ်ပစ်လိုက်၏။

"ခြွမ်း . . ခြွမ်း"

ကြာပွတ်နှင့် ဓား ထိတွေ့မိလိုက်ပြီး လုကြုံးနန်၏ လက်ထဲမှ ဓားမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"ဟင်"

လုကြုံးနန် ထိတ်လန့်သွားလေသည်။

လက်နက်မဲ့ ဖြစ်သွားပြီးနောက် ဝမ်ကျားရီ၏ ကြာပွတ်ကို ခုခံဖို့ ခက်ခဲသွားတော့သည်။

"ဟား . . ဟား . . ဟား"

ဝမ်ကျားရီက လှောင်ပြောင်ရယ်မောလိုက်လေသည်။

"လုကြုံးနန်၊ ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

ပြောရင်း ရှေ့သို့ ခုန်ဝင်လာကာ လုကြုံးနန်နှင့် ရင်ဆိုင်လိုက်လေသည်။

"ဝှီး . . ဝှီး"

သံမဏိကြာပွတ်ကို ဝှေ့ယမ်းလိုက်သောအခါ ကြာပွတ်ရိုးများသည် လုကြုံးနန်၏တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်လေသည်။ လုကြုံးနန် တုတ်တုတ်မျှ မလှုပ်ဝံ့အောင် ဖြစ်သွား၏။

ခုခံဖို့၊ ရှောင်တိမ်းဖို့ မဖြစ်နိုင်တော့ပါ။

ဝမ်ကျားရီကလည်း တိုက်ခိုက်ခြင်း မပြုသေးဘဲ ကြောင်က ကြွက်ကို ကျီစားသကဲ့သို့ သံမဏိကြာပွတ်ကို ဝှေ့ယမ်းပြီး လုကြုံးနန် ထွက်ပေါက် မရှိအောင် ပိတ်ဆို့ထားလိုက်လေသည်။

ထိုအချိန်မှာပင် . . .

"အား"

"အမယ်လေး"

"ဝုန်း"

လုကြုံးနန်နှင့်အတူ လိုက်ပါလာကြသော သိုင်းလောကမိတ်ဆွေများမှာ ဝမ်ကျားရီ၏တပည့်များက ဝိုင်းရံတိုက်ခိုက်လိုက်ကြသဖြင့် တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

လုကြုံးနန်တို့လူစု အရှုံးကြီး ရှုံးနိမ့်သွားသည်ဟု ဆိုနိုင်ပါတော့သည်။

လုကြုံးနန်နှင့် ဝမ်ကျားရီတို့မှာ ယခင်ကတည်းက သိကျွမ်းထားသူများ ဖြစ်သည်။

ဝမ်ကျားရီသည် ရှောင်လင်ကျောင်းမှ လူတစ်ယောက် ဖြစ်ခဲ့ပြီး အကျင့်ပျက်သဖြင့် နှင်ထုတ်ခံခဲ့ရလေသည်။

ဝမ်ကျားရီမှာ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်ပြီး ထင်ရာစိုင်းခဲ့ရာမှ သိုင်းသမားဆိုးတစ်ယောက် ဖြစ်သွားခဲ့သည်။

နောက်ပိုင်းတွင် လူဆိုးဓားပြများနှင့် ပေါင်းသင်းမိပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ၏ထက်မြက်သော ကြာပွတ်ပညာကြောင့် ဓားပြခေါင်းဆောင် ဖြစ်လာကာ ဆိုးချင်တိုင်း ဆိုးသွမ်းသောင်းနေခဲ့ခြင်း ဖြစ်လေသည်။

ကြာပွတ် ဝှေ့ယမ်းလိုက်သဖြင့် တဝီဝီ မြည်သံများက လုကြုံးနန်အား နားမခံသာအောင် ဖြစ်သွားစေသည်။

လုကြုံးနန်၏တစ်ကိုယ်လုံး ဇောချွေးများ စို့ရွှဲသွား၏။

မျက်နှာလည်း သွေးရောင်ကင်းမဲ့ကာ ဖြူဖွေးသွားလေတော့သည်။ သူ၏မိတ်ဆွေများကဲ့သို့ ဝမ်ကျားရီ၏လက်ချက်ဖြင့် အသက်ပေးရတော့မည် မဟုတ်ပါလား။

"ဟား. . ဟား. . ဟား"

ဝမ်ကျားရီက ဟားတိုက်ရယ်မောရင်း. . .

"လုကြုံးနန် ရှောင်နိုင်ရင် ရှောင်ပေတော့"

အော်ပြောရင်း သံမဏိကြာပွတ်ကို ဝှေ့ယမ်းပြီး လုကြုံးနန်၏ဦးခေါင်းကို လွဲရိုက်ချလိုက်တော့သည်။

ထိုရိုက်ချက်တစ်ချက်တည်းဖြင့် လုကြုံးနန် အသက်ပေးလိုက်ရမည် ဖြစ်လေသည်။

လုကြုံးနန် မရှောင်နိုင်တော့သဖြင့် မျက်လုံးမှိတ်ထားလိုက်လေတော့သည်။ ထိုအချိန်မှာပင်. . .

"ရပ်လိုက်စမ်း"

အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာလေသည်။

လူရိုပ်တစ်ခု ရိပ်ခနဲ ရောက်ရှိလာပြီး ဝမ်ကျားရီနှင့် ရင်ဆိုင်လိုက်လေသည်။



ထိုလူရိပ်က လက်ဝှေ့ယမ်းလိုက်ရာ ဝင်းလက်သော ဓားရောင် ထွက်ပေါ်လာပြီး. . .

"ခြွမ်း. . ခြွမ်း. . ခြွမ်း"

ဝမ်ကျားရီ၏ ရှည်လျားသော သံမဏိကြာပွတ်မှာ သုံးပိုင်း ပြတ်တောက်သွားတော့သည်။

"ဟာ"

ဝမ်ကျားရီ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လက်ထဲ တစ်ပိုင်းတစ်စ ကျန်ရစ်သော ကြာပွတ်ကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။

ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လာသူကိုလည်း မျက်လုံးကြီးပြူးကာ ကြည့်လိုက်မိလေသည်။

တိုက်ပွဲအတွင်း၌ လူတစ်ယောက် ရောက်ရှိနေ၏။

အံ့ဩစရာကောင်းသည်ကား ထိုလူမှာ ငယ်ရွယ်ပြီး နုတ်မိမယ်လေးအလား ချောမောလှပသည့် မိန်းကလေးတစ်ယောက် ဖြစ်နေခြင်းပင်. . .

"မင်း. . မင်း"

ဝမ်ကျားရီ ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်လေသည်။

မိန်းကလေးက. . .

"ဝမ်ကျားရီ၊ ရှင်တို့ သုံးယောက်ဟာ ကျွန်မရဲ့ ပိုင်နက်ထဲကို ကျူးကျော်ပြီး လူသတ်၊ ဓားပြတိုက် ထင်တိုင်းကျဲခဲ့ကြတယ်၊ ဒါကြောင့် ရှင်တို့ကို ဆုံးမဖို့ ကျွန်မလာခဲ့တာပဲ"

သူမသည် ငယ်ရွယ်သူ ဖြစ်သော်လည်း သူမ၏ထက်

www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးပြီး ဝါရင့်သော ဝမ်ကျားရှိအား လုံးဝအရေးမစိုက်ဘဲ ကြိမ်းမောင်းပြောဆိုနေတော့သည်။

ဝမ်ကျားရှိ၏မျက်နှာကြီး မည်းမှောင်သွားလေသည်။

မိန်းကလေးက. . .

"ရှင့်ရဲ့အပေါင်းအဖော် ခါးပြကြီးနှစ်ယောက်ကိုတော့ ကျွန်မဆုံးမပြီးပြီ၊ ရှင်ပဲ ကျန်တော့တယ်၊ ကျွန်မလက်ထဲက လွတ်အောင် ရှင်ကြိုးစားပေတော့"

စကားဆုံးလျှင် ဓားဝှေ့ယမ်းကာ တိုက်ခိုက်လိုက်၏။

"ဝှစ်. . . ဝှစ်"

စူးရှသော လေတိုးသံများနှင့်အတူ ဓားရိပ်များက ဝမ်ကျားရှိ၏တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်လေသည်။

"မင်း. . . မင်းဟာ 'ဓားမိန်းကလေး'ဆိုတဲ့ 'ဘီလူးမလေး'ပဲ မဟုတ်လား၊ မင်းကော လူသတ်ဓားပြတိုက် ရက်စက်ကြမ်းကြုတ်တဲ့နေရာမှာ ကမ်းကုန်တဲ့ ဓားပြတစ်ယောက်ပဲ မဟုတ်လား၊ ဘာကြောင့် ဇာတ်တူသား စားချင်ရတာလဲ"

ဝမ်ကျားရှိက အော်ပြောရင်း မိန်းကလေး၏ဓားချက်များကို ရှောင်တိမ်းလိုက်လေသည်။

ဓားမိန်းကလေးဟူသော အမည်ကြားလျှင် လုံကြုံးနန်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ဓားမိန်းကလေးသည် လူကောင်းတစ်ယောက် မဟုတ်ဘဲ အလွန်ရက်စက်ကြမ်းကြုတ်သည့် ဓားပြတစ်ဦး ဖြစ်သည်ဟု သတင်းကြီးနေသည် မဟုတ်ပါလား။



ဓားမိန်းကလေးအား သိုင်းလောကသားများက ဆုံးမလိုကြသကဲ့သို့ နန်းတွင်းမှလည်း ရာဇဝတ်သားအဖြစ် အလိုရှိလျက်ရှိပေသည်။

ဝမ်ကျားရှိအား ရင်ဆိုင်ရခက်ခဲနေချိန်၌ ဓားမိန်းကလေး ရောက်လာသဖြင့် လုံကြုံးနန် ကံကောင်းသွားသော်လည်း ဓားမိန်းကလေးသည်လည်း သိုင်းလောကသားများ၏ ရန်သူတစ်ယောက် ဖြစ်နေရာ အကြပ်ရိုက်သွားတော့သည်။

ဓားမိန်းကလေးက တိုက်ခိုက်လိုက်ရာ ဝမ်ကျားရှိ ထိတ်လန့်သွားပြီး ထွက်ပြေးရှောင်တိမ်းသွားဖို့ ကြိုးစားလိုက်၏။ သို့သော် ဓားမိန်းကလေး၏ ဓားချက်များက သူ့အားတားဆီးထားလိုက်သည့်အပြင် လျှပ်ပြက်သကဲ့သို့ လျင်မြန်လှ သော ဓားချက်တစ်ချက်က ဝမ်ကျားရှိ၏ရင်ဝသို့ တိုးဝင်သွားရကား. . .

"အား"

ဝမ်ကျားရှိမှာ စူးရှစွာ အော်ဟစ်ရင်း မြေပေါ်လဲကျသွားလေတော့သည်။

"ဟင်"

"ဟာ"

ဓားပြများမှာ ဝမ်ကျားရှိ ခံလိုက်ရသည်ကို မြင်လျှင် အထိတ်တလန့် ဖြစ်သွားကြလေသည်။ ကပျာကယာ နောက်ဆုတ်သွားကြပြီး ခပ်လှမ်းလှမ်းသို့ ရောက်လျှင် ဒရောသောပါး ထွက်ပြေးသွားကြလေတော့သည်။

✼ ✼ ✼

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ကျားရီ သေဆုံးသွားပြီ ဖြစ်သည်။

သူ၏နောက်လိုက်များလည်း ကြောက်လန့်တကြား ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။

လုကြုံးနန် ကံကောင်းထောက်မကာ အသက်ဘေးမှ လွတ်မြောက်သွားခဲ့သည်။

လုကြုံးနန်နှင့်အတူ လိုက်ပါလာကြသည့် သိုင်းလောက မိတ်ဆွေများကား ကံမကောင်းနိုင်ကြပါချေ။

ဓားပြများ၏ ဝိုင်းရံတိုက်ခိုက်ခံရကာ အားလုံး ကံဆိုး သွားကြတော့သည်။

ယခု မြေပေါ်၌ မားမားမတ်မတ် ရပ်နိုင်သူဟူ၍ လုကြုံးနန်နှင့် ဓားမိန်းကလေးဆိုသော မိန်းမချောလေးတို့သာ ကျန်ရစ်ခဲ့ကြတော့သည်။

မိန်းကလေးက ဝမ်ကျားရီအား မုန်းတီးစက်ဆုပ်စွာ ကြည့်လိုက်ပြီး လုကြုံးနန်ဘက်သို့ လှည့်လိုက်သည်။

လုကြုံးနန်အား ခြေဆုံးခေါင်းဆုံး ကြည့်ပြီးမှ ဘာမှ မပြောဘဲ ချာခနဲ လှည့်ထွက်သွားလေသည်။

"ရပ်လိုက်"

လုကြုံးနန်က ဟန့်တားလိုက်လေသည်။

မိန်းကလေး ခြေလှမ်းရပ်သွား၏။

လုကြုံးနန်ကို လှည့်ကြည့်ပြီး မနှစ်မြို့သော လေသံဖြင့် မေးလေသည်။

"ရှင် ဘာကြောင့် ဟန့်တားတာလဲ"



လုကြုံးနန်က. . .

"မင်းက ဓားမိန်းကလေးဆိုတဲ့ဓားပြ မဟုတ်လား"

မိန်းကလေးက အဖြေမပေးဘဲ. . .

"ရှင် ဘာလုပ်ချင်လို့လဲ"

လုကြုံးနန်က. . .

"မင်းသာ ဓားမိန်းကလေးဆိုရင် မင်းကို ထွက်သွားခွင့် မပြုနိုင်ဘူး"

"ဘာရှင့်"

"ကျုပ်က မင်းကို ဆုံးမရလိမ့်မယ်"

"ဟင်"

မိန်းကလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

လုကြုံးနန်ကို မျက်လုံးပြူးကာ ကြည့်လိုက်ပြီး. . .

"ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်မကို ဆုံးမမယ် ဟုတ်လား၊ ကျွန်မ ရောက်လာလို့ ရှင်ကံကောင်းသွားတယ်ဆို တာ မှတ်ထားပါ၊ ဒါမှမဟုတ်ရင် ဝမ်ကျားရီရဲ့ လက်ချက်နဲ့ ရှင်သေသွားမှာ"

လုကြုံးနန်က. . .

"ဒါတွေ ကျုပ်နားမလည်ဘူး၊ မင်းကို ဆုံးမဖို့ပဲ ကျုပ်သိ တယ်"

"ရှင်. . ရှင်"

မိန်းကလေး ဒေါသထွက်သွားလေသည်။

"နေပါဦး၊ ရှင်က ဘာကြောင့် ကျွန်မကို ဒုက္ခပေးချင်နေ

www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ၊ ကျွန်မသည်းခံနေမှာ မဟုတ်ဘူးနော်"

လုကြုံးနန်က. . .

"မင်းက ထိုက်ယန်ဂိုဏ်းသားတွေကို သတ်ပစ်ခဲ့တယ်၊ ဒါကြောင့် ထိုက်ယန်ဂိုဏ်းက မင်းကို ရန်သူအဖြစ် သတ်မှတ်ထားပြီး တွေ့တဲ့နေရာမှာ ဆုံးမရမယ်လို့ အမိန့်ထုတ်ထားတာ အားလုံးသိကြတယ်"

မိန်းကလေး ခါးထောက်လိုက်သည်။

"လက်စသပ်တော့ ရှင်ဟာ ထိုက်ယန်ဂိုဏ်းက လူတစ်ယောက်ကိုး"

လုကြုံးနန် ရင်ကော့လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်လုကြုံးနန်ဟာ ထိုက်ယန်ဂိုဏ်းရဲ့ အမာခံသိုင်းသမားတစ်ယောက်ပဲ"

မိန်းကလေး လှောင်ပြောင်ရယ်မောလိုက်လေသည်။

"လက်စသပ်တော့ ကိုယ့်ကိုကိုယ် အထင်ကြီးနေတဲ့ လူတစ်ယောက်နဲ့ တွေ့နေရတာကိုး"

လုကြုံးနန်က. . .

"မင်းက ထိုက်ယန်ဂိုဏ်းသားတွေကို သတ်ခဲ့တယ်၊ ဒါကြောင့် မင်းကို ခွင့်မလွှတ်နိုင်ဘူး"

မိန်းကလေးမှာ စိတ်ဆတ်ပြီး ဒေါသကြီးသူ ဖြစ်ပုံရသည်။

"ကျွန်မ ဂရုစိုက်ရမှာလား၊ ရှင့်ရဲ့ သိုင်းပညာ ဘယ်လောက် ရှိလို့လဲ၊ ကျွန်မရဲ့ အကြိုးစကိုတောင် ထိအောင် တိုက်



နိုက်နိုင်လို့လား"

ဟု စိန်ခေါ်လိုက်လေသည်။

လုကြုံးနန်. . .

"သေပေတော့"

ဟု ကြုံးဝါးပြီး မြေပေါ် လွှတ်ကျခဲ့သော ဓားကို ကောက်ယူကာ မိန်းကလေးအား တိုက်ခိုက်လိုက်လေသည်။

မိန်းကလေး နှာခေါင်းရှုံ့လိုက်သည်။

"ထိုက်ယန်ဂိုဏ်းက လူတွေကို ကျွန်မကလည်း ဆုံးမချင်နေတာနဲ့ အတော်ပဲ"

သူမသည် ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ရှောင်တိမ်းပေးလိုက်ပြီး. . .

"သွားစမ်း"

လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

လုကြုံးနန်မှာ မိန်းကလေးက ရှောင်တိမ်းလိုက်သဖြင့် အရှိန်လွန်သွားပြီး ခန္ဓာကိုယ်ကို ထိန်းသိမ်းလိုက်စဉ်မှာပင် မိန်းကလေး၏ လက်ဝါးရိုက်ချက် ခံလိုက်ရလေတော့သည်။

"ဝုန်း"

လုကြုံးနန် လက်ဝါးရိုက်ချက်ခံရကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

အချိန်မည်မျှ ကြာသွားမှန်းမသိ. . .

"အင့်"

မသဲမကွဲ ညည်းတွားသံနှင့်အတူ လုကြုံးနန် သတိရလာ၏။ သူက မြေပေါ် လဲကျနေကြောင်း သတိပြုမိလိုက်လျှင် ကမျာကယာ လူးလိမ့်ထလိုက်လေသည်။

လျှပ်လျှပ်ရှားရှား လုပ်လိုက်သည်နှင့် ရင်ဝ၌ မခံမရပ်နိုင်အောင် နာကျင်သွားပြီး. . .

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

လုကြုံးနန် မြေပေါ် ပြန်လည်လဲကျသွားလေသည်။

ဓားမိန်းကလေး၏ လက်ချက်ဖြင့် အတွင်းဒဏ် ပြင်းထန်စွာရရှိခဲ့ပြီ ဖြစ်လေသည်။

လုကြုံးနန် မြေပေါ်၌ သွေးများ အဆက်မပြတ် အန်ထုတ်လိုက်သည်။ သွေးအန်မှု ရပ်သွားပြီး မောဟိုက်နွမ်းနယ်နေကာ ထမင်းတအိုးချက်ခန့် အချိန်ကြာတော့မှ လူးလိမ့်ထလာနိုင်ခဲ့လေသည်။

မြေပေါ်၌ ဝမ်ကျားရှိတို့လူစု၏ အလောင်းများ၊ သိုင်းလောကသားများ၏ အလောင်းများ ပြန့်ကျဲနေ၏။

ဓားမိန်းကလေးကား မရှိတော့ပါ။

လုကြုံးနန်လည်း ကြိုးစားအားယူကာ တောင်ကုန်းပေါ်မှ ဆင်းလာခဲ့သည်။



သူက ထိုက်ယန်ဂိုဏ်းသို့ မပြန်နိုင်တော့ပါ။

သူ၏အခြေအနေကို ထိုက်ယန်ဂိုဏ်းသို့ အကြောင်းကြားပြီး အိမ်သို့ ပြန်ကာ သမားတော်ပင့်၍ ဆေးကုသမှု ခံယူခဲ့ရလေတော့သည်။

❋ ❋ ❋

သမားတော်များက ကြိုးစားကုသပေးပါသော်လည်း လုကြုံးနန်၏ ဝေဒနာ သက်သာမသွားချေ။

ဓားမိန်းကလေးက သူ၏ဓားချက်ကို ရှောင်တိမ်းရင်း လျှပ်တပြက် တုန့်ပြန်လိုက်သည့် လက်ဝါးရိုက်ချက်က သူ၏ အမိကကျသော သွေးကြောဘစ်နေရာကို ရိုက်ချမိလိုက်သဖြင့် သွေးကြောပျက်စီးသွားခဲ့ရာမှ ဆက်စပ်၍ အတွင်းကလီစာများကို ဆက်လက်ပျက်စီးသွားစေခြင်းကြောင့် ဆေးကုမရနိုင်တော့ကြောင်း လုကြုံးနန် သိရှိနားလည်လိုက်လေသည်။

သူ ဒဏ်ရာပြင်းထန်စွာ ရရှိလိုက်ချိန်တွင် နန်းတွင်း၌ တာဝန်ထမ်းဆောင်နေသည့် သားဖြစ်သူ လုယိရှဲ့မှာ သစ္စာဖောက်များ၏ ချောက်တွန်းခံရကာ အပြစ်ပေး ကွပ်မျက်ခံရသည့်သတင်း ကြားလိုက်ရလေသည်။

ထိုသတင်းဆိုးကြောင့် လုကြုံးနန်ကို စိတ်ထိခိုက်ကာ အိပ်ရာထဲ ဘုန်းဘုန်း လဲသွားတော့သည်။

လုကြုံးနန်အတွက် အားထားစရာကား မြေးဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



လုယိလုံသာလျှင် ရှိတော့သည်။

လုယိလုံကလည်း ဖခင်နှင့် အဘိုး ဖြစ်သူတို့၏ အဖြစ်ဆိုးကြောင့် ထိုက်ယန်ဂိုဏ်းမှ ထွက်ကာ အိမ်ပြန်လာတော့မည်ဟု သိရလေသည်။

လုကြုံးနန်သည် ဝေဒနာပြင်းထန်စွာ ခံစားနေရကား နေ့လား ညလား မပြောနိုင်တော့ပါ။

သို့တိုင် လုကြုံးနန်က မြေးဖြစ်သူ လုယိလုံ ရောက်လာမည့်အချိန်ကို အားတင်းကာ စောင့်မျှော်နေခဲ့လေသည်။

ဖခင်လုယိရှဲ၏ အရိုးပြာအိုးကို ယူကာ ပြန်လာမည့် လုယိလုံသည် အဘိုးဖြစ်သူ လုကြုံးနန်ထံသို့ ကောင်းမွန်စွာ ပြန်လည်ရောက်ရှိလာနိုင်ပါမည်လော။

လုကြုံးနန်ကား မြေးဖြစ်သူ ကျိန်းသေ ရောက်လာရမည်ဟု ယုံကြည်ထားလေသည်။ လုယိလုံ ရောက်ရှိလာပါက မြော်ပြမှာကြားရန်စကား များစွာရှိနေသည်။

ထိုက်ယန်ဂိုဏ်းမှ နုတ်ထွက်ရန်။

သိုင်းသမားဘဝကို စွန့်လွှတ်ရန်။

သူ့အား ဒဏ်ရာပြင်းစွာရအောင် တိုက်ခိုက်ခဲ့သည့် ဓားမိန်းကလေးအား ရန်ငြိုးမထားဘဲ ရှောင်ရှားရန်။

စသည့်စသည့် စကားများကို မှာကြားဖို့ ရည်ရွယ်ထားခြင်း ဖြစ်ပါတော့သည်။

❋ ❋ ❋



# ထိုက်ယန်ဂိုဏ်းမှ အမှတ်တရ

ထိုက်ယန်ဂိုဏ်း. . .။

ထိုက်ယန်ဂိုဏ်းသည် အထင်ကရ သိုင်းဂိုဏ်းကြီးတစ်ခုဖြစ်ပြီး သိုင်းလောကအကျိုး၊ အများပြည်သူအကျိုးသည်ပိုးဆောင်ရွက်ရာ၌ ရှေ့တန်းမှ ပါဝင်ရကား အများ၏ လေးစားချီးကျူးမှု ခံရလေသည်။

အဖြူရောင်သိုင်းဂိုဏ်းကြီးတစ်ခုအဖြစ် ရပ်တည်ခဲ့သော်လည်း သိုင်းလောက သဘာဝအတိုင်း ဂိုဏ်းတွင်း အရှုပ်အထွေးများ၊ ပြဿနာများ ရှိခဲ့သော ဂိုဏ်းတစ်ခု ဖြစ်လေသည်။

ထိုက်ယန်ဂိုဏ်းအား 'ထိုက်ယန်ဂိုဏ်းချုပ်'နှင့်အတူ 'ဖုံးရှမ်း'ဆိုသူတို့က လက်တွဲထူထောင်ခဲ့ခြင်း ဖြစ်သည်။

ထိုက်ယန်ဂိုဏ်း အောင်မြင်ကျော်ကြားကာ သိုင်းလောက၌ ဝင့်ကြွားစွာ ရပ်တည်နိုင်ချိန်၌ ဖုံးရှမ်းက လမ်းခွဲသွားခဲ့လေသည်။

ဖုံးရှမ်းသည် ရသေ့ဝတ်သွားပြီး သီးခြားရသေ့ဂိုဏ်းတစ်ခု ထူထောင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုံးရှမ်းအား သိုင်းလောကတစ်ခုလုံးက 'ရသေ့ဂိုဏ်းချုပ် ဖုံးရှမ်း'ဟု အသိအမှတ်ပြုခဲ့ကြသည်။

သို့တိုင်. . .

ထိုက်ယန်ဂိုဏ်းသားများကား ဖုံးရှမ်းသည် ထိုက်ယန်ဂိုဏ်းကို စတင်ထူထောင်ခဲ့သူတစ်ဦး ဖြစ်၍ ထိုက်ယန်ဂိုဏ်းချုပ်တစ်ဦးဟု သဘောထားကြသည်။

ထိုက်ယန်ဂိုဏ်းသားတိုင်းသည် ရသေ့ဂိုဏ်း ပိုင်နက်အနီးပတ်ဝန်းကျင်သို့ ရောက်ရှိသွားခဲ့လျှင် ရသေ့ဂိုဏ်းချုပ် ဖုံးရှမ်းထံသို့ မဖြစ်မနေ သွားရောက်တွေ့ဆုံ ဂါရဝပြုကြလေသည်။

ဖုံးရှမ်းကလည်း ထိုက်ယန်ဂိုဏ်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို သူ၏ကိစ္စဟု သဘောထားခဲ့လေသည်။

ထိုက်ယန်ဂိုဏ်းချုပ်နှင့် ဖုံးရှမ်းတို့ လက်တွဲကာ ထိုက်ယန်ဂိုဏ်းကို ထူထောင်ခဲ့စဉ် ကြုံတွေ့ခဲ့ရသည့် အခက်အခဲပြဿနာများကိုလည်း အတူလက်တွဲ ရင်ဆိုင်ဖြေရှင်းခဲ့ကြသည်မဟုတ်ပါလား။

ထိုက်ယန်ဂိုဏ်း၌ရှိစဉ် ဖုံးရှမ်း ဖြေရှင်းပေးခဲ့သည့် ပြဿနာတစ်ခုဖြစ်သော 'လူထူးဆန်းစီးယုဖုံး'၏ ကိစ္စသည် အထူးထင်ရှားခဲ့လေသည်။

❋ ❋ ❋



# လူထူးဆန်း

စီးအမျိုးအနွယ် ကျေးရွာ. . .။

စီးအမျိုးအနွယ် ကျေးရွာသည် သာမန်လယ်သမား၊ ယာသမားများ နေထိုင်သော ကျေးရွာတစ်ခု ဖြစ်သည်။

သို့သော် ထိုမထင်မရှား ကျေးရွာကလေးတစ်ရွာမှာ 'စီးယုဖုံး'ဆို သူကြောင့် သိုင်းလောက၌ မသိသူ မရှိသလောက် ထင်ရှားသည့် ကျေးရွာတစ်ရွာ ဖြစ်သွားခဲ့လေသည်။

စီးယုဖုံးမှာ လယ်သမားတစ်ဦး၏သား ဖြစ်သည်။

သူသည် အခြားကလေးများနှင့် မတူဘဲ ငယ်စဉ်ကပင် နယ်လှည့်သိုင်းသမားတစ်ဦးနှင့် ဆုံဆည်းမိကာ သိုင်းပညာကို စိတ်ဝင်စားခဲ့လေသည်။

ထိုနယ်လှည့်သိုင်းဆရာထံမှ သိုင်းပညာ အခြေခံ သင်ယူပြီး နောက်ပိုင်းတွင် မိမိပတ်ဝန်းကျင်မှ သဘာဝတရား၏ သို့ဝှက်ချက်များကိုအခြေခံပြီး သိုင်းကွက်များတီထွင်လေ့ကျင့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စီးယုလုံ အသက်နှစ်ဆယ် မပြည့်မီ ထူးခြားသော သိုင်းပညာများ ရရှိခဲ့ပြီး သိုင်းလောကသို့ ဆင်းကာ ကျင်လည်ကျက်စားတော့သည်။

သိုင်းလောကတခွင် လှည့်လည်ကာ သိုင်းပညာရပ်များကို ဆက်လက်လေ့လာခဲ့ပြီး အသက်လေးဆယ်ကျော် ငါးဆယ်နီးပါး ရှိလာသောအခါ ထင်ရှားသော သိုင်းသမားကြီးဘဝ ရောက်ရှိခဲ့လေသည်။

စီးယုဖုံးသည် သိုင်းလောက၌ ကျင်လည်ရင်း ငှက်ဝါတောင်မှ 'မူကျင်း'ဆိုသော အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျခဲ့ပြီး စီးမျိုးနွယ် ကျေးရွာ၌ ပြန်လည်အခြေချနေထိုင်ခဲ့သည်။

စီးယုဖုံးနှင့် မူကျင်းတို့ ဇနီးမောင်နှံတွင် 'စီးလျှံ'ဆိုသော သမီးလေးတစ်ယောက် ထွန်းကားခဲ့လေသည်။

စီးယုဖုံးမှာ ဇနီး၊ သမီးနှင့်အတူ ဘဝပြည့်စုံပြီဟု သဘောထားနေချိန်မှာပင် ဇနီးသည်မူကျင်းမှာ ရောဂါဝေဒနာတစ်မျိုး စွဲကပ်ခံစားရပြီး တစ်နှစ်ခန့် အကြာတွင် ကွယ်လွန်သွားခဲ့လေသည်။

ဤတွင် စီးယုဖုံးလည်း အရူးတစ်ပိုင်း ဖြစ်ခဲ့ရလေတော့သည်။ စီးယုဖုံးသည် သမီးလေး 'စီးလျှံ'အား အိမ်ထိန်းအမျိုးသမီးကြီးနှင့် အပ်နှံကာ အိမ်မှထွက်သွားခဲ့လေသည်။

စီးယုဖုံးသည် စိတ်ညစ်ညစ်နှင့် ခြေဦးတည့်ရာ လျှောက်သွားရင်း

သိုင်းလောကသို့ ပြန်လည်ရောက်ရှိသွားခဲ့လေသည်။



ထို့နောက်. . .

သိုင်းလောက၌ ထင်ရာစိုင်းရင်း နာမည်ပျက်ခဲ့လေတော့သည်။

❋ ❋ ❋

စီးယုဖုံးက သဘာဝတရားကို အခြေခံကာ တီထွင်ထားသော သိုင်းပညာဖြင့် ထိပ်တန်းသိုင်းသမားကြီးတစ်ဦး ဖြစ်လာခဲ့လေသည်။

ဇနီးသည် ကွယ်လွန်သွားပြီးနောက် သူ၏စိတ်များဖောက်ပြန်ကာ... [illegible] ဖြစ်ကာ တစ်ခါတစ်ရံ လူကောင်း တစ်ခါတစ်ရံ လူဆိုးကဲ့သို့ ပြုမူဆောင်ရွက်တတ်သူ ဖြစ်လာသည်။

သို့ဖြင့်. . .

စီးယုဖုံးသည် လူထူးဆန်းတစ်ယောက်ဟု သတ်မှတ်ခံခဲ့ရလေတော့သည်။

တစ်နေ့. . .

စီးယုဖုံးက ကျွန်းပေ့နယ်သို့ ရောက်ရှိသွားပြီး မုလျှံဆိုသည့် အမျိုးသမီးတစ်ယောက်နှင့် ဆုံတွေ့ခဲ့သည်။

မုလျှံနှင့် တွေ့ဆုံပြီးနောက် စီးယုဖုံး၏ဘဝ ပြောင်းလဲသွားခဲ့ရပြန်လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com



ကျန်းပေ့နယ်. . .။

ကျန်းပေ့နယ်သည် သာယာလှပသော နယ်မြေတစ်ခု ဖြစ်သည်။ စီးယုဖုံးက ခြေဦးတည့်ရာသွားရင်း ကျန်းပေ့နယ်သို့ ရောက်လာသောအခါ ပြဿနာတစ်ခုနှင့် ကြုံတွေ့ခဲ့ရလေသည်။

ကျန်းပေ့မြို့. . .။

ကျန်းပေ့မြို့သည် ကျန်းပေ့နယ်၏ မြို့တော်ကြီး ဖြစ်သည်။ မြို့တော်ကြီး ဖြစ်သည်နှင့်အညီ နေ့ကောညပါ စည်ကား သိုက်မြိုက်လျက် ရှိပေသည်။

စီးယုဖုံး ရောက်လာချိန်၌ မြို့ထဲ၌ သိုင်းသမားများ လှုပ်ရှားသွားလာနေကြသည်ကို သတိပြုမိလေသည်။

စီးယုဖုံး ပြုံးမိသည်။

"သည်လောက် ဝေးလံသီခေါင်တဲ့ အရပ်ဒေသမှာတောင် သိုင်းသမားတွေကို တွေ့နေရတယ်၊ အတော်သဘောကျစရာ ကောင်းတာပဲ"

ဟု ရေရွတ်လိုက်လေသည်။ ထိုစဉ်. . .

"အံ့ဩစရာကောင်းလိုက်တာ၊ ခင်ဗျားပဲ သည်စကားမျိုး ပြောတတ်တယ်"

ဟူသော စကားသံ ထွက်ပေါ်လာလေသည်။

စီးယုဖုံး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

လှည့်ကြည့်လိုက်သောအခါ သူ့လိုပင် လမ်းသွားလမ်းလာတစ်ဦးက ပြောလိုက်ခြင်း ဖြစ်ကြောင်း တွေ့ရလေသည်။ ထိုလူမှာ အဝါရောင်ဝတ်ထားပြီး ခါး၌ဓားတလက်ချိတ် ဆွဲထား



သဖြင့် သိုင်းသမားတစ်ယောက် ဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေ၏။ စီးယုဖုံးက ထိုလူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး

"ကျုပ်စကားက အံ့ဩစရာကောင်းနေတယ် ဟုတ်လား"

ဟု မေးလိုက်၏။ ထိုလူက. . .

"ဟုတ်တယ်လေ၊ သိုင်းလောကသားတွေ ရောက်တဲ့နေရာတိုင်းမှာ သွေးထွက်သံယို တိုက်ပွဲတွေ ဖြစ်တတ်ကြတာ ခင်ဗျား မသိဘူးလား၊ ဒါသဘောကျစရာကောင်းတဲ့ ကိစ္စလား"

စီးယုဖုံး မျက်မှောင်ကုပ်သွား၏။

"သည်မှာ ပြဿနာတစ်ခုခု ဖြစ်ပေါ်လိမ့်မယ်ဆိုတဲ့ သဘောလားဗျ"

အဝါရောင်ဝတ်ထားသူက. . . .

"သေချာတာပေါ့၊ 'ကျန်းပေ့'ဂိုဏ်းက ကျန်းပေ့နယ်ထဲမှာရှိတဲ့ သိုင်းအဖွဲ့တွေ၊ သိုင်းသမားတွေအားလုံး သူတို့ကို သစ္စာခံရမယ်လို့ ကြေညာထားတယ်လေ"

"ဪ"

"သိုင်းသမားဆိုတာ လွတ်လွတ်လပ်လပ် နေချင်ကြသူတွေချည့်ပဲ၊ သူတပါးသြဇာ မခံချင်ကြဘူးဆိုတော့ ကျန်းပေ့ဂိုဏ်းနဲ့ ပြဿနာ ဖြစ်တော့တာပေါ့၊ ကျန်းပေ့ဂိုဏ်းကလည်း သူတို့ကို သစ္စာမခံချင်တဲ့လူတွေ လာပြီး ဖြေရှင်းနိုင်တယ်လို့ ကြေညာထားတယ်၊ တစ်လအတွင်း လာပြီး မဖြေရှင်းရင် သူတို့ရဲ့ သစ္စာခံအဖြစ် သတ်မှတ်မယ်၊ ဒါမှ မဟုတ်ရင် သုတ်သင်ရှင်းလင်းပစ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းခံရမယ်လို့ ထပ်ပြီး ကြေညာထားတယ်ဗျ"

စီးယုဖုံးက. . .

"ကျွန်းမေ့ဂိုဏ်းက အတော်မောက်မာနေတာကိုး"

အဝါရောင်ဝတ်ထားသူက. . .

"သူတို့ မောက်မာနိုင်မှာပေါ့၊ တိုင်းတပါးသားတွေက နောက်ကွယ်ကနေ လျှို့ဝှက်ကူညီထောက်ပံ့ပေးနေကြတယ်လေ"

"တိုင်းတပါးသားတွေ"

"ဟုတ်တယ်"

စီးယုဖုံး အံ့ဩသွားပြန်သည်။

"တိုင်းတပါးသားတွေ ဘယ်က ဘယ်လို ပါလာကြတာလဲ ပြောစမ်းပါဦး"

အဝါရောင်ဝတ်ထားသူက. . .

"ခင်ဗျား ဒါတွေ မသိဘူးလား"

"နန်းတွင်းအခြေအနေတွေ ရှုပ်ထွေးနေတာလား"

"ဟောဗျာ"

စီးယုဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားခြင်းကြောင့် အဝါရောင်ဝတ်ထားသူက. . .

"ခင်ဗျား ဘာဖြစ်သွားပြန်တာလဲ"

စီးယုဖုံး ပခုံးတွန့်လိုက်သည်။

"ခင်ဗျားနဲ့ တွေ့မှ တိုင်းတပါးသားတွေကော နန်းတွင်း အရှုပ်အထွေးတွေ အကြောင်းပါ ကြားနေရလို့ပါဗျာ"



အဝါရောင်ဝတ်ထားသူ ပြုံးလိုက်လေသည်။

"အင်း. . . တိုင်းပြည် အခြေအနေကို သတိမထားမိသူတွေ အများကြီး ရှိနေတာပဲ၊ ခင်ဗျား ဘာမှမသိတာ မဆန်းပါဘူးလေ၊ ကျုပ်တို့ ထိုက်ယန်ဂိုဏ်းကတော့ အများပြည်သူအကျိုးကို ဆောင်ရွက်ရင်း သိုင်းလောက အခြေအနေကော တိုင်းပြည်အခြေအနေကိုပါ မျက်ခြည်မပြတ် စောင့်ကြည့်နေတာဆိုတော့ ထူးခြားတဲ့ အခြေအနေတွေကို သိနေတာ မဆန်းပါဘူးလေ"

စီးယုဖုံးက. . .

"ခင်ဗျားဟာ ထိုက်ယန်ဂိုဏ်းက လူတစ်ယောက်ကိုး"

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားသိအောင် ပြောပြပါ့မယ်၊ နန်းတွင်းမှာ ဘုရင်မင်းမြတ် ကျန်းမာရေး ချို့ယွင်းပြီး ကောင်းစွာစီမံအုပ်ချုပ်မှု မလုပ်နိုင်တော့ တောင်နန်းစံ ဒေဝီမိဖုရားကြီးရဲ့ သားကို ထီးနန်းအပ်ပြီး မြောက်နန်းစံ ဒေဝီရဲ့သားကို အိမ်ရှေ့အရာ အပ်နှင်းခဲ့တယ်လေ"

"ဆက်ပါဦးဗျာ"

အဝါရောင်ဝတ်ထားသူက စကားဆက်လိုက်သည်။

"ပြဿနာ ရှိနေတာက တောင်နန်းစံ ဒေဝီရဲ့သားဟာ အရည်အချင်း မရှိတဲ့ ရူးပေါပေါမင်းသား ဖြစ်ပြီး မြောက်နန်းစံမိဖုရားရဲ့သားတော်လေးကတော့ အရည်အချင်း ရှိသူ ဖြစ်နေတယ်၊ ဒါပေမယ့် သူဟာ အိမ်ရှေ့စံမင်းသားလေး ဘဝမှာပဲ နေရလိမ့်မယ်၊ ဘုရင်မင်းမြတ်ရဲ့ အရိုက်အရာကို ဆက်ခံပိုင်ခွင့် မရှိဘူးလေ၊ သည်မှာပဲ တောင်နန်းစံ ဒေဝီရဲ့ လူတွေက တစ်

www.burmeseclassic.com

www.burmeseclassic.com



ဘက် မြောက်နန်းစံဒေဝီရဲ့ လူတွေက တစ်ဘက် အပြိုင်အဆိုင် ဖြစ်လာခဲ့တာပေါ့"

စီးယုဖုံးက. . .

"ဒါ နန်းတွင်း အရှုပ်အထွေးဆိုပါတော့"

"ဟုတ်တယ်လေ၊ နန်းတွင်းအရှုပ်အထွေးရဲ့ နောက်ဆက်တွဲ ပြဿနာကတော့ တိုင်းတပါးသားတွေက အခွင့်ကောင်းယူပြီး ကျူးကျော်ဖို့ ကြံသည်ကြိုးစားလာကြတာပဲ"

"သြော် သည်လိုကိုး"

"တိုင်းတပါးသားတွေက သူတို့ အသုံးချလို့ ရမယ့် မြို့စားနယ်စားတွေကို မက်လုံးအမျိုးမျိုးပေးပြီး စည်းရုံးသိမ်းသွင်းတယ်၊ တစ်ခါ သိုင်းလောကသားတွေဘက် မျှားဦးလှည့်တယ်"

စီးယုဖုံး လက်ကာပြလိုက်သည်။

"ကျုပ်သဘောပေါက်ပြီ၊ မြို့စားနယ်စားတွေ၊ သိုင်းလောကသားတွေကို စည်းရုံးသိမ်းသွင်းပြီး အခြေခံအင်အား တည်ဆောက်ထားမယ်၊ ပြီးလို့ အခွင့်အရေး ရပြီဆိုတာနဲ့ ကျူးကျော်သိမ်းပိုက်ကြမယ်ဆိုပါတော့ ဟုတ်ရဲ့လားဗျာ"

အဝါရောင်ဝတ်ထားသူက. . .

"တိုင်းတပါးသားတွေ အတော် ခြေလှမ်းသွက်နေကြတာ၊ ကျန်းပေ့ဂိုဏ်း သူတို့ရဲ့ ဩဇာခံ ဖြစ်သွားတာကို ကြည့်ရင် သူတို့ရဲ့ ရည်ရွယ်ချက်အတိုင်း အောင်မြင်နေပြီလို့ ပြောနိုင်တယ်၊ ကျုပ်က ကျန်းပေ့ဂိုဏ်း ထင်တိုင်းကဲနေတာကို လက်ပိုက်ကြည့် မနေနိုင်ဘူး၊ ခင်ဗျားကော"



စီးယုဖုံးက. . .

"နေဦး ကျုပ်မေးစရာ ရှိသေးတယ်"

"ခင်ဗျား ဘာမေးမလို့လဲ"

"သည်မြို့မှာ သိုင်းလောကသားတွေ ခြေရှုပ်နေကြတာ ကျန်းပေ့ဂိုဏ်းကို တိုက်ခိုက်ဖို့လားဗျ"

အဝါရောင်ဝတ်ထားသူ သက်ပြင်းချလိုက်သည်။

"လှုပ်ရှားနေကြတာ အများကြီးပဲ၊ လူကောင်းတွေကော သစ္စာဖောက်တွေပါ ရောထွေးနေတာ၊ ခုချိန်မှာ ဘယ်သူ့ကိုမှ စိတ်မချရဘူး"

စီးယုဖုံး ပြုံးလိုက်သည်။

"ကျုပ်ကိုကော စိတ်ချသလား၊ ကျုပ်က သစ္စာဖောက် ဖြစ်နေရင်ကော"

အဝါရောင်ဝတ်ထားသူ နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျားကသာ သစ္စာဖောက် ဖြစ်နေရင် ကျုပ် လူကဲခတ် ညံ့သွားတယ်လို့ ဆိုရမှာပေါ့၊ ကဲ. . ကျုပ်သွားတော့မယ်"

စကားဆုံးလျှင် ချာခနဲလှည့်ကာထွက်သွား၏။ စီးယုဖုံးက ထိုလူ ပျောက်ကွယ်သွားသည်အထိ ငေး ကြည့်နေပြီးမှ. .

"အင်း. . ငါလည်း ကျန်းပေ့ဂိုဏ်းကို သွားပြီး အခြေအနေ ကြည့်ဦးမယ်"

ဟု ရေရွတ်ကာ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## ဖူးစာ

ကျွန်းမေ့ဂိုဏ်း. . .။

ကျွန်းမေ့ဂိုဏ်းသည် မြို့တောင်ဘက်ရှိ တောတုပ်တစ်ခု အတွင်း၌ တည်ရှိလေသည်။

စီးယုဖုံး ရောက်ရှိသွားသောအခါ ကျွန်းမေ့ဂိုဏ်း အဆောက်အဦးကြီးရှေ့၌ သိုင်းသမားများ စုရုံးရောက်ရှိနေကြသည်ကို တွေ့လိုက်ရလေသည်။

စီးယုဖုံးက အခြေအနေ စောင့်ကြည့်နေလိုက်၏။

ယခု. . .

ရောက်ရှိလာကြသော သိုင်းသမားများသည် ကျွန်းမေ့ဂိုဏ်း၏ ကြေညာချက်ကို မကျေနပ်၍ စာရင်းရှင်းရန် လာခဲ့ကြသူများ ဖြစ်လေသည်။

သိုင်းသမားများမှာ လူနှစ်ဆယ်ကျော်ခန့် ရှိလေသည်။

အသက်ကြီးသူ ငယ်ရွယ်သူ ယောကျ်ား မိန်းမ လူကြီး လူငယ်အရွယ် စုံလင်စွာ ရှိနေသည်ကို တွေ့ရ၏။



စီးယုဖုံး အကဲခတ်ရင်း မမျှော်လင့်ဘဲ လူသုံးယောက်ကို သတိပြုမိလိုက်လေသည်။

အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားနှစ်ယောက် ဖြစ်သည်။ အမျိုးသမီးမှာ အစိမ်းရောင်ဝတ်ထားပြီး ကျောပေါ်၌ ဓားတစ်လက် ပိုးထား၏။

အမျိုးသားနှစ်ယောက်က အညိုရောင်အကျီရှည်များ ဝတ်ဆင်ထားကြပြီး ဓား လှံ လက်နက်ကိုင်ဆောင်ထားကြခြင်း မရှိချေ။

စီးယုဖုံးက. . .

"သိုင်းသမား ဖြစ်ပြီး လက်နက်ဆောင်မထားကြဘူးဆိုတော့ လက်နက်ပုန်း အသုံးပြုကြသူတွေပဲ ဖြစ်မယ်"

စီးယုဖုံးသည် လက်နက်ပုန်း အသုံးပြုသူများအား သဘောကျလှသည် မဟုတ်ပါ။

သစ္စာနည်းပြီး အချက်ကာင်းမဲ့သူများဟု သတ်မှတ်ထားပြီး ဆက်ဆံခြင်း မပြုခဲ့ချေ။

သို့သော်. . .

ယခုတစ်ကြိမ်၌ လက်နက်ပုန်း အသုံးပြုသူနှစ်ဦးနှင့်အတူရှိနေသော အမျိုးသမီးအား စိတ်ဝင်စားသွားမိလေသည်။

ထိုအမျိုးသမီးမှာ ရုပ်ရည်ရှုပကာ ချောမောလှပသူ ဖြစ်လေသည်။ သူမသည် ကွယ်လွန်သွားသော ဇနီးသည်နှင့် ရုပ်ချင်းဆင်လှသည်ဟုလည်း တွေးကာ စိတ်ဝင်စားသွားခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးယုဖုံး အကဲခတ်ကြည့်နေစဉ် အမျိုးသမီးက လှည့်ကြည့်လာရာ မျက်လုံးချင်း ဆုံမိလိုက်ရလေသည်။

စီးယုဖုံးက စိုက်ကြည့်နေသဖြင့် အမျိုးသမီး မျက်ကုပ်သွားပြီး ချက်ချင်းတစ်ဘက်သို့ မျက်နှာလွှဲထားလိုက်ရာ စီးယုဖုံး ပြုံးလိုက်မိလေတော့သည်။

ထိုအချိန်မှာပင်. . .

"ကျန်းပေ့ဂိုဏ်းကို လာဝံ့တာ နည်းတဲ့သတ္တိ မဟုတ်ဘူး၊ သူ့ရဲ့ကောင်းတွေကို ချီးကျူးပါတယ်"

စကားသံနှင့်အတူ ကျန်းပေ့ဂိုဏ်း အဆောက်အဦးကြီး အတွင်းမှ အဘိုးအိုတစ်ယောက်က အခြွေအရံများနှင့်အတူ ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုမှာ ကျန်းပေ့ဂိုဏ်းချုပ် ဖြစ်သည်။

ကျန်းပေ့ဂိုဏ်းချုပ်၏ ယာဘက်ရှိ လူငကြီးမှာ လက်ထောက်ဂိုဏ်းချုပ် ဖြစ်လေသည်။

ဝဲဘက်၌ကား တိုင်းတပါးသား သုံးယောက်ရှိနေ၏။

ကျန်းပေ့ဂိုဏ်းသည် တိုင်းတပါးသားများနှင့် ဆက်သွယ်ပူးပေါင်းနေကြောင်း ထင်ရှားနေပါတော့သည်။

ကျန်းပေ့ဂိုဏ်းချုပ် ထွက်လာသည်နှင့် သိုင်းသမားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

သိုင်းသမားတစ်ယောက်က. . .

"ဂိုဏ်းချုပ်ကြီး. . . ကျန်းပေ့ဂိုဏ်းရဲ့ ကြေညာချက်ကို ရုပ်သိမ်းဖို့ ကျုပ် 'ဆွေချူး' က တောင်းဆိုပါတယ်"



ဟု ပြောလိုက်သည်။

ဤတွင် အခြားသိုင်းသမားများကလည်း. . .

"ဟုတ်တယ်. . ဟုတ်တယ်"

"ကြေညာချက်ကို ရုပ်သိမ်းပါ"

"ကျန်းပေ့ဂိုဏ်း ထင်ရာစိုင်းလို့ မရဘူးဗျို့"

တစ်ယောက်တစ်ခွန်း အော်ပြောလိုက်ကြလေသည်။

ကျန်းပေ့ဂိုဏ်းချုပ် မဲ့ပြုံးပြုံးလိုက်သည်။

"ကျန်းပေ့ဂိုဏ်းဟာ ကျန်းပေ့နယ်ရဲ့ အကျိုးကိုရှေ့ရှုပြီးတစ်နယ်လုံးမှာ ရှိနေတဲ့ သိုင်းလောကသားတွေကို ဦးဆောင်သွားဖို့ စီစဉ်ထားတဲ့ကိစ္စကို လက်မခံနိုင်ဘူးဆိုရင် သိုင်းလောကစည်းကမ်းအတိုင်း ဖြေရှင်းလို့ ရပါတယ်"

ပြတ်ပြတ်သားသား စိန်ခေါ်လိုက်လေသည်။

ကျန်းပေ့နယ်မှ နာမည်ကျော် သိုင်းသမားဆွေချူး ခံပြင်းသွားလေသည်။

"ကောင်းပြီ၊ ကျုပ်က ကျန်းပေ့ဂိုဏ်းနဲ့ ယှဉ်ပြိုင်မယ်၊ ကျုပ် ရှုံးသွားရင် ကြိုက်သလို စီရင်နိုင်တယ်၊ ကျုပ် အနိုင်ရရင်တော့ ခင်ဗျားတို့ရဲ့ ကြေညာချက်ကို ရုပ်သိမ်းပေးရမယ်"

ကျန်းပေ့ဂိုဏ်းချုပ် လက်ခံလိုက်၏။

"စိတ်ချ၊ မင်းကသာ ကျုပ်တို့ ကျန်းပေ့ဂိုဏ်းရဲ့ နယ်ခြားမိတ်ဆွေကို နိုင်အောင်တိုက်ပါ၊ မင်းသဘောအတိုင်း ဖြစ်စေရမယ်"

သူက နယ်ခြားမှ လူသုံးယောက်အား ခေါ်ညွှတ်ပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ တိုင်းတပါးသား သုံးယောက်အနက် တစ်ယောက်က ရှေ့သို့ လှမ်းထွက်လာပြီး ဆွေချူနှင့် ရင်ဆိုင်လိုက်လေသည်။

သူက လက်ဝှေယမ်းပြလိုက်သည်။

ဆွေချူးအား စတင်တိုက်ခိုက်ပါဆိုသည့် သဘော ဖြစ်လေသည်။ ဆွေချူ အံကြိတ်လိုက်သည်။

"မျိုးမစစ်ကောင် သေဖို့သာ ပြင်ထား"

အော်ငေါက်ရင်း ဓားတစ်လက်ဆွဲကာ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ဆွေချူးက အပြင်းအထန် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူ၏လက်ချက်ဖြင့် နယ်ခြားသိုင်းသမား လဲကျသွားမည် ထင်ရလေသည်။

သို့သော် နယ်ခြားသိုင်းသမားသည် ဆွေချူး၏ဓားချက်များကို ပွတ်ကာသီကာ ရှောင်တိမ်းပြီး ရှေ့တိုး၍ လူချင်းပူးကပ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ဆွေချူး၏ လက်ထဲမှဓားကို လုယူကာ ထိုဓားဖြင့်ပင် ဆွေချူအား ခုတ်ချလိုက်ခြင်း ဖြစ်လေသည်။

အလွန်လျင်မြန်စွာ ဖြစ်ပျက်သွားခြင်းပင်. . .

"အား"

ဆွေချူ စူးရှစွာ အော်ဟစ်လိုက်လေသည်။

ပြင်းထန်သော ဓားချက်ကြောင့် တစ်ကိုယ်လုံး သွေးချင်းချင်း [illegible] မြေပေါ် ဒုန်းခနဲ လဲကျ အသက်ပျောက်



သွားလေတော့သည်။

"ဟင်"

"ဟာ"

ကျွန်းပေ့သိုင်းသမားများ အထိတ်တလန့် ဖြစ်သွားကြလေသည်။

"ဟား. . ဟား. . ဟား"

ကျွန်းပေ့ဂိုဏ်းချုပ်က သဘောကျစွာ ရယ်မောလိုက်လေသည်။

"ကဲ. . . ဘယ်သူကများ ကျုပ်ရဲ့ ကြေညာချက်ကို ရှုပ်သိမ်းပေးစေချင်သေးသလဲ"

ဟု မေးလိုက်၏။

ကျွန်းပေ့သိုင်းသမားများလည်း ဒေါသထွက်ကာ. . .

"ခင်ဗျား ထင်ရာစိုင်းလို့ မရဘူး"

"ကျုပ်တို့ လက်မခံဘူး"

"တိုက်ကြဟေ့"

ညာသံများပေးကာ တခဲနက် တိုက်ခိုက်လိုက်ကြလေသည်။ ကျွန်းပေ့ဂိုဏ်းချုပ်နှင့် လက်ထောက်ဂိုဏ်းချုပ် လူဝကြီးတို့က နောက်ဆုတ်လိုက်ကြလေသည်။

"ယား"

နယ်ခြားသိုင်းသမား သုံးယောက် ဦးဆောင်ကာ ကျွန်းပေ့ဂိုဏ်းသားများက သိုင်းသမားများအား ရင်ဆိုင်တိုက်ခိုက်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းပေ့ဂိုဏ်း အဆောက်အဦးကြီးရှေ့၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာတော့သည်။

နယ်ခြားသိုင်းသမား သုံးယောက်မှာ သိုင်းပညာ မခေသည့်အပြင် အလွန်ရက်စက်ကြမ်းကြုတ်သူများလည်း ဖြစ်နေပါတော့သည်။

သူတို့သည် ကြာပွတ်များ၊ ဓားကောက်များ အသုံးပြုကာ ရက်စက်ကြမ်းကြုတ်သော သိုင်းကွက်များ အသုံးပြု၍ တိုက်ခိုက်လိုက်ကြရာ. . .

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများနှင့်အတူ သိုင်းသမားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

စီးယုဖုံး မျက်မှောင်ကုပ်သွား၏။

"နယ်ခြားသိုင်းသမားတွေက အတော့်ကို ရမ်းကားနေကြပါလား"

ထိုစဉ် သူစိတ်ဝင်စားခဲ့သော အမျိုးသမီး၏ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အမျိုးသမီးက သူမ၏အဖော်နှစ်ယောက်ကို ပြောလိုက်ခြင်း ဖြစ်လေသည်။

"အစ်ကိုကြီးကျင်းစန်းယန်၊ အစ်ကိုကြီးရှဲ့ဖန်း၊ သူတို့က အတော့်ကို မောက်မာနေကြတယ်၊ ကျွန်မတို့ ဆုံးမလိုက်ရင်



မကောင်းဘူးလား"

ကျင်းစန်းယန်နှင့် ရှဲ့ဖန်းဆိုသူတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ကျင်းစန်းယန်က. . .

"ညီမလေးမုလျှံ၊ ကျုပ် တစ်ခု ပြောချင်တယ်"

ချောမောသော အမျိုးသမီးမုလျှံက. . .

"ပြောပါ အစ်ကိုကြီး"

ကျင်းစန်းယန်က. . .

"ကျန်းပေ့ဂိုဏ်းက နယ်ခြားက လူတွေနဲ့ ပေါင်းသင်းပြီး အတော့်ကို တိုးတက်ကြီးပွားနေပြီ"

ရှဲ့ဖန်းဆိုသူကလည်း ဝင်ပြောလိုက်သည်။

"ဟုတ်တယ် ညီမလေး၊ ကိုယ်တတ်ထားတဲ့ သိုင်းပညာကို အသုံးပြုပြီး ဘဝတိုးတက်ရာလမ်းကြောင်းကို ရှာဖွေရမယ်လို့ ညီမလေးပဲ ပြောခဲ့တယ် မဟုတ်လား"

ကျင်းစန်းယန်က. . .

"ကျန်းပေ့ဂိုဏ်းကို ချေမှုန်းလိုက်ရင် သည်နယ်မှာ ကျုပ်တို့ အောင်မြင်ကျော်ကြားလာမယ်ဆိုပြီး လာခဲ့ကြတာ၊ အခုစဉ်းစားကြည့်တော့ ကျန်းပေ့ဂိုဏ်းကို ချေမှုန်းတာထက် သူတို့နဲ့ မိတ်ဆွေဖွဲ့လိုက်တာက ပိုပြီး အကျိုးကျေးဇူး ဖြစ်ထွန်းမယ့်သဘော ရှိနေတယ်"

ရှဲ့ဖန်းက. . .

"ညီမလေးမုလျှံ၊ မင်း ဘယ်လိုသဘောရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချောမောသော အမျိုးသမီးမုလျှံ တွေဝေသွားလေသည်။

စီးယုဖုံးသည် သူတို့ ပြောဆိုနေကြသည့် စကားများကြားလျှင် ပင့်သက်ရှိုက်လိုက်မိလေသည်။

မုလျှံတို့ သုံးယောက်မှာ မိမိတို့၏ ဘဝတိုးတက်ရေးကို အဓိကထားသူများ ဖြစ်ကြောင်း သိရှိသွား၏။

စီးယုဖုံး သဘောမကျသလို ဖြစ်သွားသော်လည်း မုလျှံကို မြင်မြင်ချင်း သဘောကျနေပြီ ဖြစ်ရာ အပြစ်မမြင်နိုင်ပါတော့ချေ။

ထိုစဉ်. . .

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ကျွန်းပေ့ဂိုဏ်းအား မကျေမနပ် ဖြစ်နေသော သိုင်းသမားများမှာ နယ်ခြားသိုင်းသမား သုံးယောက်၏ လက်ချက်မိအာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြသည်ကို တွေ့မြင်ရလေသည်။

မုလျှံက ကျင်းစန်းယန်နှင့် ရှဲ့ဖန်းတို့အား ပြောလိုက်၏။

"ကျွန်မတို့က သည်အတိုင်း လက်တွဲဖို့ သွားပြောမယ်ဆိုရင် ကျွန်းပေ့ဂိုဏ်းချုပ်က အထင်သေးပြီး မတူသလို မတန်သလို ဆက်ဆံလိမ့်မယ်၊ ကျွန်မတို့ရဲ့ အစွမ်းအစကို နည်းနည်းပါး



ပါးလောက် ထုတ်ဖော်ပြသလိုက်ဦးမှ ဖြစ်မှာပေါ့"

ရှဲ့ဖန်းက. . .

"ညီမမုလျှံက. . "

သူ၏စကားမဆုံးမီ မုလျှံက မြေပေါ်ခြေဆောင့်ကာ တိုက်ပွဲထဲ ခုန်ဝင်သွားလေသည်။ ကျင်းစန်းယန်နှင့် ရှဲ့ဖန်းတို့ အချင်းချင်း ကြည့်လိုက်ကြ၏။ ထို့နောက်. . .

"ဟိတ်"

"ယား"

ညာသံများပေးကာ တိုက်ပွဲထဲ ခုန်ဝင်လိုက်ကြလေတော့သည်။ စီးယုဖုံး စိတ်လှုပ်ရှားသွား၏။

မုလျှံ ထိခိုက်ဒဏ်ရာရမည်ကို စိုးရိမ်ပူပန်သွား၏။

ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ. .

"ခွမ်း"

ဓားဆွဲထုတ်ကာ တိုက်ပွဲထဲ ခုန်ဝင်လိုက်လေတော့သည်။

❋ ❋ ❋

တိုက်ပွဲမှာ တဖြည်းဖြည်း အရှိန်လျော့ကျသွားလေသည်။

နယ်ခြား သိုင်းသမား သုံးယောက်၏ လက်ချက်ဖြင့် သိုင်းလောကသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျအထိ

www.burmeseclassic.com

www.burmeseclassic.com



နာသွားသည် မဟုတ်ပါလား။

ကျန်းပေ့ဂိုဏ်းချုပ်က သဘောကျစွာ ရယ်မောနေ၏။

ထိုအချိန်မှာပင် . . .

"ကျုပ်ရဲ့ လက်ဝါးကို ကြည့်ထား"

ရှဲ့ဖန်းက နယ်ခြား သိုင်းသမား တစ်ယောက်အား တိုက်ခိုက်လိုက်သကဲ့သို့ ကျင်းစန်းယန်ကလည်း . . .

"ဓားကြည့်ထား"

အခြားနယ်ခြား သိုင်းသမား တစ်ယောက်အား တိုက်ခိုက်လိုက်လေသည်။

မုလျှံကမူ . . .

"ရှောင်နိုင်ရင် ရှောင်လိုက်စမ်း"

ကျန်နယ်ခြား သိုင်းသမားအား တိုက်ခိုက်လိုက်၏။

သုံးယောက်သား လူချင်းခွဲကာ နယ်ခြား သိုင်းသမား သုံးယောက်အား တိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

ရှဲ့ဖန်း၏သိုင်းက လက်ဝါးသိုင်း ဖြစ်သည်။

သူ၏လက်ဝါးခိုက်ချက်များက လျှို့ဝှက်ဆန်းကြယ်မှုရှိလေသည်။

ထို့ကြောင့် နယ်ခြားသိုင်းသမား ကပျာကယာ နောက်ဆုတ်သွားပြီး . . .

"ခင်ဗျားရဲ့ လက်ဝါးသိုင်း မဆိုးဘူး"

ဟု ပြောလိုက်သည်။

ရှဲ့ဖန်း ရယ်မောလိုက်သည်။



"ကျုပ်က အဆိပ်အသုံးပြုပြီး အဆိပ်လက်ဝါးသိုင်း အဖြစ် ပြောင်းလဲဖို့ ရည်ရွယ်ထားတာလေ၊ တစ်နေ့ ကျုပ်ဟာ လူတိုင်းကြောက်ရတဲ့ အဆိပ်လက်ဝါး သိုင်းသမား ဖြစ်လာရမှာပေါ့"

ထို့နောက် နယ်ခြား သိုင်းသမားအား လက်ဝါးသိုင်းဖြင့် ဆက်လက်တိုက်ခိုက်လိုက်လေသည်။

ကျင်းစန်းယန်ကမူ ဝင်္ကပါသဖွယ် ရှုပ်ထွေးပွေလီသော ဓားကွက်များကို အသုံးပြုကာ သူနှင့် ရင်ဆိုင်နေသော နယ်ခြား သိုင်းသမားအား တိုက်ခိုက်လိုက်၏။

မုလျှံကမူ . . .

"ရှောင်နိုင်ရင် ရှောင်ပေတော့"

လက်နက်ပုန်းကလေးများဖြင့် သူမ၏ပြိုင်ဘက်ကို ပစ်ခတ်တိုက်ခိုက်လိုက်လေသည်။

သုံးယောက်သား အစွမ်းပြလိုက်ကြခြင်း ဖြစ်သည်။

ထိုအချိန်တွင် . . .

"ရပ်လိုက်"

ခုန်ဝင်လာသော စီးယုဖုံးအား ကျန်းပေ့လက်ထောက်ဂိုဏ်းချုပ်က ဆီးကြိုဟန့်တားလိုက်၏။

ကျန်းပေ့နယ်မှ သိုင်းသမားများမှာ သေသူသေ ဒဏ်ရာရသူရဖြင့် အထိနာသွားရကာ ဆက်၍ မတိုက်ခိုက်ဝံ့ကြတော့ဘဲ နောက်ဆုတ်ရှောင်တိမ်းသွားကြတော့သည်။

ကျန်းပေ့ဂိုဏ်း အဆောက်အဦးကြီးရှေ့၌ စီးယုဖုံးနှင့်

www.burmeseclassic.com

www.burmeseclassic.com



မုလ္လျှံတို့ သုံးယောက်သာ ကျန်ရစ်ခဲ့တော့သည်။

ကျွန်းပေ့ဂိုဏ်းချုပ်က. . .

"ဟေ့. . . ဘာလုပ်နေကြတာလဲ"

ဟု ဝေါက်လိုက်လျှင်. . .

"ယား"

"တိုက်ကြဟေ့"

"မလွှတ်စေနဲ့"

ကျွန်းပေ့ဂိုဏ်းသားများက မုလ္လျှံတို့ သုံးယောက်နှင့် စီးယုဖုံးတို့အား ဝင်ရောက်တိုက်ခိုက်ကြလေသည်။

ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာပြန်တော့သည်။

ကျင်းစန်းယန်နှင့် ရှဲ့ဖန်းတို့ကလည်း ဖိ၍ တိုက်ခိုက်လိုက်ကြရာ. . .

"ဝုန်း"

"အား"

နယ်ခြား သိုင်းသမား နှစ်ယောက် ဒဏ်ရာကိုယ်စီရကာ လွင့်စဉ်သွားတော့သည်။

ထို့အတူ. . .

"အမယ်လေး"

မုလ္လျှံ၏ လက်နက်ပုန်းများ ထိမှန်သွားသည့် နယ်ခြား သိုင်းသမားလည်း မြေပေါ် လဲကျသွားတော့သည်။

မုလ္လျှံတို့ သုံးယောက်က နယ်ခြား သိုင်းသမားများကို အနိုင်ယူလိုက်သာ...



"ဝုန်း"

"အား"

စီးယုဖုံး၏ လက်ချက်ဖြင့် လက်ထောက်ဂိုဏ်းချုပ် လူဝကြီးလည်း လွင့်စဉ်သွားတော့သည်။

စီးယုဖုံးက ပြေးဝင်လာကြသည့် ကျွန်းပေ့ဂိုဏ်းသားများအား ဆက်လက်တိုက်ခိုက်လိုက်ရာ. . .

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ကျွန်းပေ့ဂိုဏ်းသားများ ဖရိုဖရဲ ဖြစ်သွားတော့သည်။

အခြေအနေ မဟန်မှန်းသိလျှင်. . .

"ရပ်လိုက်"

ကျွန်းပေ့ဂိုဏ်းချုပ်က ဟန့်တားလိုက်လေသည်။

စီးယုဖုံးနှင့် မုလ္လျှံတို့ သုံးယောက် နောက်ဆုတ်လိုက်ကြလေသည်။ ကျွန်းပေ့ဂိုဏ်းချုပ်က. . .

"မိတ်ဆွေတို့ဟာ တကယ့် သူရဲကောင်းတွေပါပဲ၊ ကျုပ်တာ ကျွန်းပေ့ဂိုဏ်းရဲ့ ကြေညာချက်ကို ပြန်ပြီး ရုပ်သိမ်းပေးပါ့မယ်၊ ကျေနပ်ကြတယ် မဟုတ်လား"

စီးယုဖုံး ပြုံးလိုက်သည်။ ရှဲ့ဖန်းက. . .

"ကျုပ်တို့ အသာစီးရလိုက်ပြီ၊ ဒါပေမယ့် ကျွန်းပေ့ဂိုဏ်းချုပ်နဲ့ ဆက်ဆံဖို့ အချိန်ယူရဦးမယ်၊ ဒါကြောင့် သွားကြတာကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ကျောင်းစန်းယန်နှင့်အတူ ထွက်သွားလေသည်။ မုလ့်ျကာ စီးယုဖုံးကို ကြည့်ကာ. . .

"ရှင်ကော"

ဟု မေး၏။ စီးယုဖုံးက. . .

"သွားကြတာပေါ့"

ဟု ပြောကာ ထိုက်ယန်ဂိုဏ်းချုပ်အား နောက်များမှ တွေ့ကြဦးမည်ဟု ပြောကာ ထွက်လာခဲ့ကြလေတော့သည်။

❋ ❋ ❋

စားသောက်ဆိုင်လေးတဆိုင်. . .။

ထိုစားသောက်ဆိုင်လေး၌ စီးယုဖုံးနှင့် မုလ့်ျတို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်ထိုင်ပြီး စားသောက်နေကြလေသည်။

မုလ့်ျက. . .

"ရှင်က အခုမှ ကျန်းပေ့နယ်ကို ရောက်လာတာလား"

ဟု မေးသည်။

စီးယုဖုံးက. . .

"ဟုတ်တယ်၊ ကျုပ်ရဲ့ဇနီးသည် ကွယ်လွန်သွားလို့ သမီးလေးကို အထိန်းတော်နဲ့အပ်ပြီး စိတ်ပြေလက်ပျောက် လျှောက်သွားရင်း သည်ကို ရောက်လာတာ"

သူ၏အကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။



မုလ့်ျက. . .

"ရှင့်အဖြစ်က စိတ်မကောင်းစရာဘဲကိုး၊ အင်း ကျွန်မလည်း သိုင်းလောကထဲ သွားချင်နေတာ၊ ကျွန်မအဖေက ကျန်းမာရေးသိပ်မကောင်းတော့ သည်နယ်က ထွက်သွားလို့ မရဘူးဖြစ်နေတာ"

စီးယုဖုံးက. . .

"ကျန်းပေ့ဂိုဏ်းချုပ်က ရှုံးနိမ့်သွားတာကို သဘောကျမယ် မထင်ဘူး၊ ညီမတို့ သုံးယောက်က လွဲရင် တခြားလူတွေကို သူဂရုစိုက်ပုံမရဘူး"

မုလ့်ျက. . .

"မှန်တာပေါ့ရှင်၊ ကျန်းပေ့ဂိုဏ်းချုပ်ဟာ အတ္တသမားပဲ၊ သူ့ရဲ့ကိုယ်ကျိုးကို ကြည့်ပြီး တိုင်းတပါးသားတွေနဲ့ ပူးပေါင်းနေတာ၊ အင်း. . . ဘာပဲဖြစ်ဖြစ် လူဆိုတာ ကိုယ့်ဘဝကြီးပွားတိုးတက်အောင်မြင်ရေးအတွက် ကြိုးစားရမှာပါပဲလေ၊ သူ့ကို အပြစ်မပြောချင်ပါဘူး"

စီးယုဖုံးက. . .

"ညီမရဲ့မိတ်ဆွေ နှစ်ယောက်က ကျန်းပေ့ဂိုဏ်းချုပ်နဲ့ မိတ်ဖွဲ့မယ်လို့ ပြောသံကြားတယ်"

မုလ့်ျက. . .

"မှန်ပါတယ်၊ ဒါပေမယ့် ခုချိန်မှာတော့ ဖြစ်နိုင်တော့မှာ မဟုတ်ပါဘူး"

စီးယုဖုံးက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

မုလျှံက. . .

"ကျန်းပေ့ဂိုဏ်းချုပ်ဟာ ကျွန်မတို့ကို ရန်သူလို သတ်မှတ်လိုက်ပြီလေ၊ ကျွန်မတို့ကြောင့် သူအရှက်ကွဲခဲ့ရတာပဲ မဟုတ်လား"

စီးယုဖုံးက. . .

"ဒါဆိုရင် ညီမ သတိထားနေမှ ဖြစ်မယ်၊ တိုင်းတပါးသားတွေက ကျန်းပေ့ဂိုဏ်းကို ထောက်ခံအားပေးကြမှာဆိုတော့ အန္တရာယ်များတယ်"

မုလျှံက. . .

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်ရှင်၊ ကျန်းပေ့ဂိုဏ်းရဲ့ အန္တရာယ် မသေးဘူးဆိုတာ မှန်ပါတယ်၊ တိုင်းတပါးသား သိုင်းသမားတွေ အလုံးအရင်းနဲ့ ရောက်လာရင် ကျွန်မတို့လည်း ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး"

"ညီမ အကြောင်းတစ်ခုခု ရှိရင် စီးမျိုးနွယ် ကျေးရွာကို လာခဲ့ပါ၊ ဘယ်လိုအခက်အခဲမျိုးကိုမဆို ကျုပ်ကူညီဖြေရှင်းပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

စီးယုဖုံးနှင့် မုလျှံတို့ ရင်းရင်းနှီးနှီး ဖြစ်သွားကြလေတော့သည်။ နှစ်ယောက်သား ပြန်လည်တွေ့ဆုံကြမည်ဟု သဘောတူကာ လမ်းခွဲလိုက်ကြလေတော့သည်။

✽ ✽ ✽



## ပညာရှင်

စီးယုဖုံးသည် ကျန်းပေ့နယ်မှ ပြန်လည်ထွက်ခွာလာခဲ့လေသည်။

မုလျှံနှင့် ပြန်လည်ဆုံတွေ့ရလိမ့်မည်ဟု ယုံကြည်ထား၏။ စီးယုဖုံး ခရီးနှင်လာရင်း ထိုက်ယန်ဂိုဏ်း ပိုင်နက်ထဲသို့ ရောက်လာသောအခါ ကျန်းပေ့နယ်၌ တွေ့ခဲ့ရသော အဝါရောင်ဝတ်ထားသူကို ပြန်လည်သတိရလာလေသည်။

ထိုလူက ကျန်းပေ့ဂိုဏ်း၏ မတရားမှုနှင့် တိုင်းတပါးသားတို့နှင့် ဆက်သွယ်သည့်ကိစ္စကို ပြောပြသွားခဲ့သည် မဟုတ်ပါလား။

"ထိုက်ယန်ဂိုဏ်းဟာ ကျန်းပေ့ဂိုဏ်းကို ဆုံးမဖို့ အစီအစဉ် တစ်ခုခုတော့ ရှိမှာ သေချာတယ်"

ထိုက်ယန်ဂိုဏ်းသည် အများအကျိုး ဆောင်ရွက်နေသော ဂိုဏ်းကြီးတစ်ခု ဖြစ်သည်။

ထိုက်ယန်ဂိုဏ်း၏ သိုင်းပညာသည်လည်း ချီးကျူးခံရ၏။

www.burmeseclassic.com

www.burmeseclassic.com



စီးယုဖုံးသည် ထိုက်ယန်ဂိုဏ်း၏ သိုင်းပညာကို လေ့လာလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

သို့ဖြင့် ထိုက်ယန်တောင်ပေါ်သို့ တက်ကာ ထိုက်ယန်ဂိုဏ်းချုပ်အား စိန်ခေါ်လိုက်လေတော့သည်။

❋ ❋ ❋

ထိုက်ယန်ဂိုဏ်းချုပ်၏ မျက်နှာ တည်ကြည်လေးနက်နေ၏။

သတင်းလာပို့သော ထိုက်ယန်ဂိုဏ်းသားကို ကြည့်ကာ

"လူထူးဆန်းစီးယုဖုံးက သိုင်းပညာ ယှဉ်ပြိုင်ဖို့ ရောက်လာတယ် ဟုတ်လား"

ဂိုဏ်းသားက. . .

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

"ငါတို့ တောင်ပေါ်က တာဝန်ရှိတဲ့ လူတွေကော"

"လူထူးဆန်းစီးယုဖုံးကို ဟန့်တားနေကြပါတယ် ဂိုဏ်းချုပ်ကြီး"

"ကောင်းတယ်. . . ကောင်းတယ်"

ထိုက်ယန်ဂိုဏ်းချုပ် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

ထိုအချိန်မှာပင်. . .

"ဂိုဏ်းချုပ်ကြီး. . ဂိုဏ်းချုပ်ကြီး"



ဂိုဏ်းသားတစ်ယောက် ပြေးလွှားရောက်ရှိလာလေသည်။

ဂိုဏ်းချုပ်က. . .

"မင်း ဘယ်လို ဖြစ်လာတာလဲ"

ဂိုဏ်းသားက. . .

"လူထူးဆန်းစီးယုဖုံးကို တားဆီးလို့ မရပါဘူး၊ သူက တောင်ပေါ်ကို ရောက်လာပါပြီ၊ ဂိုဏ်းချုပ်ကြီးကို တွေ့ခွင့်တောင်းနေပါတယ်"

ထိုက်ယန်ဂိုဏ်းချုပ် သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ရောက်လာမှတော့ တွေ့ရတာပေါ့"

ထို့နောက် ဂိုဏ်းသားများ ခြံရံကာ စီးယုဖုံးအား ထွက်၍ တွေ့ဆိုလိုက်လေတော့သည်။

❋ ❋ ❋

စီးယုဖုံးသည် ထိုက်ယန်ဂိုဏ်းသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ထိုက်ယန်ဂိုဏ်းချုပ် ထွက်လာလျှင် လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်လိုက်ပြီး. . .

"ကျုပ်စီးယုဖုံးက ထိုက်ယန်ဂိုဏ်းရဲ့ ပညာကို လေ့လာဖို့ လာခဲ့တာ ဖြစ်ပါတယ်"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ယန်ဂိုဏ်းချုပ်သည် စိတ်နေသဘောထား ထူးခြားသည့် စီးယုဖုံး၏သတင်းကို ကြားသိထားပြီး ဖြစ်ရကား. . .

"ထိုက်ယန်ဂိုဏ်းရဲ့ ပညာကို လေ့လာဖို့ သက်သက်လာခဲ့တာဆိုရင် ကျုပ်က အကြံတစ်ခုပြုချင်တယ်"

စီးယုဖုံးက. . .

"ဘယ်လိုအကြံမျိုးလဲဆိုတာ ပြောပါဗျာ"

ထိုက်ယန်ဂိုဏ်းချုပ်က. . .

"တစ်ယောက်နဲ့တစ်ယောက် လက်တွေ့ယှဉ်ပြိုင်ကြည့်ကြမယ်ဆိုရင် မတော်တဆ ထိခိုက်မှုတွေ ရှိလာနိုင်တာကြောင့် မကောင်းပါဘူး၊ ဒါကြောင့် တစ်ယောက်က တိုက်ကွက်ပြောပြပြီး တစ်ယောက်က ချေဖျက်တဲ့နည်းလမ်းကို ပြောကြတာ အကောင်းဆုံး ဖြစ်လိမ့်မယ်၊ ဒါလည်း ယှဉ်ပြိုင်တာ လေ့လာတာမျိုးပါပဲလေ"

စိတ်သဘောထားထူးခြားသော စီးယုဖုံးက ချက်ချင်းသဘောတူလိုက်လေသည်။

"သိပ်ကောင်းတဲ့ နည်းလမ်းပဲဗျို့၊ ကျုပ်တို့ သည်နည်းလမ်းနဲ့ပဲ ယှဉ်ပြိုင်ကြတာပေါ့"

ထိုက်ယန်ဂိုဏ်းချုပ်က. . .

"လုကြုံးနန် သည်ကို လာပါ"

ဟု မလှမ်းမကမ်း၌ ရှိနေသူတစ်ယောက်ကို လှမ်းခေါ်လိုက်လေသည်။ လုကြုံးနန်ကား စီးယုဖုံး တွေ့ခဲ့သော အဝါရောင်ဝတ်ထားသူ ဖြစ်လေသည်။



လုကြုံးနန်သည် မြေးဖြစ်သူ လုယိလုံနှင့်အတူ ရှိနေရာမှ ဂိုဏ်းချုပ် ရှိရာသို့ ချက်ချင်း လှမ်းသွားလိုက်လေသည်။

ဂိုဏ်းချုပ်က. . .

"လုကြုံးနန်၊ မင်းပဲ လူထူးဆန်းနဲ့ ယှဉ်ပြိုင်ဖို့ တာဝန်ယူပါ။ သိုင်းကွက်တွေက. . "

စီးယုဖုံးအား ယှဉ်ပြိုင်ရမည့် သိုင်းကွက်များကို ပြောပြလိုက်လေသည်။

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

လုကြုံးနန်က စီးယုဖုံးနှင့် မျက်နှာချင်းဆိုင်လိုက်၏။

စီးယုဖုံး ပြုံးလိုက်သည်။

"ကဲ. . . ကျုပ်ကို ဘယ်လို သိုင်းကွက်မျိုးနဲ့ စပြီး တိုက်ခိုက်မယ်ဆိုတာ ပြောစမ်းပါဦး"

လုကြုံးနန်က. . .

"ကျုပ် ပထမဆုံး ထုတ်ဖော်မယ့် သိုင်းကွက်ဟာ. . "

ဂိုဏ်းချုပ် အသုံးပြုခိုင်းသည့် သိုင်းကွက်များကို ပြောပြလိုက်လေသည်။

စီးယုဖုံးက သိုင်းကွက်တစ်ကွက်ကို ချေဖျက်ပြီး တုန့်ပြန်တိုက်ကွက်တစ်ကွက် ထုတ်ဖော်သည်။

လုကြုံးနန်က စီးယုဖုံး၏ တိုက်ကွက်ချေဖျက်ကာ အခြားသိုင်းတစ်ကွက်ဖြင့် တန်ပြန်သည်။

သို့ဖြင့်. . .

သိုင်းကွက်များ တစ်ကွက်ပြီးတစ်ကွက် ထုတ်ဖော်ကာ

www.burmeseclassic.com

www.burmeseclassic.com



သူတပြန် ကိုယ်တပြန် အပြိုင်ကြဲခဲ့ကြရာ သိုင်းကွက် ရှစ်ဆယ်ခန့် အရောက်တွင် စီးယုဖုံး မယှဉ်သာတော့ဘဲ လက်မြှောက်အရှုံး ပေးလိုက်ရတော့သည်။

စီးယုဖုံးက သူ့အား လက်ခံယှဉ်ပြိုင်ကာ ပညာပေးခဲ့သည့်အတွက် ထိုက်ယန်ဂိုဏ်းအား ကျေးဇူးတင်ကြောင်း ပြောကာ တောင်ပေါ်မှ ဆင်းသွားတော့သည်။

စီးယုဖုံး ထွက်သွားပြီးနောက် တစ်လအကြာတွင် လုကြုံးနန်က ဂိုဏ်းချုပ်၏တာဝန်ပေးချက်အရ သံမဏိကြာပွတ် ဝမ်ကျားရှီအား ဆုံးမရန် မြေးဖြစ်သူ လုယိလုံအား ထိုက်ယန်ဂိုဏ်း၌ ထားရစ်ခဲ့ပြီး ခရီးထွက်သွားခဲ့ရလေသည်။

ထိုခရီး၌ ဝမ်ကျားရှီကို ဆုံးမနိုင်ခဲ့သော်လည်း မိန်းမဆိုးလေးတစ်ဦး၏ လက်ချက်ဖြင့် ဒဏ်ရာရကာ ထိုက်ယန်ဂိုဏ်းသို့ မပြန်နိုင်တော့ဘဲ သူ၏အိမ်သို့ ပြန်သွားကာ ဆေးကုသမှု ခံယူခဲ့လေသည်။

တိုက်တိုက်ဆိုင်ဆိုင် ထိုအချိန်မှာပင် လုယိလုံ၏ဖခင် လုယိရှဲ့သည်လည်း အထင်အမြင်လွဲခံရကာ ကွပ်မျက်ခံခဲ့ရသည်။

လုယိလုံက ဖခင်၏အရိုးပြာအိုးကို ယူကာ အဘိုးဖြစ်သူထံ ပြန်ရန် အကြောင်းဖန်လာခဲ့လေတော့သည်။

❋ ❋ ❋



လုယိလုံသည် ဖခင်၏အရိုးပြာအိုးကို ယူကာ နန်းတွင်းမှ ထွက်လာရာ၌ လူတစ်ယောက်က သူ့အား လာတွေ့လိမ့်မည်ဟု ယုံကြည်ထားလေ၏။ သူ့ဖခင်၏တပည့် 'ဖေမင်း' ဖြစ်သည်။

ဖေမင်းသည် သူ၏ဖခင် လုယိရှဲ့၏သစ္စာရှိသော တပည့်တစ်ဦး ဖြစ်သည်။ ဖခင်ကြီးလုယိရှဲ့အား သစ္စာဖောက်ဟု စွပ်စွဲခံရပြီးနောက် ဖေမင်းကို ရှောင်တိမ်းခိုင်းခဲ့လေသည်။

ထိုအချိန်မှစ၍ ဖေမင်း ပျောက်ကွယ်သွားခဲ့သည်။

နောက်ပိုင်းတွင် အိမ်ရှေ့စံမင်းသားလေးက လုယိရှဲ့အား မှားယွင်းကွပ်မျက်မိသည်ဟု ကျေညာပြီး လုယိလုံကို နန်းတွင်းသို့ ဖိတ်ခေါ်ကာ လုယိရှဲ့၏အရိုးပြာအိုးကို အပ်နှင်းခဲ့သလို ဖေမင်းကိုလည်း အပြစ်မယူဘဲ ပြန်လည်ခေါ်ယူထားကြောင်း၊ သူတောင်းပြု ချီးမြှင့်မြှောက်စားမည် ဖြစ်ကြောင်း၊ မင်းသားလေးက ပြောပြခဲ့သည်။

ဖေမင်းကလည်း ဆက်သွယ်ထားပြီး မကြာမီ ပြန်ရောက်လာမည်ဟု သိခဲ့ရလေသည်။

လုယိလုံက တွေ့ရဖို့ မျှော်လင့်ထားသော်လည်း ဖေမင်းကို မတွေ့ခဲ့ရပါ။ ဖေမင်းနှင့် မဆုံမိသဖြင့် မင်းသားလေးက ဖေမင်း ရောက်လာလျှင် လွှတ်လိုက်မည်ဟု ပြောခဲ့သည်။

လုယိလုံ၏ အပြန်လမ်း၌ အဖော်ရစေရန် ကိုယ်ရံတော်တစ်ဦးကိုလည်း လွှတ်ပေးလိုက်မည်ဟု ပြောခဲ့လေသည်။

သို့ဖြင့်. . .

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## နဖူးစာ

စီးယုဖုံး . . .။

စီးယုဖုံးသည် ထိုက်ယန်ဂိုဏ်း၌ သွားရောက် သိုင်းပညာ ယှဉ်ပြိုင်ပြီးလျှင် သမီးလေးစီးလျှံကို သတိရလွမ်းဆွတ်လာသဖြင့် စီးအမျိုးအနွယ် ကျေးရွာသို့ ပြန်ရန် ဆုံးဖြတ်လိုက်လေသည်။

စီးယုဖုံးက သူ၏အိမ်သို့ ဦးတည်ခရီးနှင်ရင်း မြို့ကလေး တစ်မြို့သို့ ရောက်ရှိလာသောအခါ မိုးချုပ်သွားပြီဖြစ်၍ တစ်ည တာ အနားယူရန် ဆုံးဖြတ်လိုက်လေသည်။

တည်းခိုခန်းတစ်ခု၌ အခန်းတစ်ခန်း ငှားရမ်းကာ တစ် ညတာ အနားယူလိုက်လေသည်။

စီးယုဖုံးသည် ညဥ့်နက်သည့်တိုင်အောင် တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့ပါ။

သမီးလေးစီးလျှံ၏အကြောင်း၊ ကျန်းပေ့နယ်၌ တွေ့ခဲ့ရ သော မုလျှံ၏အကြောင်းများကို တွေးတောစဉ်းစားနေမိခြင်း ကြောင့် ဖြစ်လေသည်။



သို့ဖြင့် ညသန်းကောင်ယံအချိန်သို့ ရောက်ရှိလာသော အခါ ထူးခြားသော အသံများ ကြားလိုက်ရလေသည်။

တည်းခိုခန်း အပြင်ဘက်မှ လှုပ်ရှားပြေးလွှားသံများ ဖြစ် လေသည်။

စီးယုဖုံး အံ့ဩသွားလေသည်။

"ညကြီး အချိန်မတော် ဘယ်သူတွေများ လှုပ်ရှားသွား လာနေကြတာပါလိမ့်"

ချက်ချင်းပင် အိပ်ရာထက်မှ လူးလိမ့်ထကာ ပြတင်း ပေါက်ဖွင့်ပြီး အပြင်ဘက် ကြည့်လိုက်လေသည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေပါသည်။

လရောင်ဖြင့် ဝန်းကျင်မှာ ကြည်လင်အေးမြကာ သာ ယာလှပနေပါသည်။

လရောင်ဖြင့် တည်းခိုခန်းနှင့် မလှမ်းမကမ်း၌ လူရိပ် များ လှုပ်ရှားသွားသည်ကို တွေ့ရ၏။

စီးယုဖုံး စိတ်ဝင်စားသွားပြီး . . .

"ဘယ်သူတွေပါလိမ့်"

ဟု တွေးကာ ပြတင်းပေါက်မှ တဆင့် အပြင်ဘက် ခုန်ထွက်သွားပြီး အမှောင်ရိပ်ထဲ တိုးဝင်ပျောက်ကွယ်သွားတော့ သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



စီးယုဖုံးက အမှောင်ရိပ်ထဲ၌ မလှုပ်မယှက် ရပ်နေလိုက်၏။

အသက်ရှူသံပင် ထွက်ပေါ်ခြင်း မရှိရလေအောင် အသက်အောင့်ထားလိုက်လေသည်။

မကြာပါချေ။

"ဟူး. . ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ လူရိပ်နှစ်ခု မလှမ်းမကမ်းသို့ ရောက်ရှိလာလေသည်။

လရောင်အောက်မှ ဖြတ်လာကြသဖြင့် ဝတ်စုံနက်ဝတ်ကာ မျက်နှာကို ဇာပဝါ တစ်ဝက်ဖုံးထားသော ညလူများ ဖြစ်ကြောင်း စီးယုလုံ တွေ့လိုက်ရလေသည်။

ညလူနှစ်ယောက်က ခြေလှမ်းရပ်လိုက်ကြပြီး တည်းခိုခန်းအား အကဲခတ်လိုက်ကြသည်။

ပြီးလျှင် တစ်ယောက်က. . .

"သူ သည်မှာ ရှိနေတာ သေချာတယ်နော်"

ဟု မေးရာ ကျန်တစ်ယောက်က. . .

"သေချာပါတယ်"

"ဒါဖြင့် သွားကြမယ်"

"ကောင်းပြီ"

နှစ်ယောက်သား တည်းခိုခန်းမှ အခန်းတစ်ခုဆီသို့ ချဉ်းကပ်သွားလိုက်ကြလေသည်။

ထိုလူနှစ်ယောက်၏ ပုံမန်းသဏ္ဍာန်နှင့် လှုပ်ရှားပုံကို



ကြည့်ကာ စီးယုဖုံး မှတ်ချက်ချလိုက်လေသည်။

"ကြေးစားလူသတ်သမားတွေပဲ ဖြစ်မယ်"

ထိုလူနှစ်ယောက်သည် တည်းခိုခန်းမှ အခန်းတစ်ခုအနီးသို့ ချဉ်းကပ်ရောက်ရှိသွားချိန်မှာပင်. . .

"ဝုန်း"

ထိုအခန်း၏ ပြတင်းပေါက်ခါး ဝုန်းခနဲ ပွင့်သွားပြီး လူတစ်ယောက် ခုန်ထွက်လာကာ ညလူနှစ်ယောက်အား တိုက်ခိုက်လိုက်လေတော့သည်။

လရောင်အောက်၌ ဓားရောင်များ ဝင်းလက်သွားလေသည်။

"ဒုတ်. . . ဒုတ်"

"အား"

"အမယ်လေး"

ညလူနှစ်ယောက်မှာ ရုတ်တရက် တိုက်ခိုက်ခံလိုက်ရသဖြင့် ဖရိုဖရဲ ဖြစ်သွားကြတော့သည်။

တစ်ယောက် ဒဏ်ရာရသွားသကဲ့သို့ ကျန်တစ်ယောက်မှာ ချက်ကောင်းထိသွားရကား မြေပေါ် ဝုန်းခနဲ လဲကျ အသက်ပျောက်သွားတော့သည်။

ဒဏ်ရာရသွားသူကလည်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားတော့သည်။

"ဘယ်ပြေးမလဲ"

တည်းခိုခန်းထဲမှ ခုန်ထွက်လာသူက ရှေ့တိုးပြီး ညလူ

www.burmeseclassic.com

www.burmeseclassic.com



အား ဓားဖြင့် ချိန်ရွယ်ထားလိုက်သည်။

ညလူ ထိတ်လန့်သွား၏။

"ကျုပ်. . . ကျုပ်ကို မသတ်ပါနဲ့ဗျာ"

စီးယုဖုံး မျက်မှောင်ကုပ်သွားလေသည်။

တည်းခိုခန်းမှ ထွက်ကာ တိုက်ခိုက်လိုက်သူမှာ အမျိုးသမီးတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

"သည်အမျိုးသမီးရဲ့ အသံကို ငါကြားဖူးသလိုပဲ"

အမျိုးသမီးက ကျောပေးထားသဖြင့် သူမ၏မျက်နှာကိုမူ မတွေ့မမြင်ရသေးချေ။

အမျိုးသမီးက. . .

"ရှင်တို့ဟာ ကြေးစားတွေ မဟုတ်လား၊ ကျွန်မကို ဘယ်သူက လုပ်ကြံခိုင်းတာလဲ၊ ကျွန်းပေ့ဂိုဏ်းချုပ် မဟုတ်လား၊ မှန်မှန်ပြော"

ညလူ ကြောက်လန့်နေ၏။

"ဟုတ်. . . ဟုတ်ပါတယ်၊ မင်းကို လုပ်ကြံပေးဖို့ ကျွန်းပေ့ဂိုဏ်းချုပ်က ကျုပ်တို့ကို ငွေပေးပြီး ခိုင်းခဲ့တာပါ"

အမျိုးသမီးက. . .

"ရှင်တို့နှစ်ယောက်ထဲလား၊ တခြားလူတွေ ရှိသေးသလား"

သူမ မေးမြန်းနေစဉ်မှာပင်. . .

"ကျုပ်တို့ ရှိသေးတာပေါ့"

အော်ပေါက်လိုက်ကာ လူရိပ်များ ပြေးလွှားရောက်ရှိ



လာကာ အမျိုးသမီးအား တိုက်ခိုက်လိုက်ကြလေသည်။

ညလူ ငါးယောက် ထပ်မံရောက်ရှိလာကြခြင်း ဖြစ်လေသည်။

ညလူ ငါးယောက်၏ ပြင်းထန်သော တိုက်ခိုက်မှုကြောင့် အမျိုးသမီး အခက်ကြုံသွားလေသည်။

သူမသည် လျှင်မြန်စွာ ခုန်ပေါက်ပြေးလွှား ရှောင်တိမ်းရင်း အကြောက်အကန် ပြန်လည်ရင်ဆိုင်နေရလေသည်။

တစ်ချိန်တွင် လရောင်အောက်သို့ သူမ ရောက်ရှိသွားရာ စီးယုဖုံးက သူမ၏မျက်နှာကို ကောင်းစွာ မြင်တွေ့လိုက်ရလေတော့သည်။

စီးယုဖုံး ရင်ထဲ လှုပ်ရှားသွားလေသည်။

"ဟင်. . . မှုလျှံပါလား"

ထိုအမျိုးသမီးကား စီးယုဖုံး သတိရနေသော မှုလျှံ ဖြစ်နေပါတော့သည်။

စီးယုဖုံး လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

"ရပ်လိုက်စမ်း"

ဟု အော်ပေါက်ကာ တိုက်ပွဲထဲ ခုန်ဝင်လိုက်လေတော့သည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



စီးယုဖုံး ပါဝင်တိုက်ခိုက်လိုက်သည်နှင့် တိုက်ပွဲ အခြေအနေ တစ်မျိုးတဖုံ ပြောင်းလဲသွားလေသည်။

ညလူ ငါးယောက်မှာ စီးယုဖုံး၏လက်ချက်မိကာ လွင့်စဉ်သွားလေတော့သည်။

"ဝုန်း"

"အား"

"အမယ်လေး"

အမျိုးသမီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ညလူများသည် အခြေအနေ မဟန်မှန်းသိလျှင် ဆက်၍ တိုက်ခိုက်ဖို့ မကြိုးစားကြတော့ဘဲ မြေပေါ်မှ လူးလိမ့်ထကာ ပြေးလွှားသွားကြလေတော့သည်။

စီးယုဖုံးက. . .

"ညီမ အန္တရာယ်ကင်းသွားပါပြီ၊ ဘာမှ မစိုးရိမ်ပါနဲ့တော့"

ဟု ပြောလိုက်၏။

အမျိုးသမီးမှာ မုလျှံ ဖြစ်သည်။

မုလျှံသည် စီးယုဖုံးကို မြင်လျှင် မှတ်မိသွားသကဲ့သို့ ဝမ်းသာအားရ ဖြစ်သွားလေသည်။

"ရှင်ကိုး"

စီးယုဖုံးက. . .

"ညီမ ဘယ်ကဘယ်လို သည်နေရာကို ရောက်လာတာလဲ ပြောပါဦး"

မုလျှံက. . .



"ကျွန်မ ကျန်းပေ့နယ်ထဲမှာ နေလို့ မဖြစ်တော့လို့ ထွက်ပြေးလာခဲ့တာ"

စီးယုဖုံးက. . .

"ကျန်းပေ့ဂိုဏ်းကြောင့်လား"

"ဟုတ်တယ်၊ သူတို့က ကြေညာချက်ကို ရုပ်သိမ်းပေးမယ်လို့ ပြောခဲ့ပေမယ့် နောက်ပိုင်းမှာ နယ်ခြားသိုင်းသမားတွေ အကူအညီခေါ်ပြီး ကျန်းပေ့နယ်ထဲက သိုင်းသမားတွေကို အပြင်းအထန် တိုက်ခိုက်နှိမ်နင်းတော့တာပဲ"

စီးယုဖုံး ပြုံးလိုက်သည်။

"ကျန်းပေ့ဂိုဏ်းချုပ်ဟာ ကတိတည်မယ့် လူစားမျိုး မဟုတ်ဘူးဆိုတာ ကျုပ်ရိပ်မိပါတယ်လေ"

မုလျှံက. . .

"ကျွန်မအဖေ အသည်းအသန် ဖြစ်နေလို့ ကျွန်မ အိမ်မြန်လိုက်မိတာ ကံကောင်းသွားတယ်၊ တခြားသိုင်းသမားတွေကတော့ နယ်ခြားသိုင်းသမားတွေရဲ့ လက်ချက်မိသွားကြတယ်လေ၊ ကျွန်မအဖေ ကွယ်လွန်သွားပြီး အိမ်က ထွက်လာတော့မှ အခြေအနေ မဟန်တာကိုတွေ့ပြီး ကျွန်မလည်း ကျန်းပေ့နယ်ကို စွန့်ခွာထွက်လာခဲ့တာ"

စီးယုဖုံးက. . .

"ဒါတောင် သူတို့က အလွတ်မပေးဘဲ လိုက်ပြီး လုပ်ကြံကြသေးတာပေါ့လေ"

မုလျှံက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်၊ ကျွန်မက ကျန်းမေ့နယ်ကို ကျော်နိုင်းလိုက်ပါပြီ၊ ဝေးရာကို သွားတော့မှာပါ"

သူမသည် ကျန်းမေ့ဂိုဏ်းချုပ်နှင့် နယ်ခြားသိုင်းသမားများ၏ အန္တရာယ်ကြောင့် အဝေးသို့ ထွက်သွားရန် ဆုံးဖြတ်ထားပုံ ရလေသည်။ စီးယုဖုံးက. . .

"ဒါထက် ညီမရဲ့ အဖော်နှစ်ယောက်ကော"

ရှဲ့ဖန်းနှင့် ကျင်းစန်းယန်ကို မေးလိုက်ခြင်း ဖြစ်သည်။

မုလျှံက. . .

"သူတို့ နှစ်ယောက်က ကျန်းမေ့ဂိုဏ်းချုပ်နဲ့ မိတ်ဖွဲ့ဖို့ ကြိုးစားနေကြတယ်လေ၊ ဒါကြောင့် ကျွန်မက လမ်းခွဲပြီး ထွက်လာခဲ့တာ"

"ဪ"

စီးယုဖုံး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"အခု ညီမ ဘယ်ကို သွားမယ်လို့ စိတ်ကူးထားသလဲ"

"ကျွန်မ. ."

မုလျှံ တိတိကျကျ အဖြေမပေးနိုင်ဘဲ ဖြစ်နေ၏။

စီးယုဖုံးက. . .

"ညီမ၊ ကျုပ်က အိမ်ပြန်မလို့ ညီမ လိုက်ခဲ့ပါလား၊ ကျုပ်တို့ စီးမျိုးနွယ် ကျေးရွာဟာ အေးချမ်းသာယာသလို ပျော်စရာလည်း ကောင်းပါတယ်၊ ညီမအပေါ် ဘယ်လို ဘေးအန္တရာယ်မျိုးမှ မကျရောက်ရလေအောင် ကျုပ်ကာကွယ်စောင့်ရှောက်သွားမှာပါ"



သူ၏စကားမှာ အဓိပ္ပါယ်များစွာ ရှိနေ၏။

မုလျှံက စီးယုဖုံးကို ကြည့်လိုက်သည်။

စီးယုဖုံးက. . .

"ညီမ လိုက်မယ် မဟုတ်လား"

မုလျှံက. . .

"ကျွန်မ ဒအားကိုးရာမဲ့ ဖြစ်နေတာ အမှန်ပါပဲ၊ အစ်ကိုကြီးတို့ စီးမျိုးနွယ်ကျေးရွာကို လိုက်ခဲ့မယ်ဆိုရင်. ."

သူမ စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်ရာ စီးယုဖုံးက စကားဆက်ပေးလိုက်လေသည်။

"ကျုပ်က ညီမကို တစ်သက်လုံး စိတ်ချမ်းသာအောင် စောင့်ရှောက်သွားမှာပါ"

မုလျှံ ပြုံးလိုက်သည်။

သူမ၏အပြုံးမှာ စီးယုဖုံး၏ ဖိတ်ခေါ်မှုကို လက်ခံလိုက်ကြောင်း ဖော်ပြနေတော့သည်။

သို့ဖြင့်. . .

စီးယုဖုံးသည် မုလျှံအား စီးမျိုးနွယ်ကျေးရွာသို့ ခေါ်ဆောင်သွားပြီး ဒုတိယအိမ်ထောင် ထူထောင်လိုက်လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## မသူတော်နှစ်ယောက်

ရှဲ့ဖန်းနှင့် ကျင်းစန်းယန်. . .။

ရှဲ့ဖန်းတို့ နှစ်ယောက်သည် ကျန်းပေ့နယ်၌ ကျင်လည်ကျက်စားနေကြသော သိုင်းသမားများ ဖြစ်သည်။

သူတို့၏လုပ်ရပ်များသည် တစ်ခါတစ်ရံ အဖြူရောင်သိုင်းသမားကဲ့သို့ ရှိပြီး တစ်ခါတစ်ရံ အနက်ရောင်သိုင်းသမားများကဲ့သို့ ရှိနေတတ်၏။

ကိုယ့်သဘောနှင့်ကိုယ် ထင်ရာစိုင်းနေကြသူများဟုလည်း ပြော၍ရနိုင်၏။

သူတို့သည် ကျန်းပေ့ဂိုဏ်းချုပ်က ကျန်းပေ့နယ်မှ သိုင်းသမားများ ကျန်းပေ့ဂိုဏ်း၏သစ္စာကို ခံယူရမည်ဟု ကြေညာလိုက်သောအခါ မကျေမနပ် ဖြစ်ခဲ့ကြလေသည်။

ကျန်းပေ့ဂိုဏ်းနှင့် ရင်ဆိုင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

သို့သော်. . .



ကျန်းပေ့ဂိုဏ်းသည် နယ်ခြားသိုင်းသမားများ၏ ကူညီမှုဖြင့် အင်အားကောင်းနေပြီး ကျန်းပေ့နယ်အား ဩဇာလွှမ်းမိုးထားနိုင်ကြောင်း သိလိုက်ရသောအခါ သူတို့၏သဘောထားပြောင်းလဲသွားခဲ့လေတော့သည်။

ကျန်းပေ့ဂိုဏ်းချုပ်နှင့် လက်တွဲလိုက်ပါက သူတို့၏ဘဝပိုပြီး တိုးတက်အောင်မြင်လိမ့်မည်ဟု ယူဆသွားကြခြင်း ဖြစ်သည်။

သို့ဖြင့်. . .

ရှဲ့ဖန်းနှင့် ကျင်းစန်းယန်သည် မုလျှံက ဖခင် နေမကောင်းသဖြင့် အိမ်ပြန်သွားချိန်၌ သူမကို မတိုင်ပင်တော့ဘဲ ကျန်းပေ့ဂိုဏ်းချုပ်နှင့် သွားရောက်တွေ့ဆုံခဲ့ကြလေသည်။

ကျန်းပေ့ဂိုဏ်းချုပ်သည် ရှဲ့ဖန်းနှင့် ကျင်းစန်းယန်တို့၏ သိုင်းပညာ မခေမှန်းသိ၍ ကောင်းကောင်းမွန်မွန် ဧည့်ခံကြိုဆိုလေသည်။

ရှဲ့ဖန်းတို့အား နေရာထိုင်ခင်းပေးပြီးလျှင်. . .

"ကဲ. . . ခင်ဗျားတို့ နှစ်ယောက်ရဲ့ လာရင်းကိစ္စကို ပြောပါဦး"

ဟု မေးလိုက်၏။

ရှဲ့ဖန်းက. . .

"ကျုပ်တို့က ဂိုဏ်းချုပ်ကြီးနဲ့ လက်တွဲချင်လို့ လာခဲ့ကြတာပါပဲ"

"ဩော်. . . သည်လိုလား"

www.burmeseclassic.com



ကျွန်းပေ့ဂိုဏ်းချုပ် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး. . .

"ခင်ဗျားတို့ နှစ်ယောက်က မဆိုးပါဘူး။ ကျုပ်ရဲ့ ကျွန်းပေ့ဂိုဏ်းမှာ ကျရာနေရာကနေ တာဝန်ထမ်းဆောင်မယ်ဆိုရင်တော့ ကျုပ်လက်ခံလိုက်ပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ ကြိုပြောလိုက်မယ်၊ ကျုပ်ရဲ့ဂိုဏ်းမှာ ရာထူးကြီးကြီးရဖို့ မျှော်လင့်မထားပါနဲ့၊ အားလုံးဟာ ကျုပ်နဲ့နယ်ခြားသိုင်းသမားတွေ ဦးဆောင်တာ ခံယူရမယ်၊ အမိန့်နာခံရလိမ့်မယ်"

ရှဲ့ဖန်းတို့ မကျေမနပ် ဖြစ်သွားကြလေသည်။

"ကျုပ်တို့က ကျွန်းပေ့ဂိုဏ်းက ခိုင်းသမျှ လုပ်ပေးဖို့ လာခဲ့တာ မဟုတ်ဘူးဗျ"

"တော်ပါပြီ၊ ကျုပ်တို့ ပြန်တော့မယ်"

ဟု ပြောပြီး ထိုင်ရာမှ ထလိုက်ကြလေသည်။

ကျွန်းပေ့ဂိုဏ်းချုပ် ပြုံးလိုက်သည်။

"ကျွန်းပေ့ဂိုဏ်းကို ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက်လို့ မရဘူး။ ခင်ဗျားတို့နှစ်ယောက်ကို ပြန်လွှတ်ပေးလိုက်ရင် ကျုပ်ကို ဒုက္ခပေးကြမှာပဲ၊ ဒါကြောင့် လွှတ်မပေးနိုင်ဘူး"

သူက လက်ဝှေ့ယမ်းပြလိုက်လျှင် ကျွန်းပေ့ဂိုဏ်းသားများက ရှဲ့ဖန်းတို့အား ဝိုင်းရံထားလိုက်ကြလေသည်။

ရှဲ့ဖန်းတို့ ဒေါသထွက်ကုန်ကြလေသည်။

"ကျုပ်တို့က ကျွန်းပေ့ဂိုဏ်းကို ကြောက်နေရမှာလား"

လက်နက်ကိုယ်စီ ဆွဲထုတ်ကာ ပြန်လည်ရင်ဆိုင်လိုက်



ကြ၏။ ကျွန်းပေ့ဂိုဏ်း၏ ဧည့်ခန်းမဆောင်ကြီး အတွင်း၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

အသင့်စောင့်နေကြသည့် နယ်ခြားသိုင်းသမားများကလည်း ဝင်ရောက်တိုက်ခိုက်လိုက်ကြရာ. . .

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများနှင့်အတူ ကျွန်းပေ့ဂိုဏ်းသားများ လဲကျသွားကြသလို ရှဲ့ဖန်းနှင့် ကျင်းစန်းယန်တို့လည်း ဒဏ်ရာကိုယ်စီ ရရှိသွားကြလေသည်။

ရှဲ့ဖန်းတို့သည် ကြာလျှင် ဒုက္ခရောက်နိုင်သည်ကို သတိပြုမိကာ အချင်းချင်း အချက်ပေးပြီး ထွက်ပြေးရှောင်တိမ်းသွားကြတော့သည်။

"ပြေးပြီဟေ့"

"လိုက်ကြ"

ကျွန်းပေ့ဂိုဏ်းသားများ ညာသံပေးကာ လိုက်ကြသော်လည်း ရှဲ့ဖန်းတို့ နှစ်ယောက် ထွက်ပြေးလွတ်မြောက်သွားကြလေတော့သည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



တစ်လ. . .။

တစ်လဟူသော အချိန် ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

ရဲ့ဖန်းနှင့် ကျင်းစန်းယန်တို့သည် ကျန်းပေ့ဂိုဏ်း၏ အန္တရာယ်ကြောင့် ကျန်းပေ့နယ်မှ ထွက်ပြေးလာခဲ့ကြပြီး ဆေးဆရာတစ်ဦးထံ၌ ရရှိခဲ့သော ဒဏ်ရာများကို ဆေးဝါးကုသခဲ့ကြလေသည်။

ဒဏ်ရာများ သက်သာပျောက်ကင်းသွားလျှင် ကျန်းပေ့နယ်သို့ မပြန်တော့ဘဲ သိုင်းလောကသို့ ထွက်လာခဲ့ကြလေသည်။

တစ်နေ့. . .

ရဲ့ဖန်းတို့ နှစ်ယောက် တောလမ်းခရီးမှ ဖြတ်သန်းလာခဲ့ကြသည်။

သိုင်းသမားတစ်စုလည်း ခရီးနှင်လာနေကြသည်ကို တွေ့လိုက်ရလေသည်။

ရဲ့ဖန်းက. . .

"ဒါ သိုင်းလောကမှာ နာမည်ကျော်နေတဲ့ 'ထိုက်ယန်' ဂိုဏ်းသားတွေပဲ"

ကျင်းစန်းယန်က. . .

"ထိုက်ယန်ဂိုဏ်းသားတွေ သည်နေရာကို ရောက်လာတာ အကြောင်းရှိရလိမ့်မယ်"

နှစ်ယောက်သား သစ်ပင်များကြားသို့ တိုးဝင်ပုန်းကွယ်ပြီး အခြေအနေ စောင့်ကြည့်နေလိုက်ကြလေသည်။

ထိုက်ယန်ဂိုဏ်းသားများသည် တောလမ်းအတိုင်း လာခဲ့ကြပြီး ခရီးပမ်းနေကြသည့်အလား အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ ရပ်နားလိုက်ကြလေသည်။



သူတို့သည် ရဲ့ဖန်းတို့ ပုန်းအောင်းစောင့်ကြည့်နေကြသည်ကို သတိမပြုမိဘဲ အချင်းချင်း ပြောဆိုနေကြ၏။

တစ်ယောက်က. . .

"အားလုံး သတိထားမှ ဖြစ်မယ်၊ သည်အရပ်ဒေသမှာ လူဆိုးဓားပြတွေ သောင်းကျန်းနေတယ်"

ဟု ပြောရာ အခြားတစ်ယောက်က. . .

"ဟုတ်တယ်၊ 'သွေးဆိုးမိန်းကလေး'ဟာ ကြောက်စရာအကောင်းဆုံးပဲလို့ ပြောတယ်"

ဤတွင် ခေါင်းဆောင်ဖြစ်ဟန် ရှိသော မုတ်ဆိတ်ရှည်နှင့်လူက. . .

"ဘာပဲဖြစ်ဖြစ် တို့ဆက်သွယ်ရမယ့်လူနဲ့ တွေ့ရဖို့ အရေးကြီးတယ်၊ သူက သွေးဆိုးမိန်းကလေးနဲ့ တခြားလူဆိုးဓားပြတွေရဲ့ အန္တရာယ်က အကာအကွယ်ပေးနိုင်လိမ့်မယ်၊ ကဲ သွားကြစို့"

ဟု ပြောကာ သစ်ပင်ရိပ်အောက်မှ လှမ်းထွက်လိုက်လေသည်။

ထိုက်ယန်ဂိုဏ်းသားများလည်း လိုက်သွားကြ၏။

သူတို့လူစု ရှေ့ခရီးဆက်ရန် ဟန်ပြင်လိုက်ကြစဉ်မှာပင်

"ဗိုး"

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်သည် ငှက်တစ်ကောင်ပမာ ပျံ့ဝဲလာပြီး မြေပေါ် ဝုန်းခနဲ ပြုတ်ကျသွားလေသည်။

ထိုလူမှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားသော်လည်း သူ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲကာ အနီရောင် ဝတ်ဆင်ထားသကဲ့သို့ ရှိနေ၏။

ရရှိထားသော ဒဏ်ရာများကြောင့် သေဆုံးနေပြီ ဖြစ်လေသည်။

"ဟင်"

"ဟာ"

ထိုက်ယန်ဂိုဏ်းသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ခေါင်းဆောင်မုတ်ဆိတ်က. . .

"ဟင်. . . ငါတို့ ချိန်းထားတဲ့လူပါလား"

"ဟုတ်ပါတယ်ရှင်"

ချိုလွင်သော စကားသံလေး ထွက်ပေါ်လာ၏။

အနက်ရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ရောက်လာလေသည်။

မုတ်ဆိတ် မျက်မှောင်ကုပ်သွား၏။

"မင်းက ဘယ်သူလဲ"

မိန်းကလေး ရယ်မောလိုက်သည်။

"ကျွန်မကိုတောင် မသိကြတော့ဘူးလား၊ ရှင်တို့ပြောနေတဲ့ သွေးဆိုးမိန်းကလေးဆိုတာ ကျွန်မပေါ့ရှင်"



"မင်း. . မင်း"

မုတ်ဆိတ်နှင့် ထိုက်ယန်ဂိုဏ်းသားများ လက်နက်များ ဆွဲထုတ်လိုက်ကြလေသည်။

သွေးဆိုးမိန်းကလေးက. . .

"ထိုက်ယန်ဂိုဏ်းဟာ ထင်ရှားကျော်ကြားတဲ့ ထိပ်တန်းဂိုဏ်းကြီးတစ်ခုပဲ၊ ထိုက်ယန်ဂိုဏ်းမှာ အမေကျော် ခွေးတော်သွမ်းတဲ့လူတွေ ရှိနေသေးတာ အံ့သြစရာပါပဲရှင့်"

မုတ်ဆိတ်က ဓားဖြင့် ချိန်ရွယ်ရင်း. . .

"မိန်းကလေး၊ မင်း စကားကြည့်ပြောပါ"

သွေးဆိုးမိန်းကလေးက. . .

"ရှင်တို့ဟာ တိုင်းတပါးသားတွေနဲ့ ဆက်သွယ်ဖို့ လာခဲ့ကြတာ မဟုတ်လား"

သူမသည် မြေပေါ်၌ သေဆုံးနေသူအား ညွှန်ပြပြီး ဆက်ပြောလိုက်လေသည်။

"သည်လူဟာ ကျန်းပေ့ဂိုဏ်းက လူတစ်ယောက်ပဲ၊ ကျန်းပေ့ဂိုဏ်းဟာ တိုင်းတပါးသားတွေရဲ့ ဩဇာခံ ဖြစ်နေပြီဆိုတာ လူတိုင်း သိကြတယ်၊ ရှင်တို့ဟာ ကျန်းပေ့ဂိုဏ်းက လူနဲ့ချိန်းပြီး တိုင်းတပါးသားတွေနဲ့ ဆက်သွယ်ကြမယ်ဆိုတာ ကျွန်မသိထားပြီးပြီရှင့်"

ရှဲ့ဖန်းနှင့် ကျင်းစန်းယန်တို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

ရှဲ့ဖန်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"ထိုက်ယန်ဂိုဏ်းမှာလည်း သစ္စာဖောက်တွေ ရှိနေကြသေးတာကိုး"

ဟု ရေရွတ်လိုက်၏။

ကျင်းစန်းယန်က. . .

"ထိုက်ယန် ဒုဂိုဏ်းချုပ် ယဲ့ထင်းဟာ တိုင်းတပါးသားတွေကို လိုလားတဲ့ လူတစ်ယောက်လို့ ပြောသံကြားဖူးတယ်ဗျ"

ထိုစဉ် မုတ်ဆိတ်၏အော်ငေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"သွေးဆိုးမိန်းကလေး၊ ထိုက်ယန်ဂိုဏ်းကို စော်ကား ရင် အပြစ်ပေးခံရလိမ့်မယ်"

သွေးဆိုးမိန်းကလေး ရယ်မောလိုက်လေသည်။

"ကျွန်မက ရှင်တို့ကို ကြောက်နေရမှာလားရှင်"

မုတ်ဆိတ်က သူ၏လူများအား အမိန့်ပေးလိုက်၏။

"သူ့ကို ဆုံးမလိုက်ကြစမ်း"

ထိုက်ယန်ဂိုဏ်းသားများမှာ သွေးဆိုးမိန်းကလေး၏ သတင်းကို ကြားဖူးထားကြပါသော်လည်း ငယ်ရွယ်သော မိန်းကလေးတစ်ယောက် ဖြစ်နေရကား ကြောက်ရွံ့ခြင်း မရှိတော့ဘဲ ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

သွေးဆိုးမိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မက သစ္စာဖောက်ဆိုရင် သိပ်မုန်းတာရှင့်၊ သိပ်ကို ဆုံးမချင်တာ၊ ကဲ. . . သတိသာ ထားကြပေတော့"

ခြင်ခနဲ မြည်သံ[illegible]၏လက်ထဲ ဓားတစ်လက်



ရောက်ရှိလာပြီး ထိုက်ယန်ဂိုဏ်းသားများအား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တောလမ်းပေါ်၌ တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေသည်။

သွေးဆိုးမိန်းကလေး၏ ဓားပညာမှာ လျှို့ဝှက်ဆန်းကြယ်ကာ ထက်မြက်နေပါတော့သည်။

သူမ တိုက်ခိုက်လိုက်သည်နှင့်. . .

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ထိုက်ယန်ဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

"ဟာ"

မုတ်ဆိတ် အထိတ်တလန့် ဖြစ်သွားလေသည်။

သွေးဆိုးမိန်းကလေးအား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"မင်း. . . မင်း"

သွေးဆိုးမိန်းကလေးက. . .

"ထိုက်ယန် ဒုဂိုဏ်းချုပ်ဟာ တိုင်းတပါးသားတွေနဲ့ လျှို့ဝှက်ဆက်သွယ်ဖို့ ကြိုးစားနေတာ ကျွန်မသိပြီ၊ ရှင်တို့လို သစ္စာဖောက်တွေကို ချမ်းသာမပေးနိုင်ဘူး"

မုတ်ဆိတ် အံကြိတ်လိုက်သည်။

"ထိုက်ယန်ဂိုဏ်းကလူကို စော်ကားရင် ထိုက်ယန်

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

အော်ဝေါက်ရင်း တဟုန်ထိုး တိုက်ခိုက်လိုက်လေ သည်။

"ရှင် ဘာတတ်နိုင်မှာမို့လဲ"

သွေးဆိုးမိန်းကလေးက ပြန်လည်တိုက်ခိုက်လိုက်လျှင်

"ခြွမ်း"

"အား"

မုတ်ဆိတ်၏လက်ထဲမှဓား အဝေးသို့ လွင့်စဉ်သွားသကဲ့သို့ ရင်ဝ၌လည်း ကြီးမားသော ဓားဒဏ်ရာကြီးတစ်ခု ရရှိသွားတော့သည်။

မုတ်ဆိတ်က. . .

"မင်း. . . မင်း သတိထားနေပေတော့၊ ထိုက်ယန်ဂိုဏ်းက မင်းကို လိုက်ရှာပြီး ဆုံးမလိမ့်မယ်၊ မင်းသေရလိမ့်မယ်"

ဟု အော်ပြောပြီး သွေးရှူးသွေးတန်းဖြင့် ထွက်ပြေးသွားလေတော့သည်။

သွေးဆိုးမိန်းကလေး ရယ်မောလိုက်၏။

"ထိုက်ယန်ဂိုဏ်းကို ကျွန်မ ကြောက်နေရမှာလား"

သူမသည် မုတ်ဆိတ် နောက်သို့ လိုက်သွားခြင်း မပြုချေ။

ရရှိထားသော ဒဏ်ရာဖြင့် မုတ်ဆိတ် သေဆုံးသွားမည်ဟု နားလည်ထားခြင်းကြောင့် ဖြစ်လေသည်။

မုတ်ဆိတ်မှာ ဒယီးဒယိုင် ပြေးသွားရင်း မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။



သွေးဆိုးမိန်းကလေးက တခစခစ် ရယ်မောပြီး ထွက်သွားလေသည်။

ရှဲ့ဖန်းနှင့် ကျောင်းစန်းယန်တို့ အချင်းချင်း ကြည့်လိုက်ကြမြန်လေသည်။

ရှဲ့ဖန်းက. . .

"သွေးဆိုးမိန်းကလေးဟာ သိုင်းလောကမှာ ကျော်ကြားခဲ့တဲ့ ဓားသခင် ရန်လှေ့ရဲ့ဇနီးသည် 'ယင်းဟွား'ရဲ့တပည့်လို့ ပြောနေကြတယ်"

ကျောင်းစန်းယန်က. . .

"ဓားသခင် ရန်လှေ့တို့ ဇနီးမောင်နှံဟာ စိတ်သဘောထားခြင်း မတိုက်ဆိုင်တာကြောင့် လမ်းခွဲခဲ့ကြတယ်ဆိုတာ သိုင်းလောကတစ်ခုလုံး သိကြတယ်၊ ယင်းဟွားက ဓားသခင် ရန်လှေ့ရဲ့ ဓားပညာထက်သာအောင် ဓားသိုင်းတစ်ခု တီထွင်မယ်လို့ ကြုံးဝါးခဲ့တာ၊ သူ့ရဲ့တပည့် သွေးဆိုးမိန်းကလေးရဲ့ ဓားပညာ သည် လောက်တောင် တော်နေရင် 'ယင်းဟွား'က ဓားသိုင်းကို တီထွင်အောင်မြင်ခဲ့ပြီထင်တယ်"

နှစ်ယောက်သား သွေးဆိုးမိန်းကလေး အကြောင်း စိတ်ဝင်စားစွာ ပြောဆိုလိုက်ကြလေသည်။

တဖန်. . .

"ကျုပ်တို့သာ ယင်းဟွားရဲ့ ဓားသိုင်းကို သွေးဆိုးမိန်းကလေးလို ရမယ်ဆိုရင် ကျန်းပေ့ဂိုဏ်းချုပ်ကို ဂရုစိုက်စရာလိုတော့မှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရှဲ့ဖန်းက ပြောရာ ကျင်းစန်းယန်က ထောက်ခံလိုက်လေသည်။။

"ဟုတ်တယ်၊ အခွင့်အရေးရရင် ကြိုးစားကြည့်ချင်သေးတယ်"

မည်သို့ဆိုစေ . . .

နှစ်ယောက်သား သွေးဆိုးမိန်းကလေး နောက်သို့ လိုက်မသွားဘဲ ရှေ့ဆက်ထွက်လာခဲ့ကြလေတော့သည်။

❋ ❋ ❋



## လူသစ် စိတ်သစ်

စီးအမျိုးအနွယ် ကျေးရွာ. . .။

မုလျှံသည် စီးယုဖုံးနှင့် လက်ထပ်ပြီး စီးအမျိုးအနွယ် ကျေးရွာ၌ အခြေချနေထိုင်ခဲ့လေသည်။

သူမသည် စီးယုဖုံးအား ပြုစုသကဲ့သို့ စီးယုဖုံး၏သမီး စီးလျှံကိုလည်း စောင့်ရှောက်ခဲ့လေသည်။

စီးလျှံသည် မုလျှံအား အမေအရင်းတစ်ယောက်ပမာ သဘောထားကာ ချစ်ခင်တွယ်တာခဲ့လေသည်။

မုလျှံမှာ အေးချမ်းသာယာသော ဘဝတစ်ခုကို ပိုင်ဆိုင်ရရှိခဲ့ခြင်း ဖြစ်လေသည်။

သို့တိုင်. . .

သူမသည် သိုင်းသမားတစ်ယောက် ဖြစ်ရကား တစ်ခါတစ်ရံတွင် သိုင်းလောကသို့ ထွက်ကာ ကျင်လည်ကျက်စားလိုစိတ် ရှိခဲ့လေသည်။

သိုင်းလောကသို့ တစ်ခေါက်တလေ ထွက်လိုသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ခွင့်တောင်းသောအခါ စီးယုဖုံးက ခွင့်မပြုပါ။

တိုင်းပြည်အရေး ရှုပ်ထွေးနေသကဲ့သို့ သိုင်းလောက၌လည်း အန္တရာယ်များသည်ဟု အကြောင်းပြကာ သွားခွင့်မပြုခဲ့ချေ။

ထိုအချိန်မှစ၍ စီးယုဖုံးနှင့် မုလျှံတို့၏ အိမ်ထောင်ရေး၌ အဖုအထစ် ဖြစ်ပေါ်ခဲ့ရတော့သည်။

မုလျှံသည် စီးယုဖုံးက သူမအား ချုပ်ချယ်သည်၊ သူမအား အလုပ်အကျွေးတစ်ယောက်ဟုသာ သဘောထားသည်ဟူသော အယူအဆ ဖြစ်ပေါ်လာလေသည်။

သို့ဖြင့် . . .

မုလျှံသည် စီးယုဖုံးအား ခပ်ရှောင်ရှောင်နေကာ စီးလျှံနှင့်သာ အချိန်ဖြုန်းခဲ့လေသည်။

သူမသည် စီးလျှံအား လက်နက်ပုန်းပညာ သင်ပေးသည်။

သိုင်းလောကသားများအကြောင်း၊ သိုင်းပညာရပ်များအကြောင်း ပြောပြသည်။

မုလျှံနှင့် စီးလျှံတို့ ပိုပြီး ရင်းနှီးလာကြသည်။

နှစ်ယောက်သား ခွဲခွာမရအောင် တမူးတွဲတွဲ ဖြစ်လာခဲ့ကြလေသည်။

မုလျှံက စီးလျှံကို အကြောင်းပြုကာ အပြင်ထွက်ခွင့်ရဖို့ ကြိုးစားခဲ့လေသည်။

စီးယုဖုံးကလည်း သမီးစီးလျှံက ကျေးရွာအပြင်ထွက်ကာ အလည်အပတ်သွားလိုသည်၊ ဗဟုသုတ ရှာဖွေလိုသည်ဟု ခွင့်တောင်းလျှင် ခွင့်ပြုသည်။



စီးလျှံကို လိုက်လံစောင့်ရှောက်ပေးဖို့ မုလျှံကို တာဝန်ပေးလေသည်။

သို့ဖြင့် မုလျှံလည်း စီးလျှံကို အကြောင်းပြုကာ အပြင်ထွက်ခွင့် ရလာခဲ့လေတော့သည်။

တစ်နေ့ . . .

မုလျှံနှင့် စီးလျှံတို့ ကျေးရွာအပြင်ဘက် ထွက်ကာ လည်ပတ်ရင်း လူနှစ်ယောက်နှင့် မမျှော်လင့်ဘဲ ဆုံတွေ့မိခဲ့ကြလေတော့သည်။

* * *

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

လေပြည်လေညှင်းလေး ဝေ့ယမ်းတိုက်ခတ်နေပြီး မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့နေ၏။

မုလျှံနှင့် စီးလျှံတို့သည် သဘာဝ အလှအပများကို ငေးမောကြည့်ရှုရင်း မြေနီလမ်းကလေးအတိုင်း လျှောက်လာခဲ့စဉ် ရှေ့တူရူမှ လာနေသူ နှစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူနှစ်ယောက်ကို တွေ့ရလျှင် မုလျှံ ဝမ်းသာအားရ ဖြစ်သွားလေသည်။

"အစ်ကိုကြီးရဲ့ ဖန်းတို့ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းပြီး နှုတ်ဆက်လိုက်လေသည်။

ရှဲ့ဖန်းနှင့် ကျင်းစန်းယန်တို့သည်လည်း မုလျှံကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားကြလေသည်။

"ညီမ. . . မုလျှံပါလား"

"မင်းရဲ့သတင်း မကြားရတာ အတော်ကြာနေပြီ၊ ဘယ်ရောက်နေတာလဲ"

မုလျှံက. . .

"ကျွန်မက စီးမျိုးနွယ် ကျေးရွာပိုင်ရှင် စီးယုဖုံးနဲ့ လက်ထပ်လိုက်တယ်လေ"

သူမ၏အကြောင်းကို ရှင်းလင်းပြောပြလိုက်လေသည်။

ရှဲ့ဖန်းက. . .

"မင်းဘဝက အေးချမ်းသွားပြီပေါ့ ဟုတ်လား"

ကျင်းစန်းယန်က. . .

"မင်းက သိုင်းလောကကို ကျောခိုင်းလိုက်တော့မယ်ဆိုပါတော့"

မုလျှံ ခေါင်းခါယမ်းလိုက်သည်။

"သည်လိုလဲ မဟုတ်သေးပါဘူးရှင်၊ ကျွန်မအတွက် အခွင့်အရေး ပေါ်လာတာနဲ့ သိုင်းလောကထဲ ထွက်လာခဲ့ဦးမှာပါ"

ရှဲ့ဖန်း ရယ်မောလိုက်သည်။

"ငါ့ညီမက တကယ့် သိုင်းသမားတစ်ယောက်ဆိုတာ ကျုပ်တို့သိ[illegible]



ကျင်းစန်းယန်က. . .

"ဒါထက် ညီမကို ပြောရဦးမယ်၊ ကျုပ်တို့က ထူးဆန်းတဲ့ မိန်းကလေးတစ်ယောက်နဲ့ ထူးဆန်းတဲ့ သိုင်းပညာကို တွေ့ခဲ့ရတယ်"

သွေးဆိုးမိန်းကလေးနှင့် ဆုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

မုလျှံ စိတ်ဝင်စားသွားလေသည်။

"ကျွန်မက ဓားသခင် ရန်လွေနဲ့ ကွဲကွာသွားတဲ့ ယင်းဟွားဟာ ထူးဆန်းတဲ့ ဓားပညာတစ်မျိုးနဲ့ ထူးခြားတဲ့ တပည့်တစ်ယောက်ရခဲ့တယ်လို့ သတင်းကြားဖူးတယ်၊ သူတို့ဟာ ကျွန်းပေ့နယ်နဲ့ ထိစပ်နေတဲ့ နယ်မြေမှာ ကျင်လည်ကျက်စားခဲ့ကြတာလို့လဲ သိခဲ့ရတယ်၊ ဒါပေမယ့် တစ်ခါမှတော့ မဆုံဖြစ်ခဲ့ဖူးဘူး၊ အစ်ကိုကြီးတို့ တွေ့ခဲ့တာ သူတို့ပဲ ဖြစ်မယ် ထင်တယ်"

ရှဲ့ဖန်းက. . .

"ကျုပ်တို့ကလည်း သည်လိုပဲ ထင်မှတ်မိတာ"

မုလျှံက. . .

"ဒါဆို သူတို့ကို စောင့်ကြည့်နေပါလား၊ အစ်ကိုကြီးတို့ သိုင်းပညာ တိုးတက်ချင်တယ်ဆိုရင် သူတို့ရဲ့ သိုင်းပညာကို လေ့လာနိုင်ရင် အကျိုးကျေးဇူး ရှိနိုင်တယ်"

ကျင်းစန်းယန်က. . .

"ဟုတ်တယ်၊ ကျုပ်တို့လည်း သူတို့ကို လိုက်ရှာပြီး စောင့်ကြည့်မယ်လို့ စိတ်ကူးထားတာ"

www.burmeseclassic.com

www.burmeseclassic.com



ရှဲ့ဖန်းက. . .

"ကျုပ်တို့က စီးမျိုးနွယ် ကျေးရွာကို အလည်အပတ် လာခဲ့လို့ ရမလား"

မုလျှံက. . .

"နေဦး၊ အစ်ကိုကြီးစီးယုဖူးကို ကျွန်မ မေးကြည့်လိုက်ဦးမယ်၊ သူက ခွင့်ပြုရင်တော့ လာလို့ရပါတယ်"

ကျင်းစန်းယန်က. . .

"ထားပါတော့လေ၊ ကျုပ်တို့ နောက်မှ ပြန်တွေ့ကြသေးတာပေါ့"

မုလျှံက အိမ်ထောင်ကျနေပြီ ဖြစ်ရကား သူတို့နှင့် လက်တွဲနိုင်တော့မည် မဟုတ်သည်ကို သိထားကြပြီး နှုတ်ဆက်ကာ ထွက်သွားကြလေသည်။

✲ ✲ ✲

ရှဲ့ဖန်းနှင့် ကျင်းစန်းယန်တို့ ထွက်သွားကြပြီ ဖြစ်သည်။ စီးလျှံ စိတ်ဝင်စားနေ၏။

"ဒေါ်လေး သူတို့က ဘယ်သူတွေလဲဟင်"

မုလျှံက. . .

"ဒေါ်လေး မိတ်ဆွေတွေပါ၊ သိုင်းသမားတွေပဲ ဆိုပါတော့"

စီးလျှံက. . .



"သူတို့က ထူးဆန်းတဲ့ သိုင်းပညာနဲ့ ထူးဆန်းတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ထားကြတယ်ဆိုတာ. . ."

မုလျှံက. . .

"သိုင်းမယ်ယင်းဗှားနဲ့ သူ့ရဲ့တပည့်မလေးရဲ့ အကြောင်းတို့ ပြောဆိုနေကြတာ၊ အရင်ကတည်းက ကြားသိခဲ့ရတာ၊ တပည့်ဖြစ်တဲ့ သွေးဆိုးမိန်းကလေးဟာ ခုချိန်ဆို အရွယ်ရောက်နေလောက်ပြီပေါ့၊ သူတို့ဟာ ကျောက်ဂူကြီးတစ်ခုထဲမှာ နေထိုင်ပြီး လျှို့ဝှက်ဆန်းကြယ်တဲ့ သိုင်းပညာရပ်တွေကို လေ့ကျင့်ကြတယ်လို့ ပြောကြတာ"

စီးလျှံက. . .

"ကျွန်မ သူတို့ကို တွေ့ချင်လိုက်တာ"

မုလျှံ ပြုံးလိုက်သည်။

"အင်း. . . သူတို့ရဲ့ သိုင်းပညာကိုသာ လေ့လာခွင့်ရမယ် ဆိုရင်တော့ တူမလေးဟာ တစ်နေ့ကျရင် သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားလာမှာပဲ"

စီးလျှံက. . .

"ကျွန်မ သူတို့ကို သွားရှာမယ်"

မုလျှံ ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး အန္တရာယ်များတယ်"

"ကျွန်မ မကြောက်ဘူး"

"တူမကြီး စဉ်းစားပြီးမှ လုပ်တာ ကောင်းမယ်"

စီးလျှံက ပူဆာလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး သူတို့ ရှိတဲ့နေရာ ကျွန်မကို လိုက်ပို့ပေးရမယ်နော်"

မုလျှံကိုယ်တိုင်လည်း သွေးဆိုးမိန်းကလေးအား စိတ်ဝင်စားနေသည် ဖြစ်ရကား. . .

"ကောင်းပြီလေ၊ နောက်တစ်ခါ အပြင်ထွက်ခွင့်ရရင် သူတို့ကို သွားရှာကြတာပေါ့"

ဟု ပြောလိုက်လေသည်။

❋ ❋ ❋

နောက်ထပ် အခွင့်အရေး. . .

စီးလျှံ၏ပူဆာမှုကြောင့် နောက်တစ်လ အကြာတွင် ကျေးရွာအပြင်ဘက်ထွက်ကာ လည်ပတ်ရန် စီးယုဖုံးက ခွင့်ပြုခဲ့၏။ အပြင်ထွက်ခွင့် ရသည်နှင့် မုလျှံနှင့် စီးလျှံတို့သည် ကျန်းမေုနယ်နှင့် ထိစပ်နေသော နယ်မြေဆီသို့ ခရီးပြင်းနှင်ကြတော့သည်။

မုလျှံသည် လမ်းခရီးကျွမ်းကျင်သူ ဖြစ်ရကား ယင်းဝှား နှင့် တပည့် သွေးဆိုးမိန်းကလေးတို့ နေထိုင်သည့် ကျောက်ဂူကြီး အကြောင်းကို စုံစမ်းနိုင်ခဲ့ကြလေသည်။

သူတို့ သွားရောက်စုံစမ်းချိန်၌ ယင်းဝှား ကွယ်လွန်သွားပြီဟု သိခဲ့ရသည်။

သွေးဆိုးမိန်းကလေးကလည်း သူမ သဘောမကျ



သူများ၊ မနှစ်မြို့သူများနှင့် ခရီးသည်များထံမှ ပစ္စည်းများ လုယက်တိုက်ခိုက်သတ်ဖြတ်ခြင်းဖြင့် အလွန်ဆိုးသွမ်းသော ဓားပြမလေး တစ်ယောက်ဟု သတင်းကြီးလာ၏။

သူမသည် ကျောက်ဂူကြီး၌ အချိန်ပြည့် နေထိုင်ခြင်း မရှိတော့ဘဲ များသောအားဖြင့် အပြင်ထွက်နေတတ်ရာ မုလျှံနှင့် စီးလျှံတို့မှာ သွေးဆိုးမိန်းကလေး၏ ကျောက်ဂူကြီးအကြောင်း စုံစမ်းရန် ပိုပြီး အခွင့်အရေး ရခဲ့ကြသည်။

နှစ်ယောက်သား အစွမ်းကုန် ကြိုးစားခဲ့ကြရာ နောက်ဆုံး သွေးဆိုးမိန်းကလေး၏ လျှို့ဝှက်ကျောက်ဂူကြီးအား ရှာဖွေတွေ့ရှိသွားခဲ့ကြတော့သည်။

❋ ❋ ❋

သွေးဆိုးမိန်းကလေး၏ လျှို့ဝှက်ဂူကြီး. . .။

ထိုဂူကြီးအား စီးလျှံ အလွန်စိတ်ဝင်စားမိလေသည်။

မုလျှံက ထိုဂူကြီးသို့ သွားရောက်ရန်ကိုမူ ခွင့်မပြုဘဲ တားဆီးခဲ့လေသည်။

"တူမကြီး သွားလို့ မဖြစ်ဘူး၊ သွေးဆိုးမိန်းကလေးက ကြောက်စရာကောင်းတယ်၊ မတော်တဆ ဘေးအန္တရာယ်နဲ့ ကြုံတွေ့ရရင် တူမကြီးဖေဖေက ဒေါ်လေးကို ခွင့်လွှတ်မှာ မဟုတ်ဘူး"

စီးလျှံ အားမလိုအားမရ ဖြစ်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် တစ်နေ့တော့ လျှို့ဝှက်ကျောက်ဂူကြီး ထဲကိုငါရအောင် ဝင်မယ်၊ ယင်းဝှားရဲ့ သိုင်းကျမ်းကို တွေ့အောင်ရှာမယ်"

ဟု စိတ်ထဲ တေးမှတ်ထားခဲ့လေသည်။

သူမသည် အခြေအနေပေးသည်နှင့် လျှို့ဝှက်ဂူကြီးဆီသို့ သွားရန် အခွင့်အရေး စောင့်မျှော်နေခဲ့လေသည်။

ဤသို့ဖြင့်. . .

တစ်နေ့တွင် စီးလျှံ၏ လိုအင်ဆန္ဒ ပြည့်ဝစေမည့် အခြေအနေ ဖြစ်ပေါ်လာခဲ့လေတော့သည်။

❋ ❋ ❋



# သစ္စာဖောက်

နန်းတွင်း၌ တောင်နန်းစံ ဒေဝီ၏ သားတော်က ဖခင်၏ အရိုက်အရာ ဆက်ခံကာ ထီးနန်းကို သိမ်းပိုက်ပြီး ဘုရင်မင်းမြတ် ဖြစ်လာသည်။

မြောက်နန်းစံ ဒေဝီ၏သားတော်ကား အိမ်ရှေ့မင်းသား ဖြစ်လာခဲ့သည်။

အိမ်ရှေ့မင်းသားနှင့် ဘုရင်မင်းမြတ်မှာ အဖေတူ အမေကွဲ ညီအစ်ကိုများ ဖြစ်ကြသော်လည်း အရည်အချင်းများ ခြားနားကြပါ။

ဘုရင်မင်းမြတ် ဖြစ်လာသော မင်းသားသည် အရည်အချင်းကင်းမဲ့ကာ သောက်စားပျော်ပါးခြင်း၌ ဝါသနာထုံသူ ဖြစ်သည်။

အိမ်ရှေ့စံမင်းသားလေးကမူ တိုင်းပြည်စီမံ အုပ်ချုပ်ရေးကိစ္စများတွင် ထူးချွန်သူ ဖြစ်သည်။

ဤတွင် တောင်နန်းဒေဝီ၏ လူများနှင့် မြောက်နန်းဒေဝီ၏လူများ အုပ်စုကွဲသွား၏။

အိမ်ရှေ့မင်းသားလေးအား ထီးနန်းတင်လိုသူများ ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ဘုရင်မင်းမြတ် ဖြစ်နေသော မင်းသား၏လူများကလည်း အိမ်ရှေ့မင်းသားကို ဖယ်ရှားရန် ကြိုးစားလာကြလေသည်။

နန်းတွင်း၌ ပဋိပက္ခများ ဖြစ်ပွားနေချိန်၌ အကျင့်ပျက် ကိုယ်ကျိုးရှာသမားများက တိုင်းတပါးသားများနှင့် ဆက်သွယ်ကာ ခြေရှုပ်လာကြသည်။

အမတ်ကြီးလျူကုံးကုံးသည် မင်းသား နှစ်ပါးစလုံးကို ဖယ်ရှားကာ ထီးနန်းသိမ်းပိုက်လိုသူ ဖြစ်သည်။အမတ်ကြီးလျူကုံးကုံးက တိုင်းတပါးသားများနှင့် လျှို့ဝှက်ဆက်သွယ်ခဲ့သည်။

သိုင်းလောကမှ အကျင့်ပျက် သိုင်းသမားများကိုလည်းကောင်း၊ အကျင့်ပျက် မြို့စားနယ်စားများကိုလည်းကောင်း စည်းရုံးသိမ်းသွင်းခဲ့သည်။

သို့ဖြင့် တိုင်းပြည် အခြေအနေ ရှုပ်ထွေးကာ တိုင်းတပါးသားများ၏ ကျူးကျော်သိမ်းပိုက်ခံရမည့် အန္တရာယ်နှင့် ရင်ဆိုင်လာရလေတော့သည်။

❋ ❋ ❋

တိန်ရှမ်း. . .။

တိန်ရှမ်းသည် အိမ်ရှေ့မင်းသားလေး၏ လက်ရွေးစင်ကိုယ်ရံတော်တပ်ဖွဲ့တွင် အမှုထမ်းနေသူ ဖြစ်သည်။

သူသည် မင်းသားလေး၏ ကိုယ်ရံတော်တစ်ဦး ဖြစ်ပါသော်လည်း အမတ်ကြီးလျူကုံးကုံး၏ လူတစ်ယောက်လည်း



ဖြစ်နေသည်။

တိန်ရှမ်းသည် နန်းတွင်း၌ အမှုမထမ်းမီက သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့သည့် သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် သိုင်းလောက၌ မိတ်ဆွေများရှိကာ သိုင်းလောကအကြောင်း ကောင်းကောင်းသိသူ ဖြစ်လေသည်။

အမတ်ကြီးလျူကုံးကုံးက မင်းသားလေး၏လူယုံတော် လုယိရဲ့က သစ္စာဖောက်များအကြောင်း စုံစမ်းဖော်ထုတ်ရန် ကြိုးစားနေသည်ကို သိရလျှင် တမင် လုပ်ကြံဖန်တီးကာ လုယိရှဲ့အား အပြစ်ရစေပြီး ကွပ်မျက်ခံရသည်အထိ ဖြစ်စေခဲ့ခြင်းပင်. . .

လုယိရှဲ့ ကွပ်မျက်ခံရသည်မှာ အမတ်ကြီးလျူကုံးကုံး၏လက်ချက် ဖြစ်လေသည်။

အမတ်ကြီးလျူကုံးကုံးက လုယိရှဲ့အား အကောက်ကြံပြီးလျှင် မင်းသားလေးက မှားယွင်းကွပ်မျက်မိကြောင်း ကြေညာခဲ့ရာ မလုံမလဲ ဖြစ်ရတော့သည်။

လုယိရှဲ့၏ အရိုးပြာကို [illegible] ပြန်[illegible] သို့ [illegible] ကြည့်ရန် ဆုံးဖြတ်ခဲ့သည်။

အမတ်ကြီးလျူကုံးကုံးက တိန်ရှမ်းအား လျှို့ဝှက်ခေါ်ယူတွေ့ဆုံခဲ့လေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးလျှုကုံးကုံး၏ မျက်နှာ တည်ကြည်လေးနက်နေ၏။

ဦးညွတ်အရိုအသေ ပေးနေသည့် တိန်ရှမ်းအား စိုက်ကြည့်လိုက်ပြီး. . .

"လုယိရှဲက ငါ့ရဲ့အကြောင်းကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့တာကြောင့် ငါက ထောင်ချောက်ဆင်ပြီး ရှင်းပစ်ခဲ့တာ၊ လုယိရှဲလည်း သစ္စာဖောက် ဖြစ်သွားပြီး ကွပ်မျက်ခံလိုက်ရတယ်၊ သည်ကိစ္စ ပြီးပြတ်သွားပြီလို့ ငါထင်နေတုန်း မင်းသားလေးက သည်ကိစ္စကို မှားယွင်းတယ်လို့ ဆုံးဖြတ်ပြီး လုယိရှဲ့ရဲ့မိသားစုကို တောင်းပန်ခဲ့တယ်၊ ထိုက်ယန်ဂိုဏ်းက လုယိရှဲ့ရဲ့သား လုယိလုံကို ခေါ်တွေ့ခဲ့တယ်၊ ခုဆိုရင် လုယိလုံဟာ သူ့အဖေ လုယိရှဲ့ရဲ့အရိုးပြာအိုးကို ယူပြီး အိမ်အပြန် ခရီးနှင်တော့မယ်"

တိန်ရှမ်းက ငြိမ်၍ နားထောင်နေ၏။

အမတ်ကြီးလျှုကုံးကုံးက. . .

"မင်းသားလေးဟာ အစ်ကိုတော် ဘုရင်မင်းမြတ်အပေါ် သစ္စာစောင့်သိပြီး နန်းတွင်း အရှုပ်အထွေးတွေကို ဖြေရှင်းမယ်၊ သစ္စာဖောက်တွေကို ဖော်ထုတ်အရေးယူမယ်၊ ကျူးကျော်သူတွေကို မောင်းထုတ်ပြီး တိုင်းပြည်အေးချမ်းသာယာသွားအောင် အစွမ်းကုန် ကြိုးစားဆောင်ရွက်မယ်လို့ ကြေညာထားတယ်"

တိန်ရှမ်းက. . .

"မင်းသားလေး ဆောင်ရွက်ရမည့် ကိစ္စတွေဟာ ရှုပ်



ထွေးပြီး ခက်ခဲလှပါတယ်၊ သူမျှော်လင့်သလို အောင်မြင်ဖို့ မလွယ်လှပါဘူး"

ထိုစကားကို အမတ်ကြီးလျှုကုံးကုံး သဘောကျသွားလေသည်။

"အေး. . . သူ ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ဘူးဒါပေမယ့် တစ်ခုတော့ ပြောစရာ ရှိတယ်"

"ဟုတ်ကဲ့ ပြောပါ အမတ်ကြီး"

အမတ်ကြီးလျှုကုံးကုံးက. . .

"မင်းသားလေးဟာ သိုင်းလောကသားတွေရဲ့ အင်အားကို ရယူမယ်လို့ ကြံစည်နေတယ်၊ သူဟာ ထိုက်ယန်ဂိုဏ်းက လာတဲ့ လုယိလုံကို အထူးပဲ အရေးပေး ဆက်ဆံခဲ့တယ်၊ နောက်ပိုင်း သိုင်းလောကနဲ့ ဆက်သွယ်တဲ့အခါ အထူးသံတမာန်အဖြစ် အသုံးပြုဖို့ ရည်ရွယ်ထားပုံ ရတယ်၊ သူတို့ နှစ်ယောက်ချင်း တွေ့ပြီး ဘာတွေ ပြောဆိုခဲ့တယ်ဆိုတာ မသိရသေးဘူး။ ဒါကြောင့် မင်းကို တာဝန်ပေးချင်တယ်"

တိန်ရှမ်းက. . .

"အမိန့် ရှိပါ အမတ်ကြီး"

အမတ်ကြီးလျှုကုံးကုံးက. . .

"လုယိလုံ အိမ်အပြန် ခရီးမှာ ကူညီစောင့်ရှောက်ပေးဖို့ ကိုယ်ရံတော်တစ်ယောက် ထည့်ပေးလိုက်ဖို့ မင်းသားလေး စီစဉ်နေတယ်၊ မင်းက လုယိလုံကို လိုက်ပို့ခွင့်ရအောင် ကြိုးစားပါ"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိန်ရှမ်းက. . .

“စိတ်ချပါ၊ ကျွန်တော်ကြိုးစားလိုက်ပါ့မယ်”

အမတ်ကြီးလျူကုံးကုံးက. . .

“အင်း. . . မင်းက လုယိလုံကို လိုက်ပို့ရင်း တို့ရဲ့ အဆက်အသွယ်တွေကို တိုက်ခိုက်သုတ်သင်နေတဲ့ သွေးဆိုးမိန်းကလေးကိုပါ ဆုံးမနိုင်အောင် ကြိုးစားပါ”

သူ၏အဆက်အသွယ်များ ဆိုသည်မှာ တိုင်းတပါးသားများနှင့် အနက်ရောင် အကျင့်ပျက် သိုင်းသမားများ ဖြစ်လေသည်။

လျူကုံးကုံးသည် တိုင်းတပါးသားများနှင့် ဆက်သွယ်ရာ၌ အနက်ရောင်သိုင်းသမားများကို အသုံးချနေသည် မဟုတ်ပါလား။

သွေးဆိုးမိန်းကလေး၏ လက်ချက်ဖြင့် အမတ်ကြီးလျူကုံးကုံး၏ အယောက်တော်များ၊ အဆက်အသွယ်များ သေဆုံးခဲ့ရသည်မှာ မနည်းတော့ချေ။

အမတ်ကြီးလျူကုံးကုံးက အမိန့်ပေးလိုက်လျှင် တိန်ရှမ်းက လုယိလုံနှင့်အတူ လိုက်သွားခွင့်ရရန် မင်းသားလေးဆီသို့ ပြန်သွားပြီး ကြိုးစားခဲ့ရာ အောင်မြင်ခဲ့လေတော့သည်။

❋ ❋ ❋



လုယိလုံသည် သူ့အား လာရောက်တွေ့ဆုံသည့် နန်းတွင်းကိုယ်ရံတော်ဆိုသူအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ကာ မည်သူမည်ဝါ ဖြစ်ကြောင်း မေးမြန်းစုံစမ်းလိုက်လေသည်။

လုယိလုံက သူ့ဖခင်၏တပည့် ဖေမင်းကို မျှော်လင့်နေခြင်း ဖြစ်သည်။

ဖေမင်းက သူ့အား လာရောက်တွေ့ဆုံလိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားသည် မဟုတ်ပါလား။

သို့သော်. . .

ဖေမင်း ရောက်မလာဘဲ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးမမြင်ဖူးသည့် မျက်နှာစိမ်းကိုယ်ရံတော်တစ်ဦး ရောက်လာသဖြင့် စိတ်ပျက်မိလေသည်။

မည်သို့ဆိုစေ မင်းသားလေး စေလွှတ်လိုက်သဖြင့် လက်ခံရမည်သာ ဖြစ်လေသည်။

နန်းတွင်းကိုယ်ရံတော်က. . .

“ကျုပ်နာမည် တိန်ရှမ်းလို့ ခေါ်တယ်၊ ကိုယ်ရံတော်တစ်ယောက်ပါ”

လုယိလုံ ခေါင်းညိတ်လိုက်သည်။

“ခင်ဗျားဟာ ကိုယ်ရံတော်တစ်ယောက် ဖြစ်မယ်ဆိုတာ ကျုပ်ခန့်မှန်းမိပါတယ်၊ မင်းသားလေးက စိတ်ချတဲ့လူဆိုတော့ ကျုပ် ဘာမှပြောစရာ မရှိပါဘူး”

“ကျုပ်ကတော့ ပြောစရာရှိတယ်”

လုယိလုံ မျက်မှောင်ကြုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘာပြောမလို့လဲ"

"ခရီးဝေးသွားမယ့်လူမှာ မြင်းမရှိလို့ပါ။ မိတ်ဆွေက သည်ခရီးကို ခြေလျင်လျှောက်သွားလို့ ရမယ် ထင်သလား"

တိန်ရှမ်း၏စကားကြောင့် လုယိလုံ ပြုံးလိုက်သည်။

ပြုံးရင်းပင် တည်းခိုခန်းစောင့် လူငယ် ဆွဲလာသည့် မြင်းကို လှမ်းကြည့်လိုက်သည်။

တိန်ရှမ်းက လုယိလုံ ကြည့်ရာသို့ လိုက်ကြည့်ပြီး မြင်းဆွဲလာသည်ကို တွေ့သွား၏။

"ဩော်. . . ခင်ဗျားမှာ မြင်းအဆင်သင့် ရှိနေတာကိုး"

လုယိလုံသည် သူနှင့် အဖော်လုပ်မည့်သူကို မျက်နှာထားတည်တည်နှင့် ကြည့်လိုက်သည်။

ထို့နောက် မြင်းဆွဲလာသော လူငယ်အား ငွေတုံးတစ်တုံး ပေးလိုက်ပြီးလျှင်. . .

"မြင်းစောင့်ရှောက်ခနဲ့ မြင်းစာဖိုး ရှင်းပေးပြီး ပိုတာကို ညီလေးယူလိုက်ပါ"

လူငယ်က လုယိလုံအား ဦးညွှတ်လျက် အရိုအသေပေးလိုက်သည်။

ထို့နောက် လုယိလုံ ပေးသော ငွေတုံးကို လှမ်းယူလိုက်၏။

"ကျွန်တော် မြင်းကို အစာကောင်းကောင်း ကျွေးထားပါတယ်၊ သည်နေ့တစ်နေ့ကုန် သူဆာတယ်လို့ ပြောမှာ မဟုတ်ပါဘူး"



"ဟား. . . ဟား. . . ကောင်းတယ်ကွာ၊ မင်းက တကယ်တော်တဲ့ ကောင်လေးပဲ"

လုယိလုံသည် ရယ်ရယ်မောမောနှင့် ပြောကာ အထိုင်ခုံ ကို မြင်းပေါ်သို့ အသေအချာတင်သည်။

ပြီးလျှင် တိန်ရှမ်းအား တစ်ချက်ကြည့်ကာ မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

တိန်ရှမ်းကလည်း သူ့မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

"ကျုပ်တို့ အခုသွားရမယ့် ခရီးက သွေးဆိုးမိန်းကလေး ရဲ့ နယ်မြေကို ဖြတ်ရမှာနော်"

မြင်းစီးရင်း ပြောလိုက်သည်။

လုယိလုံ၏ စကားကြောင့် တိန်ရှမ်း မျက်နှာတွက်ခနဲ ပျက်သွားလေသည်။

ထိုအဖြစ်ကို ဖုံးကွယ်ရန် သူက ရယ်မောလိုက်ပြီး. . .

"ကိစ္စ မရှိပါဘူး၊ ကျုပ်တို့က သွေးဆိုးမိန်းကလေးနဲ့ ရန်ငြိုးရှိတာမှ မဟုတ်ဘဲ၊ ဘာပြဿနာမှ ဖြစ်စရာ မရှိပါဘူး"

လုယိလုံသည် တစ်စုံတစ်ခု ထပ်မံပြောဆိုခြင်း မရှိဘဲ မြင်းကို မနှေးမမြန်နှင်သည်။

တိန်ရှမ်းသည် လုယိလုံနှင့် ရင်ဘောင်တန်းလျက် မြင်းစီးပြီး လိုက်လာ၏။

နေ့တစ်ဝက် ခရီးနှင်ခဲ့ပြီးနောက် တိန်ရှမ်းသည် တိတ်ဆိတ်စွာ ခရီးနှင်နေရင်းမှ ပျင်းရိလာဟန်ဖြင့် စကားစလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုတလော သိုင်းလောကသားတွေ တော်တော်လှုပ်လှုပ်ရှားရှား ဖြစ်နေတယ်နော်၊ ဓားပြတွေလဲ တော်တော်ထကြွသောင်းကျန်းနေတယ်၊ နန်းတွင်းမှာလဲ နေ့တစ်မျိုး ညတစ်မျိုး အခြေအနေ ပြောင်းနေတယ်၊ ခရီးထွက်လာခဲ့ပေမယ့် ကျုပ်က မင်းသားလေးကို စိတ်မချဘူး"

"မင်းသားလေးကို စောင့်ရှောက်မယ့် သူရဲကောင်းတွေ နန်းတွင်းမှာ အများကြီး ရှိပါတယ်ဗျာ၊ စိတ်မပူပါနဲ့၊ မင်းသားလေးက တော်တော်ထက်မြက်ပါတယ်၊ နန်းတွင်းကိစ္စတွေကို သေသေချာချာ ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မယ်"

"ကျုပ်တို့ မင်းသားလေးက ထက်မြက်တာတော့ အမှန်ပဲ၊ ကျုပ်လို တာဝန်သိတဲ့ လူတွေလဲ မင်းသားလေး အနားမှာ အများကြီး ရှိပါတယ်၊ ဒါပေမယ့် လူဆိုတာ ကိုယ့်ကိုကိုယ် အယုံကြည်ဆုံးဆိုတော့ ကျုပ်ပူမိတာပဲ၊ ဒါထက် ခင်ဗျားပြောတဲ့ သွေးဆိုးမိန်းကလေးဟာ တော်တော်လှတယ်လို့ ကြားတယ်၊ ဟုတ်ရဲ့လား"

လုယိလုံက ပန်းနှစ်ဖက်ကို တွန့်ပြလိုက်သည်။

"ကျုပ်က သွေးဆိုးမိန်းကလေးကို မတွေ့ဖူးသေးဘူး၊ သတင်းကတော့ အမျိုးမျိုး ကြားနေတာပဲ၊ တစ်ချို့က သူ့ကို ဓားမိန်းကလေးလို့တောင် ခေါ်ကြတယ်၊ သူက ဓားပြခေါင်းဆောင် တစ်ယောက် ဖြစ်နေပေမယ့် လူတိုင်းကို ဓားပြမတိုက်ဘူးလို့လည်းကြားတယ်"

တိန်ရှမ်း မဲ့ပြုံးပြုံးလိုက်သည်။



"အဲဒါက လူတွေ ကြည်ညိုလေးစားအောင် လုပ်တာပါ၊ ဆင်းရဲသားတွေက သူ့ကို ကယ်တင်ရှင်ကြီးလို သဘောထားကြတယ်၊ သူက မတရားတဲ့နည်းနဲ့ ချမ်းသာလာတဲ့ လူတွေ၊ တစ်ချို့လက်ဆောင်ရပြီး လူချမ်းသာ စာရင်းဝင်နေတဲ့ မင်းမှုထမ်းတွေကို တိုက်ခိုက်လုယက်တယ်၊ ပြီးတော့ ရသမျှကို ဆင်းရဲသားတွေအတွက် ထောက်ပံ့ပေးအပ်တယ်ဆိုပြီး ဆင်းရဲသားတွေ သဘောကျအောင် သတင်းလွှင့်တယ်၊ အမှန်တော့ ခိုးဆိုးလုယက်နေတဲ့သူဟာ ကျုပ်တို့ရဲ့ ရန်သူပဲဗျ"

တိန်ရှမ်းသည် သွေးဆိုးမိန်းကလေးအား မကျေနပ်ကြောင်း လုယိလုံ နားလည်လိုက်သည်။

ထို့ကြောင့်. . .

သူက တိန်ရှမ်းအား အလိုက်သင့် ပြောဆိုဆက်ဆံရန် ဆုံးဖြတ်လိုက်၏။

လဝက်ကျော်ကျော် သွားရမည့် ခရီးတွင် အဖော်လိုက်မည့်သူ ဖြစ်သော တိန်ရှမ်းကို ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံနိုင်အောင် ကြိုးစားသည်။

တိန်ရှမ်းက လုယိလုံအား ငယ်ပေါင်ကြီးဖော်ပမာ ပြောဆိုဆက်ဆံလာခဲ့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ယန်တောင်တွင် အလွန်ကျော်ကြားသော တောင်ကုန်းငါးခု ရှိသည်။

တောင်ကုန်းငါးခုသည် အပေါ်မှဆီး၍ ကြည့်လိုက် လျှင် ပန်းပွင့်တစ်ပွင့်ကဲ့သို့ ဖြစ်ပေါ်နေ၏။

လုယန်းတောင်မှာ ဒုတိယတောင် ဖြစ်သည်။

လုယိလုံသည် လုယန်းတောင် အလယ်သို့ ရောက်လာသောအခါ မွန်းတည့်ချိန် ရောက်နေပြီ ဖြစ်သည်။

တောင်ထိပ်ပေါ်၌ တိမ်တိုက်တိမ်လိပ်များ ထူထပ်နေလေသည်။

ကောင်းကင်တွင် မည်းမှောင်နေသဖြင့် မိုးရွာလာမည်ကို စိုးရိမ်ပြီး လုယိလုံ တောင်ပေါ်သို့ လျင်မြန်စွာ ပြေးတက်လိုက်သည်။

မကြာမီ ဘုံကျောင်းကြီးတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ဘုံကျောင်းမှာ အလွန်ကျယ်ဝန်းပြီး အဆောက်အအုံများစွာ ရှိသည်။

လုယိလုံ ဘုံကျောင်းထဲသို့ လှမ်းဝင်လိုက်သည်။

ထိုအခါ. . .

ဘုရားဖူးအချို့ ရှိနေသည်ကို တွေ့လိုက်ရသည်။

ဘုံကျောင်းပေါ် တက်ရန် လှေကား ရှိရာသို့ ရောက်လာလျှင် မိန်းကလေးတစ်ယောက် ခြေလှမ်းသွက်သွက်ဖြင့် ဆင်းလာသည်ကို တွေ့လိုက်ရသည်။



မိန်းကလေးမှာ အသက်နှစ်ဆယ်ခန့်ရှိပြီး နတ်သမီး တမျှ ချောမောလှပသည်။

ခန္ဓာကိုယ်မှာလည်း ပြေပြစ်ကျော့ရှင်းနေသည်။

လုယိလုံနှင့် မိန်းကလေးတို့ ပခုံးချင်းယှဉ်၍ ဖြတ်ကျော်သွားစဉ် တစ်ချက်လှမ်းကြည့်မိလိုက်သည်။

တစ်ဆက်တည်းဆိုသလိုပင် သူ့ရင်ထဲ လှုပ်ရှားသွားသည်။ ဘာကြောင့်မှန်း သူကိုယ်တိုင် နားမလည်နိုင်ဘဲ ဖြစ်မိလေသည်။

မိန်းကလေး မြင်ကွင်းထဲက ပျောက်သွားတော့မှ လုယိလုံ သတိပြန်ဝင်လာသည်။

သူက မိုးသားတိမ်လိပ်တို့ မည်းမှောင်နေသော ကောင်းကင်ကို တစ်ချက်မော့ကြည့်လိုက်သည်။

"အင်း. . . မိန်းကလေးတော့ တောင်တစ်ဝက်မှာ မိုးမိရင် ဒုက္ခပဲ"

ဟု ရေရွတ်လိုက်မိ၏။

ထို့နောက် လှေကားထစ်များအတိုင်း အပေါ်သို့ ဆက်၍ တက်သွားလေသည်။

လုယိလုံမှာ ကျောင်းထိုင်နှင့် ဝင်တွေ့လိုက်သည်။

ကျောင်းထိုင်ရသေ့ဂိုဏ်းချုပ် ဖုံးရှမ်းသည် လုယိလုံကို တွေ့ရ၍ ဝမ်းသာသွားသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ဖုံးရှမ်းသည် လုယိလုံအား လိုက်လှိုက်လှဲလှဲ ကြို ဆို၏။

ထိုက်ယန်တောင်၏ အထူးကျော်ကြားသော လက်ဖက် ခြောက်နှင့် နှပ်ထားသော ရေနွေးကြမ်းဖြင့် ဧည့်ခံသည်။

စကားပြောဆိုနေရင်းမှ ရသေ့ဖုံးရှမ်းက. . .

"မင်းရဲ့ဆရာဦးလေး သည်ကို ရောက်လာသေးတယ်"

"ဟုတ်လား၊ ဘယ်တုန်းက ရောက်တာလဲ"

"တစ်လလောက်တော့ ရှိသွားပြီ"

"သူ ဘာကိစ္စနဲ့ လာတာလဲ"

"ထိုက်ယန်ဂိုဏ်းက သိုင်းသမား လူငယ် ငါးယောက်ကို သွေးဆိုးမိန်းကလေးက လက်ချောင်းဖြတ် လွှတ်လိုက်တယ်၊ အဲ ဒါ စာရင်းသွားရှင်းမယ်လို့ ပြောတာပဲ"

ရသေ့ဖုံးရှမ်း၏ စကားကြောင့် လုယိလုံ မျက်မှောင် ကြုတ်လိုက်သည်။

"ဒါဆိုရင် သွေးဆိုးမိန်းကလေးဆီကို တကယ်သွားပြီ ပေါ့"

ရသေ့ဖုံးရှမ်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်က သူ့ကို ဖျောင်းဖျပါသေးတယ်၊ တို့တစ်တွေ ဟာ အသက်ကြီးပြီ၊ လူငယ်တွေနဲ့ ပြိုင်ပြီး ရန်မဖြစ်သင့်ဘူးလို့ ပြောလိုက်တယ်၊ သူက ဘာကိုမှ ပြန်မပြောသွားဘူး၊ ဒါကြောင့် သွေးဆိုးမိန်းကလေးဆီကို သွားမသွားတော့ အတပ်မပြောနိုင် ဘူး"



လုယိလုံသည် ရသေ့ဖုံးရှမ်း၏စကားကို နားထောင်ရင်း ငြင်းစားနေသည်။

"သွေးဆိုးမိန်းကလေးရဲ့ အကြောင်းကို နေရာတကာမှာ ကြားနေရတယ်၊ သူ ဘာကြောင့် သည်လောက် ရက်စက်သလဲ မသိဘူး"

သူတို့နှစ်ယောက် စကားပြောနေစဉ် မိုးခြိမ်းသံများ အဆက်မပြတ် ပေါ်ထွက်လာသည်။

ရသေ့ဖုံးရှမ်းက ကောင်းကင်ပေါ်သို့ လှမ်းကြည့်လိုက် သည်။

"သည်ည မိုးကြီးလိမ့်မယ် ထင်တယ်၊ သည်မှာပဲ ညအိပ် ပါလား"

ဟု ပြောလိုက်သည်။

သို့သော် လုယိလုံက တိန်ရှမ်၊ စောင့်နေမည်ကိုသိ၍ ညအိပ်ရန် စိတ်မကူးတော့ပေ။

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မိတ်ဆွေတစ်ယောက် နဲ့ ချိန်းထားလို့ သည်မှာ ညအိပ်လို့ မဖြစ်ပါဘူး"

သူက ပြောဆို၍ တစ်ဆက်တည်းပင် ရသေ့ဖုံးရှမ်းအား နှုတ်ဆက်လိုက်သည်။

ထို့နောက်. . .

တောင်ပေါ်မှ ပြန်ဆင်းလာခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တစ်ခုလုံး မိုးတိမ်များဖြင့် အုံ့ဆိုင်းမည်းမှောင်နေသည်။

လေက တစ်ချက်တစ်ချက်ဝှေ့၍ တိုက်ခတ်လာသည်။

မိုးခြိမ်းသံများကလည်း အဆက်မပြတ် ထွက်ပေါ်နေသည်။

မကြာမီ မိုးရွာတော့မည် ဖြစ်သည်။

လုယိလုံ မိုးခိုရန် နေရာရှာလိုက်သည်။

သူရောက်နေသော နေရာနှင့် ဝါးတစ်ရိုက်ခန့် အကွာတွင် လိုဏ်ဂူတစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

လိုဏ်ဂူရှေ့တွင် ဝါးပင်များ စိုက်ပျိုးထားသည်။

ထင်းရှူးပင်များမှာလည်း လေအဝှေ့တွင် ယိမ်းထိုးနေသည်။

လိုဏ်ဂူရှေ့တွင် ကျောက်စားပွဲနှင့် ကုလားထိုင်များလည်း ရှိနေသည်။

လုယိလုံ နားခိုရန်နေရာ တွေ့လိုက်ပြီ ဖြစ်သည်။

သူက ဝမ်းသာသွားပြီး ခြေလှမ်းသွက်သွက်လှမ်းကာ လိုဏ်ဂူရှိရာသို့ လျှောက်သွားသည်။

ဂူဝသို့ ရောက်သည်နှင့် မိုးက သည်းထန်စွာ ရွာချလိုက်လေသည်။

လုယိလုံက ကမန်းကတန်း လိုဏ်ဂူထဲ ပြေးဝင်လိုက်လေသည်။ လိုဏ်ဂူထဲတွင် အေးစိမ့်နေသည်။

အတွင်းကို ဆက်ဝင်သွားရာ ခြေလှမ်းတစ်ရာခန့် လှမ်း



ဝင်လိုက်သည့်အခါ ကျောက်ဖြင့် ပြုလုပ်ထားသည့် ခုံတန်းပေါ်တွင် မိန်းကလေးတစ်ယောက် အိပ်ပျော်နေသည်ကို တွေ့လိုက်ရသည်။

လုယိလုံ လှမ်းကြည့်လိုက်ရာ ဘုံကျောင်းတွင် တွေ့ခဲ့သော မိန်းကလေး ဖြစ်ကြောင်း သိလိုက်သည်။

လုယိလုံသည် သိုင်းသမားတစ်ယောက် ဖြစ်သော်လည်း မိန်းကလေးကို ရင်မဆိုင်ဝံ့ဘဲ ရှိနေသည်။

"သူအိပ်နေတုန်း ငါ သည်မှာ နေလို့ မဖြစ်ဘူး။ နိုးလာလို့ တွေ့သွားရင် အထင်လွဲနေဦးမယ်"

တွေးမိသည်နှင့် ခြေလှမ်းကို အသံမကြားအောင် ဖော့နင်းပြီး လိုဏ်ဂူဘက်သို့ ပြန်လျှောက်သွားသည်။

အပြင်ဘက်တွင် မိုးက သဲသဲမဲမဲ ရွာနေဆဲ ဖြစ်သည်။

သို့သော် သူသည် အပြင်ထွက်နေ၍လည်း မဖြစ်၍ ဂူဝ၌ ထိုင်နေလိုက်သည်။

အတန်ကြာ ထိုင်မိသောအခါ အလွန်ပင် အေးစိမ့်လာလေသည်။

မိန်းကလေး ချမ်းနေမည်ကို စိုးရိမ်လာသည်။

ထို့ကြောင့် . . .

အသံမကြားစေရန် ခြေဖော့နင်းကာ မိန်းကလေးထံသို့ လျှောက်သွားသည်။

သူ့အပေါ်အင်္ကျီကို ချွတ်၍ မိန်းကလေးကို အသာအယာ ခြုံပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ဂူဝသို့ ပြန်လာခဲ့သည်။

သို့သော် ဂူဝသို့ မရောက်မီမှာပင် မိန်းကလေးထံမှ အသံ ထွက်ပေါ်လာသည်။

"ဘယ်သူလဲ ကျွန်မကို မကောင်းကြံဖို့ ကြိုးစားနေတာလား"

လုယိလုံ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

ခြေလှမ်းများ ရပ်တန့်သွားသည်။

"အထင်မလွဲပါနဲ့၊ ခင်ဗျား အအေးမိမှာစိုးလို့ ကျွပ် အင်္ကျီကိုချွတ်ပြီး ခြုံပေးတာပါ"

ဟု ပြောလိုက်သည်။

"ကဲပါ ကျေးဇူးပြုပြီး နောက်လှည့်ကြည့်ပါဦး"

လုယိလုံ နောက်သို့ ဖြည်းညင်းစွာ လှည့်ကြည့်လိုက်လေသည်။

"ခုန ရှင်ဝင်လာကတည်းက ကျွန်မမြင်ပါတယ်၊ ရှင့် အပြုအမူတွေ အားလုံးကို ကျွန်မမြင်ပါတယ်"

"ဒါဆိုရင် ခင်ဗျား အိပ်ပျော်နေတာ မဟုတ်ဘူးပေါ့"

ဟု မေးလိုက်၏။

ထိုအခါ. . .

မိန်းကလေးက တစ်ချက်မျှ ပြုံးလိုက်သည်။

"ရှင်ဟာ တကယ် ရိုးသားတဲ့ လူကောင်းတစ်ယောက်ပါ၊ ကျွန်မ ဘဝတစ်သက်မှာ ရှင့်လို လူမျိုးကို မတွေ့ဖူးသေးဘူး"

လုယိလုံ ဘာမှ ပြန်မပြောဘဲ ကြည့်နေလိုက်သည်။



မိန်းကလေးက. . .

"ရှင် ကျွန်မကို စိတ်ဆိုးနေတာလား"

"အို ဘယ်လို ပြောလိုက်တာလဲ၊ ကျုပ်က ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ"

"ကျွန်မကို ရှုပ်မှန်းသိတာတဲ့ အရွယ်ကစပြီး ကြင်နာတဲ့ သူ မတွေ့သေးဘူး၊ အခုတော့ ရှင့်ကို တွေ့ပြီ"

မိန်းကလေးမှာ သူ့ကို လှိုက်လှိုက်လှဲလှဲ ပြောနေမှန်း သိလိုက်သည်။

"မင်းမှာ မိဘ မရှိဘူးလား"

"ကျွန်မ သိတတ်တဲ့ အရွယ်ကစပြီး မိဘနှစ်ပါးစလုံး မရှိကြတော့ပါဘူး"

"ကျုပ် မသိလို့ မေးမိတာ စိတ်မရှိနဲ့နော်"

ရုတ်တရက် မိန်းကလေးက သူ့လက်တစ်ဖက်ဖြင့် လုယိလုံ ပခုံးပေါ်ကို ဆုပ်ကိုင်လိုက်သ်။

လုယိလုံက ချက်ချင်းပင် တိမ်းရှောင်လိုက်သည်။

* * *

ထိုအခါ မိန်းကလေး၏ ခန္ဓာကိုယ် အရှိန်လွန်ကာ လဲကျမတတ် ယိမ်းယိုင်သွားသည်။

လုယိလုံက ကပျာကယာ ထိန်းပေးလိုက်သည်။

"ကျေးဇူးပဲ၊ ရှင်သာ မဆွဲထားရင် ကျွန်မ လဲကျသွားမှာ"

www.burmeseclassic.com



"ရှင် ကျွန်မကို ဘယ်လိုထင်သလဲ"

မိန်းကလေးက မေးလိုက်သည်။

လုယိလုံက. . .

"မင်းကို သနားတယ်"

"ကျွန်မကို သနားတယ် ဟုတ်လား"

"ဟုတ်တယ်၊ သနားလဲ သနားတယ်၊ ခင်ဗျားရဲ့သတ္တိကို လဲ ချီးကျူးပါတယ်"

မိန်းကလေးက သူ့ကို တအံ့တဩ လှမ်းကြည့်နေလေသည်။

"မင်းဟာ မိန်းကလေး ဖြစ်ပေမယ့် တောင်ပေါ်ကို တစ်ယောက်တည်း ဘုရားဖူးလာတာ ချီးကျူးစရာပေါ့"

"ရှင့်ကို အခုမှ တွေ့ရပေမယ့် ကျွန်မ စိတ်ထဲမှာ နှစ်ပေါင်းများစွာက ပေါင်းလာခဲ့တဲ့ သူငယ်ချင်းတစ်ယောက်ကို ပြန်တွေ့ရသလို ခံစားမိပါတယ်"

မိန်းကလေး၏ ပွင့်ပွင့်လင်းလင်း ပြောလိုက်သောစကားကြောင့် လုယိလုံ ပြုံးလိုက်သည်။

"ဪ. . . ဒါနဲ့ ရှင့်နာမည် ဘယ်လိုခေါ်လဲဟင်"

"ကျုပ်နာမည်က လုယိလုံပါ၊ မင်းရဲ့နာမည်ရော ဘယ်လိုခေါ်သလဲ"

"ကျွန်မရဲ့နာမည်တော့ မရှိသေးဘူး၊ နာမည်ရွေးပေးမလား"

သူတို့ နှစ်ယောက် အပြန်အလှန် စကားပြောနေစဉ်



အခြင်ဘက်၌ မိုးစဲသွားပြီ ဖြစ်သည်။

လေအေးက တစ်ချက်တစ်ချက် တိုက်နေသည်။

လေပြင်းတစ်ချက် တိုက်လိုက်တိုင်း မိန်းကလေး၏ဝတ်စုံတလေးမှာ တဖျပ်ဖျပ် လှုပ်ခါနေရာ အလွန်ကြည့်၍ ကောင်းသည်။

လုယိလုံ ရုတ်တရက် နာမည်ပေးရန် သတိရလာပြီး ရုတ်ခနဲ ပြောလိုက်သည်။

"စန့်ကွမ်းချင်းလို့ မင်းကို နာမည်ပေးမယ်"

မိန်းကလေး မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူ့ကို မျက်နှာထားတင်းတင်းဖြင့် စိုက်ကြည့်လိုက်လေသည်။

"ရှင် ဘယ်သူလဲ အမှန်အတိုင်း ပြောစမ်း"

ရုတ်တရက် ပြောင်းလဲသွားသော မိန်းကလေး၏ အမူအရာကြောင့် လုယိလုံ အံ့ဩသွားသည်။

"ကျုပ်နာမည် လုယိလုံ ပြောပြီးပြီလေ၊ ဘာဖြစ်လို့လဲ၊ ဒီနာမည် မကြိုက်ရင် တခြားနာမည် စဉ်းစားပေးမှာပေါ့၊ ဘာဖြစ်လို့ စိတ်ဆိုးရတာလဲ"

မိန်းကလေးထံမှ ဒေါသ အရိပ်အယောင်များ ချက်ချင်း ပျောက်သွားသည်။

"သည်းခံပါရှင်၊ ကျွန်မ စိတ်တိုတတ်လို့ပါ"

မိန်းကလေး လေသံပြောင်းသွားသည်။

အပြောင်းအလဲ မြန်လှသော သူ့အပြုအမူကို လုယိလုံ

www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်အောင် ဖြစ်မိသည်။

"ရှင်ပေးတဲ့ နာမည်ကို ကျွန်မကြိုက်ပါတယ်၊ စန္ဒကွမ်းချင်းလို့ပဲခေါ်ပါ"

လုယိလုံသည် နဖူးပေါ်မှ ချွေးများကို သုတ်လိုက်ပြီး သက်ပြင်းချလိုက်သည်။

မိန်းကလေးက သူ့ကို အကဲခတ်သလို လှမ်းကြည့်ရင်း မေးလိုက်သည်။

"ရှင်က သိုင်းသမားပဲ၊ ထိုက်ယန်တောင်ကို ဘာကိစ္စနဲ့ လာတာလဲ"

လုယိလုံက မိန်းကလေးကို အမှန်အတိုင်း ရှင်းပြလိုက်လေသည်။

"ကျုပ်က ထိုက်ယန်ဂိုဏ်းမှာ သိုင်းပညာသင်ခဲ့တယ်၊ ဒါပေမယ့် သိုင်းပညာက မပြည့်စုံသေးဘူး၊ အခု ကျုပ်ဖခင်ရဲ့ အရိုးအိုးကို ဌာနပြန်သယ်ရင်း လမ်းကြုံတာနဲ့ တောင်ပေါ်ကို ဘုရားတက်ဖူးတာပါ"

လုယိလုံ၏စကားကို ကြားလိုက်သည်နှင့် မိန်းကလေး၏ မျက်နှာမှာ ကြည်လင်ဝင်းပသွားသည်။

ဒေါသထွက်နေသည့် အရိပ်အယောင်များလည်း ပျောက်ကွယ်သွားသည်။

လိုဏ်ဂူထဲမှ မိန်းကလေးသည် သွေးဆိုးမိန်းကလေး စန္ဒကွမ်းချင်း ဖြစ်သည်။

သူမသည် မမျှော်လင့်ဘဲ လုယိလုံနှင့် တွေ့ဆုံသောအခါ



စိတ်ဝင်စားသွားသည်။

သူမအား နာမည်ပေးနိုင်သောအခါ စန္ဒကွမ်းချင်းဟု တိုက်တိုက်ဆိုင်ဆိုင် အမည်ပေးလာသည့်အတွက် လုယိလုံအပေါ် သံသယ ဖြစ်မိသည်။

သို့သော်. . .

လုယိလုံက ထိုက်ယန်ဂိုဏ်း၏ သိုင်းပညာရပ်များ သင်ထားကြောင်းနှင့် ပညာမာန မရှိကြောင်း သိရသောအခါ သံသယများ ကင်းရှင်းသွားသည်။

"ထိုက်ယန်ဂိုဏ်းရဲ့ သိုင်းပညာဟာ သိုင်းလောကမှာ ပြိုင်စံရှားတယ်လို့ ကျွန်မကြားဖူးပါတယ်၊ ဘာကြောင့် ကိုယ့်ကိုယ်ကို နှိမ့်ချပြောနေရတာလဲ"

သွေးဆိုးမိန်းကလေး စန္ဒကွမ်းချင်းက လုယိလုံကို မေးလိုက်သည်။

"ဘယ်ပညာရပ်မဆို ဆုံးခန်းတိုင်တယ်ဆိုတာ မရှိပါဘူး၊ သိုင်းပညာမှာလဲ သည့်အတိုင်းပါပဲ၊ တစ်ယောက်တစ်မျိုးစီ ထူးချွန်ကြတာပဲ၊ ပြိုင်စံရှားတယ်ဆိုတာ မရှိပါဘူး"

ဟု ပြောလိုက်၏။

လုယိလုံမှာ စန္ဒကွမ်းချင်းကို သွေးဆိုးမိန်းကလေးမှန်း မသိပေ။

"ထိုက်ယန်ဂိုဏ်းနဲ့ ရှောင်လင်ဂိုဏ်းဟာ တည်ထောင်ခဲ့တာ နှစ်ပေါင်း အတော်ကြာခဲ့ပြီလေ၊ ခေတ်အဆက်ဆက်မှာလဲ ထွန်းပေါက်ကျော်ကြားခဲ့တဲ့အတွက် သိုင်းလောကသားတွေက

www.burmeseclassic.com

www.burmeseclassic.com



ဒီးကျူးခဲ့ရတယ်၊ ကျုပ်ကတော့ ထိုက်ယန်ဂိုဏ်းကပေမယ့် သိပ်တော့ မပြည့်စုံသေးပါဘူး"

သွေးဆိုးမိန်းကလေးသည် လုယိလုံ၏စကားကို စူးစူးစိုက်စိုက် နားထောင်လိုက်သည်။

ထို့နောက် ရုတ်တရက် သူ၏လက်ကောက်ဝတ်ကို လျှပ်တစ်ပြက် ဖမ်းဆုပ်လိုက်သည်။

လုယိလုံက အမှတ်တမဲ့ဖြစ်၍ ရှောင်တိမ်းချိန် မရလိုက်ပေ။

မိန်းကလေးတစ်ယောက်ကို မရှောင်တိမ်းနိုင်၍လည်း မျက်နှာတစ်ခုလုံး နီရဲလာသည်။

လုယိလုံ အတင်းရုန်းလိုက်ရာ သွေးဆိုးမိန်းကလေး လက်လွှတ်ပေးလိုက်သည်။

"မိုးမြိမ်းသံကြားလို့ ကြောက်ကြောက်နဲ့ ကျွန်မ ရှင့်လက်ဆွဲလိုက်မိတာပါ"

လုယိလုံကတော့ သူ့စကားကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသည်။

သူ၏အပြောအဆို အမူအရာ အားလုံးမှာ ထူးခြားလှသည်ဟု ထင်လိုက်မိသည်။

"ကဲ. . . ကဲ မကြောက်ပါနဲ့၊ ကျုပ်လိုက်ပို့ပေးပါ့မယ်"

သွေးဆိုးမိန်းကလေးက ဂူဝသို့ လျှောက်သွားပြီး ကောင်းကင်ကို မော့ကြည့်လိုက်သည်။

"မိုးတိတ်သွားပါပြီ၊ ကျွန်မကို လာကြိုမယ့်သူ ရှိပါတယ်၊



ပို့ပေးစရာ မလိုတော့ပါဘူး"

တစ်ခဏအကြာတွင် ရာသီဥတု ပြန်လည်သာယာလာလေသည်။ သွေးဆိုးမိန်းကလေးက လုယိလုံကို လှမ်းကြည့်လိုက်ပြီးလျှင်. . .

"ကျွန်မ အိမ်ပြန်တော့မယ်"

လုယိလုံက မိန်းကလေး၏ နှုတ်ဆက်စကားကို သံသယ ဝင်သွားသည်။

မိဘ မရှိဟု ပြောပြီး လာကြိုမည့်သူ ရှိသည်ဟု ပြောနေသဖြင့် စိတ်ထဲတွင် တစ်မျိုး ဖြစ်သွားသည်။

သူ ဘာမှ ပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။

"ကျုပ်လဲ သွားတော့မယ်"

"ဒါဆိုရင် ရှင်အရင်သွားပါ"

လုယိလုံက ဂူထဲမှ လှမ်းထွက်ရန် ဟန်ပြင်လိုက်၏။

ရုတ်တရက်. . .

"ခဏ"

ဟန့်တားလိုက်သံကြောင့် သူလှမ်းသော ခြေလှမ်းတို့ ရပ်လိုက်သည်။

"ကျွန်မကို ကတိတစ်ခုပေးပါလား"

"ဘာကတိလဲ"

"ကျွန်မကို တွေ့ခဲ့တဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောနဲ့ပါ"

လုယိလုံက ပြုံး၍ ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ၊ ကျုပ်တို့က တစ်ခဏ တွေ့ဆုံခဲ့တာပဲ၊ သည်ကိစ္စကို ပြောပြစရာ အကြောင်းလဲ မရှိပါဘူး"

သွေးဆိုးမိန်းကလေး မျက်နှာပျက်သွားသည်။

"ဩော် . . . ရှင်က ကျွန်မကို သံယောဇဉ် မရှိဘဲကိုး"

သွေးဆိုးမိန်းကလေး အသံတိုးဝင်သွားပြီး မျက်ရည်များ ရစ်ဝိုင်းလာသည်။

လုယိလုံ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"သည်လိုပါ ကျုပ်က ဇာတိကို ပြန်တော့မလို့ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ပြန်ဆုံဖို့ မလွယ်တော့ပါဘူး၊ တကယ်လို့ ပြန်ဆုံခွင့်ရရင် မင်းနဲ့ ကျုပ်ဟာ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းပါပဲ"

"ရှင် အခုလို ပြောတာ ကြားရလို့ ကျွန်မကျေနပ်သွားပါပြီ၊ ရှင်သွားနိုင်ပါပြီ"

လုယိလုံက ခေါင်းညိတ်လိုက်သည်။

ထို့နောက် တောင်အောက်သို့ ဆင်းသွားလိုက်သည်။

လိုဏ်ဂူနှင့် အတန်ဝေးသော နေရာသို့ ရောက်သော အခါ နောက်သို့ လှည့်ကြည့်လိုက်သည်။

သွေးဆိုးမိန်းကလေးသည် ကျောက်တောင်ပေါ်၌ ရပ်နေသေးသည်ကို တွေ့မြင်လိုက်ရသည်။

သူ၏ရင်ထဲတွင် လှုပ်ရှားနေမိလေသည်။

* * *



တည်းခိုခန်းသို့ လုယိလုံ ရောက်ရှိလာသောအခါ တိန်ရှမ်းက သူ့ကို စောင့်မျှော်နေသည်ကို တွေ့လိုက်ရသည်။

သူတို့နှစ်ယောက် အတူ ညစာ စားသောက်လိုက်ကြသည်။

"ခင်ဗျား ရသေ့ဖိုးရှမ်းနဲ့ တွေ့ခဲ့သလား"

"တွေ့ခဲ့ပါတယ်"

တိန်ရှမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရသေ့ဖိုးရှမ်းက ဘယ်လိုကိစ္စ [illegible] ပြောတယ်ဗျ"

တိန်ရှမ်း၏စကားကြောင့် လုယိလုံ မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

တိန်ရှမ်းက သူ့အမေးကို ပြန်မဖြေဘဲ စကားဆက်မေးလိုက်သည်။

"ခင်ဗျား တောင်ပေါ် ရောက်တဲ့အခါ ထိပ်တန်းသိုင်းပညာရှင်တွေကို တွေ့ခဲ့သေးလား"

လုယိလုံသည် ဂူထဲ၌ တွေ့ခဲ့သော မိန်းကလေး၏မျက်နှာကို မြင်ယောင်လာသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တိန်ရှမ်းက မေးလာ၏။

သို့သော် လုယိလုံက ကတိစကားကြောင့် ခေါင်းကို ခါယမ်းလိုက်လေသည်။

"မတွေ့ခဲ့ပါဘူးဗျာ"

တိန်ရှမ်းက ထပ်မမေးတော့ချေ။

ထို့နောက် ညစာ စားသောက်ကာ အိပ်ရာဝေစာ ဝင်လိုက်ကြသည်။

ရုတ်တရက်. . .

လုယိလုံက အိပ်ပျော်နေရာမှ လန့်နိုးလာသည်။

အဝေးမှ ပေါ်လာသော အသံကို သေသေချာချာ နားစွင့်လိုက်သည်။

လေချွန်သံ ဖြစ်နေပြီး တစ်ယောက်နှင့်တစ်ယောက် အချက်ပေးသော အသံများ ဖြစ်နေသည်။

ထိုစဉ် တံခါးခေါက်သံ ထွက်ပေါ်လာသည်။

လုယိလုံ အိပ်ရာမှ လှမ်းမေးလိုက်သည်။

"ဘယ်သူလဲ"

"ကျုပ်ပါ တံခါးဖွင့်ပါ"

တိန်ရှမ်း၏အသံ ဖြစ်နေ၍ သူ တံခါးထဖွင့်လိုက်လေသည်။

တိန်ရှမ်းက အခန်းထဲသို့ ပြန်ဝင်လာပြီး မီးကို လင်းအောင် မီးဇာမြှင့်လိုက်သည်။

ထို့နောက်၊



လုယိလုံကို ကောက်ကာငင်ကာ မေးလိုက်လေသည်။

"ခင်ဗျား သွေးဆိုးမိန်းကလေးကို ကြောက်သလား"

"ဗျာ"

"အမှန်အတိုင်း ပြောပါ၊ ခင်ဗျားကြောက်လား"

"ကျုပ်က သူနဲ့မှ မတွေ့ဖူးတာ၊ ကြောက်တယ် မကြောက်ဘူး ဘယ်လိုပြောနိုင်မလဲ"

"ခင်ဗျား မကြောက်ဘူးဆိုရင်လဲ ပြီးတာပါပဲလေ"

တိန်ရှမ်း၏စကားကြောင့် လုယိလုံ နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

"သွေးဆိုးမိန်းကလေးက ခင်ဗျားရဲ့အဘိုးကို တိုက်ခိုက်ခဲ့တယ်၊ ခင်ဗျားတို့ ထိုက်ယန်ဂိုဏ်းက ညီအစ်ကိုတွေကို စော်ကားခဲ့တယ်၊ သူ့ကို ဆုံးမဖို့ ခင်ဗျားစိတ်မကူးဘူးလား"

လုယိလုံက အေးစက်စက် လေသံဖြင့် ပြန်ပြောလိုက်လေသည်။

"ကျုပ် တာမင်သက်သက် သူ့ကို ရန်မရှာပါဘူး"

"မတော်တဆ တွေ့ဆုံခဲ့ရင်ကော"

တိန်ရှမ်းက ထပ်မေးလာသဖြင့် လုယိလုံမှာ သံသယဖြစ်သွားသည်။

"ခင်ဗျားပြောတဲ့ သွေးဆိုးမိန်းကလေး အညီနားမှာ ရှိနေသလိုပဲ"

"ထုတ်တယ် ရှိနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လုယီလုံ၏ဦးနှောက်ထဲသို့ အတွေးတစ်ခုက ဝင်လာလေသည်။

"ငါတွေ့ခဲ့တဲ့ စန္ဒကူမ်းချင်းဟာ ဒွေးဆိုးမိန်းကလေးများ ဖြစ်နေမလား" ဟို မဖြစ်နိုင်ပါဘူး၊ ဟိုမိန်းမက ရက်စက်ကြမ်းကြုတ်တယ်၊ စန္ဒကူမ်းချင်းက နူးညံ့ပျော့ပျောင်းပြီး လှပတယ်၊ မဖြစ်နိုင်ပါဘူး"

တိန်ရှမ်းက လုယီလုံ တွေဝေနေသည်ကို တွေ့လိုက်ရသဖြင့်. . .

"ခင်ဗျားကြည့်ရတာ ဒွေးဆိုးမိန်းကလေးကို နာမည်ကြားရုံနဲ့ ကြောက်နေပြီ ထင်တယ်"

ဟု ပြော၏။

လုယီလုံက. . .

"ကျွန်ုပ် မကြောက်ပါဘူး၊ ကျွန်ုပ်နဲ့ ရန်ငြိုး ရှိတာမှန်တယ်၊ အဲဒါလဲ သိပ်မကြီးကျယ်ဘူး၊ နောက်ပြီး သူက ကျွန်ုပ်အဘိုးကို တိုက်ခိုက်တာ မှန်တယ်၊ အဘိုးလဲ အိမ်ကို ရောက်နေပြီ၊ သည်ကိစ္စကို ရေကြီးခွင်ကျယ် လုပ်မနေတော့ပါဘူး"

တိန်ရှမ်းက မသိမသာ သက်ပြင်းချလိုက်၏။

"ထားပါတော့၊ ဒါဆိုရင်လဲ ခင်ဗျားရဲ့ ထိုက်ယန်ဂိုဏ်းက ညီအစ်ကိုတွေကို စော်ကားတာရော သည်အတိုင်း ကြည့်နေမှာလား"

"ထိုက်ယန်ဂိုဏ်းအတွက် ဖြေရှင်းဖို့ ဂိုဏ်းချုပ် ရှိနေတာပဲ"



"ကောင်းပြီ တော်ကြာမှ ဒွေးဆိုးမိန်းကလေးကိုယ်တိုင်လာပြီး ရန်စမှ ခင်ဗျားကြောင့် ထိုက်ယန်ဂိုဏ်း သိက္ခာကျကုန်တော့မယ်"

"သူက ကျွန်ုပ်နဲ့ သိတောင် မသိဘဲ ရန်စမှာလားဗျ"

"ကဲ. . . ခင်ဗျားကို ကျွန်ုပ် အမှန်အတိုင်း ပြောမယ်၊ သူက ကျွန်ုပ်နဲ့ယှဉ်ပြိုင်ဖို့ မနက်ဖြန်ည ချိန်းထားတယ်၊ အဲသည်တော့ ခင်ဗျားက လက်ပိုက်ကြည့်နေမှာလား"

"ဒါဆိုရင် သူ ဘယ်လောက် ရက်စက်တယ်ဆိုတာ ကျွန်ုပ်ကြည့်ရဦးမယ်၊ ကျွန်ုပ်က သိုင်းပညာမှာ ခင်ဗျားလောက် အတွေ့အကြုံ မရှိသေးတော့ ကူညီနိုင်ပါ့မလား မသိဘူး"

လုယီလုံက မယုတ်မလွန် ပြန်ပြောလိုက်၏။

"ကဲ. . . ဒါဆိုရင် ခင်ဗျားကို ကျွန်ုပ်မိတ်ဆွေတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ်၊ သူတို့က ကျွန်ုပ်နဲ့တူတူ ဒွေးဆိုးမိန်းကလေးကို ယှဉ်ပြိုင်ဖို့ လာကြလိမ့်မယ်ဗျ"

သူ ပြောပြောဆိုဆိုဖြင့် လုယီလုံ၏လက်ကို ဆွဲကာ ပြအင်းပေါက်မှ ခုန်ထွက်သွားလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## ဝက်ပါသိုင်း

လရောင်သည် အလွန်မှေးမှိန်နေ၏။

ကြယ်ကလေးများ တျိုးတိုးတျဲတဲ ဖြစ်နေသည်။

တလောကလုံး မှိုင်းမှောင်နေသည်။

အလင်းရောင် မပီပြင်ပါ။

တိုနီရှမ်းသည် လုယိလုံ၏လက်ကို ဆွဲကာ ရွာအပြင်သို့ ပြေးလွှားသွားသည်။

ရွာပြင် ရောက်သွားသောအခါ အဝေးမှ မီးပွင့်ကလေးများ မှိတ်တုတ်မှိတ်တုတ် လင်းနေသည်ကို တွေ့ရသည်။

တိုနီရှမ်း မီးပွင့်လေးများ လင်းနေသော နေရာသို့ ပြေးလွှားသွားသည်။

အတန်ကြာ ပြေးသွားမိသောအခါ လေချွန်သံတစ်ချက်ကို ကြားလိုက်ရသည်။

တိုနီရှမ်း ခြေလှမ်း ရပ်လိုက်သည်။

ဆိုးနေ၏...



လက်ခုပ်တီးလိုက်သည်။

သချိုင်းရှကြားမှ လူလေးယောက် ထွက်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူစုသည် လုယိလုံကို သေချာကြည့်လိုက်ကြ၏။

လူပေါင်း လေးယောက် ဖြစ်သည်။

ထိုလူလေးယောက်က အနားသို့ ရောက်လာ၏။

ထိုအခါ တိုနီရှမ်းက လှမ်းနှုတ်ဆက်လိုက်သည်။

လုယိလုံအား ထိုလူစုနှင့် မိတ်ဆက်ပေးလိုက်လေ၏။

ပထမဆုံးလူမှာ သိုင်းသမားကြီး ချိုတိန် ဖြစ်သည်။

ဒုတိယလူမှာ ဖန်ကျောင်း ဖြစ်သည်။

တတိယလူမှာ အသက်ငယ်သော လီရှောင် ဖြစ်သည်။ နောက်ဆုံးလူမှာ ချင်းရှောင် ဖြစ်သည်။

ထိုလူ လေးယောက်စလုံး သိုင်းလောက၌ ကျော်ကြားသူများ ဖြစ်ကြသည်။

လုယိလုံသည် ထိုလူစုကို အကဲခတ်ပြီး အသော့ကျစရာ မကောင်းကြောင်း နားလည်လိုက်သည်။

ထိုလူ လေးယောက်သည် တရားမျှတသော သိုင်းသမားများ မဟုတ်ပါ။

သူတို့အားလုံး နာမည်ဆိုးဖြင့် ကျော်ကြားသူများ ဖြစ်ကြသည်။

တိုနီရှမ်းက မည်သည့်အကြောင်းကြောင့် ထိုလူစုကို ရှာသည်ဟားကြောင်း သူနားမလည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တိန်ရှမ်းသည် ထိုလူစုကို တစ်ချက်ကြည့်ပြီး . . .

"အစ်ကိုကြီးအစ်း ရောက်မလာသေးပါလား"

ထိုအခါ ဖန်ကျောင်းက ပြုံးလိုက်ပြီး . . .

"သူ မနက်ဖြန်ည ရောက်မယ် ပြောပါတယ်"

တိန်ရှမ်းသည် အံ့ဩမြင်းတစ်ချက်ချရှိုက်ပြီး . . .

"ဒါနဲ့ အစ်ကိုကြီးမာန်ရှေး . . ."

"အစ်ကိုကြီးက အရေးပေါ်ကိစ္စ ရှိလို့ မလာနိုင်ပါဘူး"

"တော်သေးတာပေါ့ သူပါလို့ ခုနစ်ယောက် ပြည့်သွားပါပြီ"

လုယိလုံမှာ အသာယာပင် နားထောင်နေသည်။

တိန်ရှမ်း ဘာလုပ်နေသည်ကို သူနားလည်ခြင်း မရှိသေးပါ။ တိန်ရှမ်းက သူ့အား ပြုံးပြပြီး . . .

"မနက်ဖြန်ညမှာ သွေးဆိုးမိန်းကလေးနဲ့ ယှဉ်ပြိုင်ဖို့ စုပေါင်းသိုင်းကွက် ကြိုတင်လေ့ကျင့်ထားရမယ်"

ထိုစကားကြောင့် လုယိလုံ မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လို စုပေါင်းသိုင်းကွက် ဟုတ်လား"

"အဲ့ဒီလိုပါ ကျုပ်တို့ဟာ သွေးဆိုးမိန်းကလေးနဲ့ တစ်ဦးချင်း အနိုင်ယူလို့ မရမှန်း သိပါတယ်၊ ဒါကြောင့် သည်စုပေါင်းသိုင်းကွက်တစ်ခုကို ကြိုတင်စီမံထားတယ်၊ အဲဒါက ခုနစ်ယောက်ရှိမှ ဖြစ်မယ်"

လုယိလုံက တိန်ရှမ်း၏စကားကို စိတ်ဝင်စားစွာ နားစွင့်နေသည်။



"ကျုပ်တို့ သည်သိုင်းကွက်ကို ကြိုတင်ပြီး လေ့ကျင့်ပြီးပါပြီ အခုတော့ အစ်ကိုကြီးမာန်ရှတ်တရက် မလာနိုင်လို့ ခင်ဗျားကို ကြိုတင်လေ့ကျင့်ပေးထားမှ ဖြစ်မယ်"

လုယိလုံ မျက်မှောင်ကြုတ်သွားပြီး . . .

"ဖြစ်ပါ့မလား"

တိန်ရှမ်း ရယ်မောပြီး . . .

"ဖြစ်ပါတယ်၊ ခင်ဗျားရဲ့ အခြေခံ အင်မတန် ကောင်းတာပဲ နည်းနည်းလေ့လာလိုက်ရင် တတ်သွားမှာပါ"

"ထားပါတော့၊ ကျုပ်အပါအဝင် လူခြောက်ယောက်ဝဲနဲ့တော့ ဘယ်လိုလုပ်မလဲ"

"ကျုပ်တို့ရဲ့အစ်ကိုကြီး မနက်ဖြန်ည ရောက်လာမှာပါ၊ သည်စုပေါင်းသိုင်းကွက်ကို သူတီထွင်ခဲ့တာ၊ ဒါကြောင့် သူ့ကို စောင့်စရာ မလိုဘူး"

လုယိလုံ ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့်လဲ လုပ်ပါဗျာ၊ ကျုပ်ကတော့ ခင်ဗျားတို့ ခိုင်းသလို လုပ်မှာပဲ"

တိန်ရှမ်းက ခြောက်ယောက်စလုံးကို စက်ဝိုင်းတစ်ခုပုံ နေရာယူစေသည်။

ထို့နောက် . . .

သိုင်းကွက်၏ သဘောတရားကို ရှင်းပြလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"သိုင်းကွက်ရဲ့ အစွမ်းထက်တဲ့ အရည်အချင်းဟာ အချိန်တိကျဖို့ လိုပါတယ်၊ သိုင်းကွက်နောက်ကျရင် ရန်သူ ခုခံဖို့ အချိန်ရသွားမယ်၊ စောရင်လဲ ရန်သူ ပြန်လည်တိုက်ခိုက်နိုင်တယ်၊ ဒါကြောင့် အချိန်တိကျ မှန်ကန်ဖို့ အရေးကြီးပါတယ်"

သူ့စကားကို ခဏရပ်ပြီး ဆက်ပြောလိုက်၏။

"ကျုပ်တို့ ခုနစ်ယောက်ဟာ ထိပ်တန်းသိုင်းသမားတွေပါ၊ ဒါပေမယ့် သွေးဆိုးမိန်းကလေးဟာ တိုက်ခိုက်တဲ့နေရာမှာ လျင်မြန်တယ်၊ ဒါကြောင့် ကြိုတင်လေ့ကျင့်ထားမှ ဖြစ်မယ်"

"အခု ကျုပ်တို့ ခုနစ်ယောက်အနက် သုံးယောက်က ရှေ့တန်း၊ သုံးယောက်က နောက်တန်း၊ အလယ်က ခေါင်းဆောင် နေရာယူထားရမယ်၊ ခေါင်းဆောင်က ဘယ်လို တိုက်ခိုက်ရမယ်ဆိုတာ အမိန့်ပေးလိမ့်မယ်"

"ကျုပ် လေ့လာမိသလောက် အစွမ်းထက်တဲ့ အရည်အချင်း မတွေ့ပါလား"

တိန်ရှမ်း ရယ်မောလိုက်သည်။

"သည်လိုပဲ လူခြောက်ယောက်ဟာ တိုက်ခိုက်နေတုန်း ရှေ့သုံးယောက် နောက်သုံးယောက် အမြဲတမ်း ပြောင်းလဲနေပါတယ်၊ ဒါကြောင့် အလွယ်တကူပဲ အကွက်ကောင်းကို စောင့်ပြီး တိုက်ခိုက်နိုင်ပါတယ်၊ ဒါကြောင့် ရန်သူဟာ အနားယူဖို့ အချိန်မရဘူး။ ကြာရင် မောလာတတ်ပါတယ်"

တိန်ရှမ်းက သူတို့၏ စုပေါင်းတိုက်ကွက်ကို ယုံကြည်မှု အပြည့်ဖြင့် ကြည့်လိုက်သည်။



တိန်ရှမ်းက ပြောပြီး လက်တွေ့လေ့ကျင့်လိုက်လေသည်။

သူ၏လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်နှင့် ရှေ့တန်းနေရာယူထားသော လူသုံးယောက် သိုင်းကွက်တစ်ကွက်စီဖြင့် တိုက်ခိုက်လိုက်သည်။

ထို့နောက် ချက်ချင်း နောက်ဆုတ်သွားလေသည်။

နောက်တန်းမှ သုံးယောက် ချက်ချင်းပင် ရှေ့မှ သုံးယောက် နေရာဝင်ယူပြီး တိုက်ခိုက်လိုက်ကြသည်။

ထိုစဉ်. . .

တိန်ရှမ်းက လက်တစ်ဖက် မြှောက်ပြလိုက်သည်။

တစ်ပြိုင်နက် ရှေ့တန်းမှ လူသုံးယောက်စီ ဘယ်ညာနေရာယူလိုက်သည်။

ခြောက်ယောက် ပြိုင်တူ ရှေ့တက်ကာ သိုင်းကွက်သစ်တစ်ကွက်ချင်း တိုက်ခိုက်လိုက်ပြီးနောက် လေးထောင့် အနေအထားသို့ ပြောင်းလဲလိုက်ကြလေသည်။

လုံးဝလိုလို ညာဏ်ကောင်းသော လူတစ်ယောက် ဖြစ်လေသည်။

အတန်ကြာ လေ့ကျင့်လိုက်သည်နှင့် ထိုသိုင်းကွက်သည် အစွမ်းထက်သော သိုင်းကွက် ဖြစ်ကြောင်း နားလည်လိုက်လေသည်။

သူသည် တိန်ရှမ်း ပြောသော အစ်ကိုကြီး ဖြစ်သူကို [illegible] နှုတ်ကျုးလိုက်လေသည်။

www.burmeseclassic.com



ယခုအတိုင်းဆို သွေးဆိုးမိန်းကလေးကို ကောင်းစွာ ဒုက္ခပေးနိုင်ကြောင်း ခန့်မှန်းမိလေသည်။

သူတို့ မိုးလင်းခါနီးမှ လေ့ကျင့်ခြင်းကို ရပ်တန့်လိုက်သည်။

သူတို့၏လေ့ကျင့်မှုကို တိန်ရှမ်း ကျေနပ်သွားလေသည်။

"သည်လောက်ဆို တော်ပြီ၊ ကျုပ်တို့ ပြန်ကြမယ်၊ မနက်ဖြန်သန်းခေါင်ယံအချိန်မှာ ပြန်ဆုံမယ်"

သူ့စကားမဆုံးမီ ရယ်မောသံတစ်ချက် ကြားလိုက်ရလေသည်။

တိန်ရှမ်း မျက်မှောင်ကြုတ်ပြီး အသံလာရာသို့ ပြေးလွှားသွားလိုက်သည်။

သို့သော် လူရိပ် မတွေ့ရပါချေ။

"သွေးဆိုးမိန်းကလေး ကျုပ်တို့ကို လာရယ်တာ ဖြစ်ရမယ်"

ဖန်ကျောင်းက ပြောလိုက်သည်။

ချင်းရှောင်က ခေါင်းခါယမ်းပြီး. . .

"မဟုတ်နိုင်ဘူး၊ ဒါ မိန်းမအသံ မဟုတ်ဘူး"

"တို့ နားကြားလွဲတာ ဖြစ်မှာပါ"

"ဘယ်သူဖြစ်ဖြစ် ဂရုမစိုက်ဘူး၊ မနက်ဖြန်ည သွေးဆိုးမိန်းကလေး ဖြစ်ဖို့ သေချာသွားပြီ"

ထိုသို့ ပြောပြီး လူစုခွဲလိုက်ကြလေတော့သည်။

❋ ❋ ❋



ထိုက်ယန်တောင်ကုန်းသည် အလွန်မြင့်မားသော တောင်ကုန်း ဖြစ်သည်။

လူသွားလူလာနည်းပြီး တောင်တက်လမ်းမှာ ကြမ်းသင်းလှပေသည်။

ထို့ကြောင့်. . .

ထိုတောင်ကုန်းတွင် အဖြူလူပြတ်လေ့ ရှိသည်။

လုယိလုံနှင့် တိန်ရှမ်းတို့သည် သိုင်းသမားများပီပီ အခက်အခဲမရှိ တောင်ကုန်းပေါ်သို့ ရောက်ရှိသွားကြသည်။

သူတို့သည် တောင်ကုန်းပေါ် ရောက်ရှိသွားကြသောအခါ လဝန်းသည် ကောင်းကင်အလယ်တည့်တည့်သို့ မရောက်သေးပါ။

သူတို့ ရောက်ရှိသွားသော အချိန်တွင် ချင်းရှောင်တို့လေးယောက်မှာ ထိုတောင်ကုန်းပေါ်တွင် ကြိုတင်ရောက်ရှိနေသည်ကို တွေ့ရလေသည်။

သူတို့ မျက်နှာပေါ်တွင် စိုတ်လှုပ်ရှားသော အမူအရာများ ပေါ်လွင်နေသည်။

တိန်ရှမ်း၏တစ်ကိုယ်လုံး ချွေးများ စို့ရွှဲနေသည်။

သူတို့လူစု သွေးဆိုးမိန်းကလေး အလာကို ရင်တထိတ်ထိတ်ဖြင့် စောင့်နေလေသည်။

အချိန် တဖြည်းဖြည်း ကုန်ဆုံးသွားသည်။

လဝန်းမှာ ကောင်းကင်အလယ်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းရှောင်က ကောင်းကင်ကို မော့ကြည့်လိုက်လေသည်။

ပြီးလျှင်. . .

"သွေးဆိုးမိန်းကလေးရဲ့ အရိပ်အယောင်တောင် မတွေ့ရပါလား"

ဟု ပြောလိုက်သည်။

ထိုအခါ. . .

ချိုဆိန်က ခေါင်းခါယမ်းလိုက်သည်။

"သွေးဆိုးမိန်းကလေးက ကတိတည်ပါတယ်၊ အစ်ကိုကြီးအင်း အချိန်မီ ရောက်မလာမှာကိုပဲ စိုးရိမ်မိတာပါ"

တိန်ရှမ်းက နှစ်သိမ့်ပြုံး ပြုံးပြလိုက်သည်။

"အစ်ကိုကြီး အချိန်မီ ရောက်လာမှာပါ"

ဟု ပြော၏။

ထိုစဉ်. . .

အေးစိမ့်သော ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားရလေသည်။

သူတို့အားလုံး အသံလာရာသို့ မော့ကြည့်လိုက်မိလေသည်။

အမျိုးသမီးတစ်ယောက် တောင်ပေါ်မှ ဆင်းလာသည်ကိုတွေ့ရလေသည်။

ထိုအမျိုးသမီး၏ လှုပ်ရှားမှုမှာ လျင်မြန်လွန်းလှပေသည်။



ခဏကြာမှာပင်. . .

သူတို့ အနားသို့ ရောက်ရှိလာလေသည်။

တိန်ရှမ်းတို့ ပြိုင်တူရပ်လိုက်ကြသည်။

လုယိလုံ ပြေးလွှားရောက်ရှိလာသော မိန်းကလေးအား အတဲခတ်ကြည့်လိုက်သည်။

မိန်းကလေး မျက်နှာမြင်သည်နှင့် လုယိလုံ မျက်လုံးအစုံ မှုန်ကုပ်သွားသည်။

ထိုမိန်းကလေးသည် သူနှင့် ရင်းနှီးခဲ့သော မိန်းကလေး ဖြစ်သည်။

ထိုစဉ်က. . .

မိန်းကလေးသည် အလွန်သနားဖွယ်ကောင်းသော မိန်းကလေးအသွင်ဖြင့် တွေ့ခဲ့ရသည်။

ယနေ့ညတွင် စန့်ကွမ်းချင်းသည် သနားစရာကောင်းသောအသွင် မဟုတ်ပါ။

သိုင်းလောကသားများ အလွန်ပင် ကြောက်ရွံ့ထိတ်လန့်နေရသော သွေးဆိုးမိန်းကလေးအသွင် ဖြစ်နေသည်။

လုယိလုံသည် သူမအား မိတ်ဆွေရင်းချာပမာ အသိအမှတ်ပြုမည်ဟု ကတိပြုထားသည်မှာ တစ်ရက်သာ ရှိသေးသည်။

ယခု. . .

သူမနှင့် ရန်သူအဖြစ် တွေ့ရလိမ့်မည်ဟု မထင်မိချေ။

သွေးဆိုးမိန်းကလေး အေးဆေးစွာ လျှောက်လာနေရာ

www.burmeseclassic.com



မှ သူမ၏မျက်လုံးက အမှတ်မထင် လှယ်လှဲ့ ရောက်သွားလေသည်။

တိုအခါ. . .

သူမ မျက်နှာပျက်ပြီး မျက်ရည်များ ဝဲလာသည်ကို တွေ့ရလေသည်။

တိန်ရှမ်းသည် သွေးဆိုးမိန်းကလေး၏ မျက်ရည်ကို တွေ့ သာအခါ ဖွံ့ဪသွားလေသည်။

ပထမပိုင်း ပြီး၏။

ဒု-ဇာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၄ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၂၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်တင်တင်အေး (ရွက်စိမ်း စာပေ)
အမှတ် ၄၃ (A)၊ ၄ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



## မျက်ရည်၊ အပြုံးနှင့် သေမင်း

သွေးဆိုးမိန်းကလေး အဘယ်ကြောင့် မျက်ရည်ဝဲလာရပါသနည်း။

လီရှောင်က သွေးဆိုးမိန်းကလေးကိုပြုံး၍ကြည့်လိုက်သည်။

ပြီးလျှင်. . .

"သွေးဆိုးမိန်းကလေး. . . ခင်ဗျား ကျုပ်တို့ကို အသာတကြည် အရှုံးပေးလိုက်ပါ"

လီရှောင်၏စကားကြောင့် သွေးဆိုးမိန်းကလေး မျက်နှာပျက်သွား၏။

သို့သော်. . .

ချက်ချင်းပင် မျက်နှာပြင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ရဲ့စေတနာကို ကျေးဇူးတင်ပါတယ်"

သွေးဆိုးမိန်းကလေး ပြုံးရယ်လာသည်ကို တွေ့ရသောအခါ တိန်ရှမ်း ထိတ်လန့်တကြား လက်ကာပြလိုက်လေသည်။

"သွေးဆိုးမိန်းကလေး . . . ခင်ဗျား ကတိတည်ပါ၊ ကျုပ်တို့လူမစုံသေးဘူး"

တိန်ရှမ်း စကားမဆုံးပါချေ။

ရုတ်တရက် . . .

"အား"

လီရှောင်မှာ သူ့ဝမ်းဗိုက်ကို လက်နှစ်ဖက်ဖြင့်ဖိကာ စူးရှစွာ အော်ဟစ်လိုက်လေသည်။

သွေးဆိုးမိန်းကလေးက လက်နက်ပုန်းဖြင့် ပစ်လိုက်ခြင်းဖြစ်ပေသည်။

လီရှောင်မှာ အလွန်နာကျင်နေလေသည်။

ချင်းရှောင်သည် လီရှောင်၏ဝမ်းဗိုက်တွင် စိုက်ဝင်နေသော အပ်ကလေးများကို ဆွဲနှုတ်လိုက်သည်။

သွေးဆိုးမိန်းကလေး ပြုံးလိုက်ပြီး . . .

"ရှင် ယောကျ်ားမဟုတ်ဘူးလား"

လီရှောင် ရှက်ပြီး နောက်ဆုတ်သွားလေသည်။

သွေးဆိုးမိန်းကလေးသည် တိန်ရှမ်းတို့လူစုကို တစ်ချက်ကြည့်ပြီး . . .

"ကျွန်မ ဘာကြောင့်မျက်ရည်ကျတာလဲဆိုတာ ရှင်တို့သိသလား"



ဟု မေးလိုက်သည်။

တိန်ရှမ်း ခေါင်းခါလိုက်ပြီး . . .

"မသိဘူး"

ဟု ပြောလိုက်သည်။

သွေးဆိုးမိန်းကလေးက . . .

"ရှင်တို့ သေရမှာကို ဝမ်းနည်းမိလို့ပါ၊ အထူးသဖြင့် ကျွန်မနဲ့မိတ်ဆွေဖြစ်ခဲ့တဲ့လူပါ ပါနေလို့ စိတ်မကောင်းဖြစ်ပြီး မျက်ရည်ကျတာပါ"

သွေးဆိုးမိန်းကလေး၏စကားကို လုယိလုံ ကောင်းစွာနားလည်လိုက်လေသည်။

သူသည် သွေးဆိုးမိန်းကလေးအတွက် စိတ်မကောင်းဖြစ်သွားမိလေသည်။

ထို့ကြောင့် . . .

"သွေးဆိုးမိန်းကလေး . . . မင်းလိုချောမောလှပတဲ့ မိန်းကလေးက ဘာကြောင့် လူတွေကို ရက်ရက်စက်စက် သတ်ချင်ရတာလဲ"

ဟု မေးလိုက်၏။

လုယိလုံ၏အမေးကို သွေးဆိုးမိန်းကလေးက မည်သို့မျှ ပြန်မပြောပါ၊

လုယိလုံကိုသာ ကြည့်နေ၏။

လုယိလုံ ခေါင်းခါယမ်းလိုက်သည်။

ပြီးလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်ပဲဖြစ်ဖြစ် မင်း သည်ညတော့သေရမှာပဲ"

ဟုညည်းတွားလိုက်၏။

သွေးဆိုးမိန်းကလေးသည် လုယိလုံ၏စကားကြောင့် ထိတ်လန့်လှုပ်ရှားသွား၏။

ထို့နောက်. . .

လုယိလုံကို မျက်လုံးပြူးဖြင့် စိုက်ကြည့်ကာ. . .

"ရှင်. . . ရှင်"

သူမ စိတ်မကောင်းဖြစ်သွား၍ စကားပင်ထစ်သွားလေသည်။

လုယိလုံမှာ သူမအပေါ် လိမ်ညာသည်ဟု ထင်သွားမိလေသည်။

ထို့ကြောင့်. . .

ဒေါသထွက်ကာ ဓားကိုဆွဲထုတ်လိုက်သည်။

"ချွမ်း"

တစ်ဆက်တည်းပင်. . .

"ကဲ. . . အချိန်ကျပြီ၊ ကျွန်မ မစောင့်နိုင်တော့ဘူး"

ဟု ပြောလိုက်သည်။

ဓားတစ်ချက်ဝှေ့ယမ်းကာ တိန်ရှမ်းကို စတင်တိုက်ခိုက်လိုက်သည်။

တိန်ရှမ်းက သူမ၏တိုက်ခိုက်မှုကို လျင်မြန်စွာဖြင့် ခုခံလိုက်သည်။

ထိုအခါ. . .



ချင်းရှောင်က ဘယ်ဘက်မှ ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

လီရှောင်ကမူ သွေးဆိုးမိန်းကလေးအား ညာဘက်မှ တိုက်ခိုက်လိုက်သည်။

သွေးဆိုးမိန်းကလေးက လျင်မြန်စွာ ရှောင်တိမ်းလိုက်သည်။

ဓားဖြင့်လည်း ချိုထိန်ထံသို့ တဟုန်ထိုး ထိုးသွင်းလိုက်သည်။

ဤတွင်. . .

ဖန်ကျောင်းက သူမအား အလစ်ဝင်ရောက် တိုက်ခိုက်လိုက်သည်။

သွေးဆိုးမိန်းကလေးက လုယိလုံထံသို့ ပြန်ဝင်တိုက်ခိုက်လိုက်သည်။

လုယိလုံ ထိတ်လန့်သွားသည်။

သူက ချက်ချင်းပင် အပေါ်သို့လျင်မြန်စွာ ရှောင်တိမ်းလိုက်သည်။

သွေးဆိုးမိန်းကလေး၏ဓားက သူ့ခြေထောက်အောက်မှဖြတ်သွားသည်။

အမှန်တော့ သွေးဆိုးမိန်းကလေးသည် အခြားသူများထက် လုယိလုံအား ညှာတာစွာ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်လာ၏။

ထိုအခါ. . .

တိန်ရှမ်းက. . .

"ဝက်ပါသိုင်းကွက်"

ဟု အော်ဟစ်လိုက်သည်။

တစ်ဆက်တည်းပင် သူတို့ကြိုတင်၍ လေ့ကျင့်ထားသည့်အတိုင်း ဝက်ပါသိုင်းကွက်ကို ပုံဖော်ပြီး သွေးဆိုးမိန်းကလေးအား ဝိုင်းရံထားလိုက်ကြလေသည်။

သွေးဆိုးမိန်းကလေး အနည်းငယ်မျှ စိုးရွံ့သွားမိလေသည်။

သူမက ဓားကိုတင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်ပြီး တိန်ရှမ်းတို့အား ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။

သို့သော်. . .

သူမက တိန်ရှမ်းတို့၏သိုင်းကွက်အား ထိုးဖောက်နိုင်ခြင်း မရှိပါ။

တစ်ကြိမ်မျှ ဤသို့မဖြစ်ခဲ့ဖူးသဖြင့် သူမ ဒေါသထွက်သွားလေသည်။

ချက်ချင်းပင် သူတို့ခြောက်ယောက်အား ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

တိန်ရှမ်းတို့ခြောက်ယောက်သည် တစ်ဦးနှင့်တစ်ဦး ညီညာစွာတိုက်ခိုက်နိုင်သည်။

ထို့ကြောင့်. . .



သူမ၏ ပြင်းထန်စွာတိုက်ခိုက်မှုကို ကြံ့ကြံ့ခံနိုင်ခဲ့လေသည်။

လုယိလုံသည် တိုက်ခိုက်နေသော်လည်း အင်အားမပါချေ။

သူသည် သွေးဆိုးမိန်းကလေးအား ရက်ရက်စက်စက် မတိုက်ခိုက်လိုပါချေ။

ထို့ကြောင့်. . .

ညှာတာစွာ တိုက်ခိုက်နေခြင်းဖြစ်သည်။

အတန်ကြာသောအခါ သွေးဆိုးမိန်းကလေးက တိန်ရှမ်းတို့၏သိုင်းကွက်အား မထိုးဖောက်နိုင်သဖြင့် ဒေါသထွက်လာသည်။

သူမ၏မျက်နှာမှာလည်း ခက်ထန်လာ၏။

တိန်ရှမ်းတို့အား စူးရှစွာကြည့်ကာ. . .

"ရှင်တို့ကိုညှာနေတာ မသိဘူး၊ သည်တော့ ကျွန်မ ရက်စက်မှဖြစ်မယ်"

ဟု အော်ပြောက်လိုက်၏။

ထိုစဉ် လေချွန်သံတစ်ချက် ကြားလိုက်ရ၏။

တစ်ချိန်တည်းပင် လူတစ်ယောက် တောင်ကုန်းပေါ်မှ ပြေးဆင်းလာလေသည်။

နှုတ်မှလည်း. . .

"သွေးဆိုးမိန်းကလေး. . . ဘာကြောင့် ကတိဖျက်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလာ၏။

တိန်ရှမ်းသည် ထိုလူအားမြင်လိုက်သည်နှင့် အချက်ပြလိုက်လေသည်။

တိန်ရှမ်း၏လူများသည် တိုက်ခိုက်ရာမှ ရုတ်တရက် ရပ်တန့်လိုက်ကြသည်။

တစ်ပြိုင်နက်တည်းပင် ခြောက်ယောက်စလုံး နောက်ဆုတ်သွားလေသည်။

ဤတွင်. . .

သွေးဆိုးမိန်းကလေးကလည်း နောက်သို့ဆုတ်သွားလေသည်။

လုယိလုံက ပြေးဆင်းလာသောလူကို ကြည့်လိုက်လေသည်။

ထိုအခါ. . .

ပိန်ပိန်ပါးပါးခန္ဓာကိုယ်ရှိသော အဘိုးအိုတစ်ယောက်ကိုတွေ့ရလေသည်။

သွေးဆိုးမိန်းကလေးက ရယ်မောလိုက်ပြီး. . .

"ကျွန်မ ကတိမတည်တာမဟုတ်ဘူး၊ ရှင် အချိန်နောက်ကျတာ၊ အချိန်ပြည့်သွားလို့ ကျွန်မ စ,တိုက်တာ"

ဟု ပြောလိုက်၏။

သူမ၏စကားကြောင့် အဘိုးအိုက ကောင်းကင်ကိုမော့ကြည့်လိုက်သည်။

လဝန်းသည် အနောက်ဘက်သို့ အနည်းငယ်စောင်းနေ



သည်ကို တွေ့ရလေသည်။

ရုတ်တရက်. . .

"ဟား. . . ဟား. . . ဟား"

အဘိုးအိုက အားပါးတရ သဘောကျစွာ ရယ်မောလိုက်သည်

ပြီးလျှင် သွေးဆိုးမိန်းကလေးအားကြည့်ကာ. . .

"ကျုပ် သည်ကိုရောက်နေတာ ကြာနေပါပြီဗျာ"

ဟု ပြော၏။

ထိုစကားကြောင့် သွေးဆိုးမိန်းကလေးက မျက်မှောင်ကြုတ်သွားသည်။

အဘိုးအိုကို သေချာစွာကြည့်လိုက်ပြီး. . .

"ဒါဖြင့် ရှင်က တိုက်ပွဲကိုရပ်ကြည့်နေတယ်ပေါ့ ဟုတ်လား"

ဟု မေးလိုက်သည်။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ခင်ဗျားက ကျုပ်တို့လူခြောက်ယောက်ကို မနိုင်ဘူးဆိုတော့ ကျုပ်ဝင်ပါရင် ခင်ဗျား ဘယ်လိုဖြစ်သွားမလဲ"

ဟု ပြန်မေး၏။

အဘိုးအို၏စကားကြောင့် လုယိလုံ မကျေမနပ်ဖြစ်သွားလေသည်။

သို့သော်. . .

www.burmeseclassic.com

www.burmeseclassic.com



သွေးဆိုးမိန်းကလေးက မဲ့ပြုံးပြုံးပြီး. . .

"ရှင် လူယုတ်မာ၊ သည်လူတွေကို ရှင်ဘယ်လိုလိမ်ညာပြီး ခေါ်လာတာလဲ"

မေးလိုက်၏။

ချင်းရှောင်နှင့် ချီထိန်တို့သည် သွေးဆိုးမိန်းကလေး၏ စကားကို ကြားလိုက်ရသောအခါ ရင်ထဲလှုပ်ရှားသွားလေသည်။

အဘိုးအို မျက်နှာပျက်သွား၏။

သို့သော်. . .

ချက်ချင်းပင် ကမန်းကတန်း ကာကွယ်ပြောဆိုလိုက်သည်။

"သူ့စကားကို နားမထောင်နဲ့ စိတ်ဝမ်းကွဲအောင် ပြောနေတာ"

ဟု ပြောလိုက်၏။

အဘိုးအိုသည် သွေးဆိုးမိန်းကလေး ဆက်လက်မပြောနိုင်စေရန် လက်တစ်ဖက်ကို ဝှေ့ယမ်းပြလိုက်သည်။

"အခုလို အခွင့်အရေးရတုန်း ရန်သူကိုရှင်းလင်းကြစို့"

အဘိုးအိုသည် တိန်ရှမ်းတို့ကို မြှောက်ပင့်ပြောဆိုလိုက်သည်။

ထို့နောက်. . .

သွေးဆိုးမိန်းကလေးကို စတင်တိုက်ခိုက်လိုက်လေသည်။

တိန်ရှမ်းနှင့်ကျန်သောလူများသည် ဝက်ပါသိုင်းကွက်



ဖြင့်သွေးဆိုးမိန်းကလေးအား ဝိုင်းရံထားလိုက်၏။

သူတို့က ညီညာစွာဖြင့် သွေးဆိုးမိန်းကလေးအား တိုက်ခိုက်လိုက်ကြ၏။

လူခုနစ်ယောက်ရှိသဖြင့် သိုင်းကွက်သည် ပို၍အစွမ်းထက်လေသည်။

ထို့အပြင်. . .

လက်နက်ခုနစ်ခု စုံကြသဖြင့် သွေးဆိုးမိန်းကလေး စကားပင်မပြောနိုင်ပါချေ။

အချိန်ကြာလာသောအခါ သူမ မောဟိုက်လာလေတော့သည်။

အဆက်မပြတ်ဘဲ တရစပ်တိုက်ခိုက်နေသော သိုင်းကွက်များကြောင့် သူမ မတတ်သာတော့ပါချေ။

သို့သော်. . .

ထိုခုနစ်ယောက်အနက် လုယိလုံသည် ဟန်ပြသာ တိုက်ခိုက်နေကြောင်း တွေ့ရသည်။

ထို့ကြောင့်. . .

လုယိလုံဘက်မှ ထိုးဖောက်ထွက်ရန် ဆုံးဖြတ်လိုက်သည်။

သူမက ထိုသို့ဆုံးဖြတ်ချက်ချလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် လုယိလုံကို သဲသဲမဲမဲ ထိုးဖောက်ဝင်ရောက် တိုက်ခိုက်လာလေသည်။

လုယိလုံက ပြန်လည်မတိုက်ခိုက်ဘဲ ရှောင်တိမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

ထိုအခါ. . .

သူမ ပခုံးချင်းထိကာ ခုန်ထွက်ဖြတ်ကျော်သွား၏။

တစ်ဆက်တည်းပင်. . .

သူမ၏လက်တစ်ဖက်က လုယိလုံ၏ဘေးကိုင်လက်ကို ဖမ်းဆုပ်ကာ လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ရှင် ဘာဖြစ်လို့ သစ္စာဖောက်တွေကို ကူညီချင်ရတာလဲ"

လုယိလုံမှာ သူမအမေးကြောင့် ကြောင်အမ်းအမ်းဖြစ်သွား၏။

ထိုစဉ်. . .

အဘိုးအိုသည် သွေးဆိုးမိန်းကလေး၏ နောက်ကျောမှတိုက်ခိုက်လာသဖြင့် သူမက လုယိလုံ၏လက်ကို ဖြန်လွှတ်လိုက်သည်။

ဖန်ကျောင်းကလည်း သူမအား ဝင်ရောက်တိုက်ခိုက်လာသည်။

သို့သော်. . .

သူမ စက်ဝိုင်းထဲမှ ထိုးဖောက်ရုန်းထွက်သွားနိုင်လေသည်။

သွေးဆိုးမိန်းကလေးက မဲ့ပြုံးတစ်ချက်ပြုံးလိုက်လေသည်။

တစ်ဆက်တည်း သူမက လက်တစ်ဖက်ဝှေ့ယမ်းလိုက်



လေသည်။

ထိုအခါ. . .

"ရွှပ်"

"အား"

ဖန်ကျောင်း၏ စူးရှစွာအော်ဟစ်လိုက်သံ ထွက်ပေါ်လာသည်။

မှန်ပေသည်။

သွေးဆိုးမိန်းကလေး ဝှေ့ယမ်းလိုက်သော ဓားချက်တဖန်ကျောင်းအား ထိသွားသည် မဟုတ်ပါလား။

အဘိုးအို ထိတ်လန့်သွား။

သွေးဆိုးမိန်းကလေးကို ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

လုယိလုံ၏တိုက်ခိုက်အား ပျော့နေသည်ကို အဘိုးအိုတွေ့သွားလေသည်။

အဘိုးအိုက လုယိလုံအား ပြင်းထန်စွာတိုက်ခိုက်ရန်ပြောကြားလိုက်သည်။

ထိုအခါ. . .

လုယိလုံက. . .

"ဦးလေးကျင်းစုဟန် မဟုတ်လား"

ဟု မေးလိုက်သည်။

အဘိုးအိုက ရုတ်တရက် မိမိအမည်ခေါ်သည်ကိုကြားသဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ဟု လွှတ်ခနဲ ပြောမိသည်။

တစ်ပြိုင်နက်တည်းဆိုသလိုပင် လုယိလုံ၏ဓားသည် အဘိုးအိုထံသို့လှည့်ကာ တိုက်ခိုက်လိုက်လေသည်။

ထိုအဘိုးအိုသည် သစ္စာဖောက်တစ်ယောက်ဖြစ်ကြောင်း သိရှိခဲ့လေသည်။

ကျောင်းစုဟန် ထိတ်လန့်သွားပြီး နောက်ဆုတ်သွားလေသည်။

"မင်းရှူးနေလား"

ဟု မေးလိုက်သည်။

သို့သော်. . .

လုယိလုံက အဘိုးအိုအား တိုက်ခိုက်ခြင်းကို မရပ်ပါချေ။

ပို၍ပင် ပြင်းထန်သောတိုက်ကွက်များဖြင့် တရကြမ်းတိုက်ခိုက်လိုက်သည်။

ပြီးနောက်. . .

"ကျုပ် မရှူးဘူး၊ ခင်ဗျားက သစ္စာဖောက်၊ ဒါကြောင့် ကျုပ်က ခင်ဗျားကို အရင်သတ်မယ်"

ဟု ပြောလိုက်သည်။

ထိုအတူ. . .

သွေးဆိုးမိန်းကလေးကလည်း ဓားကိုတင်းတင်း ဆုပ်ကိုင်ပြီး. . .



"သေပေတော့"

ဟုကြုံးဝါးကာ အဘိုးအိုအား ပြင်းထန်စွာတိုက်ခိုက်လိုက်လေသည်။

အခြေအနေ ရှုပ်ထွေးသွားလေသည်။

သွေးဆိုးမိန်းကလေးနှင့် ပခုံးချင်းယှဉ်တိုက်ခိုက်နေသူ လုယိလုံတို့ ပြင်းထန်စွာ တိုက်ခိုက်ကြလေသည်။

တိန်ရှမ်းနှင့်ချိုထိန်က ကျောင်းစုဟန်ဘက်မှ ကာကွယ်တိုက်ခိုက်နေသည်။

လီရှောင်မှာ လုယိလုံအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ယခု. . .

အခြေအနေ တစ်မျိုးဖြစ်သွား၏။

သွေးဆိုးမိန်းကလေးနှင့် လုယိလုံတို့က ကျောင်းစုဟန်တို့ ထိပ်တန်းသိုင်းသမားခြောက်ယောက်ကို ယှဉ်ပြိုင်တိုက်ခိုက်နေကြသည်။

ထိုစဉ်. . .

တိန်ရှမ်းက အသံကျယ်လောင်စွာဖြင့်. . .

"လုယိလုံ. . . မင်းဘာကြောင့် လူဆိုးဘက်က ဝင်ပါရတာလဲ"

ဟု အော်ပြောလိုက်၏။

သွေးဆိုးမိန်းကလေးက ထိုစကားကြောင့် သဘောကျစွာပြုံးပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကော သစ္စာဖောက်တာ ကောင်းသလား"

သွေးဆိုးမိန်းကလေးနှုတ်မှ အော်ဟစ်ရင်း ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

အတန်ကြာသောအခါ သွေးဆိုးမိန်းကလေး၏ခြေ ထောက်က ဖန်ကျောင်းကို ကန်မိသွားသည်။

"ဝုန်း"

"အား"

ဖန်ကျောင်း၏ခန္ဓာကိုယ်သည် အဝေးသို့လွင့်စဉ်ပြီး နောက် တောင်အောက်သို့ ထိုးကျသွားလေသည်။

ထိုအခါ. . .

တိန်ရှမ်း ထိတ်လန့်သွားလေသည်။

ယခုအချိန် သွေးဆိုးမိန်းကလေး၏ဓားသည် အလွန် ပင်လျှင်မြန်လာလေသည်။

ပို၍ ပြင်းထန်လာလေသည်။

ထို့အပြင် လုယိလုံကလည်း ပြင်းထန်စွာတိုက်ခိုက်နေ သောကြောင့် ကျင်းစုဟန်တို့ တဖြည်းဖြည်းနောက်သို့ ဆုတ် သွားကြရလေသည်။

ထိုစဉ်. . .

သွေးဆိုးမိန်းကလေးက အော်ဟစ်ပြောဆိုလိုက်လေ သည်။

"ချင်းရှောင်နဲ့ချိုထိန်. . . ရှင်တို့ဟာ အမှန်တရားဘက် က ရပ်တည်တဲ့သူတွေပါ၊ သူ့ကိစ္စမှာ ဝင်မပါကြပါနဲ့"



ချင်းရှောင်နှင့်ချိုထိန်တို့သည် ထိုစကားကြားရသော အခါ မည်သို့မျှ တိုက်ခိုက်ခြင်းမပြုတော့ဘဲ နောက်ဆုတ် သွား ကြသည်။

ကျင်းစုဟန်သည် ချင်းရှောင်နှင့်ချိုထိန်တို့ ထွက်ခွာ သွားသည်ကို တွေ့ရသောအခါ မျက်နှာပျက်သွားလေသည်။

"ယား"

သူက မာန်သွင်းပြီး လုယိလုံတို့အား တိုက်ခိုက်ရန် ဟန် ပြင်လိုက်သည်။

သို့သော် တိုက်ခိုက်ခြင်းမပြုဘဲ တောင်အောက်သို့ ပြေးဆင်းသွားသည်။

သွေးဆိုးမိန်းကလေး မဲ့ပြုံးပြုံးလိုက်သည်။

ပြီးလျှင်. . .

"ရှင်ပြေးလို့လွတ်မလား"

ဟု အော်ငေါက်လိုက်သည်။

ထို့နောက် သူမက ဓားငယ်တစ်လက်ပစ်လိုက်ရာ ကျင်းစုဟန်၏ ကျောပြင်ကို စိုက်ဝင်သွားသည်။

"စွပ်"

"အား"

အဘိုးအိုကျင်းစုဟန်၏ စူးရှသောအော်ဟစ်သံသည် တောတောင်တစ်ခုလုံး ပျံ့နှံ့ပဲ့တင်ထပ်သွားလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## ပညာသွေးသား

သွေးဆိုးမိန်းကလေးနှင့် လုယိလုံတို့သည် တိန်ရှမ်းကို လှည့်ကြည့်လိုက်သည်။

သို့သော်. . .

သူ့ကို မတွေ့ရတော့ပါချေ။

လုယိလုံ မျက်မှောင်ကြုတ်လိုက်ပြီး. . .

"သည်လူကို လွှတ်ပေးလို့ မဖြစ်ဘူး"

သွေးဆိုးမိန်းကလေးက သူ့စကားကို ထောက်ခံဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ လိုက်သွားမှဖြစ်မယ်"

ပြောဆိုပြီး သွေးဆိုးမိန်းကလေးသည် တောင်အောက်သို့ပြေးဆင်းရန် ခြေလှမ်းပြင်လိုက်သည်။



ထိုစဉ်. . .

လူတစ်ယောက်အသံကို ကြားလိုက်ရသည်။

"လိုက်မနေနဲ့ ကျုပ်ဖမ်းထားပါတယ်"

သွေးဆိုးမိန်းကလေးက အသံလာရာသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ. . .

လူတစ်ယောက်က တိန်ရှမ်းအားထမ်း၍ တောင်ပေါ်တက်လာသည်ကို တွေ့ရလေသည်။

တောင်ပေါ်တက်လာသောလူသည် အသက်သုံးဆယ်ခန့်ရှိသော လူရွယ်တစ်ယောက်ဖြစ်သည်။

သူသည် သွေးဆိုးမိန်းကလေးအနား ရောက်သောအခါ တိန်ရှမ်းအားမြေပေါ် သို့ ပစ်ချလိုက်သည်။

ထို့နောက်. . .

သွေးဆိုးမိန်းကလေးကို တစ်ချက်ကြည့်လိုက်ပြီး. . .

"မင်းက သွေးဆိုးမိန်းကလေးဖြစ်ရမယ်၊ သူက ဘယ်သူလဲ"

"ဟုတ်တယ်၊ ကျွန်မက သွေးဆိုးမိန်းကလေးပါပဲ"

"ကျုပ်က လုယိလုံပါ၊ ခင်ဗျားနာမည်က ဘယ်သူလဲ"

လုယိလုံက ဝင်ပြောလိုက်သည်။

ထိုလူက. . .

"ကျုပ်နာမည် ဝူးလျောင်ပါ"

ဝူးလျောင်သည် တိန်ရှမ်းကို လက်ညှိုးထိုးကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"သည်လူကို ခင်ဗျားတို့ ဘာလုပ်ကြမလဲ"
ဟု မေးလိုက်၏။
ထိုအခါ. . .
သွေးဆိုးမိန်းကလေးက. . .
"ရှင့်သဘောလေ၊ ရှင်ဖမ်းလာတာပဲ"
ဟု ပြောလိုက်သည်။
ဝူးသျှောင်က ရယ်မောပြီး. . .
"ကျုပ်က သိုင်းသမားတွေရဲ့စည်းကမ်းကို လိုက်နာစရာမလိုဘူး၊ သူ့အကြောင်းမသိဘဲ ဘာလုပ်လို့ရမှာလဲ"
လုယိလုံက တိန်ရှမ်းကို ညွှန်ပြပြီးပြောလိုက်သည်။
"ကျုပ်မှားသွားတယ်၊ သူ့ကို မင်းသားလေးရဲ့ကိုယ်ရံတော်ဆိုပြီးယုံကြည်မိတာပါ"
"ကျောင်းစုဟန်သစ္စာဖောက်ဆိုရင် သူတို့ပါဝင်ရမယ်၊ သူတို့အင်အား ဘယ်လောက်ရှိတယ်ဆိုတာ မေးရမယ်"
သွေးဆိုးမိန်းကလေးက တိန်ရှမ်းဘက်သို့ လှည့်ကြည့်ပြီး. . .
"ရှင် အသားမနာချင်ရင် ကျွန်မမေးတာကိုဖြေပါ"
ဟု ပြောလိုက်၏။
တိန်ရှမ်း အံတင်းတင်းကြိတ်ပြီး. . .
"ငါ့အသက် မင်းလက်ထဲရောက်နေပြီပဲ၊ မေးချင်တာမေး"
"ပြောစမ်း၊ မင်းတို့ လူအင်အား ဘယ်လောက်ရှိလဲ"



တိန်ရှမ်းသည် မြေပေါ်သို့လက်ညိုးဖြင့်ခြစ်ပြီး ပြောလိုက်သည်။
သွေးဆိုးမိန်းကလေး မျက်မှောင်ကြုတ်လိုက်လေသည်။
"ဒါအကုန်ပဲလား"
တိန်ရှမ်း ခေါင်းညိတ်လိုက်သည်။
သွေးဆိုးမိန်းကလေးက တိန်ရှမ်းအား စူးစိုက်ကြည့်လိုက်ပြီး. . .
"သူတို့ ဘာတာဝန်ယူထားတဲ့လူတွေလဲ"
ဟု မေးလိုက်၏။
တိန်ရှမ်းသည် ရှေ့မှလူသုံးယောက်၏အမည်ကို ရေးပြလိုက်ပြန်သည်။
"ကိုယ်ရံတော်"
လုယိလုံနှင့်သွေးဆိုးမိန်းကလေးပါ လှုပ်ရှားသွားလေသည်။
တိန်ရှမ်းက နာမည်များကို ဆက်လက်ရေးသားပြလေသည်။
"နောက်ရော"
တိန်ရှမ်း ခေါင်းယမ်းလိုက်သည်။
"မရှိတော့ပါဘူး"
သူက နှုတ်မှမဖြေပါ။
မြေကြီးတွင် လက်ညိုးဖြင့် ရေးပြလိုက်သည်။
"ကျွန်မ မယုံဘူး၊ တခြားလူတွေရှိဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



တိန်ရှမ်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် သည်လောက်ပဲသိတယ်"

သွေးဆိုးမိန်းကလေး ဒေါပွသွားကာ ခြေဖြင့်ကန်ထည့်လိုက်သည်။

"ဝုန်း"

"အား"

တိန်ရှမ်း၏ခန္ဓာကိုယ်မှာ အဝေးသို့လွင့်စဉ်သွားလေသည်။

ထပ်၍ကန်ထည့်လိုက်ရာ တောင်အောက်သို့ ကျသွားလေသည်။

"အား"

တိန်ရှမ်း၏စူးရှသောအသံ တဖြည်းဖြည်းဝေးသွားလေသည်။

ဝူးလျောင်သည် သွေးဆိုးမိန်းကလေးအား သေချာစွာကြည့်လိုက်သည်။

လုယိလုံက သူမအနားကပ်ကာ လေသံတိုးတိုးဖြင့်. .

"ခင်ဗျား အခုလို ဒေါသကြီးတာရယ်၊ ရက်စက်တာရယ်ကိုမကြိုက်ဘူး၊ သည်လိုဆက်လုပ်နေရင် ခင်ဗျားရဲ့အနားမှာ ဘယ်သူနေမှာလဲ"

ဟု ပြောလိုက်သည်။

လုယိလုံစကားကြောင့် သွေးဆိုးမိန်းကလေး မျက်နှာပျက်သွားသည်။



ထိုစကားသည် လုယိလုံပြော၍တော်သေးသည်။

တခြားလူပြောဆိုပါက သွေးဆိုးမိန်းကလေး အလွ
ပေးမည်မဟုတ်ပါ။

လုယိလုံစကားကြောင့် သူမ အသိတရားဝင်သွားလေ
သည်။

"ဒါကြောင့် လူတိုင်း ငါ့ကိုကြောက်နေတာကိုး"

ဟုရေရွတ်လိုက်ပြီး လုယိလုံကိုကြည့်ကာ. . .

"ကျေးဇူးတင်ပါတယ်ရှင်"

သွေးဆိုးမိန်းကလေးထံမှ ထိုစကားကြားရသဖြင့် လု
လုံ ဝမ်းသာသွားလေသည်။

သွေးဆိုးမိန်းကလေးသည် တခြားလူများပြောဆို
လောက် မဆိုးကြောင်း နားလည်လိုက်သည်။

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် စကား
မပြောဘဲ ကြည့်နေမိကြ၏။

"အဟမ်း"

လုယိလုံနှင့်သွေးဆိုးမိန်းကလေးတို့ ငြိမ်သက်နေသ
ကို ဝူးလျောင် ချောင်းတစ်ချက်ဟန့်ပြီး သတိပေးလိုက်သည်

ထိုအခါမှ နှစ်ယောက်စလုံး အသိဝင်သွားကြလေသည်

ဝူးလျောင်၏ သတိပေးသံကြောင့် သွေးဆိုးမိန်းက လေ
မျက်နှာနီရဲသွားလေသည်။

လုယိလုံမှာလည်း တစ်စုံတစ်ခုကို သတိရသွားလေ
သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဒုက္ခပဲ"

သွေးဆိုးမိန်းကလေးက လုယိလုံ၏စကားကြောင့် မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲရှင်"

"ကျုပ်နဲ့တိန်ရှမ်း အတူထွက်လာတာ၊ အခုသေဆုံးသွားတော့ မင်းသားလေးနဲ့တွေ့တဲ့အခါ ကျုပ် ဘယ်လိုပြောရမှန်း မသိတော့ဘူး"

ဟု ပြော၏။

ထိုအခါ. . .

ဝူးလျောင်က အနည်းငယ်စဉ်းစားလိုက်ပြီး. . .

"သည်အတွက် မပူပါနဲ့၊ ကျုပ် အကြောင်းစုံ ရှင်းပြပေးပါ့မယ်"

ထိုစကားကြောင့် လုယိလုံ ဝမ်းသာသွားလေသည်။

လက်နှစ်ဖက်ဆုပ် အရိုအသေပေးပြီး. . .

"ကျေးဇူးတင်ပါတယ်ဗျာ"

ထိုစဉ်. . .

သွေးဆိုးမိန်းကလေးက ဝူးလျောင်အားကြည့်ကာ. . .

"ရှင် ဘယ်ဂိုဏ်းကလဲ၊ ရှင့်ပညာကို ကျွန်မ သိချင်လို့ပါ"

ဟု ပြောလိုက်၏။

အမှန်တော့ သွေးဆိုးမိန်းကလေးက ဝူးလျောင်အား စိန်ခေါ်လိုက်ခြင်းဖြစ်သည်။



"ဟား. . . ဟား. . . ဟား"

ဝူးလျောင် ရယ်မောလိုက်သည်။

"အခုမှ ခင်ဗျားတိုက်ခိုက်ထားတာရပ်သေးတယ်၊ ဒါကြောင့် အနားယူပါဦး"

ဟု ပြောလိုက်၏။

သို့သော်. . .

သွေးဆိုးမိန်းကလေးက. . . .

"မလိုပါဘူးရှင်၊ ရပါတယ်"

ဝူးလျောင်အား အတင်းပင် စိန်ခေါ်လိုက်သည်။

ဝူးလျောင်က လုယိလုံဘက်လှည့်လိုက်ပြီး. . .

"ကျုပ်ဆရာကိုသိချင်ရင် သွေးဆိုးမိန်းကလေးကိုမေးကြည့်မေတော့"

လုယိလုံသည် သူတို့နှစ်ယောက်ကို နားမလည်သလို ကြည့်လိုက်သည်။

ထို့နောက်. . .

"ခင်ဗျားတို့ ဘာကြောင့် ဓားရေးပြိုင်ကြမှာလဲ"

ဟု မေးလိုက်သည်။

ဝူးလျောင်က ပြုံးပြီး. . .

"သိုင်းသမားချင်းတွေ့တဲ့အခါ သူက စိန်ခေါ်လာတော့ ပြိုင်ကြရတာပေါ့၊ ခင်ဗျား အချိန်ရရင် ကြည့်သွားပါဦး"

ဝူးလျောင်က အရေးမကြီးသလို ပြောလိုက်၏။

သွေးဆိုးမိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . .

ဓားကိုမြှောက်ထားပြီး. . .

"ကဲ. . . စကြပါစို့"

ဟု ပြောလိုက်၏။

ဝူးလျောင်နှင့် သွေးဆိုးမိန်းကလေးတို့ ယှဉ်ပြိုင်တိုက်ခိုက်ရန် အသင့်ပြင်လိုက်ကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်သွားလေတော့သည်။

ဝူးလျောင်က သွေးဆိုးမိန်းကလေးနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်သည်။

အတန်ကြာ မလှုပ်မယှက်ရှိနေရာမှ. . .

"ချွမ်း"

ဝူးလျောင်က ဓားကိုဆွဲထုတ်လိုက်သည်။

ထို့နောက်. . .

"သတိထားပေတော့"

အော်ဟစ်သတိပေးပြီး သွေးဆိုးမိန်းကလေးထံ ဓားဖြင့်ထိုးသွင်းလိုက်၏။

သွေးဆိုးမိန်းကလေးက ရှောင်တိမ်းလိုက်ရာ ဓားမှာလွဲချော်သွားသည်။

ရုတ်တရက်. . .

ဝူးလျောင်၏ဓားမှာ သွေးဆိုးမိန်းကလေး၏ရင်ဝသို့ရောက်လာသည်။



လုယိလုံ မျက်လုံးများ ပြာဝေသွားလေသည်။

သို့သော်. . .

သွေးဆိုးမိန်းကလေးကဓားဖြင့် ခုတ်ပိုင်းလိုက်၏။

"ချွမ်း"

အသံနှင့်အတူ ဝူးလျောင်၏ဓားဦးက ဘေးသို့ရောက်သွားသည်။

အတန်ကြာ တိုက်ခိုက်မိသောအခါ မည်သူမျှ အနိုင်မရကြပါ။

ထိုစဉ်. . .

ဝူးလျောင်က အော်ဟစ်ပြီးပြောဆိုလိုက်လေသည်။

"ကျုပ်တို့နှစ်ယောက် သည်အတိုင်း တိုက်နေရင် အကျိုးရှိမှာမဟုတ်ဘူး"

ဟုပြောကာ သူက ချက်ချင်းပင် တိုက်ပွဲကိုရပ်တန့်လိုက်လေသည်။

နောက်သို့လည်း ဆုတ်သွားသည်။

သွေးဆိုးမိန်းကလေးမှာ ရှေ့တိုးလာလေသည်။

ဝူးလျောင် လက်ကာပြကာ. . .

"နေဦး. . . မင်းဆရာ အခုဘယ်မှာလဲ"

ဟု မေးလိုက်သည်။

ထိုအခါ. . .

သွေးဆိုးမိန်းကလေး ခြေလှမ်းရပ်လိုက်လေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ တစ်နေ့က ထိုက်ယန်တောင်ပေါ်တက်ပြီး သတင်းပို့ပြီးပါပြီ"

သွေးဆိုးမိန်းကလေးသည် ထိုသို့ပြောပြီး ပခုံးတစ်ချက်တွန့်လိုက်သည်။

ပြီးမှ စကားဆက်လိုက်သည်။

"အခု ရှင်ကိုယ်တိုင်ရောက်ပြီပဲ၊ အလောင်းနဲ့ဓားကျမ်း သွားယူပေတော့"

ဝူလျောင် ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် ကျေးဇူးပြုပြီး လိုက်ပို့ပေးပါလားဗျာ"

"ကျွန်မ မလိုက်နိုင်ပါဘူး၊ နောင်ဆယ်နှစ်ကြာမှ ကျွန်မ ရှင့်ဆီကိုလာခဲ့မယ်"

သွေးဆိုးမိန်းကလေးသည် ပြောဆိုရင်း လုယိလုံကို လက်ဝှေ့ယမ်းပြကာ တောင်အောက်သို့ ပြေးဆင်းသွားလေသည်။

ဝူလျောင်သည် တောင်အောက်ပြေးဆင်းသွားသော သွေးဆိုးမိန်းကလေးအားကြည့်ပြီး သက်ပြင်းချလိုက်သည်။

"သူ့သဘောထားက ကျုပ်ဆရာကတော်ရဲ့သဘောနဲ့ တူနေပါလား"

လုယိလုံ ခေါင်းညိတ်ပြလိုက်သည်။

"သူက သိုင်းပညာ သိပ်တော်တယ်၊ ဒါပေမယ့် မာနကြီးတာခက်တယ်"

ထိုစဉ်. . .



ဝူလျောင်က တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် မေးလိုက်လေသည်။

"ကျောက်ဖြူလိုဏ်ဂူဆိုတာ ဘယ်မှာရှိမှန်း မသိဘူး ခင်ဗျားသိလား"

လုယိလုံက ပြုံးပြလိုက်သည်။

"ဟုတ်ကဲ့ သိပါတယ်၊ ကျွန်တော်ရောက်ဖူးပါတယ်"

"ဒါဖြင့် ကျေးဇူးပြုပြီး လိုက်ပို့ပေးပါလား"

လုယိလုံ ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီ၊ ကျုပ်လိုက်ပို့ပေးပါ့မယ်"

လုယိလုံသည် ဝူလျောင်အား ကျောက်ဖြူလိုဏ်ဂူသို့ လိုက်ပို့ရင်း လမ်းခရီးတွင် ဝူလျောင်၏ဆရာဓားသခင် ရန်လွေ နှင့် သွေးဆိုးမိန်းကလေး၏ ဆရာဖြစ်သူတို့မှာ ဇနီးမောင်နှံ ဖြစ်ခဲ့ကြောင်း ရှင်းပြလေသည်။

ဓားသခင်ရန်လွေသည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်က ကျော်ကြားသော ဓားသမားတစ်ယောက်ဖြစ်ခဲ့သည်။

သူ၏ဇနီးယင်းဝှားသည် ထင်ရှားသောဓားပညာရှင် တစ်ယောက် ဖြစ်လေသည်။

သူတို့နှစ်ယောက် လက်ထပ်ပြီး တောင်ပေါ်တွင် အိမ်ကလေးတစ်လုံးဆောက်ပြီး နေထိုင်ကြသည်။

သူတို့ဘဝမှာ အေးချမ်းလှ၏။

သို့သော်. . .

ယင်းဝှားသည် အနိုင်ယူလိုစိတ်ရှိသူပင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



„ဓားသခင်ရန်လွေ အမျိုးမျိုး ပြောဆိုသော်လည်းမရပါချေ။

အချိန်ရှိသရွေ့ အနိုင်ရရန်သာ ကြိုးစားနေ၏။

ဓားသခင်ရန်လွေကလည်း ဓားပညာရှင်တစ်ယောက်ဖြစ်ရန် နေ့စဉ် ဓားပညာကို တီထွင်နေသည်။

သိုင်းလောကရှိ ဂိုဏ်းပေါင်းစုံမှပညာများကို လေ့လာစုဆောင်းပြီး ဓားပညာတစ်မျိုး တီထွင်လေသည်။

ထို့နောက် . . .

ဓားသခင်ရန်လွေသည် ဓားပညာရပ်များကို အာရုံစူးစိုက်စွာဖြင့် လေ့လာလိုက်ရာ အနှစ်နှစ်ဆယ်ပြည့်သောအခါ ထူးခြားသော ဓားပညာတစ်ရပ်ကို အောင်မြင်စွာ တီထွင်နိုင်ခဲ့သည်။

ဝူးလျောင်သည် တတိယမြောက်တပည့်ပင် ဖြစ်လေသည်။

ဤသို့ဖြင့် အချိန်မှာ တရွေ့ရွေ့ကုန်ဆုံးခဲ့ရာ တစ်နေ့ ဓားသခင်ရန်လွေ ရှမ်းပေနယ်ထဲရောက်ရှိသွားလေသည်။

သူသည် လမ်းခရီးတစ်လျှောက်၌ သွေးဆိုးမိန်းကလေး၏သတင်းကို မကြာခဏဆိုသလို ကြားသိရသည်။

ဓားသခင်ရန်လွေသည် ပညာရှိပီပီ တွေးတောဆက်စပ်ကြည့်မိသောအခါ သွေးဆိုးမိန်းကလေးသည် မိမိ၏တပည့်ဖြစ်ရမည်ဟု ယူဆမိသည်။

သူ၏တွေးခေါ်မှု မှန်မမှန်သိစေရန် တပည့်ဖြစ်သူ



ဝူးလျောင်ကို စေလွှတ်လိုက်သည်။

ဝူးလျောင်အား တာဝန်နှစ်ခုပေးလိုက်လေသည်။

သွေးဆိုးမိန်းကလေးကို ရှာဖွေရန်နှင့် ဓားချင်းယှဉ်ကြည့်ရန်ဖြစ်သည်။

ဓားသိုင်းကွက်များ ဆင်တူနေပါက ယင်းတို့၏တပည့်ဖြစ်ကြောင်း သိရှိနိုင်သည်။

တစ်ဆက်တည်း ယင်းတို့အား သူမျှော်လင့်နေကြောင်း သတင်းပါးလိုက်သည်။

ထို့ကြောင့် . . .

ဝူးလျောင် တစ်လမ်းလုံး သွေးဆိုးမိန်းကလေး၏သတင်းကို စုံစမ်းလာခြင်းဖြစ်သည်။

မမျှော်လင့်ဘဲ တိန်ရှမ်းတို့လူစုနှင့် လုယိလုံတို့ ခွေးနွေးတိုင်ပင်နေသည်ကို ကြားသဖြင့် ခြေရာခံလိုက်လာခြင်းဖြစ်သည်။

သူတို့ စကားတပြောပြောနှင့် လျှောက်လာရာ ကျောက်ဖြူလိုက်ဂူသို့ ရောက်မှန်းမသိ ရောက်လာသည်။

လုယိလုံ လိုက်ဂူထဲဝင်မိသည်နှင့် သွေးဆိုးမိန်းကလေးနှင့် တွေ့ဆုံခဲ့ရသည်ကို သတိရလာလေသည်။

သူ့ရင်ထဲ၌ သွေးဆိုးမိန်းကလေး၏ရုပ်ပုံ စွဲထင်နေလေသည်။ သူ မသိမသာ သက်ပြင်းချလိုက်လေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



# ဓားသိုင်း

ဝူးလျောင်သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး လိုဏ်ဂူထဲတွင် ရှာဖွေလိုက်သည်။

လိုဏ်ဂူ၏အနောက်ဘက်တွင် သဘာဝအတိုင်းဖြစ်ပေါ်နေသော ကျောက်ပြားတစ်ခုကို တွေ့ရလေသည်။

ဝူးလျောင်က ထိုကျောက်ပြားကို တွန်းကြည့်လိုက်လေသည်။

ရွေ့လျားခြင်းမရှိပါ။

သူ အတွင်းအားကို စုစည်းပြီးတွန်းလိုက်ရာ. . .

"ဝုန်း"

အသံတစ်ချက်မြည်ကာ ကျောက်ပြားပဲ့ထွက်သွားလေသည်။



ဝူးလျောင် ဆက်တွန်းလိုက်ရာ ကျောက်ပြားမှာ ပဲ့ကျသွားသည်။

ထိုအခါ. . .

ကျောက်ပြားနောက်တွင် သီးခြားအခန်းတစ်ခု ရှိနေကြောင်းတွေ့ရသည်။

ဝူးလျောင်နှင့် လုယိလုံတို့ အထဲသို့ လှမ်းဝင်လိုက်လေသည်။

အခန်းထဲတွင် ထိုင်လျှက် အရိုးစုတစ်ခုကို တွေ့ရလေသည်။

ဝူးလျောင် ထိုင်လျှက်ကန်တော့လိုက်လေသည်။

အခန်းနံရံတွင် ဓားသိုင်းကွက်အမျိုးမျိုးကို တွေ့ရလေသည်။

ဝူးလျောင် အခန်းထဲတွင် မီးတွန်းညှိလိုက်သည်။

ထို့နောက်. . .

တစ်ခန်းလုံး လှည့်ပတ်ရှာဖွေလိုက်ရာ ဓားသိုင်းကျမ်းကို မတွေ့ရပါချေ။

လုယိလုံ မျက်မှောင်ကြုတ်ပြီး. . .

"ရှာမနေပါနဲ့တော့၊ ခင်ဗျားဆရာကတော် ဖျက်ဆီးလိုက်ပြီနဲ့တူတယ်"

ဝူးလျောင်း ဂါရဝပြုပြီး. . .

"ဆရာကတော်. . . ဆရာက စောင့်မျှော်နေပါတယ်၊ ဒါကြောင့် ဆရာကတော်အရိုးစုကို ကျွန်တော် သယ်သွားပါ့မယ်၊

www.burmeseclassic.com

www.burmeseclassic.com



သယ်ဆောင်ခွင့်ပြုပါခင်ဗျာ"

သူသည်ပြောပြီး အရိုးစုကို နံရံပေါ် မှုချလိုက်လေသည်။

ထိုအခါ. . .

ဆိတ်သားရေဖြင့် ပြုလုပ်ထားသော စာအုပ်ကိုတွေ့လိုက်ရလေသည်။

✵ ✵ ✵

ဦးလျောင်က စာအုပ်ကို ကောက်ယူဖတ်ကြည့်လိုက်လေသည်။

စာကြောင်းအမျိုးမျိုးနှင့် နေ့စဉ်မှတ်တမ်းကိုတွေ့ရှိရသည်။

သူမသည် ခင်ပွန်းကို အနိုင်ယူချင်စိတ်ကြောင့် ခွဲလာရမှ်နောင်တရနေကြောင်း နှစ်ပေါင်းနှစ်ဆယ်ပြည့်လျှင် ပြန်လည်တွေ့ဆုံလိုကြောင်းများကို ရေးသားထားလေသည်။

"စားသခင်ရှန်လျှေ ရေးထားတဲ့ စားပညာဟာ တရားမျှတတယ်။ ပညာရပ်မှာ သူ့ထက်သာအောင် စားပြောင်းပြန်ပညာကိုတီထွင်ခဲ့တယ်၊ ဒါကြောင့် စားပြောင်းပြန်ပညာ ကျော်ကြားမယ်လို့ ယုံကြည်ပါတယ်"

ဦးလျောင်က စာရွက်ကို ဆက်လှန်လိုက်သည်။

"မနေ့ညက မြေခွေးတွေ အရမ်းဟောနေလို့ ထွက်ကြည့်တော့ ကလေးငိုသံကြားရတယ်၊ ကျွန်မလည်း အဖော်မရှိတာနဲ့



ကလေးကိုမွေးစားလိုက်တယ်လေ၊ သည်ကလေး မှတ်ဉာဏ်ကောင်းလို့ ကျွန်မ ပညာသင်ပေးလိုက်ရင် ကျော်ကြားလာမယ်လို့ ယုံကြည်ပါတယ်"

ဦးလျောင် စာကိုဖတ်ပြီး လုယိလုံကိုပေးလိုက်လေသည်။

"သည်စာ ဖတ်ကြည့်ပါဦး"

လုယိလုံ ခေါင်းညိတ်လိုက်သည်။

"ညတုန်းက တရားထိုင်တယ်၊ သိုင်းအတွင်းအား လေ့ကျင့်မယ်၊ သတိလစ်ပြီး သတိရလာတော့ ဖောက်ပိုင်နေသေနေတာတွေ့ရတယ်"

ဦးလျောင် စိတ်မကောင်းဖြစ်သွားလေသည်။

"ကျွန်မနဲ့ရှန်လျှေ တွေ့ဆုံဖို့ မဖြစ်တော့ဘူး၊ ကျွန်မ မာနကြောင့်ဖြစ်ရတာပါ"

စာမျက်နှာ ကုန်ဆုံးသွားလေသည်။

ဦးလျောင် စာအုပ်ကိုပြန်ပိတ်ပြီး အိတ်ထဲသို့ထည့်လိုက်သည်။

"ဒါတွေကို တစ်ယောက်ယောက်နဲ့ ဆရာဆီပို့နိုင်းမှဖြစ်မယ်"

ထိုစဉ်မှာပင်. . .

မီးရောင်ကိုတွေ့ရလေသည်။

သူတို့နှစ်ယောက် ထိတ်လန့်သွားလေသည်။

မီးတုတ်ကိုင်ထားသူမှာ ရသေ့ဖုံးရှမ်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ဖိုးရှမ်းကိုတွေ့မှ စိတ်သက်သာရာရသွားလေသည်။

ရသေ့ဖိုးရှမ်းက အံ့အားသင့်စွာကြည့်ပြီး . . .

"မင်းတို့ ဘာလာလုပ်တာလဲ"

လုယိလုံ အကျိုးအကြောင်း ပြောပြလိုက်သည်။

ရသေ့ဖိုးရှမ်းက နားထောင်ပြီး သက်ပြင်းချလိုက်လေသည်။

"တစ်နေ့ မိန်းကလေးတစ်ယောက် ငါ့ဆီရောက်လာတယ်၊ ကျင်းစုဟန်နဲ့ဓားချင်းယှဉ်ပြိုင်ဖို့ ချိန်းထားတာရယ်၊ သူ့ဆရာအရိုးစုကို ထင်းစန်းတောင်ပေါ်ပို့ပေးဖို့ အကူအညီလာတောင်းတယ်"

လုယိလုံက ဝူးလျောင်အား မိတ်ဆက်ပေးလိုက်လေသည်။

"သူက ဓားသခင်ရန်လွေ့ရဲ့တပည့်ပါ၊ အရိုးစုကို ထင်းစန်းတောင်ပေါ်ပို့လိုက်ပါဆရာ"

ရသေ့ဖိုးရှမ်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ငါပို့ပေးပါ့မယ်"

ဝူးလျောင်က နေ့စဉ်မှတ်တမ်းကို ပေးလိုက်သည်။

"သည်စာအုပ်ကိုလည်းပို့ပေးပါ၊ မပျောက်အောင်လည်း ဂရုစိုက်ပါခင်ဗျာ"

ရသေ့ဖိုးရှမ်း မျက်မှောင်ကြုတ်ပြီး မကျေမနပ် မေးလေသည်။



"မင်းက ငါ့ကိုမယုံလို့လား"

ဝူးလျောင် ကမန်းကတန်း လက်ကာပြလိုက်၏။

"သည်လိုမဟုတ်ပါဘူး၊ သည်သိုင်းကျမ်း မသမာသူလက်ထဲ ရောက်သွားမှာစိုးလို့ပါ"

ထိုအခါမှ ရသေ့ဖိုးရှမ်း စိတ်ကျေနပ်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

ဝူးလျောင် နံရံပေါ်ရှိဘေးကွက်များကို ဖျက်ဆီးလိုက်သည်။

အစစအရာရာ ဖျက်ဆီးပြီးမှ လူစုခွဲလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အိမ်အပြန်

လုယိလုံက ဗူးလျှောင်ကိုနှုတ်ဆက်ကာ မိမိနေရပ်သို့ ပြန်ရန် ခရီးဆက်ခဲ့လေသည်။

လုယိလုံ အိမ်ပြန်ရောက်သောအခါ အဘိုးဖြစ်သူ အိပ်ရာထက်မှ မထနိုင်တော့သည့် အခြေအနေကိုစိတ်မကောင်းစွာမြင်တွေ့ရလေသည်။

သူ့အိမ်သားများအား အကျိုးအကြောင်း မေးမြန်းလိုက်လေသည်။

အိမ်သားများပြောပြချက်အရ သားဖြစ်သူအကြောင်း သိရှိသွားသဖြင့် စိတ်ထိခိုက်ကာ အိပ်ရာထဲလဲသွားကြောင်း ပြောပြလေသည်။

သူ အဘိုးဖြစ်သူအား စိတ်တိုင်းကျ ပြုစုပေးလိုသည်။



သို့သော်. . .

သူ ခရီးပန်းလာသောကြောင့် အိပ်ပျော်သွားလေသည်၊ နံဘေးမှ လှုပ်ရှားသံကြောင့် သူနိုးသွားသည်။

သူကြည့်သောအခါ အဘိုးဖြစ်သူ သတိရနေကြောင်း တွေ့လိုက်ရသည်။

"ဘိုးဘိုး. . . သတိရပြီလား"

အဘိုးဖြစ်သူက သူ့အားပြုံးကြည့်ကာ. . .

"ငါ့မြေး ရောက်နေပြီလား"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

"မင်းအဖေ အသတ်ခံရတာ သိပြီးပြီလား"

"ဟုတ်ကဲ့"

ပြောရင်း လုယိလုံ မျက်ရည်များ ရစ်ဝဲလာလေသည်။

"ကံတရားပေါ့ကွာ"

ထိုသို့ပြောပြီး မြေးဖြစ်သူကို အတန်ကြာအောင် ငေးကြည့်နေလေသည်။

ပြီးမှ သက်ပြင်းတစ်ချက်ချကာ. . .

"ဘိုးဘိုးလည်း ကြာကြာမနေရတော့ဘူး၊ သည်တော့ ဘိုးဘိုး စကားတစ်ခွန်းမှာချင်တယ်"

ထိုစကားကြောင့် သူ့ရင်ထဲ နင့်သွားလေသည်။

"ဘိုးဘိုး စိတ်အေးအေးထားပါ၊ သက်သာလာပါလိမ့်မယ်"

အဘိုးအို ခေါင်းယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုးအကြောင်း ဘိုးဘိုးသိတယ်၊ ငါ့မြေး သိုင်းသမား ဘယ်တော့မှ မလုပ်ပါနဲ့လို့ ဘိုးဘိုးမှာခဲ့ချင်တယ်"

လုယိလုံ ခေါင်းညိတ်လိုက်သည်။

အဘိုးအိုက လုယိလုံအား ကျေနပ်စွာပြုံးပြလိုက်လေသည်။

သို့သော်. . .

သူ့အပြုံးမှာ ခဏသာဖြစ်သည်။

အဘိုးအို ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

❊ ❊ ❊



## အဆိပ်လက်ဝါး

လုကြုံးနန် ကွယ်လွန်သွားသောသတင်းသည် မင်းသားလေးထံ ရောက်ရှိသွားလေသည်။

ထိုသတင်းကြားသောအခါ မင်းသားလေး စိတ်မကောင်းဖြစ်သွားလေသည်။

နှစ်သိမ့်စကားပြောရန်နှင့် ဈာပနအခမ်းအနားအား ဂုဏ်ပြုသည့်သဝဏ်လွှာကို ခြေမြန်တော်တစ်ယောက်အား စေလွှတ်ပေးလိုက်သည်။

ခြေမြန်တော်အား လုယိလုံ ကြိုဆိုလိုက်သည်။

ခြေမြန်တော်သည် လုကြုံးနန်ဈာပနအား ဂါရဝပြုနေစဉ် ရုတ်တရက် လုယိလုံက ထိုခြေမြန်တော်၏လက်ကို ဖမ်းဆုပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုယိလုံ၏ အပြုအမူကြောင့် ခြေမြန်တော် ထိတ်လန့်သွားလေသည်။

"ခင်ဗျား ဘာလုပ်တာလဲ"

လုယိလုံ မျက်မှောင်ကြုတ်ပြီး သူ့အားကြည့်လိုက်လေသည်။

"ခင်ဗျား သည်ကိုလာစဉ်က ဘယ်သူနဲ့တွေ့ခဲ့သလဲ"

လုယိလုံ၏အမေးကြောင့် ခြေမြန်တော် ကြောင်သွားလေသည်။

နားမလည်သလို သူ့အားကြည့်ကာ. . .

"ဘယ်သူနဲ့မှ မတွေ့ခဲ့ပါဘူး၊ ဘာဖြစ်လို့လဲ"

လုယိလုံက ခြေမြန်တော်၏လက်ဝါးကို ဖြန့်ကြည့်လိုက်သည်။

"ခင်ဗျားလက်ဝါးကို သေချာကြည့်ပါဦး"

ခြေမြန်တော် သူ့လက်ဝါးကို ကြည့်လိုက်ပြီး အံ့ဩထိတ်လန့်သွားလေသည်။

သူ၏လက်ဝါးတစ်ခုလုံး နီရဲနေသည်။

လုယိလုံ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားကို တစ်ယောက်ယောက်က အဆိပ်လက်ဝါးနဲ့ လုပ်ကြံလိုက်တာပဲ"

လုယိလုံ၏စကားကြောင့် ခြေမြန်တော် ထိတ်လန့်တုန်လှုပ်သွားလေသည်။

"တဲ. . . ခင်ဗျားလက်ဝါး ဆုပ်ကြည့်စမ်းပါလား"



"မနာဘူး၊ ထုံနေတယ်၊ ဒါပေမယ့် ယားတယ်ဗျ"

"ဒါဖြင့် လက်သည်းနဲ့လည်ကုပ်ရဲ့အနောက်ကို ကုတ်ကြည့်လိုက်ပါလား"

ခြေမြန်တော်မှာ နာကျင်လွန်းသဖြင့် ထိတ်လန့်တကြား လွှတ်ခနဲ အော်လိုက်သည်။

သူသည် လုယိလုံအားကြည့်ပြီး. . .

"ဒါ ဘယ်လိုဖြစ်တာလဲ"

လုယိလုံ သက်ပြင်းချလိုက်သည်။

"တစ်ယောက်ယောက်က ခင်ဗျားကိုလုပ်ကြံတာပါ၊ အဲသည်အဆိပ်မိရင် နေ့ဝက်ပဲခံမယ်၊ အချိန်မီမကုသရင် အသက်ဆုံးမယ်လေ"

လုယိလုံ၏စကားကြားရသောအခါ ခြေမြန်တော်မျက်နှာတစ်ခုလုံး ဖြူဖွေးသွားလေသည်။

"ခင်ဗျား ကျုပ်ကိုကုနိုင်ရင် ကုပေးပါဗျာ"

ခြေမြန်တော်သည် ထိတ်ထိတ်ပျာပျာဖြင့် လုယိလုံကို အားကိုးတကြီး အကူအညီတောင်းလိုက်သည်။

"ကောင်းပါပြီ၊ ကျုပ်ကုပေးပါ့မယ်"

လုယိလုံသည် ခြေမြန်တော်အား သီးခြားဆောင်သို့ ခေါ်ဆောင်သွားပြီး အခန်းတစ်ခုတွင်ထားလေသည်။

ထို့နောက် သူသည် အပ်ကလေးများဖြင့် ခြေမြန်တော်၏နောက်ကျောရှိ အရေးကြီးသောနေရာများကို အပ်စိုက်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာသောအခါ ခြေမြန်တော်၏နှုတ်မှ အဝါရောင်အဆိပ်များ အန်ထွက်လာလေသည်။

တစ်ဆက်တည်း တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလာလေသည်။

ထိုအခါမှ လုယိလုံ ပြုံးလိုက်ပြီး. . .

"အသက်အန္တရာယ်တော့ မရှိတော့ပါဘူး၊ ဒါပေမယ့် သည်နေ့ညဆက်ကုရမယ်၊ တစ်ညတော့ အနားယူပါ"

ခြေမြန်တော် လက်နှစ်ဖက်ဆုပ်လိုက်သည်။

"အခုလို အသက်ကယ်တာ ကျေးဇူးတင်ပါတယ်ဗျာ"

လုယိလုံ ပြုံးလိုက်သည်။

"မလိုပါဘူးဗျာ၊ ဒါနဲ့လူကြီးမင်းကို လိုက်ပို့တဲ့ အမှုထမ်းက ယုံရသလား"

ထိုစကားကြောင့် ခြေမြန်တော် တစ်ချက်တွေဝေသွားလေသည်။

အတန်ကြာမှ. . .

"သည်လူက ဘိုးဘွားစဉ်ဆက် အမှုထမ်းခဲ့သူတွေပါ၊ စိတ်ချရပါတယ်"

"ဒါဆို ကျွန်တော် သူနဲ့တွေ့ချင်ပါတယ်"

ခြေမြန်တော် ခေါင်းညိတ်လိုက်သည်။

"ရပါတယ်၊ ခေါ်တွေ့ပါ"

လုယိလုံသည် သူ၏အိမ်တော်ထိန်းအား အမှုထမ်းကို ခေါ်ခဲ့ရန် မှာကြားလိုက်လေသည်။



အတန်ကြာသောအခါ ခြေမြန်တော်ကို လိုက်လံပို့ဆောင်သော အမှုထမ်းရောက်လာလေသည်။

လုယိလုံ အမှုထမ်းကို အကဲခတ်ကြည့်လိုက်လေသည်။

ထိုအမှုထမ်းသည် သန်မာထွားကျိုင်းပြီး ရိုးသားသောရုပ်ရည်ရှိနေသည်။

လုယိလုံ လက်ဆန့်ပေးလိုက်သည်။

အမှုထမ်းက ပြန်ဆန့်ပေးလိုက်သည်။

လုယိလုံက အမှုထမ်း၏လက်ကောက်ဝတ်ကို ဆုပ်လိုက်သည်။

အမှုထမ်းတစ်ကိုယ်လုံး ကျင်တက်သွားလေသည်။

အမှုထမ်းသည် လုယိလုံအား နားမလည်နိုင်အောင်ဖြစ်သွားသည်။

"ခင်ဗျား ဘာလုပ်တာလဲ"

သူက မေးရင်း ခုတင်ပေါ်တွင်လှဲနေသော ခြေမြန်တော်ကို တွေ့သွားသည်။

သူ့မျက်လုံး ပြူးကျယ်သွားလေသည်။

"ခင်ဗျား ကျုပ်တို့ခြေမြန်တော်ကို ဘာလုပ်လိုက်တာလဲ"

လုယိလုံ ပြုံးပြလိုက်သည်။

"ခြေမြန်တော်ကို မသမာတဲ့လူတစ်ယောက်က လုပ်ကြံလိုက်တာ၊ သည်ကိစ္စကြောင့် ခင်ဗျားနဲ့ဆွေးနွေးမလို့ပါ"

အမှုထမ်း မျက်မှောင်ကြုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ခင်ဗျားက ကျုပ်ကို စမ်းတာကိုး"

လုယီလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ စိတ်မရှိပါနဲ့ ခင်ဗျား အဆိပ်လက်ဝါး တတ်မတတ်စမ်းကြည့်တာပါ"

ထိုစကားကြောင့် အမှုထမ်း အံ့အားသင့်သွားလေသည်။

အတန်ကြာမှ. . .

"အဆိပ်လက်ဝါးဆိုတာ ဘာလဲဗျ"

"ခြေမြန်တော် လုပ်ကြံခံရတာ အဆိပ်လက်ဝါးနဲ့ပါ"

ထိုသို့ပြောပြီး လုယီလုံက အဆိပ်လက်ဝါးလက္ခဏာများကို ရှင်းလင်းပြသည်။

အမှုထမ်းသည် သူ၏စကားကြောင့် အံ့သြသွားလေသည်။

အမှုထမ်းမှာ အတွေ့အကြုံများသူဖြစ်သော်လည်း အဆိပ်လက်ဝါးကို မသိပါ။

အမှုထမ်း အကြီးအကျယ် ထိတ်လန့်သွားပြီး. . .

"ခင်ဗျား ခြေမြန်တော်ရဲ့အသက်ကို အခုလို အချိန်မီ ကယ်တင်တာ ကျေးဇူးတင်ပါတယ်ဗျာ၊ ခြေမြန်တော်သာ တစ်ခုခုဖြစ်ရင် ကျုပ်မလွယ်ဘူးဗျ"

အမှုထမ်းက လက်နှစ်ဖက်ဆုပ် အရိုအသေပေးပြီးပြောလိုက်သည်။

လုယီလုံက ခေါင်းယမ်းပြီး. . .



"ဒါ အကြောင်းမဟုတ်ပါဘူးဗျာ၊ ခြေမြန်တော်ကိုလုပ်ကြံတာ ဘယ်သူလဲ၊ ဘာကြောင့်လုပ်ကြံတယ်ဆိုတာက အရေးကြီးတာပါ"

အမှုထမ်းမှာ မစဉ်းစားတတ်သဖြင့် ခေါင်းကုတ်လိုက်သည်။

"လမ်းတစ်လျှောက်လုံး ကျုပ်က သူ့ကို ထပ်ကြပ်မကွာစောင့်ရှောက်လာခဲ့တာပဲ၊ ဘယ်လိုလုပ်ကြံတယ်ဆိုတာ ကျုပ်လည်းမသိဘူး၊ အတော့်ကို စဉ်းစားရကျပ်တဲ့ကိစ္စပဲ"

"အဆိပ်လက်ဝါးက လူကို ချက်ချင်းအန္တရာယ်မပေးဘူး၊ သုံးရက်ပြည့်မှပေါ်လာတာ၊ ဒါကြောင့် ခြေမြန်တော်ကိုလုပ်ကြံတဲ့လူဟာ. . .၊ လွန်ခဲ့တဲ့သုံးရက်က ခင်ဗျားတို့ ဘယ်သူနဲ့တွေ့ခဲ့လဲဆိုတာ စဉ်းစားပါဦး"

အမှုထမ်းက ခေါင်းငုံ့စဉ်းစားနေလေသည်။

အတန်ကြာမှ အမှုထမ်းက တစ်စုံတစ်ခုကို သတိရကာ

"ဟုတ်ပြီ၊ ရေနွေးကြမ်းရောင်းတဲ့ အဘိုးကြီးပဲဖြစ်ရမယ်"

"ဘာ. . .ရေနွေးကြမ်းရောင်းတဲ့အဘိုးကြီး ဟုတ်လား"

ထိုစဉ်. . .

ခြေမြန်တော်က ကြားဖြတ်ပြီး ဝင်ပြောလိုက်သည်။

"ဟုတ်တယ်၊ ရေနွေးကြမ်းရောင်းတဲ့ အဘိုးကြီး၊ ကျုပ်တို့အနားယူတဲ့သစ်ပင်အောက် ရောက်လာပြီး ရေနွေးကြမ်း ရောင်းပေးတယ်၊ နောက်ပြီး ဘယ်သွားမလဲမေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူက ရေနွေးကြမ်းပဲပေးတာလား၊ တခြား ဘာမှမလုပ်ဘူးလား"

လုယိလုံက ကြားဖြတ်မေးလိုက်သည်။

ခြေမြန်တော်က. . .

"သူက ရေနွေးကြမ်း လှမ်းပေးတဲ့အခါ သူ့ရဲ့လက်သည်းနဲ့ ကျုပ်လက်ဝါးကို ခြစ်မိသွားသလိုပဲ"

လုယိလုံ ခေါင်းညိတ်လိုက်သည်။

"ဒါဆို သည်အဘိုးကြီးဖြစ်ဖို့ သေချာတယ်"

လုယိလုံ မျက်မှောင်ကြုတ်ပြီး အတန်ကြာအောင် စဉ်းစားနေသည်။

"သည်လူ့ အသက်ဘယ်လောက်ရှိသလဲ၊ သတိထားမိလား"

"အသက်ငါးဆယ်ကျော်လောက် ရှိမယ်ထင်တယ်"

"ဟုတ်ပြီ၊ သည်လူကလွဲပြီး တခြားမရှိတော့ဘူး"

လုယိလုံက လက်ဖြောက်တစ်ချက်တီးပြီး ပြောလိုက်လေသည်။

ခြေမြန်တော် မျက်မှောင်ကြုတ်သွားသည်။

"သူနဲ့ကျုပ် မသိတဲ့ ဘာကြောင့်သည်လိုလုပ်ကြံရတာလဲ"

"သူက ခင်ဗျားဟာ ခြေမြန်တော်တစ်ယောက်ဖြစ်ကြောင်းသိတယ်၊ နောက်ပြီး ကျွန်တော့်ဆီလာမယ်ဆိုတာသိတယ်၊ ဒါကြောင့် လုပ်ကြံတာပါ"



ခြေမြန်တော် ပခုံးတွန့်ပြီး. . .

"ခင်ဗျားပြောတာ ကျုပ်နားမရှင်းဘူး"

လုယိလုံ တစ်ချက်ပြုံးလိုက်သည်။

"ဒါက ရှင်းပါတယ်၊ ကျုပ်အိမ်ရောက်လို့ ခြေမြန်တော်ဆုံးသွားရင် ကျုပ်တို့တစ်အိမ်လုံး အပြစ်သင့်သွားမှာပေါ့"

ထိုအခါမှ ခြေမြန်တော် သဘောပေါက်နားလည်သွားလေသည်။

သူ ခေါင်းညိတ်ပြီး. . .

"ကျုပ် သဘောပေါက်ပြီ"

ထိုစဉ်. . .

အိမ်ဖော်တစ်ယောက် ရောက်လာပြီး လုယိလုံကို ဦးညွှတ်အရိုအသေပေးလိုက်သည်။

"အစ်ကိုလေး. . . လူငယ်တစ်ယောက် အစ်ကိုလေးကို တွေ့ချင်လို့တဲ့"

လုယိလုံ မျက်မှောင်ကြုတ်သွားသည်။

နှုတ်မှလည်း မေးလိုက်သည်။

"ဘယ်သူလဲ"

ထိုစဉ်မှာပင် အိမ်ဖော်တစ်ယောက် ဟန့်တားသံနှင့်အတူ လူငယ်တစ်ယောက် လမ်းကြားမှဝင်ရောက်လာလေသည်။

ထိုလူငယ်၏မျက်နှာပေါ်တွင် ဒဏ်ရာများပြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုယိလုံမှာ ဆိုလူငယ်ကိုတွေ့သောအခါ အံ့ဩသွား လေသည်။

❋ ❋ ❋

ဖေမင်းသည် လုယိလုံအားတွေ့သည်နှင့် ဦးညွှတ်လိုက် လေသည်။

"ကျုပ်ကို ကယ်ပါဗျာ"

သူ့စကားကြောင့် လုယိလုံ မျက်မှောင်ကြုတ်သွားလေ သည်။

"မင်း ဘာဖြစ်တာလဲ"

"ကျုပ်ကို လူတစ်ယောက်က ရိုက်လိုက်တယ်၊ အဆိပ် လက်ဝါးနဲ့လုပ်ကြဲတယ်"

"ဘာ. . . အဆိပ်လက်ဝါး ဟုတ်လား"

ထိတ်လန့်တကြား မေးလိုက်သည်။

"ဟုတ်ပါတယ်"

လုယိလုံက ဖေမင်းအား ကုလားထိုင်တွင်ထိုင်စေပြီး စမ်းသပ်ကြည့်လိုက်သည်။

သူ အပ်စိုက်ပညာဖြင့် စမ်းသပ်ကုသပေးလိုက်လေ သည်။

ဆေးဝါးကုသရင်း ဖြစ်ပုံများကို မေးမြန်းလိုက်လေ သည်။



လုယိလုံက ဖေမင်းအား ဆေးကုသရင်းမေးမြန်းလိုက် သည်။

"ဒါနဲ့ မင်း အဆိပ်လက်ဝါး ဘယ်လိုမိတာလဲ"

"ကျုပ် လမ်းတစ်လျှောက်လုံး လိုက်မေးလာတာ"

"ဘာကိုမေးတာလဲ"

"ခင်ဗျားအိမ် ဘယ်မှာလဲလို့ အဲဒါ လူနှစ်ယောက်က ကျုပ်ကို အကြောင်းမဲ့ရိုက်သွားတယ်"

လုယိလုံ မျက်မှောင်ကြုတ်သွားသည်။

"အဲသည်လူတွေ ဘယ်အရွယ်လဲ"

ဟု မေးလိုက်သည်။

"အသက်သုံးဆယ် ပတ်ဝန်းကျင်လောက်ရှိမယ် ထင် တယ်"

လုယိလုံ သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက်. . . .

အသာအယာ ခေါင်းယမ်းလိုက်သည်။

"အဲသည်လူနှစ်ယောက် မဖြစ်နိုင်ဘူး"

ဟု ပြောလိုက်၏။

"ဟုတ်ပါတယ်၊ ကျုပ် သူတို့ကိုခုခံလို့ရပါတယ်၊ ဒါပေ မယ့် သူတို့နဲ့ပါလာတဲ့ အဘိုးကြီးနဲ့တွေ့မှ ခံလိုက်ရတာပဲ"

လုယိလုံ ခေါင်းညိတ်လိုက်သည်။

"အဲသည် အဘိုးကြီးလက်ချက်ဆို ဖြစ်နိုင်တယ်"

သူက ဖေမင်းအား စိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း အဆိပ်လက်ဝါးနဲ့ အရိုက်ခံရတယ်ဆိုတာ ဘယ်လိုသိလဲ"

ဟု မေးလိုက်၏။

ဖေမင်းက. . .

"ကျုပ်လည်း မသိဘူး၊ အဲသည်အချိန်မှာ မိန်းကလေးတစ်ယောက် ရောက်လာပြီး သူတို့ကို တိုက်ထုတ်လိုက်တာပဲ"

ဟု ပြော၏။

လုယိလုံ စိတ်ဝင်စားလာလေသည်။

ဖေမင်းကို လှမ်းကြည့်လိုက်သည်။

"မိန်းကလေးတစ်ယောက် ဟုတ်လား"

"ဟုတ်တယ်၊ သည်မိန်းကလေးက အရမ်းလှတယ်၊ သိုင်းပညာလည်း အရမ်းတော်တာပဲ၊ အဘိုးကြီးနဲ့သူ့လူနှစ်ယောက်က သူ့ကိုတွေ့တာနဲ့ ထွက်ပြေးသွားကြတော့တာပါပဲ"

လုယိလုံစိတ်ထဲ သံသယဖြစ်လာ၏။

"သူက ကျုပ်လက်နှစ်ဖက်ကို သေချာကြည့်ပြီး အဆိပ်လက်ဝါးမိသွားပြီလို့ပြောတယ်၊ နောက် ဆေးတစ်လုံးကျွေးလိုက်တယ်၊ ပြီးတော့ ခင်ဗျားဆီသွားပြီးဆေးကုခိုင်းတယ်"

လုယိလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ၊ မင်းနဲ့တွေ့ခဲ့တာ သွေးဆိုးမိန်းကလေးဖြစ်ရမယ်"

ဟု ပြောလိုက်၏။

"သွေးဆိုးမိန်းကလေး ဟုတ်လား၊ သူက ဘယ်သူလဲ"



"သူ့ကို သိုင်းလောကသားတွေက သွေးဆိုးမိန်းကလေးလို့ခေါ်တယ်၊ သူ့နာမည်ကတော့ စန့်ကွမ်းချင်းလို့ခေါ်တယ်"

"ခင်ဗျားတို့ သိနေတာကိုး၊ ဒါကြောင့် သူက ခင်ဗျားဆီလွှတ်လိုက်တာ"

"မင်း သိပ်ကံကောင်းတယ်၊ သူ့ဆေးတစ်လုံးကို တိုက်လိုက်လို့ ဘာမှမဖြစ်ဘဲ ငါ့ဆီရောက်လာတာပဲ"

လုယိလုံက စကားတပြောပြောဖြင့် ဖေမင်းအား ဆေးကုပေးလေသည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



## ကိုယ့်လူ သူ့ဘက်သား

ဤသို့ဖြင့် နောက်နေ့ရောက်သောအခါ ခြေမြန်တော်နှင့် ဖေမင်း၏အခြေအနေ အလွန်ကောင်းလာကြောင်း တွေ့ရလေသည်။

ဖေမင်းမှာ အားအရမ်းနည်းနေသည်။

လုယိလုံသည် သူတို့နှစ်ယောက်အား နောက်ဆုံးအဆင့်ကုသပေးပြီး အနားယူစေသည်။

ထိုစဉ်. . .

အပြင်ဘက်၌ လူသံ၊ မြင်းဟီသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထိုအသံများကြောင့် လုယိလုံ မျက်နှာပျက်သွားလေသည်။



အပြင်သို့ထွက်ရန် ခြေလှမ်း လှမ်းလိုက်သည်။

သို့သော်. . .

အိမ်ဖော်တစ်ယောက် အပြေးအလွှားရောက်လာလေသည်။

"အစ်ကိုလေး. . . မြို့တော်ဝန်က တွေ့ချင်လို့ဆိုပြီး အမှုထမ်းတွေ ရောက်လာပါတယ်"

လုယိလုံ မျက်မှောင်ကြုတ်ပြီး ချက်ချင်းဧည့်ခန်းထဲသို့ ထွက်လာလေသည်။

အမှုထမ်းများကို ဦးဆောင်လာသူမှာ မြို့စောင့်တပ်မှူးဖြစ်သည်။

အမှုထမ်းများသည် ဧည့်ခန်းထဲသို့ ဝင်ရောက်လာပြီး လုယိလုံအား ဝိုင်းရံထားလေသည်။

လုယိလုံ အံ့ဩသွားသည်။

ထို့အပြင်. . .

အိမ်အတွင်းသို့ အမှုထမ်းများ ဝင်ရောက်လာသည်ကို မကျေမနပ်ဖြစ်သွားလေသည်။

"သည်မှာ ဘာကိစ္စနဲ့ ကျုပ်အိမ်ထဲကို ကျုပ်အမိန့်မရဘဲဝင်လာရတာလဲ"

ဟု ခပ်မာမာ မေးလိုက်သည်။

မြို့စောင့်တပ်မှူး မဲ့ပြုံးပြုံးလိုက်၏။

ပြီးမှ. . .

"သည်မှာ လုယိလုံ. . . ခင်ဗျားရဲ့အပြစ်ကို သိသလား"

www.burmeseclassic.com

www.burmeseclassic.com



လုယိလုံ မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ"

ဟု ပြန်မေးလိုက်၏။

ထိုအခါ. . .

မြို့စောင့်တပ်မှူးက. . .

"ခင်ဗျား အိမ်မှာ ရာဇဝတ်သား လက်ခံထားတယ်၊ ဒါဟာ အပြစ်မဟုတ်ဘူးလား"

မြို့စောင့်တပ်မှူး၏ စကားကြောင့် လုယိလုံ ဒေါသထွက်သွားလေသည်။

"ခင်ဗျား စကားကြည့်ပြောပါ။ ကျုပ်တို့ဘိုးဘွားစဉ်ဆက် မင်းမှုထမ်းခဲ့တဲ့လူတွေဗျ"

ထိုစကားကြောင့် မြို့စောင့်တပ်မှူး မဲ့ပြုံးပြုံးလိုက်သည်။

"စကားမများနဲ့၊ မင်းအိမ်ထဲမှာ ရာဇဝတ်သားတွေ့ရင် မလွယ်ဘူး"

ဟု ပြောလိုက်သည်။

ထို့နောက်. . .

မြို့စောင့်တပ်မှူးသည် တပည့်များအား အမိန့်ပေးလိုက်သည်။

"မင်းတို့တွေ တစ်အိမ်လုံး ရှာလိုက်ကြစမ်း"

ထိုအခါ လုယိလုံက လက်ကာပြပြီး ဟန့်တားလိုက်သည်။

ပြီးလျှင်. . .



"အရမ်းမဝင်နဲ့ အထဲမှာ ခြေမြန်တော်ရှိနေတယ်"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် မြို့စောင့်တပ်မှူး ကျေနပ်စွာပြုံးလိုက်သည်။

"ကျုပ်လည်း ခြေမြန်တော်နဲ့ တွေ့ချင်တယ်"

အမှုထမ်းများ လူစုခွဲပြီး ရှာဖွေလေတော့သည်။

မြို့စောင့်တပ်မှူးလေးက လုယိလုံအား အလွတ်မပေးပါချေ။

"ခင်ဗျား အေးအေးဆေးဆေး အဖမ်းခံလိုက်ပါ"

ထိုစကားကြောင့် လုယိလုံ ဒေါသထွက်သွားပြီး စားပွဲကိုရိုက်ချလိုက်သည်။

"ဝုန်း"

စားပွဲတစ်ခုလုံး ပြိုကျသွားလေသည်။

လုယိလုံက မြို့စောင့်တပ်မှူးကို မျက်နှာထားတင်းတင်းဖြင့် ကြည့်လိုက်၏။

ထို့နောက်. . .

အေးစက်သောလေသံဖြင့်. . .

"ကျုပ်ကိုဖမ်းဖို့ မစဉ်းစားနဲ့ ကျုပ်ဘာသာ မြို့တော်ဝန်ဆီသွားမယ်"

ဟု ပြောလိုက်၏။

လုယိလုံ၏ပြတ်သားသော စကားကြောင့် မြို့စောင့်တပ်မှူး ရင်ထိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒါဆိုလည်း အေးအေးဆေးဆေးလိုက်ခဲ့ပါ"

မြို့စောင့်တပ်မှူးလေးက ပြောပြီးထွက်ခွာရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက်. . .

လုယိလုံက. . .

"ခဏနေဦး၊ ကျုပ်ခြေမြန်တော်ဆီသွားပြီး အကျိုးအကြောင်း မေးလိုက်ဦးမယ်"

သူကပြောပြီး အနောက်ဘက်အခန်းထဲသို့ လျှောက်သွားလေသည်။

သို့သော်. . .

အခန်းထဲသို့ ဝင်လိုက်သောအခါ ခြေမြန်တော် ရှိမနေတော့ပါ။

လုယိလုံ ထိတ်လန့်သွားလေသည်။

* * *



မြို့စောင့်တပ်မှူးလေး မဲ့ပြုံးပြုံးလိုက်ပြီး. . .

"ခင်ဗျား ခြေမြန်တော်ကို လုပ်ကြံလိုက်တယ် မဟုတ်လား"

ဟု မေးလိုက်၏။

လုယိလုံ ဒေါသတကြီး ပြန်ပြောလိုက်သည်။

"ဒါ ခင်ဗျားလက်ချက်ဖြစ်ရမယ်"

ထို့နောက်. . .

လုယိလုံ ဒေါသမထိန်းနိုင်ဘဲ မြို့စောင့်တပ်မှူးလေး၏ရင်ဝသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်လေသည်။

မြို့စောင့်တပ်မှူးလေးက ခြေလှမ်းနောက်ဆုတ်လိုက်လေသည်။

သူ၏ဘေးပည့်နှစ်ယောက် ရောက်လာပြီး လုယိလုံ၏လက်သီးကို ခံပေးလိုက်သည်။

"မင်း အေးအေးဆေးဆေး အဖမ်းခံပါ၊ ရှင်းစရာရှိ နောက်မှရှင်းပေါ့"

ဟု ပြော၏။

လုယိလုံ အလွန်ဒေါသထွက်လာသည်။

သူက ခုခံရန် ဟန်ပြင်လိုက်သည်။

သို့သော်. . .

ဘာမှမလှုပ်ရှားတော့ဘဲ ငြိမ်နေလိုက်လေသည်။

ထိုအချိန်မှာပင်. . .

ဖေမင်းအား ကြိုးတုပ်ဖမ်းဆီးခေါ်ဆောင်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လုယိလုံကိုလည်း ကြိုးဖြင့်တုပ်ကာ ဖမ်းဆီးခေါ်ဆောင်သွားလေသည်။

လုယိလုံနှင့်ဖေမင်းတို့ မြို့တော်ဝန်ဂေဟာသို့ ရောက်ရှိလာလေသည်။

မိုးအတော်လင်းမှ လုယိလုံတို့ကို ခေါ်ယူစစ်ဆေးလေသည်။

သို့သော်. . .

စစ်ဆေးမေးမြန်းသူမှာ မြို့တော်ဝန်မဟုတ်ဘဲ တခြားတာဝန်ရှိ ဂေဟာမှူးတစ်ယောက် ဖြစ်လေသည်။

ထိုဂေဟာမှူးမှာ လုယိလုံအား စူးရှစွာကြည့်လိုက်ပြီး မေးမြန်းလိုက်သည်။

"မင်းရဲ့ဘိုးဘွားလက်ထက်က မင်းမှုထမ်းတွေပဲ၊ မင်းကျမှ ဘာကြောင့် ရာဇဝတ်သားတွေနဲ့ ပူးပေါင်းရတာလဲ"

လုယိလုံ ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

ပြီးလျှင်. . .

"ခြေမြန်တော်ကိုလုပ်ကြံတာ၊ ကျွန်တော် မဟုတ်ဘူး"

ဟု ပြောလိုက်၏။

"ဒါဆို အဲသည်လူ ဘယ်မှာလဲ"

"လူကြီးမင်း တစ်လအချိန်ပေးပါ၊ ဖမ်းပေးပါ့မယ်"

ဂေဟာမှူး စားပွဲကိုလက်ဝါးဖြင့် ပုတ်လိုက်ပြီး. . .

"ဘာလဲ၊ မင်းထွက်ပြေးဖို့ အခွင့်အရေးရှာတာလား"

လုယိလုံ ခေါင်း[illegible]လိုက်သည်။



"ကျွန်တော် ထွက်ပြေးချင်ရင် သည်တောင်ရောက်မလာဘူး"

ဂေဟာမှူး စားပွဲကို ရိုက်လိုက်ပြန်သည်။

"ဝုန်း"

"စကားမများနဲ့၊ မင်းဝန်ခံပါ"

လုယိလုံ လေသံမာမာဖြင့် ပြောလိုက်သည်။

ဂေဟာမှူး မျက်မှောင်ကြုတ်ပြီး. . .

"မင်းပြောတော့ ခြေမြန်တော်ကို မင်းမသတ်ဘူးဆို၊ ဘာကြောင့်လိမ်ညာပြီးရှိတယ်လို့ ပြောရတာလဲ"

"သည်မေးခွန်း ခင်ဗျားကို မဖြေနိုင်ဘူး"

လုယိလုံ၏ အေးစက်သောစကားကြောင့် ဂေဟာမှူး အလွန်ဒေါသထွက်သွားသည်။

"မင်းက ငါ့ကို အာခံတာလား"

လုယိလုံ ပါးစပ်ပိတ်ထားလေသည်။

ဂေဟာမှူးသည် လုယိလုံကို ပြောနေရာမှ အစောင့်တစ်ယောက်ကို လှမ်းကြည့်ကာ. . .

"ခေါ်ခဲ့စမ်း"

ဟု အမိန့်ပေးလိုက်သည်။

မင်းမှုထမ်းတစ်ယောက်က ဖေမင်းအား ဆွဲခေါ်လာလေသည်။

ဂေဟာမှူး သူ့အား တစ်ချက်ကြည့်လိုက်ပြီး. . .

"မင်းက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။

ဖေမင်းက. . .

"ကျွန်တော့်နာမည် ဖေမင်းပါ"

ဂေဟာမှူးက. . .

"မင်း ဘယ်မှာနေတာလဲ"

"နန်းတွင်းမှာပါ"

"မင်းက မင်းသားလေးရဲ့တပည့် မဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း ဘာကြောင့်လာတယ်ဆိုတာ အမှန်အတိုင်းပြောပါ"

"ကျွန်တော် အမှန်အတိုင်းပြောမယ်၊ မိတ်ဆွေတစ်ယောက်ဆီ လာတာပါ"

ဂေဟာမှူးသည် ဖေမင်းကို မြို့တော်ဝန်လက်ထဲ အပ်လိုက်သည်။

တစ်ဖန်. . .

လုယိလုံအား အချုပ်ခန်းသို့ပို့ရန် အမိန့်ချလိုက်လေသည်။

လုယိလုံအား သီးသန့် အချုပ်ခန်းထဲတွင် ချုပ်နှောင်ထားလေသည်။

သူ အချုပ်ခန်းတွင် သုံးရက်နေသော်လည်း ထပ်မံစစ်ဆေးခြင်းမပြုချေ။

စတုတ္ထနေ့ရောက်သော ညအချိန်တွင် မြို့စောင့်တပ်



မှူးလေးနှင့်တပည့်များ သူ့အားခေါ်ဆောင်သွားလေသည်။

မကြာပါချေ။

သူ့ အခြားအချုပ်ခန်းတစ်ခုသို့ ရောက်သွားပြီး အချုပ်ခန်းတံခါး ချက်ချင်း ပြန်ပိတ်လိုက်လေသည်။

လုယိလုံ အခန်းထဲကို တစ်ချက်ကြည့်လိုက်သောအခါ အချုပ်ထဲတွင် အဘိုးအိုတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။

ထိုအဘိုးအို၏ မျက်လုံးသည် ကြောက်စရာကောင်းအောင် စူးရှနေသည်။

အဘိုးအိုက သူ့အားပြုံးပြလိုက်ပြီး. . .

"ထိုင်ပါ"

ဟု ပြော၏။

လုယိလုံက အဘိုးအိုနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

"မင်းသားလေးကတော့ မင်းကို တော်တော်အားကိုးတယ်"

လုယိလုံ နားမလည်သလို မျက်မှောင်ကြုတ်လိုက်လေသည်။

"ကျုပ်ကို မေးစရာရှိတာ မေးပါ၊ အပိုတွေမပြောပါနဲ့"

အဘိုးအိုက ပြုံးလိုက်သည်။

"မင်းက ခေါင်းမာသားပဲ၊ မင်းအသက်က ငါ့လက်ထဲမှာရှိတယ်ဆိုတာ သိသလား"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာလုပ်ချင်လို့လဲ"

"တိန်ရှမ်းက မင်းနဲ့တော်တော် ရင်းနှီးသလား"

လုယိလုံ တစ်ချက် လှုပ်ရှားသွားသည်။

"ဘာဖြစ်လို့လဲ"

"သူသေခါနီး မင်းကို ဘာပြောသွားခဲ့လဲ"

လုယိလုံ မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားပြောတာ ကျုပ်နားမလည်ဘူး"

အဘိုးအို ရယ်မောလိုက်သည်။

"မင်းသိအောင် ငါပြောမယ်၊ ငါ့နာမည် ရှဲ့ဖန်း၊ သည်နာမည် ကြားဖူးလား"

လုယိလုံ ထိုအမည်ကြားသည်နှင့် ဒေါသထွက်ပြီး စိတ်မထိန်းနိုင်တော့ပါ။

"ယား"

လက်နှစ်ဖက်ကို တအားရုန်းလိုက်ရာ လက်တွင်ချည်ထားသောကြိုးများ ပြတ်တောက်ကုန်လေသည်။

"ခင်ဗျားက သစ္စာဖောက်ကိုး"

ပြောပြီး အဘိုးအိုအား လက်သီးတစ်လုံးထိုးသွင်းလိုက်သည်။

အဘိုးအို နောက်သို့ ပက်လက်လန်ပြီး ခြေကန်လိုက်ရာ ကုလားထိုင်သည် လုယိလုံထံသို့ အရှိန်နှင့်ဝင်သွားလေသည်။

လုယိလုံ လက်ဝါးဖြင့် ခုတ်ချလိုက်သည်။

"ဝုန်း"



ကုလားထိုင်တစ်ခုလုံး ကျိုးကြေသွားသည်။

ထိုအခါ. . .

အဘိုးအိုသည် ခါးစည်းကြိုးကိုဖြုတ်ယူလိုက်သည်။

"ဟား. . . ဟား. . . ဟား. . . ငါထင်တဲ့အတိုင်း တိန်ရှမ်း ငါ့နာမည်ကို ပြောပြသွားတာကိုး"

လုယိလုံ စကားမပြောဘဲ အဘိုးအိုကို တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်သည်။

အဘိုးအိုမှာ ခါးစည်းကြိုးကို လက်နက်သဖွယ် အသုံးပြု တိုက်ခိုက်လိုက်လေသည်။

လုယိလုံက လက်နှစ်ဖက်ကိုသာ အသုံးပြု၍ တိုက်ခိုက်နေရသည်။

လုယိလုံသည် အဘိုးအိုအား တိုက်ခိုက်ရင်း အချုပ်ခန်းတံခါးကို ကန်ကျောက်လိုက်သည်။

"ဝုန်း"

အသံနှင့်အတူ အချုပ်ခန်းတံခါး ပွင့်သွားလေသည်။

သူထွက်ပြေးရန် ခြေလှမ်းလှမ်းလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကယ်တင်ရှင်

"ဟား. . . ဟား. . . ဟား"

"မင်းက ထွက်ပြေးဖို့ စိတ်ကူးနေတာကိုး"

လုယိလုံ အခန်းအပြင်သို့ ရောက်လာသည်။

သို့သော်. . .

သူ့ရှေ့မှ လူတစ်ယောက် ဟန့်တားတိုက်ခိုက်လာလေသည်။

ထိုလူ၏ လက်ဝါးမှာ နီရဲနေသည်။

ထို့ကြောင့်. . .

အဆိပ်လက်ဝါးဖြစ်ကြောင်း သိလိုက်ရလေသည်။

လုယိလုံ ဒေါသတကြီးဖြင့်. . .

"ခင်ဗျားရဲ့အဆိပ်ကို ကျုပ်ကြောက်နေရမှာလား"



ဟုပြောရင်း လက်ဝါးနှစ်ဖက်ဖြင့် ခံပေးလိုက်သည်။

ထိုလူ ရှောင်တိမ်းလိုက်သည်။

အဘိုးအိုပါ ဝင်ရောက်တိုက်ခိုက်သောကြောင့် လုယိလုံ ထွက်ပြေးချိန် မရတော့ချေ။

တဖြည်းဖြည်း လုယိလုံ အရေးနိမ့်လာသည်။

ထိုစဉ်. . .

အဆိပ်လက်ဝါး တိုက်ခိုက်လာသောကြောင့်. . .

"ဝုန်း"

လုယိလုံ ခန္ဓာကိုယ်မှာ ရပ်တည်နိုင်ခြင်းမရှိဘဲ မြေပေါ် လဲကျသွားလေသည်။

အဆိပ်လက်ဝါးသည် လုယိလုံအား အချုပ်ခန်းထဲဆွဲသွင်း၍ တံခါးပိတ်လိုက်သည်။

ထို့နောက် တံခါးကိုမှီကာ. . .

"အစ်ကိုကြီး သူ့ကို ဘာမေးလို့ရလဲ"

"မေးတာ မဖြေဘူး၊ ခေါင်းမာနေတယ်"

ထိုသို့ပြောပြီး ရှဲ့ဖန်းသည် ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"အစ်ကိုကြီး. . . သူ့ကိုရိုက်လိုက်ပါလား"

အဆိပ်လက်ဝါးက ပြုံးပြီး. . .

"သူ့ခေါင်းကမာလား၊ ကျုပ်လက်ဝါးမာလား ကြည့်ကြသေးတာပေါ့"

အဆိပ်လက်ဝါးက လုယိလုံ၏ခေါင်းသို့ ရိုက်ချရန်

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြင်လိုက်သည်။

"ကျုပ်ကိုသတ်လို့ အကြောင်းမထူးဘူး။ ခင်ဗျားတို့နာမည်တွေ ကျုပ်မိတ်ဆွေကို ပေးပြီးပြီ"

အဆိပ်လက်ဝါးက ပြုံးပြီး . . .

"ဘာပဲဖြစ်ဖြစ် မင်းကို အသုံးချရမယ်"

သူသည်ပြောပြီး လုယိလုံအား သွေးကြောပိတ်လိုက်သည်။

လုယိလုံ သတိမေ့မြောသွား၏။

ရှဲ့ဖန်း အခန်းတံခါးဖွင့်ပြီး မြို့စောင့်တပ်မှူးကို ခေါ်လိုက်သည်။

မြို့စောင့်တပ်မှူး ရောက်လာသောအခါတွင် လုယိလုံအား အချုပ်ခန်းထဲ ပြန်လည်ခေါ်ဆောင်သွားရန် အမိန့်ပေးလိုက်သည်။

အဆိပ်လက်ဝါး တတ်သော အဘိုးအို၏လက်ဝါးမိသူသည် သုံးရက်အကြာ၌ အဆိပ်တက်လာသည်။

ခုနစ်ရက်ပြည့်မြောက်သောအခါ သေဆုံးတတ်ကြသည်။

အချိန် မည်မျှကြာသည် မသိပါ။

လုယိလုံ ပြန်လည်သတိရလာလေသည်။

သတိရလာသော်လည်း တစ်ကိုယ်လုံး နာကျင်သဖြင့် ဒုက္ခကြုံနေလေသည်။

တိန်ရှမ်းက သစ္စာဖောက်ငါးယောက်ကို ထုတ်ဖော်



ပြောသွားသည်။

နေရာအမျိုးမျိုး အသွင်အမျိုးမျိုး ရှိနေကြသည်။

လုယိလုံ အမျိုးမျိုး စဉ်းစားရင်း စိုးရိမ်လာမိသည်။

"ငါ သည်အတိုင်းနေလို့ မဖြစ်ဘူး။ တစ်ခုခုလုပ်မှဖြစ်မယ်"

သူသည် အချုပ်ခန်းမှ လွတ်မြောက်ရန် ကြိုးစားမည်ဟုစိတ်ကူးလိုက်သည်။

ထို့နောက် သူက ထိုင်ပြီး အတွင်းအားလေ့ကျင့်လိုက်သည်။

သူ အတွင်းအားစုစည်းပြီး လက်တွင်ချည်ထားသောကြိုးကိုဆွဲဖြုတ်မည်ပြုစဉ် အပြင်ဘက်မှ ဆူညံသောအသံများကို ရုတ်တရက် ကြားလိုက်ရလေသည်။

သူ မြေပြင်ပေါ် ဝပ်ပြီး နားထောင်လိုက်သည်။

သူ အံ့ဩသွား၏။

အော်ဟစ်သံ တိုက်ခိုက်သံများကို ကြားရသည်။

တဖြည်းဖြည်း အချုပ်ခန်းနှင့်နီးလာကြောင်းကို သိရှိရလေသည်။

လုယိလုံ မတွေးတတ်အောင်ဖြစ်နေစဉ်မှာပင် အချုပ်ခန်းတံခါး ပွင့်သွားလေသည်။

လုယိလုံ ကမန်းကတန်း ထရပ်လိုက်သည်။

အချုပ်ခန်းတံခါးလာဖွင့်သူကိုလည်း ကြည့်လိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ. . .

ရှဲ့ဖန်း၏ ကောက်ကျစ်စဉ်းလဲစွာပြုံး၍ ရပ်နေသော မျက်နှာကို တွေ့ရလေသည်။

လုယိလုံ ရှဲ့ဖန်းအား မျက်မှောင်ကြုတ်၍ကြည့်လိုက်သည်။

ပြီးမှ. . .

"ခင်ဗျား ဘာလုပ်မလို့လဲ"

ဟု မေးလိုက်သည်။

ရှဲ့ဖန်း ပြုံးလိုက်၏။

လုယိလုံအား ခက်ထန်စွာကြည့်ကာ. . .

"မင်းပြောတဲ့ မင်းရဲ့မိတ်ဆွေ အခုလာနေပြီလေ၊ ဒါကြောင့် ကျုပ်က မင်းကို အရင်သတ်ပစ်မယ်"

သူ၏စကား မဆုံးသေးပါ။

ရုတ်တရက်. . .

"ဝုန်း"

အသံတစ်ချက် ကျယ်လောင်စွာ ဟိန်းထွက်လာလေသည်။

တစ်ဆက်တည်းမှာပင် အုတ်နံရံကြီးမှာ တုန်ခါသွားလေသည်။

ထိုအသံကြောင့် အချုပ်ခန်းကို တစ်စုံတစ်ခုဖြင့် ထိုးဖောက်နေကြောင်း လုယိလုံ နားလည်လိုက်သည်။

ရှဲ့ဖန်း မျက်နှာပျက်သွားသည်။



ထို့နောက်. . .

သူက လုယိလုံအား လျှပ်တပြက် တိုက်ခိုက်လိုက်လေသည်။

လုယိလုံ အတွင်းအားစုစည်းပြီး. . .

"ယား"

မာန်သွင်းလိုက်၏။

တစ်ချိန်တည်းပင် လက်တွင်ချည်ထားသောကြိုးကို ဆောင့်ရုန်းလိုက်သည်။

တစ်ပြိုင်နက် သူ၏လက်သီးတစ်လုံး ရှဲ့ဖန်း၏ရင်ဝကို ထိုးသွင်းလိုက်သည်။

ရှဲ့ဖန်းသည် လုယိလုံ့သွေးကြောပိတ်ခံထားရသဖြင့် အားအင်ရှိမည်ဟု ထင်မထားပါချေ။

ထို့ကြောင့်. . .

သူက လုယိလုံ၏ တိုက်ခိုက်မှုကို အလေးမထားဘဲနေလိုက်သည်။

သို့သော်. . .

"ခွပ်"

"အ"

လုယိလုံ၏ တိုက်ခိုက်မှုကို ရှဲ့ဖန်း မခုခံနိုင်တော့ပါချေ။

နာကျင်စွာအော်ဟစ်လိုက်ပြီး မြေပေါ်သို့ လဲကျသွားလေသည်။

သူသည် မြေပေါ်သို့လဲကျသွားသည်နှင့် ခါးစည်းကြိုး

www.burmeseclassic.com

www.burmeseclassic.com



ကိုဆွဲဖြုတ်ပြီးသား ဖြစ်သွားလေသည်။

လုယိလုံက ရှဲ့ဖန်းအား ထပ်မံတိုက်ခိုက်ခြင်း မပြုသေးပေ။

ရှဲ့ဖန်း၏အခြေအနေကို အရင်စောင့်ကြည့်နေလိုက်သည်။

အပြင်မှလူများသည် မည်သူတွေဖြစ်ကြောင်း သူ မသိရသေးပေ။

သို့သော် သူ့အားကာယ်တင်မည့်သူများဖြစ်ကြောင်း ကောင်းစွာယုံကြည်ထားလေသည်။

ထို့ကြောင့်. . .

သူ စိတ်ခတ်တက်ကြွနေသည်။

ရှဲ့ဖန်းအား သူက အစွမ်းကုန်တိုက်ခိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုစဉ်. . .

ရှဲ့ဖန်း ပြန်လည် တိုက်ခိုက်လာသည်။

လုယိလုံက သတိကြီးစွာထား၍ ရှဲ့ဖန်းအနားချဉ်းကပ်သွားလေသည်။

ရှတ်တရက်. . .

"ရှပ်"

အသံနှင့်အတူ ရှဲ့ဖန်း၏ခါးစည်းကြိုးက လုယိလုံကိုရစ်ပတ်မိသွား၏။

သို့သော်. . .



သူက တအားဆွဲသော်လည်း လုယိလုံ လိမ့်ကျမသွားပါချေ။

ရှဲ့ဖန်းမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

လုယိလုံ အကွက်ကောင်းစောင့်ကာ လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

ရှဲ့ဖန်း ထိတ်လန့်သွား၏။

သူက ခေါင်းကိုစောင်းပြီး ရှောင်တိမ်းလိုက်ရာ. . .

"ဖွီး"

ကံကောင်းစွာဖြင့် လက်သီးချက်မှာ လွဲချော်သွားလေသည်။

သို့သော်. . .

နောက်တစ်ချက် ဆက်တိုက်ပစ်သွင်းလာသော လက်သီးချက်သည် ရှဲ့ဖန်း၏နားရွက်တစ်ခုလုံး ထူပူသွားစေတော့သည်။

ရှဲ့ဖန်း ဒေါသထွက်သွား၏။

သို့သော်. . .

သူက ခါးစည်းကြိုးကို ဝှေ့ယမ်းပြီး ရယ်မောလိုက်လေသည်။

"ဟား. . . ဟား. . . ဟား"

ခါးစည်းကြိုးသည် လုယိလုံ၏ခြေထောက်အား ရစ်ပတ်သွားလေသည်။

"မင်း ဘာတတ်နိုင်သေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျေနပ်စွာ ပြောလိုက်၏။

ထိုစဉ်. . .

"ခစ်. . . ခစ်. . . ခစ်"

ချိုသာသောရယ်သံလေးတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထိုရယ်မောသံကြောင့် ရှဲ့ဖန်းမှာ မျက်နှာပျက်သွားလေသည်။

လုယိလုံမှာမူ ထိုအသံကြားသည်နှင့် ဝမ်းသာသွားလေသည်။

"သွေးဆိုးမိန်းကလေး"

ဟု ခေါ်လိုက်၏။

ရှဲ့ဖန်းကလည်း. . .

"သွေးဆိုးမိန်းကလေး"

ဟု ရေရွတ်မိလိုက်သည်။

ထို့နောက်. . .

ရှဲ့ဖန်းက အခြေအနေမဟန်မှန်း သဘောပေါက်လိုက်သဖြင့် ချာခနဲ နောက်လှည့်ကာ ပြေးထွက်သွားလေသည်။

ရှဲ့ဖန်း အပြင်ရောက်သောအခါ အုတ်နံရံများပြိုလဲပြီး စစ်သည်များလဲကျနေလေသည်။

တစ်ချို့ အမျိုးသမီးများနှင့် တိုက်ခိုက်နေသည်ကို တွေ့ရလေသည်။

ထိုစဉ်. . .



"ရှင် ဘယ်ပြေးမလဲ"

ချိုလွင်သာယာသော အသံလေးထွက်ပေါ်လာပြန်သည်။

ရှဲ့ဖန်း ထိတ်လန့်သွား၏။

အနောက်ဘက်သို့လည်း ကပျာကယာ လှည့်ကြည့်လိုက်မိသည်။

ထိုအခါ လရောင်အောက်တွင် ချောမောလှပသော မိန်းကလေးတစ်ယောက်က ပြုံး၍ရပ်နေသည်ကိုတွေ့လိုက်ရလေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ရှဲ့ဖန်းသည် သွေးဆိုးမိန်းကလေး၏သတင်းကိုသာ ကြားဖူးသည်။

လူကို တစ်ခါမျှ မမြင်ဖူးပါ။

သို့သော်. . .

ယခု ရပ်နေသော မိန်းမချောလေးအား မြင်တွေ့လိုက်သည်နှင့် သွေးဆိုးမိန်းကလေးမှန်း သိရှိလိုက်၏။

ရှဲ့ဖန်း ပြုံးလိုက်သည်။

ပြီးနောက် မိန်းကလေးအားကြည့်ကာ. . .

"မိန်းကလေးက သွေးဆိုးမိန်းကလေးထင်တယ်"

ဟု မေးလိုက်၏။

သွေးဆိုးမိန်းကလေးက ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်ရှင်"

ဟု ပြောလိုက်၏။

ရှဲ့ဖန်းမှာ သွေးဆိုးမိန်းကလေး၏ ပျော့ပျောင်းနူးညံ့သောအသံကြောင့် ပို၍အတင့်ရဲလာလေသည်။

သတင်းကြားရသလောက် ကြောက်စရာကောင်းမည်ဟုမထင်တော့ချေ။

သူက မိန်းကလေးအားကြည့်ကာ. . .

"မင်း အခုလုပ်နေတဲ့လုပ်ရပ်က ဆွေခုနစ်ဆက်အပြစ်ပေးခံရမယ်ဆိုတာကို မသိဘူးလား"

ဟု လေသံတင်းတင်းဖြင့် မေးလိုက်၏။



သွေးဆိုးမိန်းကလေး ပြုံးလိုက်၏။

ထို့နောက် လေသံအေးအေးဖြင့်. . .

"ကျွန်မမှာ ဆွေမျိုးမရှိပါဘူး၊ ကျွန်မက တစ်ယောက်တည်းပါ၊ ဒါပေမယ့် ရှင့်လိုသစ္စာဖောက်လောက်တော့ အပြစ်မကြီးပါဘူး"

ဟု ပြောလိုက်၏။

သူမ၏စကားကြားလျှင် ရှဲ့ဖန်း မျက်နှာပျက်သွားလေသည်။

"သည်မှာ မိန်းကလေး. . . မင်းကို ကျုပ်က သနားလို့ မသတ်ချင်တာ၊ မင်းက သေချင်ပြီထင်တယ်"

ဟု အော်ငေါက်လိုက်၏။

သွေးဆိုးမိန်းကလေး ဒေါသထွက်သွား၏။

သို့သော်. . .

အပြုံးမပျက်ဘဲ လက်ခုပ်တီးပြီး ရယ်မောလိုက်သည်။

"ရှင့်စကား ကျွန်မ သဘောကျသွားပြီ"

ဟု ပြောလိုက်၏။

ရှဲ့ဖန်း မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်စကားက ဘာများ သဘောကျစရာပါလို့လဲ"

ဟု မေးလိုက်၏။

သွေးဆိုးမိန်းကလေးက. . .

"အခု ရှင် ကျွန်မရဲ့လက်ထဲ ရောက်နေပြီဆိုတာ မသိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ရှဲ့ဖန်း ဒေါသတကြီး ဖြစ်သွားလေသည်။

"မင်းက သည်လောက်သေချင်နေတာ သေပေတော့"

ဟု ကြုံးဝါးလိုက်သည်။

ထို့နောက်. . .

သိုင်းကွက်ထုတ်ကာ သွေးဆိုးမိန်းကလေးအား တရကြမ်းတိုက်ခိုက်လိုက်သည်။

သူက သွေးဆိုးမိန်းကလေးအား အသေသတ်ပစ်ရန် ဆုံးဖြတ်ထား၏။

သူက သိုင်းကွက်သုံးလေးကွက်နှင့် သွေးဆိုးမိန်းကလေးအား အနိုင်ရမည်ဟု ထင်ထားသည်။

သို့သော်. . .

မိမိဘက်မှ အခြေအနေ မဟန်ကြောင်း သိရှိလိုက်ရသည်။

သွေးဆိုးမိန်းကလေးသည် မျက်နှာသာ ချိုလွင်သော်လည်း တိုက်ခိုက်ရာတွင် ရက်စက်သည်ကို တွေ့ရလေသည်။

ရှဲ့ဖန်းမှာ မိန်းကလေးအား ပေါ့ပေါ့ဆဆ သဘောမထားဝံ့တော့ချေ။

သူက ခါးမှခါးစည်းကြိုးကို ဖြုတ်ယူလိုက်လေသည်။

သို့သော်. . .

သွေးဆိုးမိန်းကလေး၏ အင်္ကျီစကိုပင်ထိအောင် မတိုက်ခိုက်နိုင်ပါ။



သွေးဆိုးမိန်းကလေးသည် နာမည်ကြီးသလောက် ကြောက်စရာကောင်းမှန်း သိလိုက်သည်။

ရှဲ့ဖန်း တစ်ကိုယ်လုံး ချွေးများပျံလာသည်။

သွေးဆိုးမိန်းကလေးက ရှဲ့ဖန်းအား ပြုံး၍ကြည့်လိုက်ပြီး. . .

"ဘယ်လိုလဲ ရှင့်ပညာ ဒါအကုန်ပဲလား"

ဟု မေးလိုက်သည်။

ရှဲ့ဖန်းက စကားပြန်ပြောခြင်းမရှိဘဲ တိုက်ခိုက်လိုက်လေသည်။

ထိုစဉ်. . .

လူရိပ်တစ်ခု သူ့အနီးချဉ်းကပ်လာသည်ကို တွေ့ရလေသည်။

ထိုလူရိပ်ရောက်လာသည်နှင့် ရှဲ့ဖန်းမှာ ဝမ်းသာသွား၏။

ထိုလူရိပ်သည် သွေးဆိုးမိန်းကလေး၏ နောက်ကျောဘက်တွင် ရောက်ရှိနေသော အဆိပ်လက်ဝါးပင်ဖြစ်သည်။

သူတို့နှစ်ယောက် ဝိုင်း၍တိုက်ခိုက်လျှင် သွေးဆိုးမိန်းကလေးအား အနိုင်ရမည်ဟု ယုံကြည်လိုက်သည်။

ထို့ကြောင့်. . .

သူသည် သွေးဆိုးမိန်းကလေးက အဆိပ်လက်ဝါးထံ အာရုံမရောက်စေရန် တရကြမ်း တိုက်ခိုက်လိုက်သည်။

အဆိပ်လက်ဝါးသည် သွေးဆိုးမိန်းကလေး၏ နောက်

www.burmeseclassic.com

www.burmeseclassic.com



ကျောကို ဓားဖြင့်ထိုးလိုက်သည်။

သို့သော်. . .

သွေးဆိုးမိန်းကလေးမှာ အလွန်ပင် လျင်မြန်ပါးနပ်လှပေသည်။

ရှဲ့ဖန်းတို့ ထင်ထားသည့်အတိုင်း ဖြစ်မလာပါချေ။

သူမသည် လေထဲတွင် ခန္ဓာကိုယ်ကို ကျွမ်းပစ်ပြီး အဆိပ်လက်ဝါး၏နောက်ကျောသို့ ရောက်ရှိသွားသည်။

အဆိပ်လက်ဝါးမှာ ထိတ်လန့်တုန်လှုပ်သွားမိလေသည်။

သွေးဆိုးမိန်းကလေး၏ဓားက သူ့ခေါင်းပေါ်မှ ဖြတ်သွား၏။

ထို့ကြောင့်. . .

သူ၏ဆံပင်များလည်း လက်တစ်ဆစ်ခန့် ပြတ်သွား၏။

ရှဲ့ဖန်းသည် ရှေ့သို့ဆက်တိုးပြီး ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

သွေးဆိုးမိန်းကလေးက ပြုံး၍. . .

"သည်မှာ အခုတိုက်မှာ ရှင်တို့နှစ်ယောက်တည်းလား၊ အဖော်ရှိသေးရင် တစ်ခါတည်းခေါ်လိုက်"

ဟု ပြောလိုက်လေသည်။

❋ ❋ ❋



# ပညာစမ်းချင်တဲ့လူ

သွေးဆိုးမိန်းကလေးတို့ ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။

ထိုစဉ်. . .

လုယိလု ရောက်လာသည်။

သူက သွေးဆိုးမိန်းကလေးအား ကြည့်ကာ. . .

"ကျူပ်ကူမယ်"

ဟုပြောကာ ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအခါ သွေးဆိုးမိန်းကလေးက လက်ကာပြပြီး. . .

"သည်နှစ်ယောက်ကို ကျွန်မ နိုင်ပါတယ်၊ နောက်ကလိုက်လာတဲ့လူတွေကို အကာအကွယ်ပေးလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၏။

လုယိလုံသည် သွေးဆိုးမိန်းကလေး၏ သိုင်းပညာကို ယုံကြည်သဖြင့် နောက်မှလိုက်လာသူများကို ကူညီရန် ထိုနေရာမှပြေးထွက်ခဲ့လေသည်။

သူ အပြင်ရောက်သောအခါ တပ်မှူးလေးသည် သွေးဆိုးမိန်းကလေးနှင့် လိုက်ပါလာသူများနှင့် တိုက်ခိုက်နေသည်ကို တွေ့ရလေသည်။

"ခင်ဗျားတို့ အားငယ်မနေကြနဲ့၊ ကျုပ်လာပြီ"

မြို့စောင့်တပ်သားနှစ်ယောက်သည် လုယိလုံ ရောက်ရှိလာသည်နှင့် ကမန်းကတန်း နောက်ဆုတ်သွားလေတော့သည်။

❋ ❋ ❋



"သွေးဆိုးမိန်းကလေး ဘယ်မှာလဲ"

"သစ္စာဖောက်နှစ်ယောက်ကို တိုက်ခိုက်နေတယ်"

"ခင်ဗျား ဝင်မကူဘူးလား"

"ကူမလို့ဘဲ၊ သူက ခင်ဗျားတို့ကို သွားကူပါဆိုလို့ လာတာပါ"

"သွေးဆိုးမိန်းကလေးက တကယ်တော်ပါတယ်ဗျာ"

ထိုစဉ်. . .

ကြည်လင်သောအသံလေးတစ်ခု ကြားလိုက်ရလေသည်။

"မထင်လိုက်ပါနဲ့ရှင်"

လုယိလုံက ကြည့်လိုက်သည်။

မျက်နှာဖုံးရှင် မိန်းကလေးက ရယ်မောလိုက်၏။

"ရှင်လာမှတော့ ကျွန်မလည်း လာနိုင်ရမှာပေါ့၊ သွေးဆိုးမိန်းကလေးနဲ့တွေ့မှ ရှင့်ကိုပြောပြမယ်"

ဟု ပြောလိုက်၏။

ထို့နောက်. . .

မျက်နှာဖုံးရှင် မိန်းကလေးက သွေးဆိုးမိန်းကလေးထံ ပြေးသွားလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



သွေးဆိုးမိန်းကလေး၏ ဓားပညာသည် အလွန်ပြင်းထန်လေသည်။

သူနှင့်ယှဉ်ပြိုင်တိုက်ခိုက်နေသော ရှဲ့ဖန်းတို့မှာ နောက်သို့ တဆုတ်တည်း ဆုတ်နေရလေသည်။

ထဖြည်းဖြည်းနှင့် အရေးနိမ့်စပြုလာလေတော့သည်။

သူတို့နှစ်ယောက်သည် ပြန်လည်ခုခံတိုက်ခိုက်ရန် အချိန်မရဘဲ အခက်ကြုံနေ၏။

နှစ်ယောက်စလုံး ဇောချွေးများပျံနေလေသည်။

သွေးဆိုးမိန်းကလေးသည် အသာစီးရသည့်တိုင် ညှာတာခြင်းမရှိပါ။

ပြင်းထန်စွာ တိုက်ခိုက်နေသည်။

ထိုစဉ်. . .

သွေးဆိုးမိန်းကလေးသည် နောက်ကျောဘက်မှ အေးစိမ့်သော အငွေ့အသက် တိုးဝင်လာသည်ကို ခံစားလိုက်မိသည်။

သူမက နောက်သို့ ရုတ်တရက် လှည့်လိုက်၏။

ထို့နောက်. . .

တိုးဝင်လာသောဓားကို သူမ၏ဓားဖြင့် ခတ်ထုတ်လိုက်သည်။

"ထန်း"

"ချွမ်း"

ဟူသောမြည်သံများ ထွက်ပေါ်လာသည်။



ဓားဓားချင်းထိခတ်ပြီး မီးပွားများပွင့်ထွက်လာလေသည်။

သို့သော်. . .

သူမအား တိုက်ခိုက်လာသူ၏ဓားမှာ လွင့်ထွက်သွားခြင်း မရှိပါ။

သွေးဆိုးမိန်းကလေးမှာ သူမ၏တိုက်ခိုက်မှုကို ခုခံနိုင်သောကြောင့် အနည်းငယ် အံ့အားသင့်သွားလေသည်။

သူမအား အလစ်ဝင်ရောက် တိုက်ခိုက်လာသူကို ကြည့်လိုက်မိသည်။

ထိုအခါ. . .

မျက်နှာကို ပဝါဖုံးထားသော မိန်းကလေးတစ်ယောက်ကိုတွေ့ရလေသည်။

သွေးဆိုးမိန်းကလေးမှာ မျက်မှောင်ကြုတ်သွားမိ၏။

"မင်း ဘယ်သူလဲ"

ဟု မေးလိုက်၏။

မျက်နှာဖုံးရှင် မိန်းကလေးက ခေါင်းခါယမ်းလိုက်လေသည်။

"ရှင်သိစရာ မလိုဘူး"

ဟု ပြတ်သားစွာပြော၏။

သွေးဆိုးမိန်းကလေး ဒေါပွသွား၏။

"မင်း သေချင်လို့လား"

ဟု အော်ဝေါက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"လူတိုင်းက ရှင့်ရဲ့ဓားပညာဟာ သိပ်ပြီးတော်တယ်လို့ ပြောကြတယ်၊ ဒါကြောင့် ကျွန်မ စမ်းချင်တာပါ"

ဟု ပြောလိုက်၏။

သွေးဆိုးမိန်းကလေး ပြုံးလိုက်၏။

"ကောင်းပြီလေ၊ ရပါတယ်"

ဟု ပြောလိုက်သည်။

ရုတ်တရက် . . .

သူမက ဓားကိုဝှေ့ယမ်းလိုက်၏။

တစ်ဆက်တည်း မျက်နှာဖုံးတပ်ထားသော မိန်းကလေး၏ရင်ဝသို့ ထိုးသွင်းလိုက်သည်။

"ဝှစ်"

ထိုအခါ . . .

မိန်းကလေးက ဓားဖြင့်ခုခံလိုက်သည်။

သူတို့နှစ်ယောက် တိုက်ခိုက်နေစဉ် ရဲ့ဖန်းတို့နှစ်ယောက် အိမ်ခေါင်မိုးပေါ်သို့တက်ကာ ထွက်ပြေးသွားကြလေတော့သည်။

* * *



သွေးဆိုးမိန်းကလေးနှင့် မျက်နှာဖုံးရှင်မိန်းကလေးတို့ ပြင်းထန်စွာ တိုက်ခိုက်နေကြ၏။

ရုတ်တရက် . . .

သူတို့ တိုက်ခိုက်နေသည်ကို အခွင့်အရေးယူ၍ ရဲ့ဖန်းနှင့် အဆိပ်လက်ဝါးတို့နှစ်ယောက် ထွက်ပြေးသွားကြ၏။

ဤတွင် . . .

သွေးဆိုးမိန်းကလေးက တိုက်ခိုက်နေရင်းမှ တွေ့မြင်လိုက်၏။

သူမက လိုက်သွားရန် ဟန်ပြင်လိုက်၏။

ထိုအခါ မျက်နှာဖုံးရှင် မိန်းကလေးက ဟန့်တားတိုက်ခိုက်လိုက်သည်။

"ဝှစ်"

သွေးဆိုးမိန်းကလေး၏လက်မောင်းနားသို့ ဓားက တိုးဝင်လာသည်။

သွေးဆိုးမိန်းကလေးက ဓားကိုပင့်တင်၍ ခုခံပေးလိုက်သည်။

"ထန်း"

"ချွမ်း"

ဓားချင်းထိခတ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သွေးဆိုးမိန်းကလေး ဒေါပွသွား၏။

"သေပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ငေါက်ကာ မျက်နှာဖုံးရှင်မိန်းကလေးကို တရကြမ်း တိုက်ခိုက်လိုက်သည်။

ရဲ့ဖန်းတို့နောက်သို့ လိုက်ရဦးမည် မဟုတ်ပါလား။

ရဲ့ဖန်းနှင့်အဆိပ်လက်ဝါးတို့အား မျက်ခြည်ပြတ်၍မဖြစ်ပါချေ။

ထိုစဉ်. . .

"ကျုပ်လာပြီ"

ဟူသောအသံနှင့်အတူ သွေးဆိုးမိန်းကလေးတို့ထံသို့ လုယိလုံ ပြေးလွှားရောက်ရှိလာလေသည်။

သွေးဆိုးမိန်းကလေးက လုယိလုံအားတွေ့လျှင် ဝမ်းသာသွားသည်။

"လုယိလုံ. . . အဆိပ်လက်ဝါးတို့နောက်ကိုလိုက်ပါ။ သူတို့ကို အလွတ်ပေးလို့မဖြစ်ဘူး၊ ခဏကြာမှတွေ့မယ်"

ဟု အော်ဟစ်ပြောဆိုလိုက်သည်။

လုယိလုံ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ"

ဟု ပြောလိုက်၏။

ထို့နောက် သူက အိမ်ခေါင်မိုးပေါ်သို့ အပြေးအလွှား ခုန်တက်လိုက်၏။

အဆိပ်လက်ဝါးတို့နောက်သို့ တဟုန်ထိုးပြေးလိုက်သွားလေသည်။

❋ ❋ ❋



သွေးဆိုးမိန်းကလေးသည် ရဲ့ဖန်းတို့နောက်သို့ လုယိလုံ လိုက်သွားသည်ကို တွေ့လျှင် စိတ်ချသွား၏။

ထို့နောက်. . .

မျက်နှာဖုံးရှင်မိန်းကလေးအား ဆုံးမရန် ဆုံးဖြတ်ထားသည်။

မျက်နှာဖုံးရှင်မိန်းကလေးကလည်း ခေသူမဟုတ်ပါချေ။

သွေးဆိုးမိန်းကလေးအား ပြင်းထန်စွာ ခုခံတိုက်ခိုက်လေသည်။

သွေးဆိုးမိန်းကလေးက ရုတ်တရက် သဘောကျစွာ ရယ်မောလိုက်၏။

တစ်ဆက်တည်း တိုက်ခိုက်ခြင်းကိုလည်း ရပ်လိုက်လေသည်။

မျက်နှာဖုံးတပ်ထားသော မိန်းကလေး ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ရှင် ဘာရယ်တာလဲ"

ဟု မေးလိုက်သည်။

သွေးဆိုးမိန်းကလေးက. . .

"မင်းက မထောက်တခေါက် ပညာလေးနဲ့ ငါ့ကိုလာယှဉ်နေတာကိုး၊ မကြာခင် မင်းရှုံးတော့မှာကိုသိလို့ ရယ်နေတာလေ"

ဟု ရိသဲ့သဲ့ ပြောလိုက်၏။

မျက်နှာဖုံးရှင်မိန်းကလေး ဒေါပွသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးဆိုးမိန်းကလေးအား လက်ညှိုးဖြင့်ထိုးကာ. . .

"ရှင် သိပ်အပြောကြီးမနေနဲ့ ရှင့်ကို ကျွန်မနိုင်အောင် တိုက်ပြမယ်၊ ဒါကြောင့် သတိထားပါ"

ဟု အော်ငေါက်လိုက်သည်။

သွေးဆိုးမိန်းကလေး သဘောကျစွာ ရယ်မောလိုက်ပြန်သည်။

"ကောင်းပြီ. . . ဒါဆိုလည်းလာလေ"

ဟု ခေါ်လိုက်၏။

မျက်နှာဖုံးတပ်ထားသော မိန်းကလေး ခံပြင်းသွားသည်။

"ယား"

ဩသံပေးကာ ဓားကိုဝှေ့ယမ်း၍ တရစပ်တိုက်ခိုက်လိုက်သည်။

ဒေါသထွက်နေသောကြောင့် သူမ၏တိုက်ကွက်မှာ ပြင်းထန်လှသည်။

သွေးဆိုးမိန်းကလေးကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တိုက်ပွဲမှာ ပြင်းထန်လှ၏။

ရုတ်တရက်. . .

"ရွှပ်"

မျက်နှာဖုံးရှင်မိန်းကလေး၏ဓားက သွေးဆိုးမိန်းကလေး၏မျက်နှာအနီးမှ ပွတ်ကာသီကာ ဖြတ်သွား၏။



သွေးဆိုးမိန်းကလေး ထိတ်လန့်သွား၏။

မျက်နှာဖုံးရှင်မိန်းကလေး ကျေနပ်စွာပြုံးလိုက်လေသည်။

သွေးဆိုးမိန်းကလေး ဒေါပွသွား၏။

မျက်နှာဖုံးရှင်မိန်းကလေးအား ဒေါသတကြီး တိုက်ခိုက်လိုက်၏။

သွေးဆိုးမိန်းကလေး၏ ဓားပညာသည် အလွန်ထက်မြက်လှ၏။

သူမက တရကြမ်း တိုက်ခိုက်လိုက်ရာ မကြာပါချေ။

မျက်နှာဖုံးရှင်မိန်းကလေး အရေးနိမ့်စပြုလာလေသည်။

အနောက်ဘက်သို့ တဆုတ်တည်းဆုတ်နေရသည်။

သွေးဆိုးမိန်းကလေးက အလျှော့မပေးဘဲ ဖိ၍တိုက်ခိုက်လိုက်သည်။

ကြာလာသောအခါ မျက်နှာဖုံးရှင်မိန်းကလေး မခုခံနိုင်တော့ချေ။

ထို့ကြောင့်. . .

မျက်နှာဖုံးရှင်မိန်းကလေးက ထွက်ပြေးရန်ကြိုးစားလိုက်သည်။

သို့ရာတွင်. . .

သွေးဆိုးမိန်းကလေးက ထွက်မပြေးနိုင်ရန် လမ်းပိတ်တိုက်ခိုက်နေသည်။

မိန်းကလေးမှာ မည်သို့မျှ ထွက်မပြေးနိုင်အောင် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။

သူမသည် သွေးဆိုးမိန်းကလေး၏ တိုက်ခိုက်မှုကို အပြင်းအထန်ခုခံရင်း ဖရိုဖရဲဖြစ်နေတော့သည်။

အတန်ကြာသောအခါ မိန်းကလေးမှာ မခုခံနိုင်အောင် ဖြစ်သွားလေသည်။

ထို့ကြောင့်. . .

"ကျွန်မ အရှုံးပေးပါပြီရှင်"

မိန်းကလေးက သွေးဆိုးမိန်းကလေးအား လက်လျှော့ အရှုံးပေးလိုက်သည်။

မိန်းကလေးမှာ အလွန်လှပသော မိန်းကလေးတစ် ယောက်ဖြစ်သည်။

သွေးဆိုးမိန်းကလေးက ခေါင်းတွင်တွင်ခါယမ်းလိုက် သည်။

ပြီးလျှင်. . .

"မင်းကို ငါမသတ်ဘူး၊ ဒါပေမယ့် အမှတ်အသားတစ်ခု တော့ တစ်သက်စာအတွက်ပေးလိုက်မယ်"

ဟု ပြောလိုက်၏။

ထို့နောက်. . .

မိန်းကလေး၏ မျက်နှာပေါ်သို့ ဓားထောက်လိုက်သည်။

"ဟင်"

မိန်းကလေးမှာ အလွန်ပင် တုန်လှုပ်ချောက်ချားသွား သည်။



ရုတ်တရက်. . .

သူမက ဓားကို အောက်မှအပေါ်သို့ ပင့်တင်ခဲလိုက် သည်။

သွေးဆိုးမိန်းကလေးမှာ ကြောင်အမ်းအမ်းဖြစ်သွားမိ သည်။

ထိုစဉ်မှာပင်. . .

မျက်နှာဖုံးရှင်မိန်းကလေးက အိမ်ခေါင်မိုးပေါ်တက်ကာ ထွက်ပြေးသွားလေသည်။

ထိုအခါမှ သွေးဆိုးမိန်းကလေးမှာ သတိဝင်လာလေ သည်။

"မပြေးနဲ့"

ဟု အော်ဟစ်လိုက်သည်။

ထို့နောက်. . .

မျက်နှာဖုံးရှင်မိန်းကလေးနောက်သို့ ပြေးလိုက်သွားလေ သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



လုယိလုံ လိုက်သွားသောအခါ ရှဲ့ဖန်းတို့ ထွက်ပြေးသွား ကြလေသည်။

ထိုစဉ် . . .

သွေးဆိုးမိန်းကလေး ထိုနေရာသို့ ရောက်ရှိလာလေသည်။

လုယိလုံက သွေးဆိုးမိန်းကလေး ရောက်လာသည်နှင့် ရှဲ့ဖန်းတို့ထွက်ပြေးရာဘက်သို့ ညွှန်ပြလိုက်သည်။

ပြီးလျှင် . . .

"သူတို့နှစ်ယောက် ဟိုဘက်ပြေးသွားတယ်၊ လိုက်ကြရအောင်"

ဟု ပြောလိုက်သည်။

တစ်ဆက်တည်း သူကနောက်သို့ လိုက်သွားရန် ဟန်ပြင်လိုက်သည်။

သို့သော် . . .

သွေးဆိုးမိန်းကလေး လက်ကာပြပြီး . . .

"စောစောက ထွက်ပြေးတဲ့ မိန်းကလေးကိုလိုက်ဖို့ အရေးကြီးတယ်"

ဟု ပြောလိုက်သည်။

ထို့နောက် . . .

သူမက မိန်းကလေးနောက်သို့ ပြေးလိုက်သွားလေသည်။

သွေးဆိုးမိန်းကလေးသည် ဆရာဖြစ်သူတွင် မိမိသာ



တပည့်တစ်ယောက်တည်းရှိသည်ဟု ထင်သည်။

စောစောက မိန်းကလေး အသုံးပြုတိုက်ခိုက်သွားသော သိုင်းကွက်သည် မိမိဆရာတီထွင်ထားသော သိုင်းကွက်ဖြစ်ကြောင်း သူမ သိရှိလိုက်၏။

မျက်နှာဖုံးရှင်မိန်းကလေး အသုံးပြုလာသောအခါ သူမ ရုတ်တရက် အံ့အားသင့်ပြီး ကြောင်အမ်းအမ်းဖြစ်သွား၏။

မျက်နှာဖုံးရှင်မိန်းကလေးက အခွင့်အရေးကို အသုံးချပြီးထွက်ပြေးသွား၏။

သူမ အသုံးပြုသောသိုင်းကွက်မှာ ဆရာဖြစ်သူ တီထွင်ထားခြင်းဖြစ်သည်။

ဤသို့ဆိုလျှင် . . .

ထိုသိုင်းကွက်ကို မျက်နှာဖုံးရှင်မိန်းကလေး မည်သို့ တတ်မြောက်သနည်း။

သူမ သိရမှဖြစ်ပေမည်။

ထို့ကြောင့် . . .

မျက်နှာဖုံးရှင်မိန်းကလေး နောက်သို့ သွေးဆိုးမိန်းကလေး သဲသဲမဲမဲလိုက်နေခြင်းပင် ဖြစ်ပေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



သွေးဆိုးမိန်းကလေးသည် ဝူးလျောင်နှင့် ဓားရေး ယှဉ်ပြိုင်ခဲ့သည်။

သူတို့နှစ်ယောက်စလုံးမှာ လက်ရည်တူညီနေလေသည်။

သိုင်းကွက် အများအပြား ယှဉ်ပြိုင်တိုက်ခိုက်ကြပါသော်လည်း နှစ်ယောက်စလုံး မည်သူမျှ အသာမရပါချေ။

သူမက ဝူးလျောင်အား အနိုင်ရလို၏။

တိုက်ခိုက်သော်လည်း လက်ရည်ညီနေ၏။

ထို့ကြောင့်. . .

သူမ စိတ်ဆိုးပြီး ထွက်သွားခဲ့သည်။

မကြာပါချေ။

သူမ ကျောက်ဖြူလိုဏ်ဂူသို့ ပြန်လည်ရောက်လာသည်။

ထိုအခါ. . .

ကျောက်ဖြူလိုဏ်ဂူထဲတွင် ဓားသိုင်းကျမ်း မရှိတော့ပါ။

ထို့အပြင် နံရံရှိသိုင်းကွက်များ ဖျက်ဆီးခံရသည်ကို တွေ့ရလေသည်။

သူမ အလွန်အမင်းပင် မကျေမနပ်ဖြစ်သွားမိသည်။

သူမ သိုင်းကျမ်းကိုရှာဖွေရန်လည်း ဆုံးဖြတ်ထားလေသည်။

ယခု. . .

ဆရာဖြစ်သူ တီထွင်ထားသောသိုင်းကွက်ကို အသုံးပြုလာကြောင်း တွေ့ရသည်။



ထို့ကြောင့်. . .

သူမက ပို၍ဒေါသထွက်သွားမိခြင်းပင် ဖြစ်လေသည်။

သူမက မျက်နှာဖုံးရှင် မိန်းကလေးအား အမိဖမ်းရပေတော့မည်။

❋ ❋ ❋

မျက်နှာဖုံးရှင် မိန်းကလေးမှာ လျင်မြန်စွာ ပြေးသွားလေသည်။

သူမနေရာနှင့် နီးလာပြီမို့ အနည်းငယ် စိတ်သက်သာရာရသွား၏။

သို့သော်. . .

"ဝိုး. . . ဝှစ်"

အနောက်ဘက်မှ လေတိုးသံများထွက်လာသည်ကို ကြားလိုက်ရသည်။

မိန်းကလေး လှည့်ကြည့်လိုက်ရာ သွေးဆိုးမိန်းကလေး ဖြစ်နေလေသည်။

မျက်နှာဖုံးရှင်မိန်းကလေး ထိတ်လန့်သွား၏။

အားစိုက်ကာ လျင်မြန်စွာပြေးလိုက်၏။

ပြေးသူနှင့်လိုက်သူမှာ တစ်စထက်တစ်စ နီးကပ်လာလေသည်။

"ဖေဖေ. . . ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမှာ ပြေးမလွတ်မှန်းသိသဖြင့် ထိတ်လန့်စွာ အော်ဟစ်လိုက်သည်။

ထိုအခါ. . .

သွေးဆိုးမိန်းကလေး သဘောကျစွာ ရယ်မောလိုက်လေသည်။

နှုတ်မှလည်း. . .

"ခေါ်လိုက်စမ်းပါ၊ မင်းအဖေရောက်မှ မေးရမယ်"

ဟု ပြောလိုက်၏။

ထိုစဉ်. . .

မိန်းကလေးမှာ တောင်ပေါ်ပြေးတက်ရင်း. . .

"ဖေဖေ. . . ဖေဖေ"

တစာစာအော်ဟစ်ခေါ်လိုက်ရင်း ပြေးတက်သွားလေသည်။

သွေးဆိုးမိန်းကလေးကလည်း အလွတ် လုံးဝမပေးဘဲ မျက်နှာဖုံးရှင်မိန်းကလေးနောက်မှ ထပ်ကြပ်မကွာ ပြေးလိုက်လာသည်။

မိန်းကလေးမှာ စူးရှစွာအော်ဟစ်ရင်း ကွေ့ကောက်ပြေးလေသည်။

သို့သော်. . .

လွတ်အောင် မပြေးနိုင်ပါချေ။

နောက်ဆုံးတွင် မျက်နှာဖုံးရှင်မိန်းကလေးမှာ ထိတ်လန့်တုန်လှုပ်သွားပြီး ခလုတ်တိုက်လဲကျသွားလေသည်။



"ဖေဖေ. . . ဖေဖေ"

မိန်းကလေးက အသံကျယ်ကျယ်ဖြင့်အော်ခေါ်လိုက်လေသည်။

ထိုစဉ်. . .

"ဘယ်သူ လာစော်ကားတာလဲ"

စူးရှကျယ်လောင်သော အသံတစ်ခု ထွက်ပေါ်လာသည်။

သွေးဆိုးမိန်းကလေး ဆက်မတိုက်တော့ချေ။

သူမက ဓားကိုသိမ်းကာ စောင့်ကြည့်နေလိုက်သည်။

ထို့နောက်. . .

တောင်ခါးပန်းမှ မီးခိုးရောင်အရိပ်တစ်ခု လိမ့်ဆင်းလာသည်ကို တွေ့ရလေသည်။

ခဏအတွင်းမှာပင် သူမတို့အနားသို့ ရောက်ရှိလာသည်။

သန်မာထွားကျိုင်းသော အဘိုးအိုတစ်ဦးကို တွေ့ရလေသည်။

အဘိုးအိုက. . .

"ငါ့သမီးကို ဘယ်သူစော်ကားတာလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက ငိုကြွေးရင်း ဖခင်ဖြစ်သူနောက် ဝင်ပုန်းနေလိုက်သည်။

သွေးဆိုးမိန်းကလေး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင်. . .

"သည်မှာ အဘိုးကြီး. . . ကျွန်မရဲ့ဓားပညာသိုင်းကျမ်း အမြန်ပြန်ပေးပါ"

ဟု ပြောလိုက်သည်။

သူမ၏စကားကြောင့် အဘိုးအို ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘယ်က ဓားသိုင်းကျမ်းလဲ"

ဟု ပြန်မေးလိုက်သည်။

ထို့နောက်. . .

သမီးဖြစ်သူအား တွန်းထုတ်လိုက်သည်။

"သမီး. . . ဝေးဝေးသွားနေစမ်း၊ ဝင်မပါနဲ့"

ဟု ပြောလိုက်သည်။

သွေးဆိုးမိန်းကလေးက အဘိုးအိုအား တိုက်ခိုက်လိုက်သည်။

အဘိုးအို ဒေါသထွက်သွားသည်။

"ယား"

မာန်သွင်းကာ ပြန်လည်တိုက်ခိုက်လိုက်၏။

သွေးဆိုးမိန်းကလေး အနီးကပ်တိုက်ခိုက်ရန်သင့်ကြောင်း သိလိုက်သည်။

"မင်းအတင့်ရဲလှချည်လား၊ မင်းဆရာက ဘယ်သူလဲ"

ဟု မေးလိုက်၏။

သွေးဆိုးမိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။



"ကျွန်မကိုလည်း သည်လိုအော်ဟစ်ပြောရဲတဲ့လူ မရှိဘူး၊ ရှင့်ဆရာ ဘယ်သူလဲ"

"မင်း အသက်ငယ်ငယ်နဲ့ ရမ်းကားလှချည်လား သေချင်ပြီထင်တယ်"

သူ၏အသံ ဟိန်းထွက်လာလေသည်။

တစ်ဆက်တည်းပင်. . .

လက်ဝါးနှစ်ဖက်ဖြင့် သွေးဆိုးမိန်းကလေးအား တိုက်ခိုက်လိုက်လေသည်။

သွေးဆိုးမိန်းကလေး ရယ်မောလိုက်သည်။

သူမကိုယ် အပေါ်မြောက်တက်ပြီး ကျောက်တုံးအောက် ရောက်သွားလေသည်။

အဘိုးအို မျက်မှောင်ကြုတ်ပြီး. . .

"မင်းက ဒါကြောင့် အတင့်ရဲတာကိုး"

ပြောပြီး သိုင်းကွက်ပြောင်းလဲလိုက်လေသည်။

ထိုသို့ တိုက်ခိုက်ရာ သိုင်းကွက်တစ်ရာကျော်သည့်တိုင် အဘိုးအို အနိုင်မရပါချေ။

အဘိုးအိုက တိုက်ခိုက်နေရင်း နောက်သို့ဆုတ်လိုက်လေသည်။

"မင်းတို့ မလာကြနဲ့"

အဘိုးအို အော်ပြောလိုက်လေသည်။

သွေးဆိုးမိန်းကလေးက နောက်သို့လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ. . .

ကျောက်တုံးတစ်တုံးပေါ်တွင် လှပသော မိန်းကလေး တစ်ယောက်ကို တွေ့ရလေသည်။

ထိုအမျိုးသမီး မည်သည့်အချိန်က ရောက်နေသည်ကို သွေးဆိုးမိန်းကလေး မသိလိုက်ပါချေ။

အဘိုးအိုက. . .

"ကဲ. . . ကျုပ်တို့ဆက်ပြီး ယှဉ်ပြိုင်ရအောင်"

ပြောပြီး ဆက်လက်ယှဉ်ပြိုင်ကြလေသည်။

ထိုအချိန်တွင် ကျောက်တုံးပေါ်မှ အမျိုးသမီးကို အဘိုးအို၏သမီးက လေသံဖြင့် ပြောကြားလိုက်သည်။

"ဒေါ်လေး. . . လက်နက်ပုန်းနဲ့ ပစ်လိုက်ပါလား"

"ညည်းပစ်ပါလား"

"ဖေဖေက ဝင်မပါရဘူးလို့ ပြောထားတယ်"

"နေပါဦး၊ သူက ဓားသိုင်းကျမ်းတောင်းနေတာ၊ ညည်း ဓားသိုင်းကျမ်းဟာ မိန်းကလေးပစ္စည်းလား"

မိန်းကလေးမှာ ထိုအမေးကြောင့် မျက်နှာပျက်သွားလေ သည်။

"တိုးတိုးပြောပါ၊ ဖေကြားသွားမယ်"

"မကြားနိုင်ပါဘူး၊ သူက မိန်းကလေးကို မနိုင်ဘူး"

"ဒေါ်လေး. . . သည်အတိုင်း ကြည့်နေမှာလား"

"ကောင်းပြီလေ"

သူမက ပြောလိုက်၏။



ထို့နောက်. . .

သူမက လက်နက်ပုန်းတစ်ခု ပစ်လွှတ်လိုက်လေသည်။

အဘိုးအိုက တိုက်ခိုက်မှုကို ရပ်လိုက်၏။

အမျိုးသမီးရှိရာသို့လည်း ပြေးသွားလိုက်လေသည်။

"မင်းက ဘာကြောင့် လက်နက်ပုန်းနဲ့ပစ်ရတာလဲ"

ဟု မေးလိုက်၏။

အမျိုးသမီးက. . .

"ရှင့်ကိုကူညီတာ၊ ရှင်က အပြစ်တင်သေးလား"

သွေးဆိုးမိန်းကလေးသည် ထိုအမျိုးသမီးကိုကြည့်လိုက် ကာ. . .

"အသွားရှိရင် အလာရှိတယ်"

ဟု ပြောလိုက်သည်။

ထို့နောက်. . .

လက်နက်ပုန်းအပ်ကလေးကို အမျိုးသမီးထံ ပစ်လိုက် လေသည်။

ထိုလက်နက်ပုန်းအပ်သည် အမျိုးသမီး၏ပခုံးကို စူး ဝင်သွားသည်။

"အား"

"မင်း စော်ကားလှချည်လား မိန်းကလေး"

"ရှင် ကျွန်မဓားသိုင်းကျမ်း ယူထားတာကြောင့် မကျေ နပ်ဘူး၊ ရှင် ဘယ်မှာနေလဲပြောပါ၊ ကျွန်မ လာတွေ့ပါမယ်"

"ကောင်းပြီလေ၊ စီးမျိုးနွယ်ကျေးရွာကိုလာခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သွေးဆိုးမိန်းကလေးသည် စီးမျိုးနွယ်ကျေးရွာဆိုသော အမည်ကြားရသောအခါ ရင်ထဲ လှုပ်ရှားသွားလေသည်။

ထိုစဉ်. . .

ရေးကြီးသုတ်ပျာခေါ်သောအသံကို ကြားရလေသည်။

“စန္ဒကွမ်းချင်း. . . မြန်မြန်လာပါဗျာ”

ထိုအသံသည် လုယိလုံ၏အသံဖြစ်သောကြောင့် သွေးဆိုးမိန်းကလေးက အသံလာရာသို့ ပြေးထွက်သွားလေသည်။

သွေးဆိုးမိန်းကလေးသည် တွင်းတစ်ခုပမာဖြစ်နေသည့်နေရာသို့ ငုံ့ကြည့်နေသော လုယိလုံအား လှမ်းမြင်လိုက်သည်။

“ရသေ့ဖုံးရှမ်း လုပ်ကြံခံလိုက်ရပြီ”

သွေးဆိုးမိန်းကလေး အနားသို့ရောက်လာပြီး လုယိလုံကြည့်နေရာသို့ ကြည့်လိုက်သည်။

ထိုအခါ. . .

တင်ပျဉ်ခွေထိုင်လျက် သေဆုံးနေသော ရသေ့ဖုံးရှမ်းအား တွေ့လိုက်ရသည်။

သွေးဆိုးမိန်းကလေးက ရသေ့ဖုံးရှမ်းအား စမ်းသပ်ကြည့်လိုက်၏။

“ကိုယ်က နွေးနေသေးတယ်၊ လုပ်ကြံခံရတာ မကြာသေးဘူးထင်တယ်”

“ကေန္ဒ သူဟာ ဓားသိုင်းကျမ်းကြောင့် လုပ်ကြံခံရတာဖြစ်မယ်”

“ဘယ်ဓားသိုင်းကျမ်းလဲ”



“ခင်ဗျားဆရာရဲ့ ဓားသိုင်းကျမ်းပေါ့၊ ဝူးလျောင်က သူ့ဆရာဆီပို့ပေးပါဆိုပြီး ရသေ့ဖုံးရှမ်းရဲ့လက်ထဲ ဓားသိုင်းကျမ်းအပ်လိုက်တယ်၊ အခု မရှိတော့ဘူး”

သွေးဆိုးမိန်းကလေး၏မျက်နှာ အပြောင်းအလဲများစွာပေါ်သွားသည်။

“ဟုတ်ပြီ၊ ဒါဟာ စီးယုဖုံးရဲ့လက်ချက်ပဲဖြစ်ရမယ်၊ အခုလိုလုပ်နိုင်တဲ့ သိုင်းပညာရှင်ဟာ စီးယုဖုံးပဲရှိတယ်၊ သူ့သမီးကလည်း ကျွန်မဆရာရဲ့ဓားကွက်ကို တတ်နေတယ်ဆိုတော့ သူပဲဖြစ်ရမယ်”

“စီးယုဖုံးဆိုရင်တော့ မလွယ်ဘူး၊ လွန်ခဲ့တဲ့ရှစ်နှစ်တုန်းက သူကျုပ်တို့တောင်ပေါ်ကို ဂိုဏ်းချုပ်ကြီးကို စိန်ခေါ်ဖို့လာဖူးတယ်၊ ဆရာက သူ့မတိုက်ဘဲ လက်အောက်ခံတစ်ယောက်နဲ့လွှတ်ပေးတယ်၊ ပြီးတော့မှ သူ့သိုင်းကွက်ကို ခြေဖျက်တဲ့နည်းကို ပါးစပ်နဲ့ပြောပြတယ်”

“စီးယုဖုံး သိပ်စိတ်ဆိုးသွားမှာပေါ့”

“စိတ်မဆိုးပါဘူး၊ စိတ်မဆိုးတဲ့အပြင် သူက ဆရာ့ကို တရိုတသေနဲ့ ဂါရဝပြုသွားသေးတယ်”

သွေးဆိုးမိန်းကလေး မဲ့ပြုံးပြုံးလိုက်သည်။

“သူက တော်တော်မာနကြီးတာ ရှင့်ရဲ့ဆရာကို အလျှော့ပေးတယ်ဆိုတာ တော်ရုံတန်ရုံ လေးစားလို့မဟုတ်ဘူး”

သွေးဆိုးမိန်းကလေး စကားပြောရင်းမှ လုယိလုံ၏ အပြုအမူ ပြောင်းလဲနေခြင်းကို သတိပြုမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာဖြစ်သွားတာလဲ"

ဟု မေးလိုက်၏။

လုယိလုံက. . .

"ရသေ့ဖုံးရှမ်းဟာ အဆိပ်မိပြီးသေတာဗျ"

သွေးဆိုးမိန်းကလေးက. . .

"အဆိပ် ဟုတ်လား"

"ဟုတ်တယ်၊ သူ့သွေးထဲမှာ အဆိပ်တွေရှိနေတာကို တွေ့ရတယ်"

သွေးဆိုးမိန်းကလေး မျက်မှောင်ကြုတ်လိုက်သည်။

"ဒါဆိုရင်တော့ စီးယုဖုံး မဖြစ်နိုင်ဘူး၊ သူက လုပ်ချင်ရာလုပ်တတ်ပေမယ့် အဆိပ်နဲ့လုပ်ကြံရလောက်အောင် အောက်တန်းမကျဘူး၊ ဒါပေမယ့် ရထားတဲ့ဒဏ်ရာက စီးယုဖုံးရဲ့သိုင်းကွက်နဲ့တူတယ်"

"ဒါတွေကို နောက်တော့ အဖြေရှာကြည့်တာပေါ့၊ လောလောဆယ် ရသေ့ဖုံးရှမ်းရဲ့အလောင်းကို သင်္ဂြိုလ်ပေးလိုက်ကြရအောင်"

✲ ✲ ✲



## စီးမျိုးနွယ်ကျေးရွာ

လုယိလုံသည် သစ္စာဖောက်များအကြောင်း စုံစမ်းဖော်ထုတ်ပြီး မင်းသားလေးထံ အကြောင်းကြားရန်ဆုံးဖြတ်ကာ သွေးဆိုးမိန်းကလေးနှင့် လမ်းခွဲထွက်လာခဲ့လေတော့သည်။

သွေးဆိုးမိန်းကလေးကို သိုင်းလောကသားများက ဆိုးသွမ်းရက်စက်သူဟု ထင်မှတ်ကြသောလည်း အမှန်စင်စစ်တွင် သူမသည် ဒေါသကြီးသော်လည်း စိတ်ကောင်းရှိသူတစ်ယောက်ဖြစ်ကြောင်း လုယိလုံ သိနေပြီဖြစ်သည်။

သူသည် အတွေးပေါင်းစုံနှင့် လမ်းလျှောက်ရင်း စီးမျိုးနွယ်ကျေးရွာသို့ လှမ်းမြင်ရသည့်နေရာသို့ ရောက်လာလေသည်။

ထိုအချိန်မှာပင် သူ့ရှေ့တွင် လူနှစ်ယောက် ပိတ်ရပ်လိုက်သည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ယောက်မှာ ရှဲ့ဖန်းနှင့်ကျင်းစန်းယန်တို့ပင်ဖြစ်သည်။

"ခင်ဗျားတို့. . ."

"ဟား. . . ဟား. . . ဒီတစ်ခါတော့ မင်းကို ဘယ်သူမှ မကယ်နိုင်တော့ဘူး၊ သေဖို့သာပြင်. . ."

ရှဲ့ဖန်း ရုတ်တရက် ဝင်ရောက်တိုက်ခိုက်သည်။

ကျင်းစန်းယန်က လုယိလုံအား နောက်မှနေ၍ အလစ်ဝင်ရောက်တိုက်ခိုက်ရန် ကြိုးစားသည်။

လုယိလုံသည် ရှဲ့ဖန်းအား လက်ဝါးနှစ်ဖက်ဖြင့် အားကုန်ထုတ်ပြီး ရိုက်ချလိုက်လေသည်။

တပြိုင်တည်းမှာပင် နောက်မှဝင်လာသော ကျင်းစန်းယန်ကို လက်ဝါးဖြင့်ရိုက်ကာ နေရာမှခုန်ထွက်သွားလေသည်။

သူသည် အဆိပ်လက်နက်သုံးတတ်သော ရန်သူနှစ်ယောက်ကို တပြိုင်နက် ရင်ဆိုင်ရန်မဖြစ်နိုင်သဖြင့် စီးမျိုးနွယ်ကျေးရွာသို့ ပြေးလေသည်။

"ဟိတ်. . . မပြေးနဲ့"

လုယိလုံသည် ကိုယ်ဖော့ပညာကို အမြင့်ဆုံးထုတ်ကာ ပြေးသည်။

ပြေးရင်း စီးမျိုးနွယ်ကျေးရွာအနီးသို့ ရောက်လာလေသည်။

ရှဲ့ဖန်းက ခြံဝင်းအတွင်းသို့ ခုန်ဝင်မည်ပြုနေသော လုယိလုံ၏ခါးကို ပဝါဖြင့် လှမ်းပတ်လိုက်သည်။



ပဝါစ ရစ်ပတ်ခံရသော သူ၏ခန္ဓာကို ယ် တွဲဆိုင်းသွားစဉ် ခြံစည်းရိုးကြားမှ ကတ်ကြေးတစ်လက်ထိုးထွက်လာပြီး ပဝါစကို ညှပ်ချလိုက်သည်။

လုယိလုံသည် ခြံဝင်းအတွင်းသို့ ခုန်ပျံဝင်ရောက်လိုက်လေသည်။

ထိုအချိန်တွင် အပြင်ဘက်မှ အော်ဟစ်ပြောဆိုသံများ ပေါ်ထွက်လာသည်။

"ကျေးရွာသခင်မ. . . ဒီကောင်က လူယုတ်မာ၊ သူ့ကို လက်မခံပါနဲ့"

လုယိလုံသည် သူ့အားကယ်တင်သူကို လှည့်ပတ်ရှာဖွေနေသည်။ သစ်ပင်တစ်ပင်ပေါ်မှ ကတ်ကြေးကိုင်လျက် ခုန်ဆင်းလာသော အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။

ထိုအမျိုးသမီးမှာ သွေးဆိုးမိန်းကလေးက အဆိပ်အဝ်ဖြင့်ပစ်ခတ်ခဲ့သော မုလျှံဖြစ်နေသည်။

"အခုလို ကူညီတဲ့အတွက် ဒေါ်ဒေါ့်ကိုကျေးဇူးတင်ပါတယ်၊ ကျွန်တော်က လုယိလုံပါ၊ ထိုက်ယန်ဂိုဏ်းချုပ်ရဲ့တပည့်ပါ"

"မင်းကို ကျုပ်သိပါတယ်၊ ခဏနေဦး၊ အပြင်ကလူတွေကို မောင်းထုတ်လိုက်ဦးမယ်"

မုလျှံက အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ခြံစည်းရိုးကာနေသဖြင့် အပြင်ဘက်သို့ မမြင်ရသော်လည်း လုယိလုံအား ရန်ပြုသူရှိနေမှန်းသိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် အပြင်မှာ ရပ်နေတုန်းပဲလား၊ ရှင် အခုထွက်သွားရင်ထွက်သွား၊ မထွက်သွားရင် ကျုပ်ခြံဝင်းသခင်ကို အကြောင်းကြားလိုက်မယ်"

"ဒါလောက် မလိုအပ်ဘူး၊ ကျုပ်သွားပါပြီ"

အပြင်ဘက်မှ အော်ဟစ်ပြောသံထွက်ပေါ်လာပြီး ပြေးထွက်သွားသည့်ခြေသံကို ကြားရလေသည်။

လုယိလုံက မုလျှံအား လက်နှစ်ဖက်ဆုပ်ပြီး ဂါရဝပြုလိုက်သည်။

"ခေါ်ခေါ် ကျေးဇူးကို ကျွန်တော် မမေ့ပါဘူး၊ အခွင့်အရေးရတဲ့တစ်နေ့မှာ ကျေးဇူးပြန်ဆပ်ပါမယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"မင်း မသွားနဲ့ဦး၊ သူတို့ထွက်သွားတယ်ဆိုပေမယ့် သိပ်ဝေးဝေးလဲလ သွားဦးမှာမဟုတ်ဘူး၊ မင်းသွားလို့ ဘယ်ဖြစ်ဦးမလဲ၊ ဒီမှာပဲ ခဏနားနေပါ"

"ဟို. . . ကျွန်တော်က. . ."

"အားနာစရာမရှိပါဘူး၊ အစ်ကိုကြီးစီးယုဖုံးက မင်းဆရာရဲ့မိတ်ဆွေပါ၊ သူက မင်းကို ဝမ်းသာအားရ လက်ခံပါလိမ့်မယ်"

လုယိလုံက ကျေးဇူးတင်စကား ထပ်ပြောမည်ပြုနေစဉ် မုလျှံက လက်ကာပြလျက် ရယ်မောလိုက်လေတော့သည်။

ပြီးနောက် ရှေ့မှဦးဆောင်ကာ အိမ်ဆီသို့ လျှောက်လာခဲ့လေသည်။

✲ ✲ ✲



စီးယုဖုံးသည် လုယိလုံအား စူးစူးစိုက်စိုက်ကြည့်နေလေသည်။

လုယိလုံသည် သူ့အား တည်ခင်းကျွေးမွေးသော စားသောက်ဖွယ်ရာများကို ကူနြေရရ စားသောက်နေလေသည်။

"မင်းက ဂိုဏ်းချုပ်ကြီးရဲ့တပည့်ရင်းနော်"

"ဟုတ်ပါတယ်"

"ငါ ထိုက်ယန်ဂိုဏ်းကိုရောက်တုန်းက မင်း အဲဒီမှာရှိသလား"

လုယိလုံ ခေါင်းညိတ်ပြသည်။

"ရှိပါတယ်၊ ဦးက စိန်ခေါ်ပေမယ့် ဆရာက စိန်ခေါ်တာကိုလက်မခံခဲ့ဘူး၊ တခြားတစ်ယောက်နဲ့ တိုက်ပွဲဝင်ခိုင်းခဲ့တယ်၊ နောက်ဆုံးကျမှ ဦးရဲ့သိုင်းကွက်တွေကို ပါးစပ်နဲ့ပဲ ဖျက်ပြတယ်"

"အေး ဟုတ်တယ်၊ ထိုက်ယန်ဂိုဏ်းချုပ်ဟာ တကယ်လေးစားထိုက်တဲ့သိုင်းပညာရှင်ပဲ၊ သူသာမရှိရင် ထိုက်ယန်ဂိုဏ်းရဲ့ အခြေအနေ အခုလို သိုင်းလောကထဲမှာ လျှမ်းလျှမ်းတောက်နေဖို့မလွယ်ဘူး"

"ဦးက ကျန်တဲ့လူတွေ အရည်အချင်းမရှိဘူးလို့ ပြောတာလား"

စီးယုဖုံး ရယ်မောလိုက်သည်။

"မင်းက ထိုက်ယန်ဂိုဏ်းကို အပြစ်ပြောတာ မခံချင်ဘူးနဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



လုယိလုံက စီးယုဖုံးအား တည်ငြိမ်စွာကြည့်လိုက်လေသည်။

"ကျွန်တော်က ထိုက်ယန်ဂိုဏ်းသား တစ်ယောက်ပါ။ ဂိုဏ်းချုပ်ကြီးရဲ့တပည့်ရင်းပါ"

"ဟား. . . ဟား. . . ကောင်းတယ်ဟေ့၊ ကောင်းတယ် သိုင်းသမားဆိုတာ ဒီလိုစိတ်ဓာတ်မျိုးရှိရတယ်၊ ဒါထက် မင်းက သွေးဆိုးမိန်းကလေးနဲ့ အဆက်အသွယ်ရှိတယ်ဆို၊ သူက ထိုက်ယန်ဂိုဏ်းကို အရှက်ခွဲခဲ့လို့ မင်းက ကလဲ့စားချေရအောင်ဝင်ပြီး ရောနှောနေတာလား"

လုယိလုံ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး"

"မင်းက မင်းတို့ဂိုဏ်းသားတွေဘက်က မနာဘူးပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး၊ ဒီကိစ္စအတွက် ဂိုဏ်းရဲ့အကြီးအကဲတွေက တာဝန်ယူဆုံးဖြတ်ပါလိမ့်မယ်၊ သွေးဆိုးမိန်းကလေးဟာ ကျွန်တော့်ကို ရန်သူလို့ သဘောမထားပါဘူး"

"ရန်သူမဟုတ်ရင် မင်းတို့က ဘာလဲ"

လုယိလုံက တုံ့ပြန်ဖြေကြားခြင်းမပြုဘဲ ငြိမ်နေလိုက်လေသည်။

စီးယုဖုံး နှုတ်ဆိတ်သွားသည်။

လုယိလုံအားကြည့်ကာ ရယ်မောလိုက်သည်။

လုယိလုံမှာ စီးယုဖုံးအား နားမလည်နိုင်စွာ ကြည့်နေ



လေသည်။

"ငါသိပြီ၊ ဒီအတိုင်းဆိုရင်တော့ မင်းဟာ ထိုက်ယန်ဂိုဏ်းကို သစ္စာဖောက်တဲ့လူ ဖြစ်တော့မှာပဲ"

"ကျွန်တော် ဂိုဏ်းချုပ်ကို ဘယ်တော့မှသစ္စာမဖောက်ပါဘူး၊ ဂိုဏ်းစည်းကမ်းကိုလည်း ဘယ်တော့မှ မချိုးဖောက်ပါဘူး"

"မင်း ဘာပဲပြောပြော ငါကတော့ ဒီမိန်းမဆိုးကို ဆုံးမရမှ ကျေနပ်မယ်၊ ဒါမှ သူ ခေါင်းမထောင်ရဲမှာ"

"အစ်ကိုကြီးကလည်း ညီ့သည်ကို အနေခက်အောင် ပြောနေပြန်ပြီ၊ သူ မနက်စာကို ကောင်းကောင်းမွန်မွန်စားပါစေ"

စီးယုဖုံး ခေါင်းညိတ်လိုက်သည်။

"ငါက စကားကို အကြွေးမထားချင်တာနဲ့ မှားသွားတယ်၊ စားပါ သူငယ်၊ စားသောက်ပြီးရင် အေးအေး ဆေးဆေးနား၊ ငါလည်း နားလိုက်ဦးမယ်"

စီးယုဖုံးသည် စကားကို အဆုံးသတ်ပြီး နေရာမှထွက်သွားသည်။

လုယိလုံသည် စားသောက်ဖွယ်ရာများကို ဆက်ပြီးစားသောက်နေလေသည်။

"အစ်ကိုကြီးစီးယုဖုံးမှာ သမီးတစ်ယောက်ရှိတယ်ဆိုတာ မင်းသိရဲ့လား"

လုယိလုံသည် စားသောက်ဖွယ်ရာများကို ဆက်ပြီး စားသောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ စားသောက်ပြီးသောအခါ မုလျှံက အပြင်ဘက်ရှိ အပန်းဖြေဇရပ်သို့ခေါ်ခဲ့ရင်းမှ မေးလေသည်။

လုယိလုံက ခေါင်းကို ညင်သာစွာ ညိတ်ပြလိုက်၏။

"ဟုတ်ကဲ့ သိပါတယ်၊ သူ့နာမည်က စီးလျှံ မဟုတ်လား"

မုလျှံ ရယ်လိုက်သည်။

ရယ်ရင်းနှင့် တခြားနေရာသို့ လှမ်းကြည့်လိုက်သည်။

လုယိလုံက မုလျှံကြည့်ရာသို့ ကြည့်လိုက်သည်။

ထိုအခါ အပန်းဖြေဇရပ်သို့ လျှောက်လာနေသော စီးလျှံကို တွေ့လိုက်ရ၏။

"နာမည်ကြားဖူးပေမယ့် လူကိုတော့ မင်းအခုမှပဲ တွေ့ဖူးတယ် မဟုတ်လား၊ စီးလျှံက ရုပ်ချောသလို သိုင်းပညာလည်း ထက်မြက်တယ်"

အပန်းဖြေဇရပ်နှင့် မနီးမဝေးရှိ သစ်ပင်ပေါ်မှ ရယ်သံတစ်သံ ထွက်လာလေသည်။

ထိုအသံနှင့်အတူ မရှေးမနှောင်းမှာပင် လူရိပ်တစ်ရိပ် အပန်းဖြေဇရပ်ဆီသို့ ခုန်ပျံရောက်ရှိလာလေသည်။

"အရှက်မရှိတဲ့ မိန်းမ၊ ဓားသိုင်းကျမ်းခိုးတဲ့သူခိုးကို အမွှန်းတင်နေသလား"

လုယိလုံက သူတို့ရှေ့သို့ ခုန်ပျံရောက်ရှိလာသူအား လှမ်းကြည့်လိုက်လေသည်။

"စန့်ကွမ်းချင်း"

သွေးဆိုးမိန်းကလေးပင်ဖြစ်သည်။



သွေးဆိုးမိန်းကလေးက လုယိလုံအား မဲ့ပြုံးပြုံးလျှက် ကြည့်လိုက်သည်။

ထို့နောက် စီးလျှံအား ကြည့်လိုက်လေသည်။

"ငါ့သိုင်းကျမ်း ဘယ်မှာလဲ၊ ပြန်ပေးစမ်း"

"ရှင် ဘာတွေလာပြောနေတာလဲ၊ ရှင့်သိုင်းကျမ်းကို ကျွန်မ မခိုးဘူး"

"မင်းမခိုးဘဲနဲ့ ငါ့ဆရာရဲ့ ဓားကွက်ကို ဘယ်လိုလုပ်ပြီး တတ်နေတာလဲ၊ မင်းမပြောနိုင်ဘူး မဟုတ်လား၊ မပြောနိုင်ရင် သေပေတော့"

သွေးဆိုးမိန်းကလေးက ဓားကိုဆွဲထုတ်ပြီး တရကြမ်း တိုက်ခိုက်လိုက်သည်။

စီးလျှံက သွေးဆိုးမိန်းကလေး၏ဓားကွက်ကို အသေအလဲခုခံကာကွယ်နေရသည်။

မုလျှံက ညာသံပေးကာ အော်ဟစ်ပြီး တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်သည်။

သူတို့က သွေးဆိုးမိန်းကလေးအား နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်ကြသည်။

"အဟင်း. . . ဟင်း. . . တော်တော်လည်း ပညာပြည့်ကြတဲ့ သိုင်းသမားပီသကြပါလား၊ သူများသိုင်းကွက်ကိုလည်း ခိုးသေးတယ်၊ ပြီးတော့ နှစ်ယောက် ပေါင်းပြီးတော့လည်း တိုက်ခိုက်သေးတယ်"

သွေးဆိုးမိန်းကလေးက လျှင်မြန်စွာ တိုက်ခိုက်နေရင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

လူယိလုံက တိုက်ပွဲကို တားချင်သော်လည်း အခွင့်အရေးမရချေ။

သူသည် အပြင်းအထန် တိုက်ခိုက်နေသူများအား ငေးကြည့်နေသည်။

မုလျှံနှင့်စီးလျှံတို့သည် သွေးဆိုးမိန်းကလေး တတ်မြောက်ထားသည့် သိုင်းကွက်များကို အသုံးပြုနေသော်လည်း ကျွမ်းကျင်မှုမရှိကြသေးချေ။

ထို့ကြောင့် သူတို့သည် နှစ်ယောက်ပေါင်း တိုက်ခိုက်နေသည့်ကြားက တဖြည်းဖြည်း အရေးနိမ့်စပြုလာလေသည်။

"ငါ့သိုင်းကျမ်းကို ပြန်ပေးမလား၊ မပေးဘူးလား ပြော"

"ငါတို့မှာ ဘာသိုင်းကျမ်းမှ မရှိဘူး"

"ကောင်းပြီ၊ ဒါဆိုရင် ငါ့ကို အဆိုးမဆိုနဲ့တော့၊ သေဖို့သာပြင်ထား"

သွေးဆိုးမိန်းကလေးက ဓားကွက်ကို ရုတ်ခြည်း ပြောင်းလိုက်သည်။

သူ၏ဓားကွက်မှာ လေးလံပြီး အားမာန်အပြည့်ပါနေလေသည်။

ထို့ကြောင့်. . .

မုလျှံတို့ နှစ်ယောက်စလုံး နောက်ကို တပြိုင်နက်တည်း ဆုတ်လိုက်ကြလေသည်။

"ရပ်လိုက်စမ်း၊ ဒါဘာလုပ်တာလဲ၊ ငါ့ခြံဝင်းထဲလာပြီး



စော်ကားနေတာလား"

အော်ဟစ်ပြောဆိုသံနှင့်အတူ စီးယုဖုံး တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်သည်။

သူက မုလျှံတို့ရှေ့တွင်ရပ်ကာ သွေးဆိုးမိန်းကလေး၏ ဓားချက်ကို အကျီလက်နားစနှင့် ရိုက်ဖယ်လိုက်၏။

ပြင်းထန်သော လေလှိုင်းရိုက်ခတ်သဖြင့် သွေးဆိုးမိန်းကလေး၏ ဓားကိုင်လက် ထုံကျဉ်သွားသည်။

သွေးဆိုးမိန်းကလေးက. . .

"သိုင်းလောကထဲမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့သိုင်းပညာရှင်ကြီးက သူခိုးအားပေး လုပ်နေပါလား"

"တိတ်စမ်း၊ စောစောကလည်းက သိုင်းကျမ်းခိုးတယ်လို့ ပြောနေတယ်၊ ဘာသိုင်းကျမ်းလဲ၊ ဘယ်သူက ခိုးတာလဲ"

"ရှန့်ယမီးနဲ့ ရှင့်ဇနီးကခိုးတာပေါ့၊ သူတို့သုံးနေတဲ့ သိုင်းကွက်ကို ရှင်မမြင်ဘူးလား၊ အဲဒါ ကျွန်မဆရာရဲ့သိုင်းပညာ၊ သူတို့က သိုင်းကျမ်းကိုခိုးပြီးလေ့ကျင့်ထားတာ"

စီးယုဖုံး၏မျက်နှာ တင်းခနဲဖြစ်သွားသည်။

သူက စီးလျှံအား လှမ်းကြည့်လိုက်သည်။

ခက်ထန်သော စီးယုဖုံး၏အကြည့်ကြောင့် စီးလျှံမနေတတ်မထိုင်တတ်ဖြစ်သွားသည်။

"သူပြောတာ ဟုတ်သလား သမီး"

"ကျွန်မ. . . ကျွန်မ"

"မှန်မှန်ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



စီးလျှံ အဖြေမပေးတော့ဘဲ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

သွေးဆိုးမိန်းကလေးက. . .

"သူက ဘာပြောမှာလဲ၊ ကျွန်မ ပြောပြမယ်၊ ဒီဓားသိုင်းကျမ်းဟာ ကျွန်မဆရာ တီထွင်ထားတာ၊ ဝူးလျှောင်ရောက်လာတော့ ထိစန်းတောင်က ဓားသခင်ရန်လွှေကိုပေးဖို့ ကျွန်မက ပေးလိုက်တယ်၊ ဝူးလျှောင်က ရသေ့ဂိုဏ်းချုပ်ဖုံးရှမ်းကို ဓားသခင်ရန်လွှေဆီပို့ပေးဖို့အပ်ထားလိုက်တယ်၊ ခု ရသေ့ဂိုဏ်းချုပ်ဖုံးရှမ်း လုပ်ကြံခံလိုက်ရပြီး သိုင်းကျမ်းက သူတို့လက်ထဲပါသွားတယ်"

စီးယုဖုံးသည် မာနကြီးလွန်းလှသူ ဖြစ်သဖြင့် သမီး၏လုပ်ရပ်အတွက် အရှက်ကြီးရှက်သွား၏။

သူက သမီးဖြစ်သူအနီးသို့ တစ်လှမ်းချင်း လျှောက်သွားကာ လက်မြှောက်ရွယ်လိုက်သည်။

"ငါ့ကို နင်အရှက်ခွဲတာ၊ နင့်ကို ငါသတ်ပစ်မယ်"

စီးလျှံမှာ ထိတ်လန့်တုန်လှုပ်ခြင်းကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျှက် စီးယုဖုံးရှေ့တွင် ဒူးထောက်ထိုင်ချလိုက်လေသည်။

* * *



စီးလျှံသည် အလွန်ထိတ်လန့်နေသည်။

စီးယုဖုံးက. . .

"ကဲပြောစမ်း၊ နင် ဘာတွေလုပ်ခဲ့လဲဆိုတာ"

စီးလျှံက. . .

"သမီး ဓားသိုင်းကျမ်းကို မခိုးပါဘူး၊ ရသေ့ကိုလည်း မလုပ်ကြံပါဘူး၊ လွန်ခဲ့တဲ့လက သမီးကျိုယန်မြို့ကိုသွားတော့ စားသောက်ဆိုင်တစ်ဆိုင်မှာ ရသေ့ကိုတွေ့ခဲ့တယ်၊ ရသေ့ဟာ အဆိပ်မိထားလို့ အကူအညီတောင်းတာနဲ့ သူ့ကိုယ်ပေါ်ကပုပ်နေတဲ့အသားကို လှီးထုတ်ပြီး အဆိပ်အပ်ကို ထုတ်ပေးခဲ့တယ်"

"သူက နင်ဘယ်သူလဲဆိုတာ သိသလား"

"သမီး သူ့ကိုပြောပြလိုက်ပါတယ်၊ အဲဒီတော့ သူက ဖေဖေ့ကို မှာစရာရှိတာမှာတယ်"

"ဘာမှာလဲ ပြောစမ်း"

"သူ တစ်ခုခုဖြစ်သွားရင် ဓားသခင်ရန်လွှေဆီကို ဓားသိုင်းကျမ်းပို့ပေးပါတဲ့၊ စီးယုဖုံးဟာ သစ္စာသမာဓိရှိတဲ့လူမို့ သိုင်းကျမ်းကိုလိုရာရောက်အောင် ပို့ပေးလိမ့်မယ်လို့ သူယုံကြည်တယ်တဲ့"

သူ့အပေါ် ဂုဏ်တင်ပြောသည့်စကားကို ကြားရသဖြင့် စီးယုဖုံးမျက်နှာ အနည်းငယ် ကြည်လင်လာသည်။

"နောက်တော့ကော"

"နောက်တော့ ရသေ့ကထွက်သွားပါတယ်၊ သမီးနဲ့ ဆက်မတွေ့ဖြစ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် နင်တတ်ထားတဲ့သိုင်းပညာက ဘယ်ကနေ သင်တာလဲ"

"ဒါ. . . ဒေါ်လေး သင်ပေးတာပါ"

"ဒေါ်လေးက ဟုတ်လား"

စီးယုဖုံးက မုလျှံအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

"နေဦး၊ ငါမေးဦးမယ်၊ မင်း ဒီဓားသိုင်းကို ဘယ်ကနေ တတ်တာလဲ"

မုလျှံသည် ခေါင်းငုံ့လိုက်သည်။

စီးယုဖုံးက မဲ့ပြုံးပြုံးတာ စီးလျှံဘက် လှည့်လိုက်လေတော့သည်။

"သမီးက ရသေ့နဲ့တွေ့တာ မင်းဒေါ်လေးကို ပြောပြတယ် မဟုတ်လား"

စီးလျှံက. . .

"ဟုတ်ကဲ့ ပြောပြပါတယ်၊ ပြီးတော့ ဒေါ်လေးနဲ့အတူ ရသေ့ကိုလိုက်ရှာပါတယ်"

ဟု ပြောလိုက်သည်။

စီးယုဖုံး သက်ပြင်းချလိုက်သည်။

သူ မမျှော်လင့်သော၊ မကြားချင်သောစကားကို ကြားရတော့မည်ဆိုသည့်အတွေးနှင့် မျက်စိမျက်နှာ ပျက်သွားလေသည်။

စီးလျှံက. . .



"ကျွန်မနဲ့ဒေါ်လေးတို့ ပြန်ရောက်တော့ ဟိုလူကို မတွေ့တော့ပါဘူး"

ဟု ပြောလိုက်၏။

လုယိလုံ အံ့ဩသွားသည်။

စီးလျှံက ဆက်၍. . .

"ကျွန်မတို့လိုက်ရှာနေတုန်းမှာ လူနှစ်ယောက်ကလည်း လိုက်ပြီးစုံစမ်းနေတာ တွေ့ပါတယ်"

စီးလျှံ၏စကားကြောင့် စီးယုဖုံး မျက်မှောင်ကြုတ်လိုက်လေသည်။

"အဲဒီလူနှစ်ယောက်က ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။

စီးလျှံက. . .

"ကျွန်မ မသိပါဘူး၊ တစ်ယောက်က အသက်ကြီးတယ်၊ တစ်ယောက်ကတော့ ငယ်တယ်၊ သူတို့က ဒေါ်လေးကိုတွေ့တော့ ဖေဖေနေကောင်းလားလို့တောင် နှုတ်ဆက်လိုက်သေးတယ်"

စီးယုဖုံးက မုလျှံဘက်သို့ လှည့်ကြည့်ကာ မေးလိုက်လေသည်။

"သူတို့က ဘယ်သူတွေလဲ"

ဟု မေးလိုက်သည်။

မုလျှံက. . .

"သူတို့က ကျင်းစန်းယန်နဲ့အဖော်ပါ၊ ကျွန်မက သူ့ရ

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ပစ္စည်းပေးဖို့ ပြောလိုက်တာပါ"

စီးယုဖုံးက ဆတ်ခနဲ ခေါင်းညိတ်ပြီး စီးလျှံဘက်သို့ လှည့်လိုက်သည်။

"ကဲ. . . သမီး ဆက်ပြောစမ်း"

ဟု မေးလိုက်သည်။

စီးလျှံက. . .

"အဲဒီလူနှစ်ယောက်ထဲက အဘိုးကြီးကို ဒေါ်လေးက ဟိုလူဆီကရထားတဲ့ ဓားသိုင်းကျမ်းထုတ်ပေးပါလို့ပြောတယ်၊ ပထမတော့ အဘိုးကြီးကငြင်းသေးတယ်၊ နောက်မှ သူရထားတဲ့အကြောင်း ဝန်ခံပါတယ်"

ဟု ပြောလေသည်။

သွေးဆိုးမိန်းကလေးက မဲ့ပြုံးပြုံးကာ စီးယုဖုံးအား စူးစိုက်ကြည့်နေသည်။

"မင်း ဘာမှမပူနဲ့၊ မင်းပစ္စည်း မင်းလက်ထဲပြန်ရောက်ရမှာပေါ့"

စီးယုဖုံးကပြောရင်း စီးလျှံဘက်သို့ လှည့်လိုက်သည်။

"ပြောစမ်း၊ ကျင်းစန်းယန်က ဓားသိုင်းကျမ်းကို ထုတ်ပေးသလား"

စီးလျှံက. . .

"ပထမတော့ ထုတ်မပေးပါဘူး၊ ဒါပေမယ့် ဒေါ်လေးက အမျိုးမျိုးပြောတာနဲ့ပေးလိုက်တယ်၊ နှစ်လကြာရင်တော့ ပြန်လာယူမယ်လို့ပြောတယ်၊ အဲဒါနဲ့ ကျွန်မနဲ့ဒေါ်လေးတို့ တောထဲ



မှာသွားပြီး တိတ်တိတ်လေး လေ့ကျင့်ပါတယ်"

ဟု ပြောလိုက်သည်။

စီးယုဖုံး မကျေမနပ်ဖြစ်နေသည်။

"အဲဒီအကြောင်းကို ဖေဖေ့ကို ဘာလို့မပြောတာလဲ"

စီးလျှံက. . .

"ဖေဖေ့ကို ဒေါ်လေးက မပြောနဲ့ဦး၊ သိုင်းပညာအကုန်လေ့ကျင့်ပြီးမှပြောမယ်လို့ပြောပါတယ်"

ဟု ပြောလိုက်သည်။

ထိုစဉ်. . .

တစ်ချိန်လုံး နားထောင်နေသော လုယိလုံက ဝင်မေးလိုက်သည်။

"ခင်ဗျားတို့ ရသေ့ဂိုဏ်းချုပ်ဖုံးရှမ်းကို နောက်ထပ်တွေ့သေးလား"

မှုလျှံက စီးယုဖုံးကိုကြည့်ကာ. . .

"ဟုတ်ကဲ့၊ တောင်ခါးလယ်မှာ သူ့ကိုထပ်တွေ့လိုက်ပါတယ်၊ အစ်ကိုတို့တွေ့တဲ့နေရာမှာပေါ့"

စီးယုဖုံး မျက်မှောင်တစ်ချက် ကြုတ်သွားသည်။

မှုလျှံက. . .

"ကျွန်မ နောက်ကလိုက်သွားတယ်၊ အဲဒီမှာ ရသေ့ဂိုဏ်းချုပ်ဖုံးရှမ်းကို တွေ့ရပါတယ်"

သွေးဆိုးမိန်းကလေးက နားထောင်ရင်း ရသေ့ဂိုဏ်းချုပ်ဖုံးရှမ်းနှင့်ပတ်သက်၍ နားလည်စ ပြုလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မှလျှံအားကြည့်ကာ မကျေမနပ်ဖြင့် ပြောလိုက်လေသည်။

"ရှင်က ကျွန်မရဲ့ ဓားသိုင်းကျမ်းကို ယူထားရုံမကဘူး။ ဝိုက်အားချုပ်ကိုပါ လုပ်ကြံလိုက်တယ်ပေါ့"

ဟု မကျေမနပ် မေးလေသည်။

မှလျှံက. . .

"ကျွန်မ သူ့ကိုသတ်တာ မဟုတ်ပါဘူး၊ မြေတွင်းထဲမှာ သူ့ကိုတွေ့တော့ သူက သေလုမြောပါးဖြစ်နေပြီ၊ ဝေဒနာကို မချိမဆံ့ခံနေရတယ်၊ သူက ဝေဒနာခံစားနေရမယ့်အတူတူ သတ်လိုက်ပါလို့ အကူအညီတောင်းလို့ ကျွန်မ သတ်လိုက်တာပါ"

ဟု ထိတ်ထိတ်ပျာပျာဖြင့် ရှင်းပြ၏။

သွေးဆိုးမိန်းကလေးက ငြိမ်၍နားထောင်နေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

အားလုံးက အတွေးကိုယ်စီနှင့် ရှိနေကြသည်။

အတန်ကြာမှ စီးယုဖုံးက စကားစလိုက်သည်။

"ကဲ ဓားသိုင်းကျမ်းကို ပြန်ပေးလိုက်တော့"

ဟု ပြောလိုက်သည်။

စီးလျှံက. . .

"ကျွန်မမှာ မရှိတော့ဘူး"

ဟု ပြန်ဖြေလိုက်၏။

စီးယုဖုံးက.



"ဘယ်ရောက်သွားတာလဲ"

စီးလျှံက. . .

"သူများ လုသွားတယ်"

သွေးဆိုးမိန်းကလေးမှာ ဓားသိုင်းကျမ်း အလုခံရသည်ဟုကြားသောအခါ မျက်နှာပျက်သွားလေသည်။

စီးယုဖုံးက. . .

"ကဲ. . . သွေးဆိုးမိန်းကလေး၊ မင်းရဲ့ဓားသိုင်းကျမ်းကို ငါတာဝန်ယူတယ်၊ မတွေ့တွေ့အောင်ရှာပေးမယ်လို့ ကတိပေးတယ်"

"ကောင်းပြီလေ၊ ကြည့်ကြသေးတာပေါ့"

စီးယုဖုံး သက်ပြင်းတစ်ချက်ချလိုက်သည်။

သူသည် စီးလျှံကို ကြည့်လိုက်သည်။

စီးလျှံက ဖခင်ကို ပြန်ကြည့်လိုက်သောအခါ အကြည့်ချင်းဆုံပြီး ရင်ထဲတွင် အေးစိမ့်သွားသလို ခံစားနေရသည်။

စီးယုဖုံးက. . .

"သမီး. . . မင်းအသက် ဆယ့်ကိုးနှစ်ပြည့်ပြီ၊ မင်းသွားလိုရာသွားပါ၊ အပြင်ရောက်တဲ့အခါ မင်းအဖေဟာ ငါလို့ ဘယ်သူ့ကိုမှမပြောနဲ့"

ဟု ပြောလိုက်သည်။

စီးလျှံက. . .

"သမီး ဘယ်မှမသွားချင်ဘူး၊ အဖေ့နားမှာပဲ နေချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ပြော၏။

စီးယုဖုံးက ခေါင်းခါယမ်းကာ. . .

"မင်းဟာ တခြားလူတွေရဲ့ ဓားပညာကို တန်ဖိုးထားတယ်၊ ကိုယ့်အဖေကိုတောင်လိမ်တယ်၊ သေသွားတဲ့ မင်းအမေရဲ့မျက်နှာကိုထောက်နေလို့ မင်းကို မသတ်တာ"

ဟု ပြောလိုက်သည်။

စီးလျှံသည် သူ့ဖခင်၏စကားကို ကြားရသောအခါ မြေပေါ်တွင် ဒူးထောက်လိုက်ပြီး နဖူးနှင့်မြေကြီးကိုထိကာ သုံးကြိမ်ကန်တော့လိုက်သည်၊

"ဖေဖေ ကျန်းမာအောင်နေပါ၊ ကျွန်မ သွားပြီ"

စီးလျှံသည် ထရပ်လိုက်ပြီး လှည့်ပင်မကြည့်တော့ဘဲ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေသည်။

စီးယုဖုံးမှာ ရီဝေစွာကြည့်ရင်း ကျန်ရစ်ခဲ့သည်၊

❋ ❋ ❋



သွေးဆိုးမိန်းကလေးမှာ အလွန်ရက်စက်သော်လည်း လှယိလုံနှင့်တွေ့ပြီး စိတ်သဘောထား ပြောင်းလဲလာလေသည်။

သူသည် စီးလျှံကို သနားလာပြီး ဝင်ဖြန်ဖြေပေးချင်သော်လည်း စီးလျှံက ချာခနဲလှည့်ထွက်သွား၍ ဘာမျှမပြောနိုင်ပေ။

စီးယုဖုံးက သမီးဖြစ်သူစီးလျှံ ပျောက်ကွယ်သွားသည်ကို ကြည့်ကာ မုလျှံဘက်သို့ လှည့်ကြည့်လိုက်လေသည်။

"ကဲ မိန်းမယုတ်၊ မင်း ဘာပြောချင်သေးလဲ"

စီးယုဖုံး၏စကားကြောင့် မုလျှံက ရယ်မောလိုက်လေသည်။

"ဒီမှာ. . . ရှင် ကျွန်မကိုဘာလုပ်ချင်သလဲ၊ သတ်ချင်သလား၊ သတ်လိုက်ပါ"

စီးယုဖုံးက. . .

"မင်း သူများရဲ့ဓားသိုင်းကျမ်းကို လုတယ်၊ ငါ့ရဲ့ဂုဏ်သိက္ခာကိုထိခိုက်စေတယ်၊ မင်းရဲ့အပြစ်က သေလောက်တဲ့အပြစ်လေ"

ဟု ပြောလိုက်၏။

မုလျှံက. . .

"ဟား. . . ဟား. . . ကျွန်မ ဒီမှာနေတာ အားကိုးရာမဲ့ဖြစ်နေလို့ ရှင့်ကိုယူလိုက်ရတာ၊ ရှင့်ကိုချစ်လို့ ယူထားတယ်ထင်လို့လား၊ ဒီလိုဘဝနဲ့ ကျွန်မ မနေနိုင်တော့ဘူး"

မုလျှံ၏စကားကြောင့် စီးယုဖုံး အံ့သြသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါသတကြီးဖြင့်ရိုက်ရန် လက်ကို မြှောက်လိုက်လေတော့သည်။

ထိုစဉ်. . .

သွေးဆိုးမိန်းကလေးက ကျောက်တုံးပေါ်မှခုန်ချကာ စီးယုဖုံး၏လက်ကို ဆွဲဖယ်လိုက်သည်။

စီးယုဖုံး တစ်ဖက်သို့လှည့်ပြီး မုလျှံဘက်သို့ မကြည့်ဘဲ ပြောလိုက်သည်။

"မင်း သွားပါတော့၊ ငါ့ကို ဘယ်တော့မှ လာမတွေ့ပါနဲ့"

ဟု ပြောလိုက်သည်။

မုလျှံက ဒူးထောက်နှုတ်ဆက်ပြီး ချာခနဲလှည့်ထွက်သွားလေသည်။

စီးယုဖုံး အလွန် စိတ်ထိခိုက်သွားသည်။

သူသည် စိတ်ပျက်လက်ပျက်ဖြင့် မြေကြီးပေါ်သို့ ထိုင်ချလိုက်လေသည်။

နောက်တစ်နေ့ နံနက်တွင် လုယိလုံသည် အားလုံးကို နှုတ်ဆက်၍ပြန်သွားသည်။

လုယိလုံ ထွက်သွားပြီး မကြာမီ ကျန်လူအသီးသီးလည်း သွေးဆိုးမိန်းကလေးကိုနှုတ်ဆက်ကာ ထွက်သွားကြလေသည်။

သို့သော် သွေးဆိုးမိန်းကလေးကတော့ စီးမျိုးနွယ်ကျေးရွာမှထွက်ခွာသွားခြင်း မရှိသေးပါချေ။

စီးယုဖုံး အံ့သြသွားသည်။



"မသွားသေးဘူးလား မင်းက"

ဟု မေးလိုက်သည်။

သွေးဆိုးမိန်းကလေးက. . .

"ဦးလေးတစ်ယောက်တည်း မားသိုင်းကျွမ်းကိုရှာမယ်ဆိုလို့ပါ။ ကျွန်မပါ အဖော်လိုက်ခဲ့မယ်"

ဟု ပြောလိုက်သည်။

သူမ၏စကားကြောင့် စီးယုဖုံး ဝမ်းသာသွားသည်။

သွေးဆိုးမိန်းကလေးက ဆက်၍. . .

"အခုအချိန်ကစပြီး ဦးလေး ကျွန်မကို မွေးစားသမီးအဖြစ် အသိအမှတ်ပြုလိုက်ပေါ့"

စီးယုဖုံးက မမျှော်လင့်သောစကား ကြားလိုက်ရသောကြောင့် မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားလေတော့သည်။

သွေးဆိုးမိန်းကလေးက ပြုံးကာ. . .

"ဘာလဲ၊ ဦးလေးက လက်မခံဘူးလား"

ဟု မေးလိုက်၏။

စီးယုဖုံးက. . .

"မဟုတ်ပါဘူး၊ ငါအံ့သြသွားလို့ပါ၊ မင်းကို ငါ့ရဲ့မွေးစားသမီးအဖြစ် လက်ခံပါတယ်၊ ဒါပေမယ့် လက်ဆောင်ပေးဖို့ကတော့ သိုင်းပညာမှာ မင်းက ငါ့ထက်သာနေတယ်၊ ဘာပေးရမှန်းတောင် မသိပါဘူး"

ဟု ပြောလိုက်သည်။

သွေးဆိုးမိန်းကလေးက ရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စီးယုဖုံး စကားကိုဖြတ်ပြီး အနည်းငယ်စဉ်းစားလိုက်လေသည်။

"ဟုတ်ပြီ၊ အတွင်းအားပညာ မင်းကို သင်ပေးမယ်"

ဟု ပြောလိုက်လေသည်။

သွေးဆိုးမိန်းကလေးမှာ သူ့ကြောင့် စီးယုဖုံး၏သမီးနှင့်ဇနီး ခွဲခွာသွားခဲ့၍ သနားသွားသည်။

ထို့ကြောင့် စိတ်သက်သာစေရန် အဖော်အဖြစ် နေထိုင်ရန် ဆုံးဖြတ်လိုက်၏။

စီးယုဖုံးက. . .

"ဒါနဲ့ မင်းကို တစ်ခုမေးချင်တယ်"

"မေးပါ"

စီးယုဖုံးက. . .

"လုယိလုံပေါ့၊ သူ့ကိုကြည့်ရတာ သူဌေးသားလိုလို၊ မင်းသားလိုလိုပဲ"

ဟုပြောလိုက်ပြီး သွေးဆိုးမိန်းကလေးကိုကြည့်ကာ စကားဆက်လိုက်သည်။

"သမီးကိုကြည့်ရတာ သူ့အပေါ် မေတ္တာရှိနေသလား"

သွေးဆိုးမိန်းကလေးက ဘာမှမပြောဘဲ ပြုံးနေလေတော့သည်။

ထိုစဉ်မှာပင်. . .

တံခါးစောင့် ဝင်လာပြီး အနက်ရောင်စာအိတ်တစ်အိတ်လာပို့သည်။



စီးယုဖုံးသည် အနက်ရောင်စာအိတ်ကို တွေ့ရသောအခါ ဒေါသဖြစ်သွားလေသည်။

သွေးဆိုးမိန်းကလေးလည်း မျက်မှောင်ကြုတ်သွားလေတော့သည်။

သူသည် စာအိတ်ကိုဖောက်ဖတ်လိုက်သည်။

"ထိုက်ယန်ဂိုဏ်း၊ လက်ထောက်ဂိုဏ်းချုပ်ယဲ့ထင်းနဲ့ဖန်ယင်းတို့တပည့်များကို ဦးဆောင်ပြီး လာရောက်ဂါရဝပြုပါတယ်"

ဟု ရေးထားလေသည်။

"ဒီလူတွေ တော်တော်ရိုင်းပါလား"

မည်သည့်ကိစ္စမဆို အနီရောင်စာအိတ်ကိုသာ အသုံးပြုလေ့ရှိသည်။

အမင်္ဂလာကိစ္စမှအပ အနက်ရောင်စာအိတ်ကို အသုံးမပြုရပေ။

စီးယုဖုံး ဒေါသဖြစ်သွားလေသည်။

"ထိုက်ယန်ဂိုဏ်းက ငါ့ကို လူထူးလူဆန်းဆိုပြီး ဘယ်တော့မှ အသိအမှတ်မပြုဘဲ အခု ဘာကြောင့်ငါ့ဆီလာရတာလဲ"

ဟု မေးလိုက်လေသည်။

သွေးဆိုးမိန်းကလေးက. . .

"အကြောင်းထူးရှိလို့ ဖြစ်မှာပေါ့"

ဟု မှတ်ချက်ချလိုက်သည်။

စီးယုဖုံးက တံခါးစောင့်ကို လှည့်ကြည့်ပြီး ပြန်ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"တံခါးမကိုဖွင့်လိုက်၊ ငါကိုယ်တိုင် သွားကြိုမယ်ဟေ့"

❋ ❋ ❋

ကျေးရွာခြံဝင်းတံခါးကို ဖွင့်ထားလိုက်ပြီဖြစ်သည်။

ထိုက်ယန်ဂိုဏ်း၏ လက်ထောက်ဂိုဏ်းချုပ်ယွဲ့ထင်းနှင့် ဖန်ယင်းတို့ ပခုံးချင်းယှဉ်၍ ခြံဝင်းထဲသို့ ဝင်ရောက်လာကြလေသည်။

စီးယုဖုံးက ဧည့်ခန်းတံခါးဝမှနေ၍ သူတို့ကိုကြိုဆိုလိုက်သည်။

"မတွေ့တာတောင် ဆယ်နှစ်ရှိသွားပြီ၊ ဂိုဏ်းချုပ်ကြီး နေကောင်းရဲ့လား"

ဟု မေးလိုက်သည်။

ယွဲ့ထင်းက. . .

"ဟိုလကပဲ ကွယ်လွန်သွားပြီ"

ထိုစကားကြောင့် စီးယုဖုံး ထိတ်လန့် အံ့ဩသွားလေတော့သည်။

ယခုမှ သူတို့ ဘာကြောင့် အနက်ရောင်စာအိတ်တို့ အသုံးပြုကြောင်း နားလည်လိုက်သည်။

စီးယုဖုံး စိတ်မကောင်းဖြစ်သွားသည်။

သူသည် ဝမ်းနည်းသဖြင့်. . .



"နှမြောစရာကောင်းလိုက်တာ၊ သိုင်းလောကမှာ သူ့လို သဘောထားပြည့်ဝတဲ့သူ ရှိမှာမဟုတ်တော့ဘူး"

စီးယုဖုံးပြောရင်း နေရာထိုင်ခင်းပေးလိုက်လေသည်၊

"ဒါနဲ့ မိတ်ဆွေတို့ ကျုပ်ဆီကိုလာတာ အကြောင်းထူးရှိလို့လား"

ဟု မေးလိုက်သည်။

ယွဲ့ထင်းက. . .

"ဟုတ်ပါတယ်၊ ကျုပ်တို့ ဒီကိုလာတာ ကိစ္စနှစ်ခုရှိပါတယ်၊ ပထမကိစ္စကတော့ ကျုပ်တို့ထိုက်ယန်ဂိုဏ်းက တပည့်ဖြစ်သူလုယိလုံ ဒီမှာရှိပါသလား"

ဟု မေးလိုက်၏။

သွေးဆိုးမိန်းကလေးက. . .

"ဘာကြောင့် လုယိလုံကို အရေးတကြီးလိုက်ရှာရတာလဲ"

ယွဲ့ထင်းက သွေးဆိုးမိန်းကလေးကို မသိ၍ စီးယုဖုံးသမီး စီးလျှံထင်နေ၏။

ထို့ကြောင့် သူက. . .

"ဒီလိုပါ၊ ဂိုဏ်းချုပ်ကြီးရဲ့သေတမ်းစာအရ လုယိလုံကို ဂိုဏ်းချုပ်အဖြစ်ဆက်ခံဖို့ လာခေါ်တာပါ"

ဟု ပြောလိုက်လေသည်။

သွေးဆိုးမိန်းကလေး ဝမ်းသာသွားသည်။

လုယိလုံက ငယ်ငယ်ရွယ်ရွယ်နှင့် ဂိုဏ်းချုပ်နေရာကို

www.burmeseclassic.com

www.burmeseclassic.com



ရရှိခဲ့ပြီဖြစ်ပေသည်။

သို့သော်. . .

သူနှင့် ထိုက်ယန်ဝိုက်း အဆင်မပြေ၍ ဂိုဏ်းချုပ်ဖြစ်လျှင် လုယီလုံနှင့်နီးစပ်ရန် ခက်ခဲသွားမည်ဖြစ်သည်။

ထိုစဉ် စီးယုဖုံးက. . .

"ခင်ဗျားတို့လာတာ နောက်ကျသွားပြီ၊ သူထွက်သွားပါပြီ"

ယွဲထင်းက. . .

"ဒါဆိုရင် ကျုပ်တို့ ဒီမှာထိုင်စောင့်နေပါ့မယ်"

ဟု ပြောလိုက်၏။

စီးယုဖုံးက. . .

"လုယီလုံ ဒီမှာရှိတယ်ဆိုတာ ခင်ဗျားတို့ ဘယ်လိုလုပ်သိသလဲ"

ဟု ပြောလိုက်သည်။

ယွဲထင်းက. . .

"ကျုပ်တို့က ဒီကိစ္စအပြင် နောက်တစ်ခု ကျန်သေးတယ်"

ဟု ပြောလိုက်၏။ စီးယုဖုံးက. . .

"ပြောပါ"

ယွဲထင်းက. . .

"ရသေ့ဂိုဏ်းချုပ်ဖုံးရှမ်း ဘာကြောင့် ကွယ်လွန်သွားတာလဲ"



ဟု မေးလိုက်ပြန်သည်။

စီးယုဖုံးသည် ယွဲထင်းနှင့်ဖန်ယင်းတို့ကို စူးစိုက်ကြည့်နေလေသည်။

သူသည် ယွဲထင်း၏စကားကြောင့် ဒေါသထွက်သွားလေသည်။

စီးယုဖုံးသည် ယွဲထင်းခေါင်းပေါ်ကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ယွဲထင်းကလည်း ပြန်တိုက်သည်။

သူတို့နှစ်ယောက် အပြန်အလှန်တိုက်နေသည်ကို သွေးဆိုးမိန်းကလေးက ဘာမှမပြောဘဲ ထိုင်ကြည့်နေခဲ့သည်။

သိုင်းကွက်ဆယ်ကွက်မျှ တိုက်ခိုက်ပြီးနောက် စီးယုဖုံး တစ်စုံတစ်ခုကို ရုတ်တရက် သတိရလာလေသည်။

"ဒီမှာ ကျုပ်ပြောမယ်၊ ရသေ့ဂိုဏ်းချုပ်ကို ကျုပ်သတ်တာ မဟုတ်ဘူး၊ သူ့ကိုလုပ်ကြံတဲ့တရားခံပေါ်အောင် ကျွန်တော်ကြိုးစားလိုက်ရှာနေတာပါ"

စီးယုဖုံး၏အော်ပြောလိုက်သံကြောင့် ယွဲထင်း တိုက်ခိုက်ရာမှ ရပ်တန့်လိုက်သည်။

"ခင်ဗျား တကယ်ပြောတာလား"

"ကျုပ် ဘယ်တုန်းကမှ လိမ်မပြောခဲ့ဘူး"

ယွဲထင်းက စီးယုဖုံးအကြောင်းကို ကောင်းစွာ သိထားလေသည်။

စီးယုဖုံးသည် အဖြူရောင်နှင့် အမည်းရောင်ကြားတွင်

www.burmeseclassic.com

www.burmeseclassic.com



တည်ကြည်သော လူထူးဆန်းတစ်ယောက်ဖြစ်သည်။

ထိုစဉ် မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာလေသည်။

သူတို့အားလုံး ခြံဝသို့ လှည့်ကြည့်လိုက်သောအခါ မြင်းကိုယ်စီနှင့် လူခုနစ်ယောက် ခြံထဲသို့ ဝင်လာသည်။

ရှေ့ဆုံးမှဝင်လာသူမှာ ဖန်ယင်း၏တပည့်ကျောင်းဟိုး ဖြစ်လေသည်။

သူ့နောက်တွင် လုယိလုံ ပြန်လည်လိုက်ပါလာသည်ကို တွေ့လိုက်ရသည်။

ဖန်ယင်း မျက်လုံးအစုံသည် ရုတ်ခြည်းပင် ဝင်းလက်သွားလေသည်။

"ဟာ. . . ငါ့တပည့်က လုယိလုံကို တွေ့ခဲ့တယ် ဟုတ်လား"

ကျောင်းဟိုးက ဦးညွှတ်၍ အရိုအသေပြုလိုက်၏။

"ဟုတ်ကဲ့ပါ ဆရာကြီး၊ အစ်ကိုကြီးလုယိလုံကို လမ်းမှာ တွေ့လို့ ခေါ်လာခဲ့တာပါ"

ဟု ပြောလိုက်လေသည်။

* * *



လုယိလုံက ယွဲ့ထင်းနှင့်ဖန်ယင်းကို အရိုအသေပြုလိုက်လေသည်။

"မင်းရောက်လာတာ အတော်ပဲ၊ ဂိုဏ်းချုပ်ကြီးက မင်းကို သူ့နေရာကိုဆက်ခံဖို့ လျာထားတယ်"

လုယိလုံက. . .

"ကျွန်တော့်အထက်မှာ ဦးလေးတို့ရှိပါတယ်၊ ကျွန်တော်နဲ့တန်းတူ ညီအစ်ကိုတွေလည်း အများကြီးရှိပါသေးတယ်၊ ဂိုဏ်းချုပ်နေရာကို လက်မခံပါရစေနဲ့"

လုယိလုံ၏စကားကို ယွဲ့ထင်း ခေါင်းခါယမ်းလိုက်လေသည်။

"ထိုက်ယန်ဂိုဏ်းရဲ့ စည်းကမ်းကို နားလည်တယ် မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်ခင်ဗျာ"

ယွဲ့ထင်းက. . .

"သိရင် ဘာမှဆက်မပြောနဲ့၊ ထိုက်ယန်ဂိုဏ်းကိုပြန်ပြီး အခမ်းအနားကျင်းပဖို့ပြင်ဆင်ရမယ်၊ မင်း အဆင်သင့်ပြင်ထားပေတော့"

ယွဲ့ထင်းက ချက်ချင်း အစီအစဉ်ချလိုက်၏။

လုယိလုံက ဘာမှပြန်မပြောနိုင်တော့ပေ။

လုယိလုံ ခုံပေါ်ထိုင်ချလိုက်၏။

စီးယုဖုံးက သွေးဆိုးမိန်းကလေးကို လှမ်းကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးယုဖုံးက လုယိလုံအား ကြည့်လိုက်၏။

"ဂိုဏ်းချုပ်ဖြစ်တော့မယ့်အတွက် မင်းကိုဂုဏ်ပြုပါတယ်ကွာ"

လုယိလုံက. . .

"ကျေးဇူးတင်ပါတယ်ဗျာ"

စီးယုဖုံးမှာ လုယိလုံ ပြန်ရောက်လာသည့်အတွက် တကယ်ဝမ်းသာသွားသည်။

"မင်းရောက်လာတာနဲ့ အတော်ပဲ၊ ရသေ့ဂိုဏ်းချုပ်ကို သတ်တဲ့ တရားခံ ဘယ်သူလဲဆိုတာ မင်းရဲ့လက်ထောက်ဂိုဏ်းချုပ်တွေကို ပြောပြလိုက်ပါဦး"

လုယိလုံက ယွဲ့ထင်းတို့ကို လှမ်းကြည့်ပြီး ပြောလိုက်လေသည်။

"ရသေ့ဂိုဏ်းချုပ်ကို လုပ်ကြံတဲ့တရားခံဟာ အဆိပ်ဘုရင်ပါ"

ယွဲ့ထင်းက. . .

"ဒါဆိုရင် ရသေ့ဂိုဏ်းချုပ်က ဘာကြောင့် စီးယုဖုံးကို မေးပါလို့ ပြောတာလဲ"

ဟု မေးလိုက်သည်။

လုယိလုံက. . .

"ရသေ့ဂိုဏ်းချုပ်ဟာ ဒဏ်ရာရနေစဉ်က စီးယုဖုံးနဲ့တွေ့ခဲ့တယ်၊ အဲဒါနဲ့ ဖြစ်ပျက်ပုံတွေကိုပြောပြပြီး အဘစီးယုဖုံးကပြောပြပေးပါလို့ မှာထားခဲ့လို့ပါ"



လုယိလုံ၏ရှင်းပြချက်ကို ကြားသည့်အခါ ယွဲ့ထင်းသည် သံသယများ ကင်းသွားလေသည်။

"ကျုပ် ပြောမှားဆိုမှားရှိတာကို ခွင့်လွှတ်ပါ၊ ကျုပ်တို့မှာ အရေးကြီးတဲ့ကိစ္စရှိလို့ သွားခွင့်ပြုပါဦး"

ဟု ပြောလိုက်လေသည်။

လုယိလုံ ထိုင်ရာမှ ထလိုက်သည်။

ထိုစဉ်. . .

ကျောင်းဖယ်ဟိုးက ဖန်ယင်းအား တစ်စုံတစ်ရာ တီးတိုးပြောနေသည်ကို တွေ့မြင်လိုက်သည်။

ဖန်ယင်းက သူ့ကို ဟန့်တားလိုက်သည်။

"ခဏနေကြဦး"

ယွဲ့ထင်းက ခြေလှမ်းကို ရပ်တန့်လိုက်၏။

"ဘာကိစ္စရှိလို့လဲ"

ဖန်ယင်းက သွေးဆိုးမိန်းကလေးရှေ့သို့ လျှောက်သွားလေသည်။

"ဒီက မိန်းကလေးကို မိတ်ဆက်ချင်လို့ပါ၊ တိုက်ဆိုင်တုန်းစာရင်းရှင်းစရာလေး ရှိလို့ပါ"

ဖန်ယင်း၏စကားကြောင့် ယွဲ့ထင်း အံ့အားသင့်သွားလေသည်။

စီးယုဖုံးက ထိုင်ခုံကို နောက်သို့ဆုတ်လိုက်၏။

သွေးဆိုးမိန်းကလေးက. . .

"ထိက်ယန်ဂိုဏ်းရဲ့ သိုင်းပညာဟာ သိုင်းလောကမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြိုင်စံရှားပါတယ်၊ ကျွန်မ မယုံဝံ့ပါဘူးရှင်"

ဖန်ယင်းက. . .

"မဖြိုင်ရင်လည်းရပါတယ်၊ ဒါပေမယ့် မင်းအပေါ်တင်နေတဲ့ အကြွေးကိုတော့ ငါပြန်တောင်းရလိမ့်မယ်"

သွေးဆိုးမိန်းကလေးက. . .

"ဘာအကြွေးလဲ"

ဖန်ယင်းက. . .

"မင်းလက်ချောင်း ခြောက်ချောင်းကိုပေးရင် ရပြီ"

ထိုစကားကို ကြားလိုက်ရသည်နှင့် ထိုမိန်းကလေးမှာ စီးယုဖုံး၏သမီး စီးလျှံမဟုတ်ဘဲ သွေးဆိုးမိန်းကလေးဖြစ်ကြောင်း ယဲ့ထင်း နားလည်သွားသည်။

သိုင်းလောကတွင် မိန့်မိန့်တုန်အောင် ကြောက်စရာကောင်းသော မိန်းမတစ်ယောက်မှာ နုနုနယ်နယ်နှင့်ချောမောလွန်းသည်ကိုတွေ့ရသောအခါ ယဲ့ထင်း ပို၍အံ့ဩသွားလေသည်။

လုယိလုံမှာမူ သွေးဆိုးမိန်းကလေးကို စိန်ခေါ်လိုက်သဖြင့် စိုးရိမ်ပူပန်သွားသည်။

ထိုစဉ်. . .

ကျောင်းဟိုးက သူ့အနီးသို့ရောက်လာပြီး လေသံတိုးတိုးဖြင့်ပြောသည်။

"ဒီမိန်းမက သိုင်းပညာ သိပ်တော်တာ ကျုပ်တို့ဘက်က ဝင်ကူရမယ်နော်"



လုယိလုံ အလိုလို ခေါင်းညိတ်မိလျက်သား ဖြစ်သွားလေသည်။

❋ ❋ ❋

သူ့စိတ်ထဲမှာတော့ ဖန်ယင်းနှင့်သွေးဆိုးမိန်းကလေးတို့ တိုက်ခိုက်သည်ကို လုံးဝမလိုလားပေ။

စီးယုဖုံးက သွေးဆိုးမိန်းကလေးအနီးသို့ လျှောက်လာသည်။

"သမီး သူတို့ပြောတာ အမှန်ပဲလား"

"သူတို့နဲ့သမီး ဘာအကြွေးမှမရှိပါဘူး၊ အကြွေးတင်တာမဟုတ်ဘူး၊ ဆုအဖြစ်ယူလိုက်တာပါ"

"ဘယ်လို သမီး"

"ထိုက်ယန်ဂိုဏ်းသားတွေနဲ့ ကျွန်မ ဓားချင်းယှဉ်ပါတယ်၊ ကျွန်မနိုင်လို့ သူတို့လက်ချောင်းတွေကို ဖြတ်ခဲ့တာပါ"

"သမီး လူမှားတာ မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ပါဘူး"

ဖန်ယင်းက တိုက်ခိုက်ရန်ပြင်နေသည်။

စီးယုဖုံးက ဖန်ယင်းနှင့် သွေးဆိုးမိန်းကလေးတို့က တိုက်ရန်၊ ကျန်လူများက ထိုင်နေရန် ပြောလိုက်လေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယင်းက သွေးဆိုးမိန်းကလေးကို စေ့စေ့ကြည့်ပြီး ပြောလိုက်သည်။

"ကဲ. . .မင်းရဲ့ဓားကို ထုတ်ပါ"

"ကျွန်မ အဆင်သင့်ပါပဲ"

သို့သော် သွေးဆိုးမိန်းကလေးက ဓားကို မထုတ်ပါချေ။

ဖန်ယင်း ဒေါသဖြစ်သွားသဖြင့် ဓားကိုမထုတ်ဘဲ ဓားအိမ်ကို ထုတ်လိုက်သည်။

သွေးဆိုးမိန်းကလေးက ခန္ဓာကိုယ်ကို တစ်ချက်တိမ်းပေးလိုက်သည်နှင့် ဖန်ယင်းမှာ ရှေ့သို့ အရှိန်လွန်သွားသည်။

သူ့နောက်မှ အေးစိမ့်သော အငွေ့အသက်ကို ရုတ်တရက် ခံစားလိုက်ရသဖြင့် ဖန်ယင်း ကမန်းကတန်း နောက်လှည့်ကြည့်လိုက်သည်။

ထိုအခါ သွေးဆိုးမိန်းကလေး သူ့နောက်တွင် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

သွေးဆိုးမိန်းကလေး၏လက်ထဲတွင် ဓားတစ်လက် ရောက်နေသည်။

"ရှင် ဘာဖြစ်နေတာလဲ၊ ဓားဆွဲမထုတ်ဘူးလား"

သွေးဆိုးမိန်းကလေးကို အထင်သေး၍မရကြောင်းဖန်ယင်း နားလည်သဘောပေါက်သွားသည်။

ဓားကို လျင်မြန်စွာ ဆွဲထုတ်လိုက်၏။

"မင်း အရင်စတိုက်ပါ"

"ကောင်းပါပြီရှင်"



ဖန်ယင်းက ထိုက်ယန်သိုင်းကွက်ထဲမှ အဆင့်မြင့်သိုင်းကွက်များကိုသုံးကာ ပြန်လည်တိုက်ခိုက်၏။

သို့သော် သွေးဆိုးမိန်းကလေး ပြန်လည်အသုံးပြုသော သိုင်းကွက်သည် အလွန်ထူးဆန်းလှသည်။

ဖန်ယင်း လျင်မြန်စွာ ရှောင်တိမ်းလိုက်ရသည်။

ရန်သူ၏လက်ကို ခုတ်မိဖို့ထက် သူ့အသက်အန္တရာယ်ကိုလွတ်အောင် မနည်းရှောင်တိမ်းလိုက်ရသည်။

သွေးဆိုးမိန်းကလေး၏ သိုင်းကွက်များမှာ ရိုးရိုးစင်းစင်းနှင့် မှန်းဆရခက်လှသည်။

သိုင်းကွက်ဆယ်ကွက်ခန့် တိုက်ခိုက်မိပြီးသည်နှင့် သွေးဆိုးမိန်းကလေး၏ တိုက်ကွက်များမှာ အလွန်ထူးဆန်းပြီး ထိုက်ယန်သိုင်းကွက်များနှင့် အလွယ်တကူ အနိုင်မရနိုင်အောင် ဖြစ်မိသည်။

သွေးဆိုးမိန်းကလေးနှင့် တိုက်ခိုက်သော ဖန်ယင်း၏ အခြေအနေ ဆိုးဆိုးရွားရွား မဖြစ်သောကြောင့် ယဲ့ထင်း စိတ်သက်သာရာရသွားသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အနိုင်အရှုံး

ဖန်ယင်း. . .။

ဖန်ယင်းက သွေးဆိုးမိန်းကလေး၏ တိုက်ကွက်ကို လေ့လာနေသည်။

သွေးဆိုးမိန်းကလေး၏ သိုင်းကွက်များက တစ်ကွက်ထက်တစ်ကွက် ပိုပြီးဆန်းကြယ်လာသည်။

ထပ်မံယှဉ်ပြိုင်လိုက်ကြပြီး မကြာမီ သွေးဆိုးမိန်းကလေး အသာစီးရသွားတော့သည်။

ဖန်ယင်း ဇောချွေးများပင် ပျံလာတော့သည်။

သွေးဆိုးမိန်းကလေးက ရယ်မောပြီး ဖန်ယင်း၏ဝဲဘက် လက်ကောက်ဝတ်ကို ဓားဦးဖြင့် ထိုးစိုက်လိုက်လေသည်။

ထိုအခါ ဖန်ယင်းက ဓားကိုမြှောက်ပြီး ခုခံပေးလိုက်ရသည်။



သွေးဆိုးမိန်းကလေးကလည်း ဓားကိုင်ထားသောလက်ကို ဆတ်ခနဲ ရုတ်သိမ်းလိုက်ပြီး ချက်ချင်းပင် အပေါ်မှအောက်သို့ ဓားကိုနှိမ့်ပြီး ဆွဲချလိုက်လေသည်။

သူမ၏ဓားဦးသည် ဖန်ယင်း၏ဒူးဆစ်ကို ထိုးစိုက်ချလိုက်ခြင်း ဖြစ်လေသည်။

"ဟင်"

ဖန်ယင်း ထိတ်လန့်သွားကာ ကမန်းကတန်း သူ၏ဓားဖြင့် သွေးဆိုးမိန်းကလေး၏ဓားကို ရိုက်ထုတ်လိုက်ရလေသည်။

ထိုအချိန်မှာပင် သွေးဆိုးမိန်းကလေး၏ဓားက အပေါ်သို့ ပြန်လည်ထောင်တက်သွားပြီး ဖန်ယင်း၏ရင်ဝသို့ ဆတ်လက်တိုက်ခိုက်လိုက်ရာ ဖန်ယင်း ဗျာများသွားရလေတော့သည်။

ဆက်၍ ရင်မဆိုင်နိုင်တော့ဘဲ ကပျာကယာ နောက်ဆုတ်လိုက်ရလေတော့သည်။

သွေးဆိုးမိန်းကလေး ပြုံးလိုက်သည်။

သူမသည် ဆက်၍မတိုက်ခိုက်တော့ဘဲ ဓားကို ပြန်လည်သိမ်းလိုက်ပြီး. . .

"ကဲ. . . ကျွန်မတို့ယှဉ်ပြိုင်ခဲ့တဲ့ ဓားကွက်တွေ မနည်းတော့ပါဘူး၊ ဘယ်သူမှလည်း အနိုင်အရှုံးမရှိပါဘူး၊ အဲသည်တော့ ကျွန်လက်ချက်နဲ့ သေဆုံးခဲ့ရတဲ့ ထိုက်ယန်ဂိုဏ်းသားတွေနဲ့ ပတ်သက်ပြီး အငြင်းမတောင်းပါနဲ့တော့၊ သူတို့ဟာ တိုင်းတပါးသားတွေနဲ့ ဆက်သွယ်ကြမယ့် သစ္စာဖောက်တွေလည်းဖြစ်ခြင်းသေးတယ် မဟုတ်လားရှင်"

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ သူမသည် လုယိလုံ၏မျက်နှာကြောင့် ရန်စများကို အဆုံးသတ်ဖို့ ကြိုးစားလိုက်ခြင်း ဖြစ်လေသည်။

သို့သော် ဖန်ယင်းက သူမ၏စကားကို မကြားသည့်အလား. . .

"ယား"

ညာသံပေးကာ ဆက်၍တိုက်ခိုက်လိုက်လေသည်။

သွေးဆိုးမိန်းကလေး မကျေမနပ် ဖြစ်သွား၏။

"ဩော်. . . ရှင်က မကျေနပ်သေးဘဲကိုး"

သူမသည် ဓားဝှေ့ယမ်းကာ ဖန်ယင်း၏ယာဘက်လက်ကိုတိုက်ခိုက်လိုက်လေသည်။

ဖန်ယင်းလည်း သူ၏တိုက်ကွက်ကို ပြန်လည်ရုပ်သိမ်းပြီး သွေးဆိုးမိန်းကလေး၏ဓားချက်ကို ကပျာကယာ ခုခံလိုက်ရလေသည်။

"ချွမ်း"

ဓားနှစ်လက် ပြင်းထန်စွာထိတွေ့မိလိုက်ပြီး ဖန်ယင်း၏ဓား အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ယဲ့ထင်း ထိတ်လန့်သွားလေသည်။

"ယား"

ဖန်ယင်း အခြေအနေ မဟန်သဖြင့် ထိုက်ယန်ဂိုဏ်းမှ သိုင်းသမားများက ညာသံပေးကာ သွေးဆိုးမိန်းကလေးအား ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

သွေးဆိုးမိန်းကလေး နှာခေါင်းရှုံ့လိုက်သည်။



"ရှင်တို့ကို ကျွန်မ ကြောက်နေရမှာလား"

သူမသည် လက်ထဲမှဓားကို စကြာသဖွယ် တရစပ်ဝှေ့ယမ်းလိုက်လျှင်. . .

"ခွင်. . . ခွင်. . . ခွင်"

ထိုက်ယန်ဂိုဏ်းသားများ ကိုင်ဆောင်ထားသော လက်နက်များ ရိုက်ထုတ်ခံရပြီး လွင့်စဉ်ကာ လက်နက်မဲ့များဖြစ်သွားကြလေတော့သည်။

ဖန်ယင်း မျက်နှာကြီး မည်းမှောင်သွား၏။

သူကိုယ်တိုင်သာမက သူ၏တပည့်များလည်း သွေးဆိုးမိန်းကလေးအား မယှဉ်နိုင်အောင် ဖြစ်နေကြပြီ မဟုတ်ပါလား။

"တောက်"

ခံပြင်းစွာ တက်ခေါက်လိုက်ပြီး မြေပေါ်ကျနေသော ဓားကို ပြေးကောက်၍ သွေးဆိုးမိန်းကလေးအား တိုက်ခိုက်လိုက်လေသည်။

သွေးဆိုးမိန်းကလေး မဲ့ပြုံးပြုံးလိုက်သည်။

"သည်တစ်ခါတော့ ကျွန်မ သက်ညှာတော့မှာ မဟုတ်ဘူးနော်"

ဖန်ယင်းဓားကွက်ကို ခုခံပြီး ချက်ချင်းပြန်လည်တိုက်ခိုက်လိုက်ရာ ချက်ချင်းပင် အပေါ်စီးရသွားပြန်တော့သည်။

ဖန်ယင်းမှာ တိုက်ခိုက်ဖို့မဆိုထားနှင့် သွေးဆိုးမိန်းကလေး၏တိုက်ခိုက်မှုကို အကြောက်အကန်ခုခံနေရလေတော့သည်။

www.burmeseclassic.com



ထိုအချိန်မှာ လုယီလုံက. . .

"ရပ်လိုက်"

ဟု ဟန့်တားလိုက်လေသည်။

သွေးဆိုးမိန်းကလေးသည် ဖန်ယင်းကို အမှုမထားဘဲ လုယီလုံဘက်သို့ လှည့်လိုက်လေသည်။

ထိုအချိန်မှာပင် ဖန်ယင်းက အခွင့်ကောင်းယူကာ တိုက်ခိုက်လိုက်ရာ. . .

"အင့်"

သွေးဆိုးမိန်းကလေး၏ လက်မောင်းကို ဓားရှပ်ထိသွားပြီး သွေးများစီးကျလာလေသည်။

တိုက်ပွဲလည်း ပြီးဆုံးသွားလေတော့သည်။

❋ ❋ ❋



သွေးဆိုးမိန်းကလေးမှာ ဒဏ်ရာရသွားသဖြင့် လက်ထဲမှ ဓားကို လွှတ်ချလိုက်သည်။

ဖန်ယင်းကိုလည်း တစ်ချက် စိုက်ကြည့်လိုက်သည်။

ထိုစဉ် စီးယုဖုံးက လှုပ်ရှားလာပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ သို့သော် သွေးဆိုးမိန်းကလေးက ဟန့်တားလိုက်လေသည်။

"ဖေဖေ. . . မလုပ်လိုက်ပါနဲ့၊ ကျွန်မတို့ယှဉ်ပြိုင်တာ အနိုင်အရှုံး မရှိပါဘူး"

စီးယုဖုံးက. . .

"သမီး ဘယ်လိုပြောလိုက်တာလဲ"

သွေးဆိုးမိန်းကလေးက ရှင်းပြသည်။

"ကျွန်မက သူ့တပည့်တွေကို အနိုင်ရခဲ့တယ်၊ အခု သူ့ရဲ့ဓားချက်ထိခံလိုက်ရတယ်၊ ဒါကြောင့် တစ်ယောက်တစ်လှည့် စီပါပဲ၊ အရှုံးအနိုင်မရှိပါဘူး"

စီးယုဖုံး ခေါင်းညိတ်လိုက်သည်။

"ဒါ မှန်တယ်"

ယဲ့ထင်းကလည်း လက်ခံလိုက်သည်။

"ဘယ်သူကမှ အနိုင်အရှုံးမရှိပါဘူးဆိုတာ ကျုပ်လက်ခံပါတယ်"

စီးယုဖုံးက. . .

"ခင်ဗျားတို့မှာ အရေးကြီးတဲ့ကိစ္စရှိနေသေးတယ်ဆိုတော့. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျုပ်တို့ကို သွားခွင့်ပြုပါဦး"

စီးယုဖုံးက. . .

"ဂိုဏ်းချုပ်ကြီးရဲ့ဈာပနကို မတက်ရောက်နိုင်တာလည်း ခွင့်လွှတ်ပါ"

"ရပါတယ်၊ ရပါတယ်၊ ကိစ္စမရှိပါဘူး"

ထို့နောက် ယဲ့ထင်းက ထိုက်ယန်ဂိုဏ်းသားများအား ဦးဆောင်ကာ စီးမျိုးနွယ်ကျေးရွာမှ ပြန်လည်ထွက်ခွာသွားကြလေသည်။

ဖန်ယင်းက. . .

"မင်းလည်း လိုက်ခဲ့ရမယ်"

လုယိလုံကို ပြောလိုက်ရာ လုယိလုံ မငြင်းနိုင်အောင်ဖြစ်သွားရလေသည်။

သွေးဆိုးမိန်းကလေးကိုလည်း တောင်းပန်သည့်အကြည့်ဖြင့် ကြည့်ပြီး ဖန်ယင်းတို့နှင့်အတူ လိုက်ပါသွားလေတော့သည်။

သွေးဆိုးမိန်းကလေး(ဝါ)ဓားမိန်းကလေး(ဝါ) စန့်ကွမ်းချင်းလည်း တရွေ့ရွေ့ ဝေးသွားသော လုယိလုံအား ရီဝေစွာငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

❊ ❊ ❊



## အံ့ဩစရာသတင်းထူး

ထိုက်ယန်ဒုဂိုဏ်းချုပ်ယဲ့ထင်းတို့လူစု ထွက်ခွာသွားကြပြီဖြစ်လေသည်။

လုယိလုံလည်း လိုက်ပါသွားလေသည်။

စီးယုဖုံးက စန့်ကွမ်းချင်း၏လက်မောင်းမှ ဒဏ်ရာကို ဆေးထည့်ပေးလိုက်သည်။

စန့်ကွမ်းချင်း၏ဒဏ်ရာမှာ အပေါ်ယံရှပ်ထိခဲ့ခြင်းဖြစ်၍ စိုးရိမ်စရာမရှိချေ။

နှစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မှ စီးယုဖုံးက. . .

"သမီးက ဘာကြောင့် သူ့ကို အရှုံးပေးလိုက်တာလဲ"

"ရှင်"

ရုတ်တရက် မေးလိုက်သည့်မေးခွန်းကြောင့် စန့်ကွမ်းချင်း ကြောင်အမ်းအမ်းဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



စီးယုဖုံးက. . .

"သမီးက ဖန်ယင်းကို တမင် အရှုံးပေးလိုက်တာ မဟုတ်လား"

"ကျွန်မ. ."

"သမီး သည်လိုလုပ်တာကို ဖေဖေ သဘောမကျဘူး"

စန္ဒကွမ်းချင်း ပြုံးလိုက်သည်။

"တစ်ခါတုန်းလေတော့လည်း ခြေချော်လက်ချော် သတိလက်လွတ်ဖြစ်သွားတာပေါ့ ဖေဖေရယ်"

စီးယုဖုံးက. . .

"သမီးက လုယိလုံနဲ့ပတ်သက်နေလို့ တမင် အရှုံးပေးလိုက်တယ်ဆိုတာ ဖေဖေသိတယ်"

ဟု ထပ်ပြောရာ စန္ဒကွမ်းချင်း ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

❋ ❋ ❋



လုယိလုံသည် ဘာမှမတတ်သာဘဲ ထိုက်ယန်ဂိုဏ်းသို့ လိုက်ပါသွားခဲ့ရလေသည်။

လမ်းခရီးတွင် ဖန်ယင်းက. . .

"လုယိလုံ. . . မင်းက သွေးဆိုးမိန်းကလေးစန္ဒကွမ်းချင်းနဲ့ ပတ်သက်နေတယ် မဟုတ်လား"

ဟု မေးလာလေသည်။

လုယိလုံက. . .

"ကျွန်တော်တို့ ရိုးရိုးတန်းတန်း ခင်မင်ရင်းနှီးကြတဲ့ မိတ်ဆွေတွေပါခင်ဗျာ"

ဖန်ယင်က. . .

"စန္ဒကွမ်းချင်းကြောင့် ထိုက်ယန်ဂိုဏ်းသားတွေ ဒုက္ခရောက်ခဲ့ကြတယ်၊ မင်းရဲ့အဘိုးလည်း သူ့ရဲ့လက်ချက်နဲ့ သေဆုံးခဲ့ရတာပဲ"

လုယိလုံက. . .

"ဒုက္ခရောက်သွားတဲ့ ထိုက်ယန်ဂိုဏ်းသားတွေဟာ တိုင်းတပါးသားတွေနဲ့သွားပြီး ဆက်သွယ်ကြတဲ့ သစ္စာဖောက်တွေပါခင်ဗျာ"

"ဒါဖြင့် မင်းရဲ့အဘိုးကကော"

"ကျွန်တော့်အဘိုးက စန္ဒကွမ်းချင်းကို အလစ်တိုက်ခိုက်ခဲ့တာ၊ စန္ဒကွမ်းချင်း ထိတ်လန့်ပြီး ခုခံရာက အဘိုးကိုထိသွားတာပါ၊ ဒါကို အဘိုးကိုယ်တိုင် သူမှားယွင်းခဲ့တယ်လို့ မသေခင် ဝန်ခံသွားပါတယ်၊ စန္ဒကွမ်းချင်းရဲ့လက်ချက်နဲ့ ဒုက္ခရောက်ခဲ့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ယန်ဂိုဏ်းသားတွေဟာ သစ္စာဖောက်တွေဖြစ်နေတာလဲ အဘိုးသိရှိသွားခဲ့ပါတယ်"

လုယိလုံက ရှင်းပြလိုက်လေသည်။

ဖန်ယင်းက. . .

"မင်းတို့မြေးအဘိုးနှစ်ယောက်စလုံးက စန့်ကွမ်းချင်းကို အပြစ်မမြင်တဲ့အပြင် သဘောကျနေကြတာကိုး"

လုယိလုံက ဘာမှမပြောဘဲ နေလိုက်လေသည်။

သို့ဖြင့် ရှေ့ခရီးဆက်သွားကြရာ ထိုက်ယန်ဂိုဏ်းသို့ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားခဲ့လေတော့သည်။

✿ ✿ ✿



ထိုက်ယန်ဂိုဏ်း. . .။

ထိုက်ယန်ဂိုဏ်းသို့ လုယိလုံ ရောက်ရှိသွားသည်နှင့် အားလုံးက ရှိသေလေးစားစွာ ကြိုဆိုနေကြသည်ကို တွေ့ရလေသည်။

ထိုက်ယန်ဂိုဏ်းသားအားလုံး ရှိသေလေးစားစွာ ရှိနေကြခြင်းကြောင့် လုယိလုံ အံ့သြသွားလေသည်။

"တစ်ခုခုတော့ ထူးခြားနေပြီ"

ဟု စိတ်ထဲ တွေးမိလိုက်လေသည်။

ထိုက်ယန်ဂိုဏ်းသို့ရောက်ပြီး မကြာမီ ထူးခြားမှုအကြောင်းသိလိုက်ရလေတော့သည်။

ထိုက်ယန်ဂိုဏ်း၏ ဧည့်ခန်းမဆောင်ကြီးအတွင်း၌ ထိုက်ယန်ဂိုဏ်းသားများ စုရုံးရောက်ရှိနေကြလေသည်။

ခန်းမဆောင်ရှေ့၌ ထိုက်ယန်ဂိုဏ်းချုပ်၏ပုံတူ ပန်းချီကားရှိနေ၏။

လက်ထောက်ဂိုဏ်းချုပ်ယဲ့ထင်းက လုယိလုံကိုခေါ်ပြီး ဂါရဝပြုခိုင်းသည်။

လုယိလုံ ဂါရဝပြုပြီးလျှင် ဒုဂိုဏ်းချုပ်ယဲ့ထင်းက. . .

"လုယိလုံ. . . သည်စာကို မင်းဖတ်ကြည့်ပါ"

စာတစ်စောင် ထုတ်ပေးလေသည်။

လုယိလုံက စာကိုယူကာ ဖတ်ကြည့်လိုက်လေသည်

စာထဲ၌. . .

"လုယိလုံ. . .

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ယန်ဂိုဏ်းချုပ်နေရာကို မင်းဆက်ခံရလိမ့်မယ်၊
မင်းလက်ခံပြီး ထိုက်ယန်ဂိုဏ်းကို ဦးဆောင်ပါ။
သိုင်းလောကအကျိုး အများအကျိုးဆောင်ရွက်ပါ။
ဂိုဏ်းချုပ်"

ဟု ရေးသားထားလေသည်။

ထိုစာ၌ ဂိုဏ်းချုပ်အမှတ်တံဆိပ်လည်း ရိုက်နှိပ်ထားလေသည်။

လုယီလုံ ထိတ်လန့်သွားလေသည်။

"ဒါ. . . ဒါက ဘယ်လိုဖြစ်တာလဲ"

လက်ထဲကိုင်ထားသော စာရွက် လွတ်ကျမလို ဖြစ်သွားလေတော့သည်။

ဒုဂိုဏ်းချုပ်ယဲ့ထင်းက. . .

"ဒါ ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ရေးထားပြီး မင်းကို ဂိုဏ်းချုပ်ရာထူးလွှဲပြောင်းပေးတဲ့အမိန့်ချမှတ်သွားတာပဲ"

လုယီလုံက. . .

"ဂိုဏ်း. . . ဂိုဏ်းချုပ်ကြီးက. ."

"ဂိုဏ်းချုပ်ဟာ မသမာသူတွေရဲ့ အဆိပ်ခတ်လုပ်ကြံခံရပြီး ကွယ်လွန်သွားခဲ့တယ်၊ သူ မကွယ်လွန်ခင် သည်အမိန့်စာကိုရေးသွားတာပဲ"

လုယီလုံက. . .

"ဂိုဏ်းချုပ်ရဲ့အလောင်းကကော ခင်ဗျာ"

ယဲ့ထင်းက. . .



"ဂိုဏ်းချုပ်ဟာ အဆိပ်ကြောင့် သေဆုံးရတော့မှာမို့ အနှောက်အယှက် မဖြစ်စေချင်တာနဲ့ ဘယ်သူမှမသိအောင် တိတ်တဆိတ် ထွက်သွားလို့ လုံးဝ အစအနရှာမရတော့ဘူး၊ တစ်နေရာရာမှာ သေဆုံးသွားပြီဆိုတာ သေချာတယ်"

လုယီလုံ စိတ်မကောင်း ဖြစ်သွားလေသည်။

ယဲ့ထင်းက. . .

"ကဲ. . . မင်းက ထိုက်ယန်ဂိုဏ်းချုပ်နေရာကို ဆက်ခံရလိမ့်မယ်၊ ဂိုဏ်းချုပ်ရာထူးလွှဲပြောင်းပေးအပ်တဲ့ အခမ်းအနားကို မကြာခင် ကျင်းပဖို့ စီစဉ်ရလိမ့်မယ်၊ ဒါကြောင့်. ."

လုယီလုံက. . .

"ကျွန်တော် တစ်ခုပြောချင်ပါတယ် ခင်ဗျာ"

ယဲ့ထင်းက. . .

"မင်း ဘာပြောချင်သေးလို့လဲ"

လုယီလုံက. . .

"ထိုက်ယန်ဂိုဏ်းမှာ ဂိုဏ်းသားတစ်ယောက်ကို သူ့ထက်ရာထူးမြင့်မားသူတွေ၊ ဝါရင့်ပုဂ္ဂိုလ်ကြီးတွေကိုကျော်ပြီး ဂိုဏ်းချုပ်ရာထူး လွှဲပြောင်းပေးခဲ့ဖူးတဲ့ အစဉ်အလာမရှိခဲ့ဖူး ဘူးလို့ ကျွန်တော်သိထားပါတယ် ခင်ဗျာ"

ဒုဂိုဏ်းချုပ်ယဲ့ထင်း ခေါင်းညိတ်လိုက်သည်။

"မင်းပြောတာ မှန်ပါတယ်"

လုယီလုံက. . .

"အခု ကျွန်တော်ဟာ သာမန်ဂိုဏ်းသားဘဝက ဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ရာထူး လက်ခံရမယ်ဆိုတာ ထိုက်ယန်ဂိုဏ်းရဲ့ အစဉ်အလာကို ချိုးဖျက်သလို ဖြစ်နေတာမို့ ဂိုဏ်းချုပ်ရာထူးကို လက်မခံပါရစေနဲ့ခင်ဗျာ"

သူ၏စကားကြောင့် အားလုံးအံ့အားသင့်သွားကြလေသည်။

ယုံထင်း ခေါင်းခါယမ်းလိုက်သည်။

"ဒါဟာ ဂိုဏ်းချုပ်ကြီးကိုယ်တိုင် စီစဉ်တာပါ။ ဂိုဏ်းချုပ်ကြီးရဲ့အမိန့်ပါပဲ၊ အားလုံးက တသွေမတိမ်းလေးစားလိုက်နာကြရလိမ့်မယ်၊ လုယိလုံ မင်းလက်မခံလို့မရဘူး"

"ကျွန်တော်. . ."

"လုယိလုံ. . . မင်းတို့လုမျိုးနွယ်တွေဟာ ကိုယ်ကျိုးမဖက်ဘဲ ထိုက်ယန်ဂိုဏ်းမှာ ဆွေစဉ်မျိုးဆက်သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့ကြတယ်၊ မင်းကို ဂိုဏ်းချုပ်ရာထူးလွှဲပြောင်းပေးအပ်တာဟာ ထိုက်တန်တဲ့ ကိစ္စတစ်ခုပဲဖြစ်တယ်"

လုယိလုံက ဦးညွှတ်လိုက်သည်။

"ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် လက်မခံပါရစေနဲ့ဦး၊ ထိုက်ယန်ဂိုဏ်းချုပ်ကို ကျွန်တော် လိုက်ရှာပါရစေ၊ ကျွန်တော့်ကို သုံးနှစ်လောက် အချိန်ပေးစေချင်ပါတယ်"

ယုံထင်း တွေဝေသွားလေသည်။

ထိုစဉ် ဖန်ယင်းက ဝင်ပြောလိုက်သည်။

"ဒုဂိုဏ်းချုပ်ကြီးခင်ဗျာ၊ အခုကိစ္စဟာ လုယိလုံအတွက် အံ့ဩထိတ်လန့်စရာကိစ္စကြီးတစ်ခု ဖြစ်နေတာ အမှန်ပါပဲ၊ ဒါ



ကြောင့် သူကျေနပ်လက်ခံလာအောင် အချိန်ပေးလိုက်တာ မမှားဘူးထင်ပါတယ် ခင်ဗျာ"

ယုံထင်း သက်ပြင်းချလိုက်သည်။

"လုယိလုံ. . မင်း တကယ်ပဲ အချိန်ယူချင်သေးတာလား ထိုက်ယန်ဂိုဏ်းချုပ်ရာထူးကို မင်းမမက်မောဘူးလား၊ ဂိုဏ်းသားအားလုံးက မက်မောကြမယ့်ကိစ္စဆိုတာ မင်းနားလည်သင့်တယ်နော်"

လုယိလုံက. . .

"ကျွန်တော့်ကို သုံးနှစ်အချိန်ပေးစေချင်ပါတယ်ခင်ဗျာ သည်သုံးနှစ်အတွင်းမှာ ဒုဂိုဏ်းချုပ်ကပဲ ထိုက်ယန်ဂိုဏ်းကို တာဝန်ယူထားစေချင်ပါတယ်"

ဟု သူ၏သဘောထားကိုပြောရင်း မေတ္တာရပ်ခံလိုက်လေသည်။

ယုံထင်း မတတ်နိုင်တော့ဟန်ဖြင့်. . .

"ကောင်းပြီလေ၊ သုံးနှစ် ကျုပ်တာဝန်ယူထားလိုက်ပါ့မယ်၊ သုံးနှစ်ပြည့်ရင်တော့ ဂိုဏ်းချုပ်ရာထူးကို မင်းလွှဲပြောင်းလက်ခံယူရလိမ့်မယ်"

ဟု သဘောတူလိုက်လေသည်။

လုယိလုံက. . .

"ကျေးဇူးပါပဲ၊ ဂိုဏ်းချုပ်ကြီးကို လိုက်ရှာရဦးမှာမို့ ကျွန်တော့်ကို ခွင့်ပြုစေချင်ပါတယ်"

"မင်းကို တားဆီးလို့ ရမှာ မဟုတ်တော့ ခွင့်ပြုရမှာပေါ့

www.burmeseclassic.com

www.burmeseclassic.com



လေ၊ မင်းသွားနိုင်ပါတယ်၊ ကျုပ် တစ်ခုတော့ မှာလိုက်ချင်တယ်"

"ဟုတ်ကဲ့ အမိန့်ရှိပါ"

"မင်းက သွေးဆိုးမိန်းကလေး စန့်ကွမ်းချင်းကို ဝေးဝေး ရှောင်စေချင်တယ်၊ သူဟာ ထိုက်ယန်ဂိုဏ်းရဲ့ရန်သူ တစ်ယောက်လို ဖြစ်နေတာ"

လုယိလုံက. . .

"ဟုတ်ကဲ့၊ ကျွန်တော်သတိထားပါ့မယ် ခင်ဗျာ"

ဟု မယုတ်မလွန် ပြောလိုက်လေသည်။

ဒုဂိုဏ်းချုပ်ယဲ့ထင်းက. . .

"မင်းသွားနိုင်ပါပြီ"

"ဟုတ်ကဲ့"

လုယိလုံသည် ဒုဂိုဏ်းချုပ်ယဲ့ထင်း၊ လက်ထောက်ဖန်ယင်းနှင့် ဂိုဏ်းသားများကို နှုတ်ဆက်ကာ ထိုက်ယန်ဂိုဏ်းမှ ထွက်လာခဲ့လေသည်။

ထိုက်ယန်ဂိုဏ်းနှင့် အဝေးသို့ရောက်မှ လုယိလုံ အသက်ဝဝ ရှူရှိုက်နိုင်ခဲ့လေတော့သည်။

✲ ✲ ✲



# လုပ်ကြံခြင်း

"ဂွိန်း"

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်၌ မိုးသားတိမ်လိပ်များ အလိပ်လိုက် အလိပ်လိုက် တက်လာသည်။

အေးစိမ့်သော လေပြင်းများလည်း တဟူးဟူး မြည်ကာ တိုက်ခတ်လာ၏။

လျှပ်နွယ်လျှပ်ပန်းများ ပြိုးခနဲ ပြက်ခနဲ ဝင်းလက်သွားကာ မိုးသီးမိုးပေါက်များလည်း ကျဆင်းလာတော့သည်။

အချိန်အခါမဟုတ် မိုးရွာသွန်းလာသဖြင့် လုယိလုံတနီးစပ်ရာ စားသောက်ဆိုင်တစ်ဆိုင်သို့ ပြေးဝင်လိုက်လေသည်။

နံနက်စာ စားချိန် ကျော်လွန်နေပြီ ဖြစ်၍ စားသောက်ဆိုင်ထဲ လူရှင်းနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လုယိလုံက စားပွဲတစ်လုံး၌ နေရာယူကာ စားစရာအချို့မှာကြားစားသောက်လိုက်လေသည်။

မိုးက တစ်စထက်တစ်စ အားကောင်းလာပြီး အေးစိမ့်မှုက စားသောက်ဆိုင်ထဲသို့ပင် ဝင်ရောက်ဖုံးလွှမ်းထားလိုက်လေသည်။

လုယိလုံ စိတ်ပျက်သွား၏။

မိုးစဲသွားသည်အထိ စားသောက်ဆိုင်ထဲ၌ အချိန်အတန်ကြာအောင် နေရတော့မည် ဖြစ်လေသည်။

သူ့အတွက် အချိန် သုံးနှစ်သာ ရရှိမည်ဖြစ်သည်။

တစ်ခါတစ်ရံတွင် သုံးနှစ်ဟူသော အချိန်သည် အလွန်လျင်မြန်စွာ ကုန်ဆုံးသွားသည်ဟု ထင်ရတတ်သည် မဟုတ်ပါလား။

သုံးနှစ်အတွင်း ထိုက်ယန်ဂိုဏ်းချုပ်အား တွေ့အောင်ရှာဖွေရမည် ဖြစ်သည်။

ထိုက်ယန်ဂိုဏ်းချုပ်အား လုပ်ကြံခဲ့သူများကိုလည်း ရှာဖွေရမည် ဖြစ်သလို ထိုက်ယန်ဂိုဏ်းမှ သစ္စာဖောက်များကိုလည်း ဖော်ထုတ်ဆုံးမရဦးမည် ဖြစ်သည်။

သူထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကား ကြီးလေးလွန်းလှသည်။

လုယိလုံ အလိုလို ရင်မောနေမိလေတော့သည်။

စားသောက်ပြီးစီးသွားသော်လည်း ဆိုင်ထဲမှ ထွက်မသွားနိုင်သေးဘဲ ဆက်၍ ထိုင်နေစဉ် ဆိုင်ထဲသို့ ဝင်လာသူတစ်



ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူကို မြင်လျှင် လုယိလုံ ဝမ်းသာသွားလေသည်။

"ဟော့ ဖေမင်း"

ဟု လှမ်းခေါ်လိုက်လေသည်။

ထိုလူကား ဖေမင်း ဖြစ်နေပါသည်။

ဖေမင်းက. . .

"အစ်ကိုလေး၊ ကျုပ်က အစ်ကိုလေးကိုလိုက်ရှာနေတာ"

လုယိလုံက. . .

"မင်းကို မြို့စားလေးက လွှတ်ပေးလိုက်တာလား"

ဖေမင်းက. . .

"မြို့စားလေးကော မြို့စောင့်တပ်မှူးဝမ်ကော အားလုံးတိုင်းတပါးသားတွေနဲ့ ဆက်သွယ်ထားတဲ့ သစ္စာဖောက်တွေ ကိုယ့်လူသူ့ဘက်သားတွေ ဖြစ်နေကြတာဗျ၊ ဒါတွေကို မင်းသားလေးက ဖော်ထုတ်ပြီး ဖမ်းဆီးအရေးယူလိုက်ပြီလေ"

"ဟင်"

"ဟိုတစ်ခါတွေ့တုန်းက သွေးလက်ဝါးကြောင့် ဒုက္ခရောက်နေတာနဲ့ ရှင်းမပြနိုင်ခဲ့တာ၊ ကျွန်တော့်ကို မင်းသားလေးကိုယ်တိုင် လွှတ်လိုက်တာ၊ အစ်ကိုလေးအတွက် စာတစ်စောင်ပေးလိုက်သေးတယ်"

လျှို့ဝှက်စွာ သိမ်းဆည်းထားသော စာတစ်စောင်ကိုထုတ်ပေးလေသည်။

"ဘာစာပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



လုယိလုံက စာကို ယူကာ ဖတ်ကြည့်လိုက်လေသည်။

မင်းသားလေး၏စာကို ဖတ်လိုက်ရသောအခါ လုယိလုံ အံ့ဩသွားတော့သည်။

မင်းသားလေး၏စာထဲ၌ ထိုက်ယန်ဂိုဏ်းချုပ်ယဲ့ထင်း၊ ကျွန်းပေ့ဂိုဏ်းချုပ်ရဲ့ဖန်း၊ ကျင်းစန်းယန် စသည်စသည့် သစ္စာဖောက်များအကြောင်း၊ တိုင်းပြည်နှင့် နန်းတွင်း အခြေအနေ အရပ်ရပ် ရှုပ်ထွေးအောင် ဖန်တီးနေသည့် အဓိက တရားခံမှာ အမတ်ကြီးလျူကုံးကုံးနှင့် အကျင့်ပျက် မြို့စားနယ်စားများ ဖြစ်ကြောင်း၊ ထိုက်ယန်ဂိုဏ်းမှ ယဲ့ထင်းနှင့် သစ္စာဖောက်များအား ဆုံးမနိုင်ရန် ထိုက်ယန်ဂိုဏ်းချုပ်နှင့် တိုင်ပင်ပြီး သူ့အား ဂိုဏ်းချုပ်ရာထူးလွှဲပေးကာ ထိုက်ယန်ဂိုဏ်းအတွင်း ပြဿနာများ ဖြစ်လာအောင် တမင်လှုံ့ဆော်ထားခြင်း ဖြစ်ကြောင်း၊ တိန်ရှမ်းနှင့် အပေါင်းပါများ အကြောင်းကိုလည်း သိထားကြောင်း စုံစုံလင်လင် ရှင်းပြထားလေသည်။

လုယိလုံ အံ့ဩဝမ်းသာသွားတော့သည်။

မင်းသားလေးသည် နန်းတွင်းမှ သစ္စာဖောက်များနှင့် တိုင်းတပါးသား လက်ပါးစေများအား ပြတ်ပြတ်သားသား အရေးယူချေမှုန်းတော့မည် ဖြစ်စေသည်။

ထိုက်ယန်ဂိုဏ်းချုပ်နှင့် အခြားသိုင်းဂိုဏ်းကြီးများ အဖြူရောင်သိုင်းသမားများသည် မင်းသားလေးနှင့် လက်တွဲကာ သစ္စာဖောက်များနှင့် တိုင်းတပါးသား ကျူးကျော်သူများအား တိုက်ခိုက်မောင်းထုတ်ကြလိမ့်မည် ဖြစ်သည်။



မင်းသားလေးသည် နန်းတွင်း၌သာမက သိုင်းလောက၌ပါ ထိုးဖောက်နေရာယူထားသော သစ္စာဖောက်များကို ပြတ်ပြတ်သားသား ဖော်ထုတ်အရေးယူဖို့ စီစဉ်နေပြီ ဖြစ်လေသည်။

မကြာမီ. . .

တိုင်းတပါးသားများနှင့် သစ္စာဖောက်များအား ချေမှုန်းကာ တိုင်းပြည်အေးချမ်းသာယာသွားတော့မည် မဟုတ်ပါလား။

လုယိလုံက မိမိလည်း မင်းသားလေးဘက်မှ တတပ်တအား ပါဝင်ဆင်နွှဲရန် ဆုံးဖြတ်လိုက်လေသည်။

ဖေမင်းက. . .

"မင်းသားလေးဟာ ထိုက်ယန်ဂိုဏ်းချုပ်၊ စီးမျိုးနွယ် ကျေးရွာပိုင်ရှင် စီးယုဖုံး၊ ရသေ့ဂိုဏ်း၊ သွေးဆိုးမိန်းကလေး၊ မားရှာဇာရန်လွှေ အစရှိတဲ့ သိုင်းသမားတွေအပြင် ရှောင်လင်၊ ဝူတန်း၊ ဂူဗီး အစရှိတဲ့ သိုင်းဂိုဏ်းကြီးတွေနဲ့ ဆက်သွယ်ပြီး သိုင်းလောကထဲကို ထိုးဖောက်စိမ့်ဝင်နေတဲ့ သစ္စာဖောက်တွေကို ဆုံးမတော့မယ်၊ တစ်ဘက်ကလည်း အမတ်ကြီးလျူကုံးကုံးနဲ့ အပေါင်းပါတွေကို အရေးယူလိမ့်မယ်၊ နောင်တော် ဘုရင်မင်းမြတ်က မင်းသားလေး စိတ်တိုင်းကျ စီစဉ်ဆောင်ရွက်ဖို့ ခွင့်ပြုလိုက်ပါပြီ"

လုယိလုံက. . .

"ကြားရတဲ့ သတင်းက အားတက်စရာပါပဲ၊ ထိုက်ယန်ဂိုဏ်းချုပ် အသက်ရှင်နေသေးတာလဲ ဝမ်းသာစရာပါပဲ"

ဖေမင်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"ထိုက်ယန်ဂိုဏ်းချုပ်ကို အဆိပ်ခတ်ခဲ့တာ ဒုဂိုဏ်းချုပ်ယွဲ့ထင်းပါ၊ ဒါကြောင့် ဂိုဏ်းချုပ်က ဂိုဏ်းက ထွက်ပြီး ရှောင်တိမ်းသွားခဲ့တာ၊ မင်းသားလေးက အချိန်မီ ကယ်တင်ပြီး ဆေးကုပေးထားလိုက်တာ"

လုယိလုံက. . .

"ကျုပ်ကို တခြား ဘာမှာလိုက်သေးသလဲ"

ဖေမင်းက. . .

"ဒုဂိုဏ်းချုပ်ယွဲ့ထင်းကို သတိထားဖို့ မှာကြားလိုက်ပါတယ်"

"စိတ်ချ၊ ကျုပ်သတိထားပါ့မယ်"

ဖေမင်းက. . .

"ကျွန်တော်က အစ်ကိုလေးနဲ့ အဖော်ပြုချင်ပါတယ်၊ ဒါပေမယ့် မင်းသားလေးက ပြန်လာဖို့ မှာလိုက်လို့ ပြန်ရပါလိမ့်မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပြီလေ၊ ကျုပ်တို့ ပြန်ပြီး ဆုံတွေ့ကြသေးတာပေါ့"

"ဟုတ်ကဲ့"

ဖေမင်းသည် လုယိလုံအား နှုတ်ဆက်ကာ စားသောက်ဆိုင်ထဲမှ ထွက်သွားလေသည်။

သို့သော်. . .

ဆိုင်အပြင်ဘက် လှမ်းထွက်ရန် ဟန်ပြင်လိုက်စဉ်မှာပင်

"အား"



ဖေမင်း စူးရှစွာ အော်ဟစ်ရင်း ဝုန်းခနဲ လဲကျသွားလေတော့သည်။

"ဟင်"

လုယိလုံ ထိတ်လန့်သွားလေသည်။

"ဖေမင်း၊ မင်း ဘာဖြစ်သွားတာလဲ"

မေးရင်း ပြေးသွားလိုက်လေသည်။

ဖေမင်းသည် ဆိုင်အပေါက်ဝ၌ လဲကျကာ မလှုပ်မယှက်ဖြစ်နေ၏။ လုယိလုံ ရောက်သွားလျှင် ဖေမင်း အသက်ပျောက်နေပြီဖြစ်ကြောင်း တွေ့ရလေသည်။

ဖေမင်းသည် ယခုပင် အသက်ရှင်ကာ စကားပြောဆိုခဲ့ပြီး ယခုပင် အသက်ပျောက်ကာ လူသေအလောင်းအဖြစ် ပြောင်းလဲသွားပြီ မဟုတ်ပါလား။

"ဖေမင်း. . . ဖေမင်း"

လုယိလုံ အထိတ်တလန့် ခေါ်လိုက်သည်။

ဖေမင်းမှာ မကြားနိုင်တော့သလို မထူးနိုင်တော့ပါ။

"တောက်"

လုယိလုံ ဒေါသ ဖြစ်ကာ တက်ခေါက်လိုက်လေသည်။

ဖေမင်း၏ရင်ဝ၌ ဓားမြှောင်တစ်ချောင်း စိုက်ဝင်နေ၏။

တစ်ယောက်ယောက်က ဓားမြှောင်ဖြင့် ပစ်ပေါက်လုပ်ကြံလိုက်ခြင်း ဖြစ်လေသည်။

လုယိလုံက ပတ်ဝန်းကျင်၌ ရန်သူကို ရှာဖွေလိုက်စဉ်မှာပင်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဝှစ် . . . ဝှစ်"

စူးရှသော လေတိုးသံနှင့်အတူ မားမြှောင်နှစ်ချောင်း ပစ်လွှင့်လာလေသည်။

"သွားစမ်း"

လုယိလုံက လက်တစ်ဘက် ဝေ့ယမ်းကာ အင်္ကျီလက်ဖြင့် ရိုက်ထုတ်လိုက်လေသည်။

"ခြွင်"

"ထောက်"

မားမြှောင်နှစ်လက် မြေပေါ်ပြုတ်ကျသွား၏။

"ဘယ်သူလဲ ထွက်ခဲ့စမ်း"

လုယိလုံက အော်ငေါက်ရင်း မားမြှောင်ပစ်လွှင့်လာရာဆီသို့ ဦးတည်ခုန်ထွက်သွားလေသည်။

"ဟူး"

လူရိပ်တစ်ခုက ချက်ချင်း ထွက်ပြေးသွား၏။

"မပြေးနဲ့"

လုယိလုံက အော်ငေါက်ဟန့်တားရင်း တဟုန်ထိုး ပြေးလိုက်သွားလေတော့သည်။

❋ ❋ ❋



# ထောင်ချောက်

"ဟူး . . ဟူး"

ဖေမင်းအား လုပ်ကြံခဲ့သူက တဟုန်ထိုး ပြေးလွှားသွားလေသည်။

လုယိလုံကလည်း အလွတ်မပေးဘဲ လိုက်သွားလေသည်။

နှစ်ယောက်သား ရှေ့ဆင့်နောက်ဆင့် ပြေးလွှားသွားကြရင်း မြို့ပြင်တောအုပ်သို့ ရောက်မှန်းမသိ ရောက်ရှိသွားကြ၏။

တောအုပ်ထဲရောက်လျှင် လုပ်ကြံခဲ့သူက ခြေလှမ်းရပ်လိုက်လေသည်။

လုယိလုံကလည်း မလှမ်းမကမ်း၌ ခြေလှမ်းရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကို မြင်တွေ့လိုက်ရလျှင်. . .

"ကျောင်းစန်းယန်၊ လက်စသပ်တော့ ခင်ဗျားကိုး၊ ခင်ဗျားရဲ့အဖော် အဆိပ်လက်ဝါး၊ သွေးလက်ဝါး ရှဲ့ဖန်းကော မပါဘူးလား၊ ခေါ်လိုက်လေဗျာ"

သူ၏စကားအဆုံးတွင်. . .

"ကျုပ်ရှိပါတယ်ဗျာ"

စကားသံနှင့်အတူ သစ်ပင်တစ်ပင် နောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာလေသည်။

ရှဲ့ဖန်း ဖြစ်နေပါသည်။

လုယိလုံက. . .

"ခင်ဗျားတို့ဟာ ကျန်းပေ့ဂိုဏ်းနဲ့ မိတ်ဖွဲ့ပြီး တိုင်းတပါးသားတွေနဲ့ ဆက်ဆံနေတာ အားလုံးသိနေပြီဗျ၊ နန်းတွင်းကကော သိုင်းလောကသားတွေကကော ခင်ဗျားတို့ကို ချမ်းသာပေးတော့မှာ မဟုတ်ဘူး"

ဟု ပြောလိုက်လေသည်။

ထိုအခါ. . .

ရှဲ့ဖန်းနှင့် ကျောင်းစန်းယန်တို့ ဟားတိုက်ရယ်မောလိုက်ကြလေသည်။

"လုယိလုံ၊ မင်းက သေရတော့မယ်၊ ကျုပ်တို့ကို မင်းသားလေးက အပြစ်ပေးမယ်လို့ ပြောချင်နေသေးသလား"

"မင်း အရင် သေရမယ်ဆိုတာ မမေ့နဲ့ဦး"

လုယိလုံက. . .



"ကျုပ်က ခင်ဗျားတို့ နှစ်ယောက်ကို မမှုသေးပါဘူး"

ပြောပြီး ရင်ဆိုင်တိုက်ခိုက်ရန် ဓားဆွဲထုတ်လိုက်လေသည်။

ရှဲ့ဖန်းက. . .

"ကျုပ်တို့ နှစ်ယောက်ထဲလို့ မင်းထင်နေသလား"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ကျန်းပေ့ဂိုဏ်းချုပ်နှင့် ကျန်းပေ့ဂိုဏ်းသားများ သစ်ပင်များ နောက်ကွယ်မှ ထွက်လာပြီး လုယိလုံအား ဝိုင်းရံထားလိုက်ကြလေသည်။

ကျန်းပေ့ဂိုဏ်းချုပ်နှင့်အတူ စီးလျှံနှင့် မုလျှံတို့လည်း လိုက်လာကြလေသည်။

စီးကျေးရွာမှ စီးလျှံ ထွက်သွားသကဲ့သို့ မုလျှံလည်း ထွက်သွားခဲ့ရသည်။

မုလျှံက စီးလျှံကို တွေ့အောင် ရှာပြီး တဖန် ရှဲ့ဖန်းတို့နှင့် ဆက်သွယ်ခဲ့သည်။

ရှဲ့ဖန်းတို့က ကျန်းပေ့ဂိုဏ်းချုပ်နှင့် ပြေလည်သွားပြီး မိတ်ဖွဲ့ထားကြပြီ ဖြစ်ရာ မုလျှံကလည်း မိတ်ဖွဲ့လိုက်လေတော့သည်။

သို့ဖြင့်. . .

သူတို့သည် တိုင်းတပါးသားများ၏ လက်ကိုင်တုတ်သစ္စာဖောက်များ ဖြစ်သွားကြလေတော့သည်။

လုယိလုံက ရင်ထဲလေးလံလာသည်။

ရှဲ့ဖန်းတို့လူစုအား သူတစ်ယောက်ထဲနှင့် မည်သို့ ရင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်နိုင်မည် မဟုတ်ဟု နားလည်ထားသည် မဟုတ်ပါလား။

ရှဲ့ဖန်းက. . .

"လုယိလုံ၊ မင်းအဖေ လုယိရှဲ့က အမတ်ကြီးလျူကုံးကုံးနဲ့ တိုင်းတပါးသားတွေ ဆက်သွယ်ကြတဲ့ စာတစောင်ကို သက်သေခံအဖြစ် ရထားတယ်၊ အဲသည် စာကို ပေးမယ်ဆိုရင် မင်းကို အသက်ချမ်းသာပေးမယ်"

ဟု ပြောလာလေသည်။

ထိုအခါ. . .

လုယိလုံ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ဖခင်ထံမှ မည်သည့်စာမျှ မရခဲ့ပါ။

ဖခင်နှင့် ပတ်သက်၍ မင်းသားလေးပေးသော ဖခင်၏အရိုးပြာအိုးကိုသာ ရခဲ့ပေသည်။

ကျင်းစန်းယန်က. . .

"စာထုတ်ပေးပါ၊ မင်းကို ချမ်းသာပေးမယ်"

ဟု ဝင်ပြောလာလေသည်။

လုယိလုံက. . .

"သည်စာကို လိုချင်ရင် မင်းသားလေးဆီမှာ သွားတောင်းပေတော့"

ဟု ပြောလိုက်သည်။

ရှဲ့ဖန်း ဒေါသထွက်သွားလေသည်။

"မင်းသေချင်နေတာကိုး၊ သတိသာ ထားပေတော့"

ရုတ်တရက် [illegible] ခြေဆောင့်ကာ သွေးလက်ဝါး



အဆိပ်လက်ဝါး တိုက်ကွက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

"မားကြည့်ထား"

ကျင်းစန်းယန်ကလည်း လုယိလုံ၏နောက်ကျောဘက်မှ ဝင်ရောက်တိုက်ခိုက်လာလေသည်။

လုယိလုံ အခက်ကြုံသွားစဉ်. . .

"အစ်ကို ဘေးဖယ်လိုက်ပါ"

မိန်းကလေးတစ်ယောက်၏ ချိုလွင်သော စကားသံထွက်ပေါ်လာလေသည်။

မိန်းကလေးတစ်ယောက် ရိပ်ခနဲ ရောက်လာကာ လုယိလုံအား ဆွဲခေါ်သွားလေသည်။

ရှဲ့ဖန်းနှင့် ကျင်းစန်းယန်တို့ နှစ်ယောက်၏ မြင်ကွင်းမှ ရုတ်တရက် ပျောက်ကွယ်သွားခြင်း ဖြစ်လေသည်။

"ဟင်"

"ဟာ"

ရှဲ့ဖန်းတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေတော့သည်။

သူတို့၏ တိုက်ခိုက်မှုကို အရှိန်သပ်ရပ်သိမ်းရန် ကပျာကယာ ကြိုးစားလိုက်ကြသော်လည်း ရုတ်တရက် အရှိန်မထိန်းနိုင်ခဲ့ကြချေ။

ရှဲ့ဖန်းနှင့် ကျင်းစန်းယန်တို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသကဲ့သို့ ဖြစ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှဲ့ဖန်း၏ လက်ဝါးက ကျင်းစန်းယန်ကို ရိုက်ချမိလိုက်ပြီး ကျင်းစန်းယန်၏ဓားက ရှဲ့ဖန်း၏ရင်ဝကို ထိုးစိုက်ချလိုက်မိလေတော့သည်။

"စုန်း"

"အား"

စူးရှသော အော်သံများ ထွက်ပေါ်လာပြီး ရှဲ့ဖန်းနှင့် ကျင်းစန်းယန်တို့ မြေပေါ်လဲကျသွားကြလေတော့သည်။

❊ ❊ ❊



# အပြစ်ဒဏ်

လုယိလုံမှာ ကံကောင်းထောက်မကာ အသက်ဘေးမှ လွတ်မြောက်သွားခဲ့လေသည်။

လုယိလုံက သူ့အား ဘေးလွတ်ရာသို့ ဆွဲခေါ်သွားသူအား ကျေးဇူးတင်စွာ ကြည့်လိုက်မိလေသည်။

"ဟင် ညီမ စန့်ကွမ်းချင်း"

စန့်ကွမ်းချင်း ပြုံးလိုက်သည်။

"ဖစ်ကို ထိုက်ယန်ဂိုဏ်းကို လိုက်သွားချိန်မှာ မင်းသားလေးရဲ့ အဆက်အသွယ် ရောက်လာလို့ ကျွန်မတို့ လိုက်လာခဲ့ကြတာပါ"

လုယိလုံက. . .

"ညီမတို့ဆိုတော့"

www.burmeseclassic.com

www.burmeseclassic.com



စန့်ကွမ်းချင်းက တစ်နေရာသို့ ကြည့်လိုက်လေသည်။

လုယ်လုံက သူမ ကြည့်နေသည့် နေရာသို့ ကြည့်လိုက်သောအခါ စီးယုဖုံး၊ ခားသခင်ရန်လွေနှင့် တပည့်ပူးလျောင်နှင့် ထိုက်ယန်ဂိုဏ်းချုပ်တို့အား တွေ့လိုက်ရလေသည်။

သိုင်းလောက၏ အထင်ကရ သိုင်းသမားကြီးများ ရောက်ရှိလာကြခြင်း ဖြစ်လေသည်။

"ဟင်"

"ဟာ"

မုလျှံ၊ ကျွန်းပေ့ဂိုဏ်းချုပ်နှင့် သစ္စာဖောက်များ ထိတ်လန့်သွားကြလေသည်။

ကျွန်းပေ့ဂိုဏ်းချုပ်က. . .

"တိုက်ကြဟေ့"

ကျွန်းပေ့ဂိုဏ်းသားများအား အမိန့်ပေးလိုက်၏။

"ယား"

ကျွန်းပေ့ဂိုဏ်းသားများက ညာသံပေးကာ တိုက်ခိုက်လိုက်ကြလေသည်။

❋ ❋ ❋



တောအုပ်အတွင်း ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ကျွန်းပေ့ဂိုဏ်းသားများသည် စီးယုဖုံး၊ ထိုက်ယန်ဂိုဏ်းချုပ်တို့ လူစုအား တိုက်ခိုက်လိုက်ကြလေသည်။

"သေပေတော့"

စီးလျှံနှင့် မုလျှံတို့မှာ သွေးဆိုးမိန်းကလေး စန့်ကွမ်းချင်းအား မကျေမနပ် ဖြစ်နေကြသည့်အတိုင်း တရကြမ်း တိုက်ခိုက်လိုက်ကြလေသည်။

စီးယုဖုံး မျက်နှာပျက်သွား၏။ သူ၏သမီး စီးလျှံနှင့် ဒုတိယဇနီး မုလျှံတို့မှာ တိုင်းတပါးသားများနှင့် လက်တွဲခဲ့ပြီး သစ္စာဖောက်များ ဖြစ်နေကြပြီ မဟုတ်ပါလား။

စီးယုဖုံးသည် စိတ်မာတတ်ထူးခြားသူ ဖြစ်သည့်အတိုင်း

"သမီး၊ သူတို့ကို ချမ်းသာမပေးနဲ့"

စန့်ကွမ်းချင်းအား အော်ပြောလိုက်လေသည်။

စန့်ကွမ်းချင်းက. . .

"စိတ်ချပါ ဖေဖေ"

သူမသည် ဓားတစ်လက် အသုံးပြုကာ ပြန်လည်ရင်ဆိုင်လိုက်လေသည်။

စီးလျှံနှင့် မုလျှံတို့၏ ပညာ မခေမွန်း သိ၍ မပေါ့ဆဝံ့ဘဲ ဓားညာကုန်ထုတ်ကာ ပြတ်ပြတ်သားသား တိုက်ခိုက်လိုက်လျှင်

"အား"

"အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



စီးလျှံနှင့် မုလျှံတို့ ဒဏ်ရာကိုယ်စီရာကာ အရေးနိမ့်သွားကြတော့သည်။

ကျန်းပေ့ဂိုဏ်းချုပ်သည် အခြေအနေ မဟန်မှန်းသိလျှင်ထွက်ပြေးသွားဖို့ ကြိုးစားလိုက်လေသည်။

သို့သော်. . .

"ခင်ဗျား ဘယ်သွားမလို့လဲ"

ဓားသခင်ရန်လွှေက ဟန့်တားလိုက်လေသည်။

ကျန်းပေ့ဂိုဏ်းချုပ် ဒေါသထွက်သွားလေသည်။

"လမ်းဖယ်လိုက်စမ်း"

အော်ငေါက်ရင်း တရကြမ်း တိုက်ခိုက်လိုက်လေသည်။

ဓားသခင်ရန်လွှေ မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား ဘာတတ်နိုင်မှာမို့လဲ"

ဓားကို ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လျှင် သိုင်းလေးငါးကွက် အတွင်းမှာပင်. . .

"အား"

ကျန်းပေ့ဂိုဏ်းချုပ် ဒဏ်ရာရကာ မြေပေါ် ဒူးထောက်ကျသွားတော့သည်။

"မလှုပ်နဲ့"

ဓားသခင်ရန်လွှေက ဓားဖြင့် ချိန်ရွယ်ကာ အော်ငေါက်လိုက်၏။ ကျန်းပေ့ဂိုဏ်းချုပ် ဘာမှ မတတ်နိုင်တော့ဘဲ လက်မြှောက်အရှုံးပေးလိုက်ရလေတော့သည်။

❋ ❋ ❋



တိုက်ပွဲများ ပြီးဆုံးသွားပြီ ဖြစ်သည်။

ကျန်းပေ့ဂိုဏ်းချုပ်နှင့် ဂိုဏ်းသားများ၊ ရှဲ့ဖန်း၊ ကျင်းဝန်ယန်နှင့် စီးလျှံ၊ မုလျှံတို့ အားလုံး သေသူသေ ဒဏ်ရာရသူရ အဖမ်းခံရသူ အဖမ်းခံရဖြင့် အရေးနိမ့်သွားခဲ့လေသည်။

တိုင်းတပါးသား သြဇာခံများ မရှုမလှ အရေးနိမ့်သွားခဲ့ကြခြင်း ဖြစ်သည်။

လုယိလုံ ဝမ်းသာနေ၏။

သစ္စာဖောက်များကို ဖော်ထုတ်ဆုံးမပြီးနောက် တိုင်းတပါးသား နယ်ချဲ့များအား ဆက်လက်တိုက်ခိုက်ချေမှုန်းရလိမ့်မည် မဟုတ်ပါလား။

စီးယုဖုံး၊ ဓားသခင်ရန်လွှေနှင့် ထိုက်ယန်ဂိုဏ်းချုပ်တို့ ကမင်းသားလေးထံသို့ သွားကြမည် ဖြစ်သည်။

သူတို့သည် ကျန်းပေ့ဂိုဏ်းချုပ်၊ စီးလျှံနှင့် မုလျှံတို့အား ဖမ်းဆီးခေါ်ဆောင်သွားကြမည် ဖြစ်သည်။

သွေးဆိုးမိန်းကလေးက. . .

"ညီမလေးစီးလျှံနဲ့ ဒေါ်လေးမုလျှံတို့ဟာ စီးကျေးရွာပိုင်ရှင်နဲ့ စိတ်အခန့်မသင့် ဖြစ်ပြီး အိမ်က ထွက်သွားရာက သစ္စာဖောက်တွေနဲ့ စည်းရုံးသိမ်းသွင်းမှု ခံလိုက်ရတာပါ။ သူတို့ရဲ့ အမှားကို တစ်ကြိမ်တစ်ခါ ခွင့်လွှတ်စေချင်ပါတယ်"

ဟု တောင်းပန်လေသည်။

စီးလျှံနှင့် မုလျှံတို့လည်း ထိတ်လန့်နေရကား သူတို့အပြစ်များကို ခွင့်လွှတ်ရန် တောင်းပန်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ယန်ဂိုဏ်းချုပ်နှင့် ခားသခင်ရန်လွှေတို့ကလည်း စီးယုဖုံး၏မျက်နှာကို ထောက်ထားကာ ခွင့်လွှတ်လိုက်ကြလေသည်။

ယခုမှ စီးယုဖုံးလည်း စိတ်သက်သာရာ ရရှိသွားကြလေတော့သည်။

စီးယုဖုံးက. . .

"ကျုပ်က နန်းတွင်းကို လိုက်ဖြစ်မှာ မဟုတ်တော့လို့ ခွင့်လွှတ်ဖို့ မင်းသားလေးကို တောင်းပန်ပေးပါ"

ဟု တောင်းပန်စကားဆိုလိုက်သည်။

တစ်ဆက်တည်းပင်. . .

"သမီး၊ မင်းအတွက် စီးကျေးရွာဟာ အမြဲတမ်း တံခါးဖွင့်ထားပါတယ်၊ အချိန်မရွေးလာခဲ့ပါ"

စန့်ကွမ်းချင်းအား ပြောလိုက်သည်။

ထို့နောက်. . .

"မင်းတို့နှစ်ယောက် လိုက်ခဲ့ကြ"

စီးလျှံနှင့် မုလျှံကို ပြောကာ ထွက်သွားလေသည်။

စီးလျှံနှင့် မုလျှံတို့သည် စန့်ကွမ်းချင်းအား ကျေးဇူးတင်စကားပြောပြီး သူတို့၏အမှားများကို တောင်းပန်ကြသည်။

ပြီးလျှင် အားလုံးကို နှုတ်ဆက်ကာ စီးယုဖုံး နောက်သို့ လိုက်သွားကြလေတော့သည်။

* * *



## ကံကြမ္မာလမ်းခွဲ

စီးယုဖုံးက စီးလျှံနှင့် မုလျှံကိုခေါ်ကာ စီးမျိုးနွယ်ကျေးရွာပြန်သွားကြပြီဖြစ်သည်။

ထိုက်ယန်ဂိုဏ်းချုပ်နှင့် ခားသခင်ရန်လွှေတို့ ဆရာတပည့်ကလည်း ကျန်းပေ့ဂိုဏ်းချုပ်နှင့်တကွ သစ္စာဖောက်များကို မင်းသားလေးထံသို့ ဖမ်းဆီးခေါ်ဆောင်သွားကြပြီ ဖြစ်သည်။

ထိုက်ယန်ဂိုဏ်းချုပ်က ထွက်ခွာမသွားမီ. . .

"လုယိလုံ၊ မင်းက ယဲ့ထင်းနဲ့ ဖန်ယင်းကို သတိထားပြီး စောင့်ကြည့်ထားပါ၊ မကြာခင် မင်းသားလေးဟာ သိုင်းလောကဂိုဏ်းချုပ်ကြီးတွေနဲ့ လက်တွဲပြီး သိုင်းလောက သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက်လိမ့်မယ်၊ သစ္စာဖောက်တွေကို ဖော်ထုတ်ဖမ်းဆီးပြီး အရေးယူလိမ့်မယ်ကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



လုယီလုံက. . .

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး၊ ထိုက်ယန်ဂိုဏ်းရဲ့ အကျိုးအတွက် ကျွန်တော် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားပါ့မယ်ခင်ဗျာ"

"အင်း. . ကောင်းပါပေတယ်ကွယ်"

ထိုက်ယန်ဂိုဏ်းချုပ်တို့ ထွက်သွားကြပြီးနောက် လုယီလုံနှင့် စန့်ကွမ်းချင်းတို့ နှစ်ယောက်သာ ကျန်ရစ်ခဲ့ကြလေတော့သည်။

✲ ✲ ✲



တိုက်ပွဲများ ပြီးဆုံးသွားခြင်းကြောင့် ဝန်းကျင်မှာ သာယာလှပပြီး အေးချမ်းသွားသည်ဟု ဆိုနိုင်ပေသည်။

လုယီလုံမှာ စန့်ကွမ်းချင်းကို ကြည့်ရင်း ရင်ထဲဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားနေရလေသည်။

စန့်ကွမ်းချင်း ပြုံးလိုက်သည်။

"ရှင်က ကျွန်မကို မမှတ်မိလို့ ကြည့်နေတာလားရှင်"

လုယီလုံလည်း ပြုံးလိုက်သည်။

"ညီမကို အားလုံးက လူဆိုးမိန်းကလေးတစ်ယောက်လို့ ပြောခဲ့ကြတာ၊ တကယ်တော့ ညီမဟာ. ."

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

စန့်ကွမ်းချင်းက. . .

"ကျွန်မက ဘာဖြစ်သလဲ ပြောပါဦး"

လုယီလုံက. . .

"ညီမဟာ တကယ့်ကို ချီးကျူးစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါပဲ"

သူ၏စကားကြောင့် စန့်ကွမ်းချင်းက ရယ်မောလိုက်လေသည်။

လုယီလုံက. . .

"ထိုက်ယန်ဂိုဏ်းချုပ်သာမကဘူး၊ ကျုပ်အဘိုးကိုယ်တိုင်ဘာလည်း ညီမကို အထင်မှားပြီး တိုက်ခိုက်မိခဲ့တယ်၊ ညီမမှာ အပြစ်မရှိဘူးလို့ ပြောခဲ့ကြတာ"

www.burmeseclassic.com

www.burmeseclassic.com



စန်းကွမ်းချင်းက. . .

"ဒါ့ အစ်ကိုကကော. ."

လုယိလုံက. . .

"ကျုပ်က ညီမကို ကျုပ်ရဲ့ဘဝကြင်ဖော်အဖြစ် တစ်သက်လုံး လက်ထပ်သွားချင်. ."

သူ၏စကားဆုံးအောင် မပြောလိုက်ရပြန်ပါချေ။

အကြောင်းမှာ. . .

"ဘယ်သူလဲ ထွက်ခဲ့စမ်း"

စန်းကွမ်းချင်း က ကြားဖြတ်အော်ငေါက်လိုက်ခြင်းကြောင့် ဖြစ်လေသည်။

လုယိလုံ ကြောင်အမ်းအမ်း ဖြစ်သွား၏။

စန်းကွမ်းချင်း ကြည့်နေသည့် နေရာဘက်သို့ လှမ်းကြည့်လိုက်ရာ သစ်ပင်များကြားမှ ထွက်လာသူနှစ်ယောက်ကို တွေ့လိုက်ရလေတော့သည်။

❋ ❋ ❋



သစ်ပင်များကြားမှ လူနှစ်ယောက် လှမ်းထွက်လာကြလေသည်။

ထိုက်ယန်ဒုဂိုဏ်းချုပ် ယဲ့ထင်းနှင့် လက်ထောက် ဖန်ယင်းတို့ ဖြစ်လေသည်။

စန်းကွမ်းချင်းက. . .

"ရှင်တို့နှစ်ယောက်ကိုး၊ ရှင်တို့က အစ်ကိုလုယိလုံနောက်ကို လိုက်လာကြတာ ဆိုပါတော့"

ဒုဂိုဏ်းချုပ်ယဲ့ထင်း၏ မျက်နှာ ခက်ထန်တင်းမာနေ၏။

"ကျုပ်တို့ ထိုက်ယန်ဂိုဏ်းကို စွန့်ခွာခဲ့ရတာ လုယိလုံတို့ လုမျိုးနွယ်တွေကြောင့်ပဲ၊ ကျုပ်တို့ရဲ့မိတ်ဆွေတွေဆီကို သွားပြီး ခိုလှုံခင် လုမျိုးနွယ်တွေကို သုတ်သင်ပစ်ခဲ့ရမှာပဲ"

ယဲ့ထင်းတို့သည် နယ်ခြားကို ဖြတ်ကာ ထွက်ပြေးပြီး တိုင်းတပါးသားများထံ သွားရောက်ခိုလှုံကြလိမ့်မည် ဖြစ်လေသည်။

စန်းကွမ်းချင်းက. . .

"ရှင်တို့က အစ်ကိုလုယိလုံကို ဒုက္ခပေးလို့ ရမယ် ထင်ရင် မှားသွားမှာပေါ့၊ ကျွန်မတစ်ယောက်လုံး ရှိနေသေးတာပဲ သတိလားရှင်"

စကားဆုံးသည်နှင့် မြေပေါ် ခြေဆောင့်ကာ ဒုဂိုဏ်းချုပ်ယဲ့ထင်းတို့ထံ ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကွမ်းချင်းက တိုက်ခိုက်လိုက်သောအခါ ယှဲထင်းနှင့် ဖန်ယင်းတို့ လက်တွဲပြီး ပြန်လည်တိုက်ခိုက်ကြလေသည်။

လုယိလုံ စိုးရိမ်သွားသည်။

"ညီမ သတိထား

သူလည်း တိုက်ပွဲထဲ ခုန်ဝင်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်. . .

"သွားစမ်း"

စန္ဒကွမ်းချင်းက အော်ငေါက်ကာ ဓားဝှေ့ယမ်းလိုက်လျှင်. . .

"အား"

"အွန့်"

ယှဲထင်းနှင့် ဖန်ယင်းတို့ ဒဏ်ရာအသီးသီး ရရှိကာ အရေးနိမ့်သွားကြတော့သည်။

စန္ဒကွမ်းချင်း ရယ်မောလိုက်သည်။

"ရှင်တို့နှစ်ယောက် ရှုံးသွားပြီ၊ အသက် မသေချင်ရင် မင်းသားလေးဆီကို လိုက်ခဲ့ရမယ်"

ဖန်ယင်းက. . .

"ကျွန်ုပ်တို့ကို ချမ်းသာပေးပါ၊ မင်းသားလေးဆီကို လိုက်ခဲ့ပါ့မယ်"

ဟု သဘောတူလာလေသည်။

ယှဲထင်းက. . .

BURMESE CLASSIC



"အသုံးမကျတဲ့ကောင်"

ဖန်ယင်းကို အော်ငေါက်ရင်း ဓားဖြင့် ထိုးသွင်းလိုက်လေသည်။

စန္ဒကွမ်းချင်းက. . .

"မလုပ်နဲ့"

ဟန့်တားရင်း ကြားဝင်တားဆီးလိုက်၏။

ထိုအချိန်မှာပင် ယှဲထင်းက သူမဘက်သို့ လှည့်တာ တိုက်ခိုက်လိုက်သကဲ့သို့ ဖန်ယင်းကလည်း အဆိပ်လက်နက်ပုန်း လေးများဖြင့် ပစ်ခတ်လိုက်ရာ စန္ဒကွမ်းချင်း အခက်ကြုံသွားလေ သည်။

သို့သော်. . .

သူမသည် မာနကြီးပြီး သွေးဆိုးသော မိန်းကလေး ဖြစ်ရကား ဘာကိုမှ အမှုမထားဘဲ ရှေ့တိုးပြီး ဆက်လက် တိုက်ခိုက်လိုက်ရာ လူရိပ်များ ရောထွေးယှက်တင် ဖြစ်သွား ပြီး. . .

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ သုံး ယောက်စလုံး လဲကျသွားတော့သည်။

"ညီမ"

လုယိလုံ အထိတ်တလန့်ဖြင့် ပြေးသွားပြီး ဖေးမလိုက် ရာ စန္ဒကွမ်းချင်းမှာ အဆိပ်လက်နက်ပုန်း ထိမှန်ခံရပြီး သေဆုံး

www.burmeseclassic.com

www.burmeseclassic.com



သွားပြီ ဖြစ်သည်ကို တွေ့လိုက်ရတော့သည်။

ဖန်ယင်းနှင့် ဒုဂိုအားချုပ်ယှဲထင်းတို့လည်း သူမ၏လက်ချက်ဖြင့် အမိုက်ဓာတ်သိမ်းသွားလေတော့သည်။

လှယ်လုံမှာ စန့်ကွမ်းချင်း၏ အလောင်းကို တင်းကြပ်စွာ ပွေ့ဖက်ထားရင်း ရှူးသွပ်သွားသူတစ်ယောက်အလား။

"ညီမ"

အသံကုန် အော်ဟစ်လိုက်လေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com